# Mobile Guide

Vol 3. Issue 30
25 November 2015
Information Techn... ...estyle ...urnal



Black Friday
ဆိုတာ 31

အွန်လိုင်းပေါ်မှ
ကိုယ်ပိုင်စီးပွားရေး
အမှတ်တံဆိပ်နှင့်
Cybersquatting
16

မြန်မာပြည်နဲ့
E Commerce
14

INTERVIEW
ဆက်သွယ်ရေးနှင့်
သတင်းအချက်အလက်
နည်းပညာဝန်ကြီးဌာန
ဒုတိယဝန်ကြီး
ဦးသောင်းတင်နှင့်
တွေ့ဆုံခြင်း N4

MG WEEK Google New Generation NEXUS LINE

Highlight+
HUAWEI
KIRIN CHIP

MODEL : YU YU YA YA, PHOTO & DESIGN : PYAE MINN ZAW, MAKE UP : MA TIN TIN MAR, ACCESSORIES : KMD, SPECIAL THANKS : KYI THER AYE MYA RIDING CLUB



# Attila

**Shining World In Your Hands**

## P8 Plus 3G




- CPU:MTK6580W
- Size:5.5 in QHD ches
- Camera : 2 million camera
- 2-Band : WCDMA850/2100MHz GSM850/900/1800/1900MHz
- Internal:micro MCP DDR 4GB+32GB
- WIFI:Yes
- Card slot:T-Flash

## M3 3G




- CPU:MTK6582W
- Size:5.5 in QHD ches
- Camera : 8 million pixels before 5 million
- 2-Band : WCDMA850/2100MHz GSM850/900/1800/1900MHz
- Internal:micro MCP DDR 1GB+8GB
- WIFI:Yes
- Card slot:T-Flash

## M9 3G




- CPU:MTK6572W
- Size:5.0 in QHD ches
- Camera : 2 million pixel High resolution camera
- 2-Band : WCDMA850/2100MHz GSM850/900/1800/1900MHz
- Internal:micro MCP DDR 4GB+32GB
- WIFI:Yes
- Card slot:T-Flash


MYANMAR TOP 1
HUAWEI
HUAWEI G7 Plus
သင့်လက်ဗွေဖြင့်
ဖန်တီးနိုင်သောအစွမ်း
HUAWEI
Multi Function Fingerprint
13 MP(Rear)/ 5MP(Front) RGBW Camera
3 GB RAM + 32 GB ROM
5.5 "Screen, 2.5D Curved FHD
Scan the QR code and Follow our
Huawei Device Myanmar
Huawei Device Myanmar
Official Check
Hotline : 01 9000900
consumer.huawei.com/mm/

# OPPO Neo 7 ၏ Product Ambassador အဖြစ် အဆိုတော်မျိုးကြီးအပြင် ရဲရင့်အောင်နှင့် ခင်ဝင့်ဝါကိုပါ ထပ်မံခန့်အပ်

OPPO Neo 7 ၏ Product Ambassador အဖြစ် အဆိုတော် မျိုးကြီးအား ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ခန့်အပ်ခဲ့ပြီး ယခုအခါလူငယ် အဆိုတော် ရဲရင့်အောင်နှင့် သရုပ်ဆောင် ခင်ဝင့်ဝါကိုပါ ထပ်မံခန့်အပ်လိုက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ပါသည်။

အောင်မြင်ကျော်ကြားမှုနှင့် လင်းလက်တောက်ပလာသော ငယ်ရွယ်နုပျိုသောလူငယ်အနုပညာရှင်များဖြစ်သည့် ရဲရင့်အောင်နှင့် ခင်ဝင့်ဝါတို့သည်ရောင်စင်ဖြာသည့် အလင်းတစ်ပွင့်ဟူသော ဆောင်ပုဒ်ကဲ့သို့ လှပသေသပ်ပြီး၊ တန်ဖိုးရှိ နည်းပညာမြင့်စမတ်ဖုန်းတစ်လုံးဖြစ်သည့် Neo 7 ကို ကိုယ်စားပြုနေသကဲ့သို့ ရှိနေကြောင်း OPPO Myanmar က ဆိုသည်။

OPPO Myanmar သည် ပြီးခဲ့သည့် ရက်သတ္တပတ်ကလူငယ်ပရိသတ်နှင့် လူလတ်ပိုင်းပရိသတ်များကြား အောင်မြင်နေဆဲတေးသံရှင် မျိုးကြီးကို Neo 7 ၏ Product Ambassador အဖြစ် ခန့်အပ်ထားပြီးဖြစ်သည်။

လတ်တလောတွင် OPPO Myanmar ၏ တရားဝင် Facebook စာမျက်နှာသည် Like အရေအတွက် ၉သိန်းပြည့်မီတော့မည်ဖြစ်ကြောင်း သိရသည်။

OPPO Neo 7 စမတ်ဖုန်းများကို မြန်မာနိုင်ငံအတွင်းရှိ မည်သည့် မိုဘိုင်းဖုန်းဆိုင်တွင်မဆို ဈေးနှုန်း တစ်သိန်းကိုးသောင်းကိုးထောင် ကျပ် 199,000/- ဖြင့် တူညီစွာ ဝယ်ယူရရှိနိုင်မည်ဖြစ်သည်။

**ရဲလင်းလင်းသန်း**

# Telenor ပြက္ခဒိန်အတွက် ကလေးပန်းချီဝါသနာရှင် ၁၂ဦး ရွေးချယ်ခံရပြီး အမေရိကန်ဒေါ်လာ ၈၄၀၀ တန်ဖိုးရှိ ပညာသင်ထောက်ပံ့ကြေး ပေးအပ်




Telenor Myanmar မှ တယ်လီနောပြက္ခဒိန်အတွက် ကလေးပန်းချီဝါသနာရှင် ၁၂ဦး ရွေးချယ်ခဲ့ပြီး အဆိုပါကလေးငယ်များအတွက် အမေရိကန်ဒေါ်လာ ၈၄၀၀ တန်ဖိုးရှိပညာသင်ကြားရေး အထောက်အပံ့များပေးအပ်ခဲ့ကြောင်း သိရသည်။

တယ်လီနောမြန်မာလီမိတက် (တယ်လီနော)မှ တယ်လီနောပြက္ခဒိန်အတွက် ကလေးပန်းချီဝါသနာရှင် ၁၂ ဦးအား အကောင်းဆုံးပန်းချီဝါသနာရှင်များအဖြစ် ရွေးချယ်လိုက်ခြင်းဖြစ်ပြီး တစ်ဦးချင်းစီ၏ အနုပညာလက်ရာများကို တယ်လီနော၏ ၂၀၁၆ စားပွဲတင် ပြက္ခဒိန်အဖြစ် အသုံးပြုသွားမည်ဖြစ်သည်၊ အနိုင်ရရှိသူတစ်ဦးချင်းကိုလည်း အမေရိကန်ဒေါ်လာ ၇၀၀ တန်ဖိုးရှိ Laptop နှင့် ကွန်ပျူတာများ၊ သင်တန်းများ စသည့် ပညာသင်ကြားရေးအထောက်အပံ့များပေးအပ်ရန် စီစဉ်ထားပါသည်။

စက်တင်ဘာလ ပထမပတ်တွင် တယ်လီနောသည် Mango Marketing Agency နှင့်ပူးပေါင်းကာ အသက် ၁၀ နှစ်မှ ၁၂နှစ်ထိ ကလေးငယ်များကို "My Dream Myanmar" တယ်လီနောပြက္ခဒိန် ပရောဂျက်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်ခဲ့သည်။ တိုင်းနှင့်ပြည်နယ် ၁၄ခုနှင့် နေပြည်တော်မှ ကလေးငယ်ပေါင်း ၆ရာ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပညာရှင်အဆင့် ဒိုင်လူကြီး ၃ဦးမှ အယောက် ၂၀ ကို ကနဦးအနေဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

"ရွေးချယ်ခံရတဲ့ ကလေး ၂၀ ကို Global Art Myanmar နဲ့တစ်ပတ်တိတိလေ့ကျင့်သင်ကြားမှုတွေပြုလုပ်ပေးခဲ့ပါတယ်။ နောက်ဆုံးအကြိမ် ပြိုင်ပွဲအနေနဲ့ ကလေးတွေကိုကြိုတင်အသိမပေးထားတဲ့ ခေါင်းစဉ်နဲ့ယှဉ်ပြိုင်စေခဲ့ပါတယ်။ ပြီးတော့ ဒီကလေးတွေရဲ့ပန်းချီလက်ရာတွေကိုတယ်လီနောမြန်မာရဲ့ Facebook မှာတင်တယ်။နောက်ဆုံး ၁၂ယောက်ကို "Likes" အများဆုံးရတဲ့သူအစဉ်လိုက်အတိုင်း ရွေးချယ်ခဲ့တာဖြစ်ပါတယ်" ဟု တယ်လီနောမြန်မာမှ Head of Brand & Advertising ကိုနေမျိုးကပြောသည်။

အ.ထ.က (၃)မုံရွာတွင် စာသင်ကြားနေသော မောင်ဇေလက်ယာထွန်းသည်လည်း အနိုင်ရရှိသော စာရင်းတွင်ပါဝင်ခဲ့ပါသည်။ "ကျွန်တော် ပန်းချီဆရာဖြစ်ချင်တယ်။ နောက်ဆုံးအနိုင်ရသူစာရင်းထဲမှာပါပြီး ကျွန်တော့်ရဲ့ပုံကို တယ်လီနောရဲ့ ၂၀၁၆ ပြက္ခဒိန်မှာ မြင်ရမှာဖြစ်လို့ အရမ်းပျော်ပါတယ်" ဟု ဆိုပါသည်။

အနိုင်ရရှိသူများသည် နိုင်ငံတစ်ဝန်းမှဖြစ်ကြပြီးကချင်၊ကယား၊ ရှမ်း၊ စစ်ကိုင်း၊ ပဲခူး၊ ရခိုင်နှင့် ဧရာဝတီတို့မှ အသီးသီးအနိုင်ရရှိသွားခြင်းဖြစ်သည်။ ပြိုင်ပွဲဝင်ပန်းချီများအား ဝါရင့်ပညာရှင်များဖြစ်ကြသော ဦးအောင်စည်သူလှိုင်၊ ဦးကျော်သူရိန်နှင့် ဦးမောင်ဦးတို့မှ ကနဦးအယောက် ၂၀နှင့် အနိုင်ရရှိသူများကိုရွေးချယ်ပေးခဲ့ကြောင်း သိရသည်။

**ရဲလင်းလင်းသန်း**





တောင်ကြီးတန်ဆောင်တိုင်ပွဲတော်ကို
BLUE ZONE ထဲမှာလာရောက်ဆင်နွှဲပါ...
GRAND ROYAL
Signature
BLUE ZONE
BY
Signature
DJ DAN
DJ YUKIE
DJ R2
BANGKOK
အကပညာရှင်များ
JADE DRAGON
အကအဖွဲ့
Premium Drinking Water
19 NOV to 26 NOV
6:00PM to 11:00PM
TAUNG GYI
BALLOON FESTIVAL COMPOUND
ENJOY FREEDOM, ENJOY LIFE!

# NEWS
LOCAL UPDATE

## သုံးစွဲသူ ၉ဦးအထိ တစ်ပြိုင်တည်း အသုံးပြုနိုင်မည့် ဗီဒီယိုနှင့် အသံခေါ်ဆိုမှုကို WeChat မှ မိတ်ဆက်




လူမှုဆက်သွယ်ရေး Application တစ်ခုဖြစ်သည့် WeChat မှ ပြည်တွင်းရှိသုံးစွဲသူများအတွက် မိမိတို့၏မိသားစုများ၊ လုပ်ဖော်ကိုင်ဖက်များနှင့် တစ်ချိန်တည်းတွင် လူ ၉ဦးအထိ သုံးစွဲနိုင်မည့် ဗီဒီယိုနှင့် အသံခေါ်ဆိုမှုကိုထပ်မံမိတ်ဆက်လိုက်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Wechat video call လုပ်ဆောင်ချက်အား Wechat Version 6.3.5 တွင် စတင်ရရှိနိုင်မည်ဖြစ်ပြီး၊ အဆိုပါလုပ်ဆောင်ချက်ဖြင့် အစည်းအဝေးပွဲများ၊ ရှင်းလင်းပွဲများတွင် လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေများနှင့် စီးပွားရေး၊ လူမှုရေးဆိုင်ရာများအတွက် အသုံးပြုနိုင်မည်ဖြစ်သည်။

"Wechat အနေနဲ့ ဒီလုပ်ဆောင်ချက်အသစ်ကို မြန်မာပြည်က သုံးစွဲသူတွေအတွက် ဖန်တီးပေးနိုင်လို့ စိတ်လှုပ်ရှားမိပါတယ်။ ရန်ကုန်၊ မန္တလေးရယ်လို့ မိုင်တွေဝေးနေပေမယ့် တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ပြောဆိုနိုင်မှာဆိုတော့နီးစပ်တဲ့ခံစားချက်ရစေမှာပါ။ ကိုယ်ရေးကိုယ်တာအတွက်သာမကဘဲ စီးပွားရေးလုပ်ငန်းတွေကိုပါ အဆင်ပြေစေမယ်လို့ယူဆပါတယ်"ဟု Wechat မှ တာဝန်ရှိသူတစ်ဦးဖြစ်သော Mr. Poshu Yeung က ပြောသည်။

အုပ်စုလိုက်စကားပြောဆိုမှုတွင် လူ ၉ဦးအထိ တစ်ပြိုင်တည်းပြောဆိုနိုင်ပြီး ပါဝင်မည့်သူများကို ရွေးချယ်နိုင်ပါသည်။ ထို့ပြင် ဗီဒီယိုကိုပိတ်ပြီး အုပ်စုလိုက်အသံပြောဆိုမှုအနေဖြင့်လည်း ပြောင်းလဲလုပ်ဆောင်နိုင်ပါသေးသည်။

Wechat Application အား Android, BlackBerry, iOS, Symbian နှင့် Windows Operating System များအတွက် အခမဲ့ရယူနိုင်ကြောင်း သိရသည်။

**ရဲလင်းလင်းသန်း**

## Communicast 2015 နှင့် Myanmar International ICT Exhibition ပူးပေါင်းပြပွဲ (MEP) တွင်ကျင်းပခဲ့

Communicast 2015 နှင့် Myanmar International ICT Exhibition ပူးပေါင်းပြပွဲကို ရန်ကုန်မြို့ရှိ Myanmar Event Park တွင်နိုဝင်ဘာလ ၁၇ ရက်နေ့ ကကျင်းပပြုလုပ်သွားခဲ့ကြောင်း သိရသည်။ အဆိုပါပြပွဲတွင် ကမ္ဘာအနှံ့မှ ကုမ္ပဏီပေါင်း ၁၂၀ ကျော် ဝင်ရောက်ပြသခဲ့ပါသည်။ ပြပွဲတွင် ကြိုးဟိတုနှင့် Broadband မှစ၍ မိုဘိုင်းနှင့် Enterprise Solution များအထိ အိုင်စီတီ စီးပွားရေးလုပ်ငန်းအတွက် လိုအပ်သမျှကို တစ်နေရာတည်းတွင်တွေ့မြင်နိုင်အောင် ခင်းကျင်းပြသပေးခဲ့ကြောင်းသိရသည်။ ထို့အပြင် မြန်မာနိုင်ငံအတွက် အရေးပါမှုအဆင့်ခွဲခြားခြင်းဆိုင်ရာနှင့် ပတ်သက်၍ စကားရည်လုမည့် ICT Live! Forum ကိုပြပွဲအတွင်း ထည့်သွင်းကျင်းပသွားခဲ့သည်။

"International Maynmar ICT ပြပွဲနဲ့ပူးပေါင်းကျင်းပမယ်လို့ ကြေညာလိုက်ကတည်းက ဒီလုပ်ငန်းနယ်ပယ်ရဲ့ များပြားတဲ့ထောက်ပံ့မှုတွေကိုရရှိခဲ့ပါတယ်။ ဒီပြပွဲနှစ်ခု ပူးပေါင်းပြသခြင်းဟာ လျှင်မြန်စွာ တိုးတက်ပြောင်းလဲနေတဲ့မြန်မာနိုင်ငံရဲ့ ICT နယ်ပယ်အတွက် လိုအပ်နေတဲ့အဆင့်မြင့် ပလက်ဖောင်းတစ်ခုဖော်ဆောင်ဖို့အတွက် အလွန်အရေးပါတဲ့အပြင် နိုင်ငံတကာမှ ကုမ္ပဏီတွေအနေနဲ့လည်း ပြည်တွင်းမှ လုပ်ဖော်ကိုင်ဖက်တွေရဲ့ဖွံ့ဖြိုးတိုးတက်မှုကိုပိုမိုမြန်ဆန်လာအောင် ကူညီနိုင်မှာပါ"ဟု Overseas Exhibition Service မှ Event Director ဖြစ်သော Mr.Rupert Owen ကဆိုသည်။

ယင်းပြပွဲကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနတို့မှ ကူညီထောက်ပံ့ပေးထားကြပြီး ပထမဦးဆုံးအကြိမ်အဖြစ် ပူးတွဲပြသခြင်းဖြစ်ကြောင်းသိရသည်။

**ရဲလင်းစိုး**




# ၂၀၁၅ ခုနှစ် အာရှတွင်းအကောင်းဆုံး Mobile Application ဆုကို မြန်မာနိုင်ငံကိုယ်စားပြု ဝန်ဇင်း App ရရှိ



နော်ဝေနိုင်ငံ အော်စလိုမြို့တွင် တယ်လီနောမှကြီးမှူးကျင်းပသည့် ၂၀၁၅ ခုနှစ် အာဆီယံနိုင်ငံများအလိုက် Digital Winners ပြိုင်ပွဲတွင် အကောင်းဆုံး Application ဆုကို မြန်မာနိုင်ငံမှ ဝန်ဇင်း (Wun Zinn Mobile Application) က ရရှိခဲ့သည်ဟု တယ်လီနောဝက်ဆိုက်မှထုတ်ပြန်ကြေညာခဲ့သည်။

"နှစ်စဉ်တိုင်းမှာ ကျွန်တော်တို့ဟာ ကမ္ဘာ့တစ်ဝန်းကနိုင်ငံ အကျိုးပြုစွန့်ဦးတီထွင်လုပ်ငန်းရှင်များတွေနဲ့ ပူးပေါင်းလုပ်ကိုင်နေပါတယ်။ ဒီလို Digital Winner ပြိုင်ပွဲမှာ ယှဉ်ပြိုင်ရတဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်တွေဟာ သက်ဆိုင်ရာနိုင်ငံအတွင်းမှာ အကောင်းဆုံးနဲ့ အလားအလာရှိဆုံးနိုင်ငံ့အကျိုးပြု Application များဖြစ်ပါတယ်။ ဒါကြောင့် အခုလိုပြိုင်ပွဲမှာ ဆုရရှိခဲ့တဲ့ မြန်မာနိုင်ငံက ဝန်ဇင်း (Wun Zinn Mobile Application) မှ တီထွင်သူအဖွဲ့သားများအားလုံးကို ဂုဏ်ယူကြောင်းပြောကြားလိုပါတယ်"ဟု Telenor ၏ CEO ဖြစ်သူ ဆက်စ်ဗီဘရက်ဝ်က ပြောသည်။

Wun Zinn Mobile Application သည် Mobile Application များ၊ Website များကို ရေးဆွဲပေးနေသည့် ပြည်တွင်းကုမ္ပဏီတစ်ခုဖြစ်သည့် Bagan Innovation Technology Co.,Ltd မှ ၂၀၁၄ ခုနှစ်က တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ရာ လက်ရှိမြန်မာနိုင်ငံ စာပေအသိုင်းအဝန်းတွင် လူသိများသည့် Application တစ်ခုလည်းဖြစ်ပါသည်။

"လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး အခြေခံလိုအပ်ချက်တွေမပြည့်စုံတဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက်ကျေးလက်နေပြည်သူများ ပညာဗဟုသုတရှာရာမှာ အင်မတန်ခက်ခဲပါတယ်။နောက်ပညာရေးဟာ တိုင်းပြည်တစ်ပြည်ဖွံ့ဖြိုးတိုးတက်ဖို့ အခြေခံသော့ချက်ဖြစ်တယ်လို့ ကျွန်တော်တို့ယုံကြည်ပါတယ်။ဒီလိုသော့ချက်ကို လူတိုင်းဖုန်းကိုင်လာနိုင်တဲ့အခြေအနေတစ်ခုမှာ ဖုန်းနဲ့အတူ ပညာဗဟုသုတရှာနိုင်ဖို့ သူတို့အလိုရှိတဲ့ စာအုပ်စာပေတွေကို လျင်မြန်စွာ ဖတ်ရှုနိုင်ဖို့ ကျွန်တော်တို့ ဝန်ဇင်းက တစ်ထောင့်တစ်နေရာကနေ ကြိုးပမ်းခြင်းဖြစ်ပါတယ်"ဟု ဝန်ဇင်းမှ ကိုသက်လင်းဟန်က ဆုရရှိမှုနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ဝန်ဇင်း App ကို ဖန်တီးရသည့် ရည်ရွယ်ချက်မှာ မြန်မာစာပေကို ကမ္ဘာသို့ပျံ့နှံ့စေရန် စာရေးဆရာများ၏ အကျိုးခံစားခွင့်ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် စာပေကိုလေ့လာဖတ်ရှုလိုသူများအတွက် တိုးတက်လာသည့် နည်းပညာနှင့်အတူ အချိန်နေရာ မရွေးဗဟုသုတများကို လွယ်ကူ လျင်မြန်စွာရှာနိုင်ရန်ဖြစ်သည်ဟု ကိုသက်လင်းဟန်က ထပ်လောင်း ပြောကြားခဲ့သည်။

ထို Digital Winner ပြိုင်ပွဲကို အာဆီယံအတွင်း တယ်လီနောရုံးများရှိရာ ထိုင်း၊ မလေးရှား၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့် မြန်မာတို့မှ ဖန်တီးထားသော Application များကို တယ်လီနောမှ နိုင်ငံအလိုက်ရွေးချယ်၍ နော်ဝေနိုင်ငံတွင်ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ရာ မြန်မာနိုင်ငံမှ ဝန်ဇင်း App ဖြင့် အာဆီယံအကောင်းဆုံး Digital Winner ဆုကို ပထမဦးဆုံးရရှိခြင်းဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်မှ ပညာရေးသင်ယူမှုနှင့်ပတ်သက်သည့် Durbin App၊ အိန္ဒိယမှ အင်ဂျင်နီယာနှင့်ပတ်သက်သည့် ဘာသာရပ်များကို ကျောင်းသားများ လွယ်ကူစွာလေ့လာနိုင်သည့် Tutor App၊ မလေးရှားမှ Cytron နည်းပညာများကိုစိတ်ဝင်စားသည့် လူငယ်များအတွက် စက်ရုပ်ပရိုဂရမ်ရေးဆွဲနည်းများကို လေ့လာမျှဝေနိုင်မည့် Cytron App၊ ပါကစ္စတန်မှ မိဘများ၊ ကျောင်းသားများနှင့် တက္ကသိုလ်များ၏ အခြေအနေကို အပြန်အလှန်ဆက်သွယ်ပေးသည့် My Smaced App၊ ထိုင်းမှ ငါးနှင့် ပုစွန်လုပ်ငန်းရှင်များအတွက် လုပ်ငန်းများတွင် ထည့်သွင်းရမည့် ရေပမာဏကို ၂၄ နာရီလုံး ကြည့်ရှုပြီး မှန်ကန်သည့် ဒေတာအချက်အလက်များကို ထုတ်ပေးနိုင်သည့် Len-Nam App နှင့် ကမ္ဘာလုံးဆိုင်ရာ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုများကို ပြုလုပ်နိုင်သည့် GIZTIX App စသည့် နိုင်ငံများမှ တီထွင်ဖန်တီးသည့် Application များ ကျော်ဖြတ်ကာ မြန်မာနိုင်ငံမှ ဝန်ဇင်းက ဆုရရှိခဲ့ခြင်းဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် ကျင်းပသော Digital Winner ပြိုင်ပွဲတွင် ကိုယ်စားပြုအနေဖြင့် Bagan Innovation Technology မှ Keyboard App ဖြင့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြောင်းသိရသည်။

လက်ရှိတွင် ဝန်ဇင်းမှ စာရေးဆရာပေါင်း (၃၀၀)ကျော်နှင့် စာအုပ်ပေါင်း (၂၀၀၀)ကျော်၊ Audio Books များ၊ လစဉ်ထုတ်မဂ္ဂဇင်းများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်များကို အနည်းဆုံး (၈၀)ကျပ်မှ ဝယ်ယူဖတ်ရှုနိုင်မည်ဖြစ်ကာ အခမဲ့ကဏ္ဍများ၊ အခြားဗဟုသုတရစရာအကြောင်းအရာများကို ဝန်ဇင်းတွင် ထည့်သွင်းထားကြောင်းသိရသည်။

**ရဲလင်းစိုး**


T.LAND
IT , Digital & Mobile Center

TSINGHUA TONGFANG

**V430 Laptop**
- AMD A4-3300 1.9GHz
- 2 GB Memory DDR3
- 320GB Hard Disk
- ATI Radeon 6480 1GB
- 14.0" HD LED Backlit Display
- Window 7
- LAN, Wi-Fi, VGA, HDMI, Camera
- USB, 4 Cells Battery

284,000Ks
External DVD-Writer

**K45A Laptop**
- AMD A4-3300 AM 1.9GHz
- 4 GB Memory DDR3
- 1TB Hard Disk
- ATI Radeon 6480 1GB
- 14.0" HD LED Backlit Display
- DVD-Writer, Window 7 / 8
- LAN, Wi-Fi, VGA, HDMI, Camera
- USB, 4 Cells Battery

366,000Ks

ဝယ်ယူသော Customer များအား
External DVD-Writer
လက်ဆောင်ပေးအပ်သွားပါမည်



**K42F Laptop**
- Intel Pentium B960 2.20GHz
- 4 GB Memory DDR3
- 500GB Hard Disk
- Intel HD Graphic
- 14.0" HD LED Bright View
- DVD-Writer, Window 7
- LAN, Wi-Fi, VGA, HDMI, Camera
- USB, 4 Cells Battery

366,000Ks

**S40F/U45F Laptop**
- Intel Core i3-3321 1.8GHz
- 4 GB Memory DDR3
- 500GB + 32GB SSD Hard Disk
- Intel HD Graphic 400
- 14.0" HD LED Backlit Display
- Window 7 / 8
- LAN, Wi-Fi, VGA, HDMI
- USB, 4 Cells Battery

*(Ultra Slim)*
External DVD-Writer

428,000Ks
419,000Ks



1 Year Parts Warranty

Center 1: No. 77, Pansodan Road (Lower Block), Between Mahabandoola & Merchant Road, Kyauktada Township, Yangon. Tel: (01) 382 868, 398 343
Email : t.landcomputer.ygn@gmail.com , mandalaytland@gmail.com

Center 2: No. (D-20), Zawtika Street, Between 32x33 Road, Bet 77x78 Road, Mandalay Tel: 0952 32098, 0952 30123
www.tland.com.mm www.facebook/tlandmyanmar.com


oppo
Neo 7
ရောင်စဉ်ဖြာတဲ့ အလင်းတစ်ပွင့်
ကျပ် ၂၀,၀၀၀ တန်ဖိုးရှိ
လက်ဆောင်ပစ္စည်းများ
ရနိုင်မည့်အခွင့်အရေး
Ambassador:
Price: 199,000Ks
• ကြည်လင်တောက်ပတဲ့မျက်နှာပြင်
• ကိုင်ဆောင်ရလွယ်ကူတဲ့ 5" အကျယ်မျက်နှာပြင်
• အလှတရားနဲ့ပြည့်စုံမယ့် Selfie အတွက် 5MP/8MP

# GLOBAL PHONE
COMING PHONE

## Mobile Accessories



### Hello Kitty Phone Cover
Price : 5,000/-

အရမ်းချစ်စရာကောင်းတဲ့ Hello Kitty ဖုန်းကာဗာလေးဟာ ဖုန်းကိုထိခိုက်ပွန်းပဲ့မှုမရှိအောင် ကာကွယ်ပေးနိုင်တဲ့အပြင် အနောက်ဘက်မှာပါရှိတဲ့ မှန်ငယ်လေးကြောင့် မိန်းကလေးတွေကတော့ အလွန်ကြိုက်နှစ်သက်ကြမှာပါ။ မှန်လေးကိုချစ်စရာကောင်းတဲ့ ကြောင်ရုပ်ခေါင်းလေးနဲ့ကာကွယ်ပေးထားပြီး ကိုယ်အသုံးပြုချင်တဲ့အချိန်မှ ဘေးကိုဖယ်ကာအသုံးပြုနိုင်ပါတယ်။ ဝယ်ယူချင်တယ်ဆိုရင် Ph:09-262388674 ကိုဆက်သွယ်စုံစမ်းနိုင်ပါတယ်။



### Travel Charger 3 in 1
Price : 13,000/-

idevice တွေအတွက်ရော Android Device တွေအတွက်ပါ ဘက်ထရီစွမ်းအားပြန်လည်ဖြည့်တင်းပေးနိုင်တဲ့ 3 in 1 Charger လေးပါ။ USB ခေါင်း(၃)ခုပါရှိတာကြောင့် Devices(၃)ခုကိုတစ်ပြိုင်နက်တည်း အားပြန်သွင်းပေးနိုင်ပြီး ကြိုးအရှည်က 0.75m အရှည်ရှိပါတယ်။ ကြိုးကို အလိုအလျောက်သိမ်းဆည်းပေးထားနိုင်ပြီး ကြိုးရှုပ်သွားမှာကိုလည်းပူစရာမလိုပါဘူး။ ဘက်ထရီစွမ်းအားကိုလည်း သာမန် Charger တွေထက်(၂)ဆပို မြန်မြန်သွင်းပေးနိုင်ပါတယ်။ ဝယ်ယူဖို့အတွက် Ph:09-262388674 ကိုဆက်သွယ်မေးမြန်းနိုင်ပါတယ်။



### 3 in 1 Power Bank + Speaker + Phone Stand
Price: 18,000/-

ဒီ Power Bank လေးဟာ 3 in 1 အသုံးပြုနိုင်တဲ့ အိတ်ဆောင် Device လေးပါ။ Power Bank လေးမှာ စပီကာစနစ်ပါရှိပြီး Phone Stand အနေနဲ့လည်း အသုံးပြုနိုင်ပါတယ်။ 4000 mAh စွမ်းအားရှိတဲ့ ဘက်ထရီလေးကြောင့် စွမ်းအားအပြည့်ရှိမယ်ဆိုရင် ဖုန်းကို(၃)ကြိမ်ခန့်အားသွင်းပေးနိုင်မှာဖြစ်ပါတယ်။ ဘယ်ဖုန်းအမျိုးအစားတွေကိုမဆို အသုံးပြုနိုင်တဲ့အတွက် အလွန်အဆင်ပြေပါတယ်။ ဝယ်ယူချင်တယ်ဆိုရင်တော့ Ph:09-262388674 ကိုဆက်သွယ်မှာယူနိုင်ပါတယ်။



## Motorola Moto G Turbo Edition

| | | |
|---|---|---|
| Network | - | GSM / HSPA / LTE |
| OS | - | Android OS, v5.1.1 (Lollipop) |
| Memory | - | 16 GB (up to 32 GB) |
| CPU | - | QC 1.7 GHz & QC 1GHz |
| Bluetooth | - | v4.0, A2DP, LE |

Motorola Moto G Turbo Edition ဟာ ဇူလိုင်လကထုတ်လုပ်ခဲ့တဲ့ Moto G 2015 ကိုအဆင့်မြှင့်တင်ပေးထားတာဖြစ်ပြီး IP67 Certification ရရှိထားတာကြောင့် ရေတစ်မီတာအနက်အထိ (၃၀)မိနစ်ကြာမျှသယ်ဆောင်သွားနိုင်ပါတယ်။ GSM, HSPA နဲ့ LTE Networks တွေကိုထောက်ပံ့ပေးထားပြီး Dual SIM Card ၂ card ကို ထည့်သွင်းသုံးစွဲနိုင်ပါတယ်။ မျက်နှာပြင်အကျယ်က(၅)လက်မရှိပါတယ်။ အကြမ်းခံနိုင်အောင် Corning Gorilla Glass 3 နဲ့ဖုံးအုပ်ပေးထားပြီး အနောက်ကင်မရာက 13MP resolution အရည်အသွေးကိုပေးစွမ်းနိုင်ပြီး 5MP အရည်အသွေးရှိတဲ့ အရှေ့ကင်မရာနဲ့ Selfie ဓာတ်ပုံတွေကိုလည်း ရယူနိုင်ပါတယ်။ RAM 2GB ပါရှိပြီး Internal Memory 16GB ကိုပံ့ပိုးပေးထားပါတယ်။ ထည့်သွင်းထားတဲ့ Chipset အမျိုးအစားကတော့ Qualcomm MSM8939 Snapdragon 615 ပါ။ Li-Ion 2470 mAh ဘက်ထရီကိုထည့်သွင်းပေးထားပါတယ်။ အဖြူရောင်နဲ့ အနက်ရောင်ဆိုတဲ့ အရောင်(၂)မျိုးရှိပါတယ်။



## HTC One M9s

| | | |
|---|---|---|
| Network | - | GSM / HSPA / LTE |
| CPU | - | Octa-Core 2.2 GHz Cortex-A53 |
| Memory | - | 16 GB (up to 200 GB) |
| OS | - | Android OS, v5.1 (Lollipop) |
| Bluetooth | - | v4.1, A2DP, apt-X |

HTC ကနေ အသစ်ထုတ်လုပ်ပေးထားတဲ့ HTC One M9s မှာ Hardware ပိုင်းကို ပိုမိုကောင်းမွန်အောင်ပြုလုပ်ပေးထားပြီး ခန့်ညားလှပတဲ့ ရွှေရောင်သတ္တုကိုယ်ထည်နဲ့ဖန်တီးပေးထားပါတယ်။ Quad-Band 2G/3G နဲ့ LTE စတဲ့ Connectivity Option တွေအများကြီးကိုထောက်ပံ့ပေးထားပြီး Nano SIM Card အမျိုးအစားကိုထည့်သွင်းအသုံးပြုနိုင်ပါတယ်။ ဖုန်းအရွယ်အစားက 144.6×69.7×9.6 mm ဖြစ်ပြီး 158g အလေးချိန်ရှိပါတယ်။ ၅လက်မအကျယ်ရှိတဲ့ Super LCD3 Capacitive Touchscreen အမျိုးအစားကိုအသုံးပြုပေးထားပြီး သိပ်သည်းဆက 1080×1920 Pixels ပမာဏရှိတာကြောင့် မြင်ကွင်းတွေကို ကြည်လင်ပြတ်သားစွာပြသပေးနိုင်ပါတယ်။ ၁ လက်မမှာတော့ 441 ppi pixel ပမာဏကို ပေးစွမ်းနိုင်မှာပါ။ မျက်နှာပြင်ကို Corning Gorilla Glass 4 နဲ့ဖုံးအုပ်ကာကွယ်ပေးထားတာကြောင့် အကြမ်းခံနိုင်ပြီး HTC Scense UI 7.0 နဲ့ Multitouch စနစ်ကို အသုံးပြုနိုင်မှာဖြစ်ပါတယ်။ အနောက်ကင်မရာက 13MP Resolution ရှိပြီး Optical Image Stabilization စနစ်ပါရှိတဲ့အတွက် လှုပ်ရှားနေတဲ့ပုံရိပ်တွေကိုလည်း ဝေဝါးမှုမရှိအောင် ဖမ်းယူပေးနိုင်တဲ့အပြင် 30fps နဲ့ 1080p အရည်အသွေးရှိဗီဒီယိုတွေကိုလည်း ရိုက်ကူးနိုင်ပါတယ်။ အရှေ့ကင်မရာငယ်ကတော့ 4MP သာရှိပါတယ်။ Internal Memory က 16 GB ပါရှိပြီး Micro SD Card ကို 200 GB အထိတောင် ထပ်မံတိုးချဲ့အသုံးပြုနိုင်ပါတယ်။ RAM ကတော့ 2 GB ပါရှိပြီး Mediatek MT6795 Helio X10 Chipset အမျိုးအစားကို ထည့်သွင်းပေးထားပါတယ်။ Li-Po 2840 mAh ဘက်ထရီကိုထည့်သွင်းပေးထားတာကြောင့် ဖုန်းကိုအချိန်ကြာမြင့်စွာအသုံးပြုနိုင်မှာပါ။

## Comparison





| | HTC One M9 | HTC One E9 Plus | HTC Desire 816 G |
|---|---|---|---|
| Display | 5.0 inches | 5.5 inches | 5.5 inches |
| OS | Android OS, v5.0 | Android OS, v5.0 | Android OS, v4.4.2 |
| Battery | Li-Po 2840 mAh | Li- Po 2800 mAh | Li- Po 2600 mAh |
| Storage | 32 GB | 32 GB | 8 GB |
| Camera | 20 MP | 20 MP | 13 MP |
| Price | 739,000 | 566,000 | 269,000 |
| Contact | 09-73171214 | 09-73171213 | 09-73171214 |




**Available at**

**Yangon** : Innwa Premium Shop, City Star, Eastern (SKT Middle Block), KMD(ChinaTown), H.H Mobile, Global Light (North Okkalapa), Technoland, Linn Latt Mobile (TMW), Point Mobile, Tech Republic (San Chaung),i Feel Mobile (Latha), Easy One, Idea Link, IT Box Mobile, Unique PSD, Unique (SKT), King Power (Seikkanthar Lower Block), Unique (Tamwe), Choice Mobile, KMD Tamwe, J Mobile, KMD (MNG), KMD (PSD).Mobile House (Latha), Like Mobile, E City, Htay Mobile L **Mandalay** : 77 Mobile & IT Mall, SS Computer (MDY), Shwe Na Gar (Naung Shwe), Orange Mobile (MDY), N.Star Electronic (MDY), Kyal Sin Mobile, Ngwe Sandar Electronic (MDY), Mobile Like (MDY), T.No Mobile (MDY), National Mobile (Bamaw) C/O, One Mobile (Kyaukpadaung) C/O MDY. **Naypyitaw** : KMD NPT II, **Larsho** : KMD Larsho II, **Myeik** : C4E, **Meikhtila** : KMD Mobile Retail, **Mawlamyine** : KMD Mobile Retail, **Kalay** : Hello **Tharyarwadi** : Home Mobile, **Kyan Khin** : Evasion Mobile.**Sittway** : N.X Mobile, **Loi Kaw** : J & K Mobile, **Pyin Ma Nar** Lu Gyi Min, **Pu Law** : Edison Mobile, Win Mobile, **Dawei** : Padetha D.Com Mobile, Nyi Nyi Mobile, BSM Mobile, idea Mobile, **Myeik** : C4E, ZarNi Mobile , Gentlemen Mobile, YC Mobile, Mahar Myanmar Mobile, 12 call Mobile, Nandar Win Mobile, Wai Phyo Mobile, Golden land Mobile, **Pyay** : Wise Power, NSM, Soe San, Fevo Mobile, Respect Mobile, Shwe Tike Mobile, A1 Mobile, Dr. Mobile, Palae Shwe Wah, **TaungTwinGyi** : Palae Mobile, **Lett Puttar** - Shwe Nadi Mobile, **Pha-An** : Zenith, Tresure Net, **Sittway** : Super Hut Mobile, Palae ShweWah Mobile, **Padan** : La Minn Thit Mobile, **Taunggyi** : Myint Mo

**Authorised Distributor**

DCD



# MG's CHOICE

## first CLASS
### Lenovo ZUK Z1

| | | |
|---|---|---|
| Network | - | GSM |
| Weight | - | 175 g |
| Display size | - | 5.5 inches |
| Display Type | - | IPS LCD capacitive |
| Camera | - | 13MP |
| Memory | - | 64GB |
| CPU | - | Quad-core 2.5GHz |
| OS | - | Android OS,v5.1.1 |
| Phone | - | 01-382868 |

**367,000 Ks**



## first CLASS
### Gionee M5

| | | |
|---|---|---|
| Network | - | GSM/HSPA |
| Weight | - | 213g |
| Display Size | - | 5.5 inches |
| Display Type | - | AMOLED capacitive |
| Camera | - | 13 MP |
| Memory | - | 16GB |
| CPU | - | Quad-core 1.3GHz |
| OS | - | Android OS,v5.1 |
| Phone | - | 09-31389999 |

**319,000 Ks**



## first CLASS
### Meizu MX3

| | | |
|---|---|---|
| Network | - | GSM/HSPA |
| Display Size | - | 5.1 inches |
| Weight | - | 143g |
| Display Type | - | Capacitive touchscreen |
| Camera | - | 8MP |
| CPU | - | QC 1.6GHz & QC 1.2GHz |
| Battery | - | Li-Po 2400mAh |
| OS | - | Android OS, v4.2 |
| Phone | - | 01-382868 |

**259,000 Ks**



## second CLASS
### AOTO Success VI

| | | |
|---|---|---|
| Network | - | GSM/WCDMA |
| Display Size | - | 5.5 inches |
| Camera | - | 8MP |
| Memory | - | 16GB |
| Bluetooth | - | Yes |
| CPU | - | Quad-core 1.7GHz |
| Finger Lock Support | - | Yes |
| OS | - | Android OS,v4.4.2 |
| Phone | - | 09-450505050 |

**199,000 Ks**



## second CLASS
### Sony Xperia E4

| | | |
|---|---|---|
| Network | - | GSM/HSPA |
| Display Size | - | 5.0 inches |
| Display Type | - | IPS capacitive |
| Camera | - | 5 MP |
| Weight | - | 144g |
| Memory | - | up to 32GB |
| CPU | - | Quad-core 1.3GHz |
| OS | - | Android OS, v4.4.4 |
| Phone | - | 01-371923 |

**145,000 Ks**



## second CLASS
### Huawei Y6

| | | |
|---|---|---|
| Network | - | GSM |
| Weight | - | 125g |
| Display Size | - | 5.0 inches |
| Display Type | - | IPS LCD |
| Memory | - | 8GB |
| Camera | - | 8MP |
| Battery | - | 2200mAh |
| OS | - | Android OS,v5.1 |
| Phone | - | 01-371923 |

**155,000 Ks**



## third CLASS
### Huawei Y220

| | | |
|---|---|---|
| Network | - | GSM/HSPA |
| Weight | - | 130g |
| Display Type | - | Capacitive touch |
| Display Size | - | 3.5 inches |
| Camera | - | VGA |
| Memory | - | up to 32GB |
| CPU | - | Dual-core 1GHz |
| OS | - | Android OS, v2.3 |
| Phone | - | 01-371924 |

**60,000 Ks**



## third CLASS
### Coolpad 8079

| | | |
|---|---|---|
| Network | - | 2G |
| Weight | - | 147g |
| Display Type | - | TFT capacitive |
| Display Size | - | 4.5 inches |
| Memory | - | 4GB |
| Camera | - | 2.0MP |
| OS | - | Android OS,v4.0 |
| CPU | - | Dual Core 1.0GHz |
| Phone | - | 09-73059274 |

**49,000 Ks**



## third CLASS
### Nokia 108 Dual Sim

| | | |
|---|---|---|
| Network | - | GSM |
| SIM | - | Dual SIM |
| Weight | - | 70.2g |
| Display Size | - | 1.8 inches |
| Display Type | - | TFT |
| Memory | - | up to 32GB |
| Camera | - | VGA |
| Battery | - | Li-Ion 950mAh |
| Phone | - | 01-371924 |

**40,000 Ks**



## Used Phone
### Samsung Galaxy Note 5

| | | |
|---|---|---|
| Network | - | GSM/HSPA/LTE |
| Tye | - | Super AMOLED |
| Weight | - | 171g |
| Camera | - | 16MP |
| Size | - | 5.7 inches |
| CPU | - | QC 1.5GHz& QC 2.1GHz |
| OS | - | Android OS, v5.1.1 |
| Phone | - | 09-31288077 |

**795,000 KS**



## Used Phone
### Sony Xperia Z2

| | | |
|---|---|---|
| Network | - | GSM/HSPA/LTE |
| Weight | - | 163g |
| Camera | - | 20.7MP |
| Memory | - | up to 128GB |
| Size | - | 5.2 inches |
| CPU | - | Quad-core 2.3GHz |
| OS | - | Android OS, v4.4.2 |
| Phone | - | 09-254004420 |

**305,000 KS**



## Used Phone
### Xiaomi Redmi 1S

| | | |
|---|---|---|
| Network | - | GSM/HSPA |
| Type | - | IPS LCD capacitive |
| Camera | - | 8MP |
| Memory | - | up to 64GB |
| Size | - | 4.7 inches |
| CPU | - | Quad-core 1.6GHz |
| OS | - | Android OS,v4.3 |
| Phone | - | 09-450039844 |

**75,000 KS**



# Dell's မှ Mandalay Promotion တွင် Notebook များကို အထူးအစီအစဉ်ဖြင့် ရောင်းချမည်

Mandalay Diamond Plaza တွင် Dell မှ ၎င်းတို့၏ Product များကို Promotion အစီအစဉ်များပြုလုပ်၍ ရောင်းချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ ထို Promotion အစီအစဉ်ကို နိုဝင်ဘာလ ၂၈ ရက်နေ့နှင့် ၂၉ ရက်နေ့တို့တွင် ကျင်းပပြုလုပ်ပေးသွားမည်ဖြစ်ကာ နိုင်ငံကျော်အဆိုတော် အိမ့်ချစ်၏ ဖျော်ဖြေတင်ဆက်မှုများလည်းပါဝင်မည်ဖြစ်သည်။ Customer များအနေဖြင့် အရည်အသွေးကောင်းမွန်ပြီး အာမခံပြည့်ဝသော Dell Notebook များကို အဆိုပါနေ့ရက်များတွင် အထူးဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်မှာဖြစ်ကြောင်းသိရှိရသည်။

ရဲလင်းစိုး
















ARTICLE KNOWLEDGE



# မြန်မာပြည်နဲ့ E Commerce

အောင်ခမ်း ( ဂိုးရှာလေး )

လက်ရှိမြန်မာပြည်မှာ ပြည်တွင်းကစတင်ဖြစ်တည်တဲ့ E Commerce ဝဘ်ဆိုဒ်များလည်းရှိသလို၊ နိုင်ငံတကာကနေ ပြည်တွင်းကိုတက္ကူးတကဝင်လာတဲ့ Platform များစွာလည်းရှိပါတယ်။ သူတို့အားလုံးကို စားသုံးသူတစ်ယောက်အနေနဲ့ ပြန်လည်သုံးသပ်ကြည့်တဲ့အခါ ဘာကြောင့်မို့တိုးတက်မှု နှောင့်နှေးနေတာလဲဆိုတာ လေ့လာတွေ့ရှိခဲ့ရပါတယ်။ ယင်းသို့နှောင့်နှေးစေရန်တွန်းပို့တဲ့ကိစ္စတွေကအများကြီးပါ။ ယင်းထဲမှာ အားလုံးလည်းလက်ခံယုံကြည်ကြမယ့်တစ်ချက်ကတော့ Payment system ပဲဖြစ်ပါလိမ့်မယ်။ ဒီတော့ကမ္ဘာတစ်လွှားက Payment System ကို အရင်လေ့လာသုံးသပ်ကြည့်ရအောင်. . . ။

### အွန်လိုင်းငွေပေးချေမှုအကြောင်း အခြေခံသိကောင်းစရာ

အွန်လိုင်းငွေပေးချေမှုစနစ် (Online Payment System) ဟာ ယနေ့နိုင်ငံတကာရဲ့ Ecommerce (အီလက်ထရောနစ်ကုန်သွယ်မှုဆိုင်ရာ) လုပ်ငန်းများမှာအဓိက နေရာအဖြစ်ပါဝင်နေပါတယ်။ မြန်မာပြည်မှာလည်းနှစ်အနည်းငယ်အတွင်း ထွန်းကားလာတော့မယ့်အရာတစ်ခုဖြစ်ပါတယ်။ အီလက်ထရောနစ် ငွေပေးချေမှုစနစ်ပေါ်လာခြင်းကြောင့် ငွေကြေးဆိုင်ရာစီးပွားရေးလုပ်ငန်းများကို နိုင်ငံတစ်နိုင်ငံတည်းတင်မဟုတ်ဘဲ နိုင်ငံတကာချိတ်ဆက်ပြီးတော့ ပေးချေမှုများကို အလွယ်တကူ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ ငွေကြေးစီးဆင်းမှုဟာ Global အဆင့်အထိရောက်ရှိသွားစေခြင်း တစ်မျိုးနဲ့လည်းဖြစ်ပါတယ်။ဒီတော့ ယင်းစနစ်ဘယ်အချိန်ကစပေါ်တာလဲကနေစလေ့လာကြည့်ရအောင်. ။ ၁၉၆၀ ခုနှစ်ဝန်းကျင်တုန်းက ATM ကတ်များ၊ Credit ကတ်များထွက်ပြီး ယင်းကဲ့သို့ထွက်တဲ့အချိန်မှာပဲ အွန်လိုင်းပေးချေမှုစနစ်ဟာလည်းအတူထွက်ရှိလာပါတယ်။ သူ့ရဲ့အသုံးပြုမှုကတော့ ATM နဲ့ Credit card တို့လောက်အစပိုင်းမှာ မမြန်ပေမယ့်တဖြည်းဖြည်းနဲ့တိုးတက်နေခဲ့ပါတယ်။ စ,စချင်းပေါ်လာတဲ့စနစ်တစ်ခုကတော့ EFT လို့ခေါ်တဲ့ Electronic Fund Transfer ဖြစ်ပါတယ်။သူက EDI လို့ခေါ်တဲ့ Electronic Data Interchange လို့ခေါ်တဲ့ Application ကိုအသုံးပြုပြီးတော့ Credit Card နံပါတ် (သို့မဟုတ်) အီလက်ထရောနစ် Check များကိုရေးသားပေးပို့ခြင်းဖြစ်ပါတယ်။ ပေးပို့ရန်အသုံးပြုတဲ့လမ်းကြောင်းက အင်တာနက်မဟုတ်သေးဘဲ Private Secure Network လို့ခေါ်တဲ့ သီးသန့်အသုံးပြုရန်ခွဲခြားထားတဲ့ လုံခြုံတဲ့ကွန်ရက်ကနေဖြစ်ပါတယ်။ ယင်းကွန်ရက်ကို ဘဏ်များကဖန်တီးပြီး ဘဏ်နဲ့အဓိကလုပ်ငန်းလုပ်နေတဲ့ ကော်ပိုရေးရှင်းတို့ကြားထဲက ငွေကြေးဆိုင်ရာလုပ်ငန်းများကို အီလက်ထရောနစ်နည်းလမ်းဖြင့် ငွေပေးချေလို့ရအောင် ဖန်တီးထားပေးခြင်းဖြစ်ပါတယ်။ လူတိုင်းသုံးလို့ရတဲ့အနေအထားတစ်ခုထိ မရောက်ခဲ့သေးပါဘူး။ သိပ်မကြာခင်မှာပဲ လူတိုင်းအသုံးပြုလို့ရမယ့် အီလက်ထရောနစ် ငွေပေးချေမှုစနစ်များအများအပြား ပေါ်ပေါက်လာခဲ့ပြီး အဓိကအားဖြင့် အမျိုးအစား(၄)ခုအထိကွဲပြားစေခဲ့ပါတယ်။ ၎င်းတို့ကတော့ –

Online Credit Card Payment (အွန်လိုင်း credit card ငွေပေးချေမှု)

Electronic Check System (အီလက်ထရောနစ် Check စနစ်)

Electronic Cash System (အီလက်ထရောနစ် Cash စနစ်)

Smart Card based Electronic Payment System (အီလက်ထရောနစ်ငွေပေးချေမှုစနစ်အခြေခံသောစမတ်ကတ်)

ယနေ့ကမ္ဘာမှာ လူသုံးအများဆုံးကတော့ Online Credit Card Payment System (အွန်လိုင်း credit card ငွေပေးချေမှုစနစ်)ဖြစ်ပါတယ်။ သူကဘာလို့လူသုံးများသလဲဆို လူတွေလက်ထဲမှာရှိပြီးသားဖြစ်တဲ့ Credit card ကိုပဲအွန်လိုင်းငွေပေးချေမှုစနစ်မှာ အသုံးပြုလို့ရအောင်ပြုလုပ်ပေးခြင်းကြောင့်ဖြစ်ပါတယ်။ ဒီတော့သုံးစွဲသူများအနေနဲ့ ကတ်အသစ် လည်းလုပ်စရာမလိုသလို၊ အသုံးပြုရန်အတွက်ထပ်ပြီးတော့ လေ့လာစရာကြီးကြီးမားမားအသစ်ကြီးများလည်းမရှိတော့ပါဘူး။ Offline မှာအသုံးပြုနေတဲ့လမ်းစဉ်အတိုင်း Online မှာအသုံးပြုခြင်းဖြစ်ပါတယ်။ အဓိကအားသာချက်အနေနဲ့ ကတော့အသုံးပြုသူများအတွက် အင်မတန်လွယ်ကူစေခြင်းဖြစ်ပါတယ်။ အားနည်းချက်လည်းရှိပါသေးတယ်။ ယင်းကတော့ မိမိရဲ့လျှို့ဝှက်ကတ်နံပါတ်ကို အင်တာနက်ပေါ်က ဝက်ဆိုက်များပေါ်မှာရိုက်ထည့်ရခြင်းဖြစ်ပါတယ်။ ဥပမာ–အွန်လိုင်းရှော့ပင်ဝက်ဆိုက် (၃) (၄) ခုသုံးရင် ယင်း(၃)(၄)ခုစလုံးမှာ မိမိရဲ့ကတ်နံပါတ်များကိုရိုက်ထည့်ရခြင်းဖြစ်ပါတယ်။ အရင်ကလို Private Secure Network မဟုတ်တော့ပေမယ့် ငွေပေးချေမှုစနစ်အတွက်လမ်းကြောင်းကို Service Provider များက အလုံခြုံဆုံးဖြစ်တဲ့ API များတော့ထုတ်ပေးပါတယ်။ ဒါပေမယ့်လုံခြုံရေးကတော့ သတိထားရမယ့်အချက်အဖြစ်ရှိနေပါသေးတယ်။

အွန်လိုင်းငွေပေးချေမှုစနစ်ဟာ ငွေကြေးဆိုင်ရာအလွှဲအပြောင်းကိစ္စအစုံကိုပြုလုပ်ပါတယ်။ အစုံဆိုတာကတော့

(၁) စီးပွားရေးလုပ်ငန်းများမှ စီးပွားရေးလုပ်ငန်းများဆီသို့ ငွေကြေးဆိုင်ရာလွှဲပြောင်းမှု (Business to Business/B2B)

(၂) စီးပွားရေးလုပ်ငန်းများမှ စားသုံးသူများသို့ ငွေကြေးဆိုင်ရာလွှဲပြောင်းမှု (Business to Consumer/B2C)

(၃) စားသုံးသူများမှစီးပွားရေးလုပ်ငန်းများဆီသို့ (Consumer to Business/C2B)

(၄) စားသုံးသူများမှစားသုံးသူများဆီသို့ (C2C) တို့ ဖြစ်ပါတယ်။

အမေရိကန်ဒေါ်လာ(၁၀)ဒေါ်လာအောက် ငွေကြေးလွှဲပြောင်းမှုကို Micro Payments (အသေးစား ငွေပေးချေမှု) အဖြစ်သတ်မှတ်ပြီး C2C (စားသုံးသူများမှစားသုံးသူ) B2B (စီးပွားရေးလုပ်ငန်းမှစီးပွားရေး) ဆိုင်ရာငွေကြေးအလွှဲအပြောင်းလုပ်ငန်းများမှာ မြင်တွေ့နိုင်မှာဖြစ်ပါတယ်။ အမေရိကန်ဒေါ်လာ(၁၀)ကနေ အမေရိကန်ဒေါ်လာ(၅၀၀)ကြား ငွေကြေးပမာဏလွှဲပြောင်းမှုကို B2C Transaction (စီးပွားရေးလုပ်ငန်းများမှစားသုံးသူများသို့ ငွေလွှဲပြောင်းမှု) များမှာအများဆုံး တွေ့မြင်နိုင်ပါတယ်။ နောက်ဆုံးအနေနဲ့ကတော့ အမေရိကန်ဒေါ်လာ(၅၀၀)ထက်ပိုတဲ့ငွေပေးချေမှုကိုတော့ စီးပွားရေးလုပ်ငန်းပေးချေမှုများအဖြစ် သတ်မှတ်ပြီး B2B ecommerce (စီးပွားရေးလုပ်ငန်းများမှ စီးပွားရေးလုပ်ငန်းများသို့ အီလက်ထရောနစ်ကုန်သွယ်မှုလုပ်ငန်း) တို့မှာအများဆုံး မြင်တွေ့နိုင်မှာဖြစ်ပါတယ်။

အွန်လိုင်းငွေပေးချေမှုစနစ်များပေါ်ပေါက်လာပြီးနောက် အီလက်ထရောနစ်ပိုက်ဆံဆိုတဲ့အသုံးအနှုန်းဟာပေါ်ပေါက်လာပါတယ်။ နောက်ထပ်မေ့ထားလို့မရတဲ့ အွန်လိုင်းငွေကြေး(ဒီဂျစ်တယ်ပိုက်ဆံ)ကတော့ Bitcoin ဖြစ်ပါတယ်။ Bitcoin ကိုတည်ထောင်သူဟာ တစ်ဦးတစ်ယောက်လား၊ အဖွဲ့အစည်းလားဆိုတာမသိပေမယ့် Bitcoin ဟာ ယနေ့မှာ လူသုံးများတဲ့ငွေကြေးတစ်မျိုးလည်းဖြစ်လာပါတယ်။ ၂၀၀၈ ခုနှစ်လောက်က စတင်ပေါ်ပေါက်ပြီး ၂၀၁၂ ကနေစလို့ အရှိန်အဟုန်နဲ့တိုးတက်ခဲ့ပါတယ်။ ဒါပေမယ့် သူ့ကိုနိုင်ငံအများစုက ကန့်သတ်ချက်များနဲ့ထားရှိထားပါတယ်။ Bitcoin ဟာ Peer to Peer payment method ကိုအသုံးပြုထားခြင်းဖြစ်ပြီး ငွေပေးချေသူနဲ့ ငွေလက်ခံသူကြားထဲမှာ ဘယ်ဘဏ်၊ ဘယ်အချုပ်အခြာအာဏာရှိသူများကမှမရှိနေပါဘူး။ ဒါကြောင့်မို့သာမန် Credit Card နဲ့ ပေးချေတာထက် (၂)ရာခိုင်နှုန်း (၃)ရာခိုင်နှုန်းသက်သာနေပါတယ်။ ဒါပေမယ့် Virtual money လို့ခေါ်တဲ့ Bitcoin ဟာလုံခြုံရေးအရရော၊ ယုံကြည် စိတ်ချရမှုအရရော အငြင်းပွားစရာအများကြီးရှိပြီး ဥရောပနဲ့ အာရှနိုင်ငံအချို့ဟာ Bitcoin ဖြင့် ရောင်းဝယ်ဖောက်ကားခြင်းကို တရားမဝင် လုပ်ဆောင်ချက်အဖြစ်သတ်မှတ်ခဲ့ပါတယ်။

အချို့နိုင်ငံကျတော့ ငွေကြေးပမာဏဘယ်လောက်ထက် မကျော်တာဘဲ ရမယ်ဆိုတဲ့သတ်မှတ်ချက်များဖြင့်ထားရှိပါတယ်။ ဒီဂျစ်တယ်ပိုက်ဆံလို့ခေါ်တဲ့ ဘစ်ကွိုင်ဟာ အပြင်မှာတကယ်ငွေမရှိဘဲအွန်လိုင်းပေါ်မှာရှိနေတဲ့ငွေကြေးအဖြစ်လည်း မြင်သူများကမြင်ကြပါတယ်။ သူ့အတွက် ATM စက်များကိုလည်း Service provider များကဖန်တီးပေးထားပါတယ်။ ဒါပေမယ့် ငွေပေးချေသူနဲ့ ငွေလက်ခံသူကြားထဲမှာဘယ်သူမှမရှိသလိုပေးချေတဲ့အခါ ဖြည့်ရတဲ့အချက်အလက်များက လူပုဂ္ဂိုလ်က ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကိုကွယ်ဝှက်ထားလည်းရပါတယ်။ ဒါကြောင့်မို့ Bitcoin ကိုအသုံးပြုပြီး နိုင်ငံတကာမှာတရားမဝင် ရောင်းဝယ်ဖောက်ကားမှုများရှိလာကြောင်းလည်း သတင်းမီဒီယာများကဖော်ပြပါတယ်။ မြန်မာပြည်ကနေလည်း Bitcoin ကိုစိတ်ဝင်စားလို့ ဝယ်သူများလည်းရှိနေပါတယ်။ Bitcoin တစ်ခုရဲ့တန်ဖိုးဟာ အမေရိကန်ဒေါ်လာ(၁၀၀၀) လောက်အထိလည်းဈေးတက်ခဲ့ဖူးပါတယ်။ကြားခံအဖွဲ့အစည်းမရှိတာကြောင့် အခွန်အခမရှိဘဲ ငွေပေးချေသူကသာ ယင်းအစားကျခံပေးရခြင်းဖြစ်ပါတယ်။ ဒါပေမယ့်ယင်းဟာလည်း နည်းပါးပါတယ်။ နိုင်ငံတကာမှာ အငြင်းပွားနေတဲ့ယင်းငွေကြေးကတော့ မြန်မာပြည်မှာ ဖြစ်လာဖို့ဆိုတာ မလွယ်သေးပါဘူး။ သူက ငွေပေးချေမှုစနစ်မဟုတ်ဘဲ ငွေကြေးတစ်ခုအဖြစ်ထွက်ရှိလာခြင်းမျိုးဖြစ်ပြီး တစ်ဦးတစ်ယောက်မှ တစ်ဦးတစ်ယောက်သို့ငွေပေးချေသည့်စနစ် (P2P system) ကိုအသုံးပြုပါတယ်။

ဒါကြောင့်မို့ အနှစ်ချုပ်လိုက်ရင် အွန်လိုင်းငွေပေးချေမှုစနစ်ဆိုတာ တစ်ဦးတစ်ယောက်ချင်းစီကို ငွေကြေးဆိုင်ရာအလွှဲအပြောင်းကိစ္စရပ်များအား အင်တာနက်ကဲ့သို့ ကွန်ပျူတာကွန်ရက်များပေါ်တွင် ပြုလုပ်ရန် ဖော်ဆောင်ပေးတဲ့စနစ်ဖြစ်ပါတယ်။ လက်ရှိ ကမ္ဘာမှာအသုံးအများဆုံးကတော့ PayPal, WePay, WebMoney, ProPay အစရှိသည်တို့ဖြစ်ပါတယ်။ အခြေခံအားဖြင့် အွန်လိုင်းငွေပေးချေမှုစနစ်သိစရာများကတော့ ဒီလောက်ပဲဖြစ်ပါတယ်။

### မြန်မာပြည်က Payment system

မြန်မာပြည်မှာ E Commerce ဖြစ်ပေါ်လာရေးနဲ့ပက်သက်လို့ အစည်းအဝေးတွေ၊ ဆွေးနွေးပွဲတွေကိုတက်ရောက်ခဲ့ဖူးပါတယ်။ ယင်းအတွက်ကြိုးစားနေသူများကို အင်မတန်လေးစားပါတယ်။သနားလည်းသနားပါတယ်။ အကြောင်းကတော့သူတို့ရဲ့ ဖန်တီးမှုများနောက်ကို user များကလိုက်မလာခြင်းကြောင့်ပါ။ ဘာကြောင့်ဘာလဲဆိုတာ အချက်တွေအများကြီးရှိပါတယ်။ အလွယ်ဆုံး ယင်းအချက်အားလုံးကို ခြုံငုံရရင် ထိတွေ့နေကျအရာမဟုတ်သေးလို့ပဲဖြစ်ပါလိမ့်မယ်။ ၂၀၁၁ ခုနှစ်လောက်ကတည်းကအွန်လိုင်းကနေ ငွေပေးချေလို့ရတဲ့စနစ် ကုမ္ပဏီတစ်ခုမှ စတင်ဖန်တီးခဲ့ပါတယ်။ ဒါပေမယ့်မအောင်မြင်ပါဘူး။ e-commerce ဝက်ဆိုက်များ အနေနဲ့ယင်း System ကို ၎င်းတို့ဝက်ဆိုက်မှာထည့်သွင်းပေ မယ့် user volume တက်မလာပါဘူး။ လက်ရှိပြည်တွင်း Online Shopping ဝက်ဆိုက်တွေမှာအသုံးပြုတဲ့ Payment system များကတော့ Mobile Money, Mobile Banking, MPU, PayPal, VISA နဲ့ အခြားပြည်တွင်း Payment များဖြစ်ပါတယ်။ သဘောတရားကို ခွဲလိုက်ရင်တော့ နှစ်မျိုးပဲရှိပါတယ်။ တစ်မျိုးက မိမိရဲ့ငွေကို တစ်နေရာတည်းမှာ အရင်ပေးအပ်ထားပြီး Payment အတွက်ယူသုံးတဲ့အခါ password ရိုက်ပေးလိုက်တာမျိုးနဲ့ နောက်တစ်မျိုးကဝယ်တယ်လို့ confirm လုပ်တဲ့အခါ ငွေကြေးကို မိမိလက်ထဲကနေသူ့ဆီကို Electronic နည်းအရ ရောက်အောင်ကြားထဲမှာ ငွေကြေးဆိုင်ရာလုပ်ဆောင်ချက်ကို ပြုလုပ်ခြင်းဖြစ်ပါတယ်။ Online Payment စနစ်အများစုကတော့ ငွေကြေးကို တစ်နေရာတည်းမှာ စုထားပြီး ယင်းငွေကိုထုတ်သုံးတဲ့သဘော တရားပဲဖြစ်ပါတယ်။ ဥပမာ နိုင်ငံတကာမှာ MasterCard, VISA Card, PayPal card များကိုအသုံးပြုနေကြတယ်ဆိုတာယင်း Card တွေထဲမှာ တစ်ဦးချင်းစီရဲ့ ငွေများထည့်ထားလို့ဖြစ်ပါတယ်။ မြန်မာပြည်မှာ ဖြစ်နေတာကယင်းကဲ့သို့ Online Payment လုပ်လို့ရတဲ့ card တွေထဲကို ငွေထည့်တဲ့အလေ့အထ မရှိသေးတာပဲဖြစ်ပါတယ်။ မထည့်တဲ့အကြောင်းအရင်းက မသုံးတတ်တာလည်းဖြစ်နိုင်သလို၊ မသုံးချင်တာလည်းဖြစ်နိုင်ပါတယ်။ မသုံးချင်ဘူးဆိုတာကို ပြန်ဆန်းစစ်ရရင် သုံးဖို့မလိုအပ်ဘူးလို့ ထင်နေတာရှိသလို၊ အလုပ်ရှုပ် အချိန်ကုန်တယ်လို့ထင်သူလည်းရှိပါလိမ့်မယ်။

စာမျက်နှာ ၁၅ သို့



မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်မှ အထွေထွေအတွင်းရေးမှူး

# ဦးဇော်မင်းဦးနှင့်တွေ့ဆုံခြင်း



**ရဲလင်း လင်း သန်း တွေ့ဆုံမေးမြန်း သည်**

**မေး ။ ။ ဆရာတို့တာဝန်ယူလုပ်ဆောင်နေတဲ့ သန်လျင်ဆိုက်ဘာ စီးတီးနဲ့ပတ်သက်ပြီး ဘယ်အခြေအနေကို ရောက်နေပါပြီလဲ။**

ဖြေ ။ ။ ဟုတ်ပါတယ်။ မြေနေရာအတွက် မြေဝယ်ပြီးသွားပါပြီ။ နေရာကတော့ စစ်ပင်ကွင်းကျေးရွာနားမှာပါ။ စုစုပေါင်းမြေက အနေနဲ့က ၃၆၀ ဧကလောက်ရှိပါတယ်။

**မေး ။ ။ အစတုန်းက ဧက ၅၀၀ စီမံကိန်းလို့ကြားတော့အခုက ဘယ် လိုကြောင့် ၃၆၀ ဖြစ်တာပါလဲ။**

ဖြေ ။ ။ ကျွန်တော်တို့က အရင်ဧက ၃၀၀ နဲ့ ၅၀၀ ကြားကိုမှန်းထားတာပါ။ အခုဝယ်တော့ ရသလောက်ကိုဝယ်ရတာကိုး။ ဒါကြောင့် ၃၀၀ ကျော်ပဲရတာပါ။ လယ်သမားတွေဆီကနေ မြေကြီးပြန်ဝယ်ရတော့ သူတို့ကလည်း ရောင်းဦးမှကိုး။

**မေး ။ ။ ဒီဟာကိုဝယ်လိုက်တဲ့ ငွေပမာဏကိုရောပြောပြလို့ရပါသလားရှင့်။**

ဖြေ ။ ။ အခုလောလောဆယ်မပြောသေးတာက အချိန်အတိုင်းအတာတစ်ခုစောင့်ချင်သေးလို့ပါ။ ဒါပေမယ့် ပြောနိုင်တာကတော့ သတ်မှတ်ထားတဲ့ပေါက်ဈေးထက်ပိုပေးပြီး ဝယ်ထားတဲ့သဘောရှိပါတယ်။ ကျွန်တော်တို့က သူများတွေမြေကြီးလိုက်ဝယ်သလို တိုးတိုးတိတ်တိတ်ဝယ် တာမျိုးမဟုတ်ဘဲ၊ ဒီပရော့ဂျက်လုပ်မယ်ပြောပြီးဝယ်တယ်။ ရောင်းတဲ့သူတွေကလည်း သူတို့ကျေနပ်တဲ့ဈေးနဲ့ပဲရောင်းကြတာပါ။ ဈေးနှုန်းကိုတော့ အခုမပြောချင်သေးဘူး။ လယ်သမားတွေအဆင်ပြေအောင်လို့ကို ပေါက်ဈေးထက်ပိုပေးပြီး ဝယ်ထားတာပါ။

**မေး ။ ။ အခုမြေဝယ်ပြီးပြီဆိုတော့ ရှေ့လျှောက်ဘယ်လိုတွေဆက်လုပ်သွားမှာပါလဲ။**

ဖြေ ။ ။ လယ်ယာမြေကနေ အခြားပြောင်းဖို့စာရွက်စာတမ်းကိစ္စတွေလုပ်မယ်၊ ပြီးရင် ပရော့ဂျက်ပလန်တွေလုပ်သွားဖို့ရှိပါတယ်။ ပလန်ဆွဲပြီးသွားရင် ဘယ်လိုပုံစံလုပ်မယ်ဆိုတာကို အားလုံးကို ချပြသွားဖို့ရှိပါတယ်။ အကြမ်းဖျင်းကတော့ စာရွက်စာတမ်းတွေပြီးဖို့ပါပဲ၊ ဒါတွေပြီးမှ ရင်းနှီးမြှုပ်နှံမယ့်သူတွေခေါ်ရင် ပိုပြီးခိုင်မာအောင်လို့ပါ။ အခုအချိန်မှာသွားခေါ်ရင်ရင်းနှီးမြှုပ်နှံမယ့်သူတွေအတွက် ဘာမှန်းသေချာမသိဖြစ်နေမှာလေ။

**မေး ။ ။ ပရော့ဂျက်ပလန်ကိုကျတော့ ဘယ်သူတွေရဲ့ အကူအညီနဲ့ လုပ်ဖို့စီစဉ်ထားပါသလဲ။**

ဖြေ ။ ။ အခုချိန်ထိကတော့ ရိုးရိုးပရော့ဂျက်ပုံကြမ်းဆွဲမယ်၊ အဲဒါပြီးရင် စာရွက်စာတမ်းတွေတင်မယ်။ အဲဒါပြီးတာနဲ့ ပရော့ဂျက်ပလန်အကြီးကြီးကိုလုပ်မယ်။ အဲဒီအခါကျရင်တော့ တကယ်လုပ်နိုင်မယ့်သူတွေကို ဖိတ်ခေါ်သွားမှာပါ။

**မေး ။ ။ အခုလက်ရှိမြေဝယ်တော့ ပါဝင်တဲ့ ကုမ္ပဏီဘယ်နှခုလောက်ရှိပါသလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ ကုမ္ပဏီ ၅၀ ကျော်လောက်ပါတယ်။ MCIA အဖွဲ့ဝင်တွေပါ။

**မေး ။ ။ ပုံကြမ်းတို့ဘာတို့အတွက် နိုင်ငံတကာကနေ ကူညီတဲ့အဖွဲ့ အစည်းတွေဘာတွေရောရှိပါသလား။**

ဖြေ ။ ။ လောလောဆယ်တော့ ပြည်ပက ကူညီတာမျိုးမရှိသေးဘူး။ ကျွန်တော်တို့ကိုယ့်ဘာသာပဲလုပ်နေသေးတယ်။ စောစောကပြောတဲ့ ရင်းနှီးမြှုပ်နှံမယ့်သူခေါ်မှပဲ ပြည်ပတို့၊ ပြည်တွင်းနဲ့ ပြည်ပပေါင်းထားတာတို့ဖြစ်လာမှာပါ။

**မေး ။ ။ အခုဒီပရော့ဂျက်ကို လုပ်မယ့်အချိန်အတိုင်းအတာက အစတုန်းက မှန်းထားတဲ့အတိုင်းပဲလားရှင့် အချိန်အပြောင်းအလဲရှိပါသေးလား။**

ဖြေ ။ ။ အပြောင်းအလဲမရှိပါဘူး။ အစကမှန်းထားတဲ့အတိုင်း အခုကနေစပြီး (၂)နှစ် အတွင်းအပြီးလုပ်မှာပါ။

**မေး ။ ။ အစိုးရအပြောင်းအလဲကြောင့် ဒီပရော့ဂျက်မှာ ပြောင်းလဲမှုတွေဘာတွေရှိနိုင်ပါသေးလား။**

ဖြေ ။ ။ ဒါကြောင့်တော့ ကျွန်တော်တို့ရဲ့ပရော့ဂျက်က အပြောင်းအလဲမဖြစ်နိုင်ဘူးလို့ထင်ပါတယ်။ ဘာလို့လဲဆိုတော့ တိုင်းပြည်အတွက်လည်း ကောင်းတဲ့ပရော့ဂျက်တစ်ခုပဲလေ။ အခုကြည့်မယ်ဆိုရင် အိုင်စီတီကဏ္ဍကလည်း တိုးတက်လာနေတော့ နောက်ဆိုရင် ရင်းနှီးမြှုပ်နှံမှုတွေပိုများလာမယ်။ လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းကလည်း ပိုလိုအပ်လာမယ်။ MICT Park ဆိုရင်ပြည့်နေပြီ၊ သူ့နေရာနဲ့သူ။ အခုနေရာ

**မေး ။ ။ ပရော့ဂျက်ကို တစ်ပိုင်းချင်းစီသွားမှာပါလားရှင့်။**

ဖြေ ။ ။ မှန်းထားတဲ့ Phase က(၃)ခုလောက်ရှိပါတယ်၊ Phase 1 မှာကပြည်တွင်းကသူတွေနဲ့အရင်စပါမယ်။ နောက်ပြီး နိုင်ငံတကာကနေဝင်ချင်တဲ့သူတွေအတွက်လုပ်မယ်။ ပြီးရင် Phase 2 မှာက Residential အတွက်လုပ်မယ်။ နောက် Phase 3 မှာက Start up တွေအတွက်လုပ်ဖို့ဆိုပြီး ထောက်ပံ့သွားဖို့ရည်ရွယ်ပါတယ်။ အခန်းတွေ၊ Office တွေဆောက်မယ်။ အဲဒီမှာပြည်တွင်းက SME တွေ၊ Start Up တွေကို နေရာပေးသွားမှာပါ။ နှစ်ရှည်ရောင်းချဖို့လည်း စီစဉ်ထားတယ်။

**မေး ။ ။ အခုနေရာက အောင်မြင်မယ်လို့ထင်ပါသလားရှင့်။**

ဖြေ ။ ။ ရန်ကုန်မြို့တော်မှာက Inner Ring နဲ့ Outer Ring ရဲ့ကြားမှာဖြစ်လို့ Town Development Program နဲ့ အဆင်ပြေပါတယ်။ နောင် တစ်ချိန်လမ်းပန်းဆက်သွယ်ရေးလွယ်ကူခဲ့ရင် အဆင်ပြေမယ့်နေရာလို့ ပြောလို့ရပါတယ်။ တခြားတိုင်းပြည်တွေမှာလည်း Cyber City ဆိုရင်မြို့ထဲကနေနာရီဝက်၊ ၄၅ မိနစ်တော့မောင်းရတာပါပဲ။ အစိုးရကသာလိုအပ်တဲ့ ရေ၊ မီး ထောက်ပံ့မှုပေးမယ်ဆိုရင် အောင်မြင်မယ်ထင်ပါတယ်။

အခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။

---

*စာမျက်နှာ ၁၄ မှအဆက်*

နောက်ဆုံးတော့ ဘယ်ဟာ တာကိုပဲဆိုက်သလဲဆို User Education, User Awarness ကိုပဲစိုက်ပါတယ်။ user တွေကိုသုံးချင်စိတ်တွေပေါက်လာ အောင်ဆွဲဆောင်ဖန်တီးတဲ့အခါမှာဘယ်လိုနည်းလမ်းနဲ့ဖန်တီးရမယ်ဆိုတာစဉ်းစားရေတစ်ခုဖြစ်လာပါတယ်။ ဒီတော့ Cash payment ကိုပဲ ပိုသွားဖြစ်ကြတာများပါတယ်။

### မယုံကြည်တဲ့စိတ်ခံစားချက်

မြန်မာပြည်တင်မက နိုင်ငံတကာအွန်လိုင်းဈေးကွက်တွေမှာ ဖြစ်ပေါ်နေတဲ့ ပြဿနာနောက်တစ်ခုကယုံကြည်စိတ်ချရမှုဖြစ်ပါတယ်။ အွန်လိုင်းမှာ မြင်တွေ့ရတဲ့ဓာတ်ပုံထဲကအတိုင်း ပစ္စည်းကိုအပြင်မှာတကယ် ရ/မရစိုးရိမ်ရတဲ့အခြေအနေတစ်ခုဖြစ်ပါတယ်။ ငွေကြေးကျပ်တစ်ထောင်တန်လောက်ကနေတစ်သောင်းတန်လောက်အထိ အဆင်ပြေပေမယ့်အဲဒီထက်များသွားရင် လူတွေဟာစဉ်းစားသွားကြပါပြီ။ ငွေကြေးတစ်သောင်းအထက်တန်သောပစ္စည်းဆိုရင် လူကိုယ်တိုင်သွားကြည့်ပြီးတော့ ဝယ်လိုက်ရမှစိတ်ချတဲ့ စိတ်မျိုးဖြစ်နေပါတယ်။ ယင်းစိတ်ကိုE Commerce လုပ်သူတွေကဘယ်လိုအနိုင်ပိုင်းရမလဲဆိုရင် platform ကို strongဖြစ်အောင်လုပ်ပြီး Customer Service ကိုအကောင်းဆုံးဖြစ်အောင်ဖန်တီးဖို့ဖြစ်ပါတယ်။ နောက်ထပ် E Commerce လုပ်တဲ့သူတွေကိုအားပေးနေတဲ့ အချက်ကလက်ရှိ ရန်ကုန်မှာသွားရေးလာရေးအခက်အခဲရှိလာခြင်းဖြစ်ပါတယ်။ ယင်းအခက်အခဲဟာမကောင်းပေမယ့် E Commerce သမားများအတွက် တစ်နည်းတစ်ဖုံအထောက်အကူပြုပါလိမ့်မယ်။ အကြောင်းကတော့ အပြင်မှာအချိန်ကုန် ခံမယ့်အစားအွန်လိုင်းပေါ်ကနေပဲ ပြုလုပ်ရတဲ့ life ကို တောင့်တလာကြမှာမို့လို့ပါ။ ဒါပေမယ့် ဒီအချက်ကိုသိပ်အားကိုးလို့မရပါဘူး။ သွားရေးလာရေးခက်တဲ့ ကိစ္စကိုလည်းတစ်ဖက်က ဖြေရှင်းနေပြီ ဖြစ်တာကြောင့် အားကိုးလို့ရမယ့်ကိစ္စကအလုပ်ရှုပ်ခြင်းဖြစ်ပါတယ်။ ဂျပန်လိုနိုင်ငံမှာလူတွေဟာ အိပ်ချိန်ကလွဲလို့ အလုပ်လုပ်နေကြပြီး ဈေးဝယ်ရန်အချိန်မရှိတာကြောင့် Online Shopping ကိုအထောက်အပံ့ဖြစ်စေခဲ့ပါတယ်။ ဒါကြောင့်မို့လူတွေ productvity ဘက်ကိုအရမ်းဦးစားပေးတဲ့ခေတ်တစ်ခုကို ရောက်လာရင်လည်း E Commerce ဟာစိတ်ဝင်စားစရာဖြစ်လာပါလိမ့်မယ်။ ဒီတော့ Online Shopping ကိုမယုံကြည်ပေမယ့်လည်းအချိန်မရလို့မဝယ်ရတဲ့အဖြစ်ကို မခံနိုင်တာကြောင့်တဖြည်းဖြည်းနဲ့ အကောင်းဆုံး Platform များကိုရွေးချယ်သွားကြပါလိမ့်မယ်။

### ဒီဂျစ်တယ်ဗဟုသုတ

ကွန်ပျူတာကျောင်းတက်မှ အိုင်တီသိရမယ်ဆိုတဲ့ အယူအဆကို တဖြည်းဖြည်းနဲ့ပယ်ဖျက်လာကြပါပြီ။ ဒီဂျစ်တယ်လစ်ထရေစီလို့ခေါ်တဲ့ ဒီဂျစ်တယ်ဆိုင်ရာအသိများကို သိမြင်ခြင်းဟာလည်း တဖြည်းဖြည်းတိုးတက်လာဖို့ပဲရှိပါတယ်။ အဲဒီအခါ ဒီဂျစ်တယ်ပစ္စည်းများကိုအသုံးပြုမှုယဉ်လာပါမယ်။ ပိုလို့ရင်းနှီးလာပါမယ်။ ဘယ်တော့လဲလို့မေးရင်တော့ ဖြေရန်ခက်ခဲပါတယ်။ လက်ရှိမြန်မာနိုင်ငံအားဖြင့် ခြုံငုံကြည့်ရင် (၁၅)သန်းဝန်းကျင်သောလူတွေသာအင်တာနက်ဆိုတာကိုစသိပြီး တကယ်တန်းအင်တာနက်ကို အကျိုးရှိရှိထဲထဲဝင်ဝင်သုံးတတ်တဲ့ ပမာဏက(၁၀)ပုံ (၁)ပုံပဲရှိပါသေးတယ်။ ဒီတော့ယင်း(၁၀)ပုံစလုံးပြည့်ဖို့စောင့်ရတဲ့အချိန်ကိုတွက်ကြည့်မယ် ဆိုရင်တောင်အနည်းဆုံး (၃)နှစ်ဆိုတာလည်းကြာနိုင်ပါသေးတယ်။ ယင်းကာလကိုတောင့်ခံပြီး E commerce business ကို လုပ်ထားနိုင်ရင် တစ်ချိန်မှာတော့အခွင့်အရေးဖြစ်လာနိုင်ပါသေးတယ်။ တစ်ခုလွယ်ကူမှာကတော့ B2B commerce ပါ။ B2B မှာက Supplier နဲ့ Distributer ကြား ထောက်ပံ့ပေးတဲ့ platform မျိုးဖြစ်တယ်ဆိုရင် End user တွေဆီကိုစတင်ထိုးဖောက်ရတာမဟုတ်တဲ့အတွက်ကြောင့် ဒါဟာအရင်ဆုံးဖြစ်လာနိုင်မယ့်စီးပွားရေးဖြစ်ပါတယ်။ ကုန်ထုတ်လုပ်သူနဲ့ ဖြန့်ချိရောင်းချသူတွေကြားမှာဆက်သွယ်ပေးတဲ့ E Commerce platform တွေလည်း မြန်မာပြည်မှာရှိနေပါပြီ။ သူကသာမန်လူတိုင်းကို ဝါးလုံးသိမ်းယမ်းပြီးရအောင်ဖန်တီးနေတာမဟုတ်ဘဲ လက်ကားနှင့် လက်လီဖြန့်မယ့်ကုန်သည်တွေကို Target ထားတာဖြစ်တဲ့အတွက် ဖြစ်လာနိုင်ခြေပိုများပါတယ်။ ရန်ကုန်မြို့ လူကိုယ်တိုင်တက်ပြီးသွား ဝယ်ရင်(၁၀)သိန်းကုန်မယ့်အစားအွန်လိုင်းကနေဝယ်တဲ့အခါ (၈)သိန်းနဲ့ရမယ့်ဒေသတွင်း ဂိုဒေါင်တစ်ခုကနေထုတ်လုပ်သူကလည်း အချိန်တိုတွင်းပို့ပေးနိုင်မယ်ဆိုရင် B2B ဟာပိုလို့တောင်ဖြစ်လာရန်လွယ်ပါတယ်။ ပြီးတော့ဖြန့်ချိရောင်းချသူဟာလည်း သူ့ရဲ့ဆိုင်ပေါ်ပြန်တင်ရောင်းမယ်ဆိုရင်ဈေးနှုန်းအားဖြင့် သူကအကျိုးအမြတ်ရသလို ထုတ်လုပ်သူဘက်ကနေလည်းစရိတ်စက လျှော့ချနိုင်တာတွေရှိပါတယ်။ ဒါကို တွင်တွင်ကျယ်ကျယ်လုပ်နိုင်ရင် အရင်ဆုံးဖြစ်လာနိုင်ခြေရှိပါတယ်။ ဒီမှာလည်းအထက်ကအချက်တွေလိုပဲယုံကြည်မှုတွေ၊ payment system ကိစ္စတွေစကားပြောပါတယ်။

### ဘယ်တော့ ဖြစ်လာမလဲ

Platform ကွက်ကျော်ရိုက်ခြင်းဆိုတာ E-commerce က Web Browser ပေါ်မှာမဟုတ်တော့ဘဲ Mobile App ပေါ်သို့ကူးပြောင်းခြင်း ဖြစ်ပါတယ်။ မြန်မာပြည်ရဲ့အင်တာနက် user (၉၀)ရာခိုင်နှုန်းအထက်က မိုဘိုင်းဖုန်းကလာတာဖြစ်တာကြောင့် Desktop user ဆီကနေ client ရဖို့သိပ်မမျှော်နိုင်တော့ပါဘူး။ အနီးစပ်ဆုံးအနေနဲ့ Mobile Browser ကနေလာနိုင်ပြီးယင်းဟာလည်းကွန်ပျူတာက browser ဖွင့်ရတာလောက်လွယ်ကူကောင်းမွန်မှုမရှိတာကို တွေ့ရမှာပါ။ ဒါကြောင့်မို့ Mobile App ကို download ဆွဲပြီးတော့ယင်း App ကနေပဲဝယ်ယူရတာကို ပိုလို့လိုချင်လာကြပါတယ်။ ဒါကြောင့်မို့ E Commerce platform တွေကို Mobile Commerce platform ဖြစ်အောင်အနည်းငယ်ပြန်လည် ပြုပြင်ပြောင်းလဲရခြင်းများရှိပါတယ်။ မြန်မာပြည်ရဲ့အင်တာနက်တိုး တက်လာမှုဟာလည်း မိုဘိုင်းဆက်သွယ်ရေးကြောင့်ဖြစ်ပြီး platform အနေနဲ့ ကွန်ပျူတာကနေမစဘဲမိုဘိုင်းပေါ်သို့တန်းသွားခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့ E Commerce လုပ်တဲ့အခါ Mobile အတွက်ဘယ်လိုလုပ်ရမယ်ဆိုတာကို အရင်ဆုံးစဉ်းစားတာကစီးပွားရေးအရ archieve လုပ်ရတာပိုလို့ မြန်ဆန်မှာဖြစ်ပါတယ်။ လက်ရှိမြန်မာပြည်မှာ E Commerce ဝက်ဆိုက်နဲ့ App များစုစုပေါင်း(၁၀)ခုထက်မနည်းရှိသလို ဆက်လက်ဝင်ရောက်ရန်ပြင်ဆင်နေတဲ့နိုင်ငံတကာကုမ္ပဏီများ(၁၀)ခုထက်မနည်းရှိပါတယ်။ ဒါ့အပြင် ပြည်တွင်းကနေတည်ထောင်ရန်ကြိုးစားနေသူများလည်းရှိပြီး ယင်းထဲမှအချို့ဟာနိုင်ငံတကာကအောင်မြင်ပြီးသားလုပ်ငန်းတွေကိုလိုင်စင်ယူပြီးတော့ပြန်လုပ်တာတွေလည်းရှိပါတယ်။ ယင်းသို့လုပ်ရန်ပြင်ဆင်နေမှုများလည်းရှိပါတယ်။ ဒါကြောင့်မို့ E-Commerce ပြိုင်ဆိုင်မှုဟာမြန်မာပြည်မှာအရှိန်အဟုန်နဲ့များပြားလာမှာဖြစ်ပါတယ်။

E-Commerce ဖြစ်လာမယ့်အချိန်ကသုံးရတာလွယ်ကူတဲ့ Payment system ကိုလူတွေအသုံးပြုလာကြတဲ့အချိန်နဲ့ နည်းပညာဆိုင်ရာဒီဂျစ်တယ်ဆိုင်ရာ အသိတွေကြွယ်လာတဲ့အချိန်လို့ပဲ ရှုမြင်မိပါတော့တယ်။

ARTICLE KNOWLEDGE







Ledian

# အွန်လိုင်းပေါ်မှ ကိုယ်ပိုင်စီးပွားရေးအမှတ်တံဆိပ်နှင့် Cybersquatting

အကယ်၍သင့်တွင် Widgets R Us ဆိုသောအမည်ဖြင့် ဈေးဆိုင်တစ်ဆိုင်ဖွင့်လှစ်ထားသည်ဆိုပါစို့။ တစ်ယောက်ယောက်က သင့်ဆိုင်နှင့်ကပ်လျက်တွင် Widgets R U ဟူသောအမည်မျိုးဖြင့် အလားတူ ဆိုင်မျိုးဖွင့်လှစ်လိုက်သည်ဆိုပါက သင့်အနေဖြင့် မည်သို့ခံစားရပါမည်နည်း။ သင်၏စိတ်ကူးစိတ်သန်း၊ အောင်မြင်မှုတို့ကို လုယူသည်ဟု မကျေမနပ်ခံစားရမည်မှာ အသေအချာပင်ဖြစ်သည်။ ထိုလုပ်ရပ်မျိုးသည် အခါခပ်သိမ်း ငွေကြေးကြောင့်ဖြစ်ရသည်ဟု မဆိုနိုင်ပါ။ တကယ်တမ်း ငွေကြေးအကျိုးအမြတ်ကိုမျှော်ကိုးပြီး သင့်အမှတ်တံဆိပ်ကိုဆင်တူ ယိုးမှားပြုလုပ်သည်ဆိုပါက သင်နှင့်ဝေးသောအခြားတစ်နေရာရာတွင်သာ သွားရောက်၍ ပြုလုပ်မည်ဖြစ်၏ ။ ဘယ်လိုနည်းနှင့်မျှ ထိပ်တိုက်လာတွေ့စရာမရှိပေ။ အွန်လိုင်း၌လည်း အလားတူဖြစ်ရပ်များ အစဉ်အမြဲလိုလိုရှိနေတတ်သည်ကို တွေ့ရလေသည်။ အွန်လိုင်းတွင်တော့ ထိုကဲ့သို့ဆင်တူယိုးမှား အမှတ်တံဆိပ် (သို့) ဝက်ဘ်ဆိုက်ဒိုမိန်းရယူခြင်းများကို Cybersqatting ဟုခေါ်သည်။

ဝက်ဘ်ဆိုက်တစ်ခုအတွက် အင်တာနက်လိပ်စာ၊ ဒိုမိန်းတစ်ခုကို ဝယ်ယူရာတွင် လက်ရှိနာမည်ကျော်ကြားပြီး အောင်မြင်မှုရရှိနေသော အမှတ်တံဆိပ်တစ်ခုခု၏အမည်နှင့် ဆင်တူယိုးမှားပြုလုပ်လိုက်ခြင်း၏ နောက်ကွယ်တွင် အကြောင်းရင်းများစွာရှိနေတတ်လေသည်။ မကြာသေးမီကမှ Alphabet ဆိုသောပင်မကုမ္ပဏီကြီးတစ်ခုကို ဖွဲ့စည်းတည်ထောင်လိုက်သော Google ပင်လျှင် ၎င်းတို့၏ဝက်ဘ်ဆိုက်လိပ်စာ အမည်နှင့်ပတ်သက်၍ တုပမှုပေါင်းများစွာကိုကြုံတွေ့နေရပြီဖြစ်သည်။ Alphabet သည် ဝက်ဘ်ဆိုက်လိပ်စာ abc.xyz ကို စတင်သုံးစွဲလိုက်ပြီးနောက် အလားတူဒိုမိန်းကို ရယူရန်ထပ်မံကြိုးစားမှုအကြိမ်ရေပေါင်း ၂၀,၀၀၀ ကျော်အထိရှိထားခဲ့ကြောင်း သိရသည်။ Google ဝက်ဘ်ဆိုက်နှင့်ဆင်တူသည့် googlefiber.xyz ၊ googledocs.xyz စသည့် ဒိုမိန်းများကို အသုံးပြုကာ မှတ်ပုံတင်ခြင်းများရှိခဲ့သည်။ Cybersquat ၏ဆိုးကျိုးများကို BMW ကဲ့သို့ ကမ္ဘာ့အအောင်မြင်ဆုံးဇိမ်ခံကားထုတ်လုပ်ရေးကုမ္ပဏီကြီးလည်း ခံစားခဲ့ရဖူးသည်။ ပြီးခဲ့သောစက်တင်ဘာလအတွင်းက ကမ္ဘာ့ဉာဏပစ္စည်းဆိုင်ရာအဖွဲ့အစည်း၏ ထုတ်ပြန်ကြေညာချက်အရ BMW သည် ၎င်းတို့၏ဒိုမိန်းကို ကုမ္ပဏီအမည်နှင့်လိုက်ဖက်ညီသည့် b.mw အဖြစ်ပြောင်းလဲရန်ကြိုးစားလျက်ရှိနေပြီး လက်ရှိပိုင်ဆိုင်ထားသော ဂျပန်လူမျိုးတစ်ဦးထံမှ လွှဲပြောင်းဝယ်ယူလိုနေခြင်းဖြစ်သည်။ အဆိုပါဒိုမိန်းသည် မာလာဝီနိုင်ငံနှင့်ပတ်သက်သော ထိပ်တန်းဒိုမိန်းနယ်ပယ်တစ်ခုဖြစ်ပြီး ဆုကြေးအဖြစ်ရှိနေရာ ၎င်း၏တန်ကြေးကလည်း ဒေါ်လာတစ်သန်းဝန်းကျင်အထိရှိနိုင်ပါလိမ့်မည်။

## လျင်သူစားစတမ်း

Cybersquatting ခေါ် အင်တာနက်ဝက်ဘ်ဆိုက်တွင် အမှတ်တံဆိပ်နှင့်ဆိုင်သောဆင်တူယိုးမှားအတုအပပြုလုပ်ခြင်းနှင့်ပတ်သက်ပြီး အားလုံးသတိထားခဲ့မိသော ဝက်ဘ်ဆိုက်တစ်ခုမှာ eBay ပင်ဖြစ်၏ ။ eBay သည် ကမ္ဘာ့အအောင်မြင်ဆုံးလေလံနှင့် ဈေးဝယ်ဝက်ဘ်ဆိုက်တစ်ခုဖြစ်ပြီး ၎င်းတို့၏အမည်ပါဝင်သော ဒိုမိန်းအမည်ပေါင်း ၁,၀၀၀ ကျော်အထိပြန့်ပွားအသုံးပြုခြင်းခံခဲ့ရပြီး မကြာသေးခင်ကမှ တရားရုံးတွင် အမှုရင်ဆိုင်အနိုင်ရခဲ့ခြင်းဖြစ်သည်။ တကယ်တော့ အွန်လိုင်းပေါ်ရှိကိုယ်ပိုင်အမှတ်တံဆိပ်ကို ကာကွယ်စောင့်ရှောက်ခြင်းသည် အသေးစားစီးပွားရေးလုပ်ငန်းများအတွက်လည်း အလွန်အရေးကြီးသောကိစ္စတစ်ရပ်ဖြစ်သည်။ အနောက်ယော့ခ်ရှိုင်းယားအခြေစိုက် အိမ်သုံးပရိဘောဂရောင်းချရေးကုမ္ပဏီ Interior Goods Direct ကမူ ၎င်းတို့၏ဝက်ဘ်ဆိုက်ဒိုမိန်းအမည်အတွက် သက်တမ်းတိုးရန် ၃ ရက်ခန့်နောက်ကျသွားခဲ့သော်လည်း ယခင်အမည်ကို ပြန်လည်ရရှိခဲ့ကြောင်းလည်း ဖွင့်ဟခဲ့သည်။ ၎င်းတို့အနေဖြင့် လွယ်လွယ်ကူကူရရှိခဲ့သည်တော့မဟုတ်ပေ။ တာဝန်ရှိသူများ၏အဆိုအရ အခြားကုမ္ပဏီတစ်ခုက ကြားဖြတ်ဝယ်ယူရန်ကြိုးပမ်းခြင်းခံခဲ့ရသေးကြောင်း သိရသည်။ Interior Goods Direct ၏ ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာအကြီးအကဲ Job Brown က "ဝက်ဘ်ဆိုက်ဒိုမိန်းအတွက် ကျွန်တော်တို့မှာ ရက်ပေါင်း ၃၀ လောက်အချိန်ရခဲ့ပါတယ်။ ဒါပေမယ့် ဒါကိုပြန်ပြီးသက်တမ်းတိုးရယူနိုင်ဖို့အတွက် တစ်စုံတစ်ယောက်နဲ့ ပြင်းပြင်းထန်ထန်ပြိုင်ဆိုင်ခဲ့ရတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဘာပဲပြောပြော ကျွန်တော်တို့ကံကောင်းခဲ့ပါတယ်"ဟု ဆိုသွားခဲ့သည်။

တကယ်တော့ ယင်းကုမ္ပဏီကိုယ်တိုင်သည်ပင် ကမ္ဘာ့ဈေးကွက်အသီးသီးအတွက် ဝက်ဘ်ဆိုက်အမျိုးမျိုးဖြင့်တင်ပြရောင်းချနေသော ကုမ္ပဏီတစ်ခုဖြစ်နေသည်။ rollers-blinds-direct.co.uk ဖြင့်လည်းကောင်း၊ shutters-direct.co.uk ဟူ၍လည်းကောင်း ဝက်ဘ်ဆိုက်များ လွှင့်တင်ထားပြီးဖြစ်သည်။ သို့သော် ဖောက်သည်သစ်များ ဆွဲဆောင်ခေါ်ယူရေး၊ ဈေးကွက်အခွင့်အလမ်းများရှာဖွေရေးအတွက်ကိုတော့ သင့်တော်သောမားကက်တင်းအသုံးစရိတ်အသုံးပြုရန်ဆန္ဒမရှိပေ။ ထို့ကြောင့် ပြိုင်ဘက်ဝက်ဘ်ဆိုက်များနှင့် တကယ်တမ်းယှဉ်ပြိုင်လိုက်သောအခါတွင် ဖောက်သည်များသည် ၎င်းတို့၏ဝက်ဘ်ဆိုက်များကို အမြဲလိုလိုမမြင်တွေ့ဘဲကျော်သွားမိတတ်ကြလေသည်။ မစ္စတာ Brown ကတော့ ကုမ္ပဏီအမှတ်တံဆိပ်ကို ထိန်းသိမ်းကာကွယ်ရန်အတွက် ယခုအတွက် ဝက်ဆိုက်ဒိုမိန်းပေါင်းများစွာရယူထားရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

## ICANN တွင် တာဝန်ရှိ၊ မရှိ

အင်တာနက်ဝက်ဘ်ဆိုက်များပေါ်တွင် Cybersquatting ဟုခေါ်သော အတုခိုးမှုမျိုးသည် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော ICANN ၏ မူဝါဒအပြောင်းအလဲတစ်ရပ်နောက်ပိုင်း ပိုမိုများပြားလာသည်ဟုဆိုလျှင် မှားမည်မထင်ပါ။ နိုင်ငံတကာ၏စီးပွားရေးလုပ်ငန်းအမည်နှင့်နံပါတ်များဆိုင်ရာအင်တာနက်ကော်ပိုရေးရှင်း၊ ICANN အား စတင်သုံးစွဲခွင့်ပေးလိုက်ပြီး gTLDs ဟုခေါ်သော အထူးထိပ်တန်းဒိုမိန်းအမည်များကို စတင်ခွင့်ပြုပေးခဲ့သောအခါ အငြင်းပွားဖွယ်ရာများစတင်ခဲ့ခြင်းဖြစ်သည်။ .xyz သို့မဟုတ် .nyc စသည့်ဒိုမိန်းများသည် .sucks၊ .porn စသည်တို့ကဲ့သို့ အငြင်းပွားဖွယ်ရာများကိုဖန်တီးပေးတတ်ပြီး ဒေသအလိုက်၊ စီးပွားရေးလုပ်ငန်းအလိုက် ဖောက်သည်များ၏စိတ်ဝင်စားမှုကို လိုလားသောကုမ္ပဏီများက ဈေးကောင်းပေး၍အပြိုင်အဆိုင်လိုက်လံဝယ်ယူလေ့ရှိကြသည်။

အမေရိကန်အခြေစိုက်ဥပဒေရေးရာဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်သော Squire Patton Boggs ၏ပါတနာတစ်ဦးဖြစ်သော Deborah Lodge ကတော့ "Top Level ဒိုမိန်းတွေကို ICANN က ထပ်မံခွင့်ပြုပေးခဲ့ပြီးကတည်းက လုပ်ငန်းတစ်ခု၊ ကုမ္ပဏီတစ်ခုရဲ့ဝက်ဘ်ဆိုက်လိပ်စာကို သူတို့ရဲ့နာမည်တွေ၊ အမှတ်တံဆိပ်တွေနဲ့ ယှဉ်တွဲကြည့်လို့မရတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ Cybersquatting နဲ့ တခြားသူရဲ့အိုင်ဒီယာနဲ့ တီထွင်ဆန်းသစ်မှုကို ယူငင်အသုံးချတတ်တဲ့လုပ်ရပ်တွေကြောင့်ပဲ ဖြစ်ပါတယ်။ ဒီနှစ်အတွင်းမှာတင် ကုမ္ပဏီကြီးတွေရဲ့ဝက်ဘ်ဆိုက်လိပ်စာအငြင်းပွားမှုက နှစ်ကြိမ်တောင်ဖြစ်ပွားခဲ့တာတွေ့ရပါတယ်"ဟု ပြောကြားခဲ့သည်။ ကမ္ဘာ့ဉာဏပစ္စည်းဆိုင်ရာ အဖွဲ့အစည်း (WIPO)၏ အင်တာနက်အငြင်းပွားမှုပြဿနာများဖြေရှင်းရေးဆိုင်ရာအကြီးအကဲ Brian Beckham ဆိုသူကတော့ gTLDs ဟုခေါ်သည့်အထူးဒိုမိန်းအမည်များကို ခွင့်ပြုထားပေးလိုက်ကတည်းက ပြဿနာများဝင်ရောက်လာခွင့်ပြုလိုက်ခြင်းပင်ဖြစ်ကြောင်း အခိုင်အမာဆိုသွားခဲ့သည်။ ကိုယ့်လုပ်ငန်းနဲ့ကိုက်ညီတဲ့ဝက်ဘ်ဆိုက်လိပ်စာတွေ ပေးလို့ရမယ့် .biz ဒါမှမဟုတ် .info ဆိုတာမျိုးတွေရွေးချယ်စရာရှိခဲ့ရာကနေ အခုတော့ဒိုမိန်းအသစ်အဆန်းတွေအတွက် ရွေးချယ်စရာတွေများပြားလာခဲ့သလို ငွေသုံးစွဲမှုတွေလည်း ပိုမိုပြုလုပ်လာခဲ့ကြပါတယ်။ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်အနေနဲ့လည်း Apple.biz ဆိုတဲ့ဝက်ဘ်ဆိုက်မျိုးရရှိဖို့အတွက် ဒေါ်လာ ၂၀၀ လောက်ထက်ပိုပြီး များများပေးဖို့ ဆန္ဒရှိကြမှာ အသေအချာပါပဲ" ဟု ပြောကြားခဲ့သည်။ သို့ဖြစ်ရာ အွန်လိုင်းပေါ်မှာသင့်လုပ်ငန်း၏နာမည်ကို နည်းလမ်းအမျိုးမျိုးလုယူမည့်သူ (သို့မဟုတ်) Cybersquetting လုပ်မည့်သူများ၏ရန်မှ ကာကွယ်ရန်နည်းလမ်းတော့ လိုအပ်လာခဲ့ချေပြီ။ ဒိုမိန်းသက်တမ်းကုန်ချိန်တွင် သက်တမ်းတိုးရမည့်ကိစ္စမျိုးကို ပုံမှန်ဆောင်ရွက်ခြင်းက ပထမဆုံးခြေလှမ်းတစ်ရပ်ဖြစ်နေဆဲပင်။ သင့်အနေဖြင့် အွန်လိုင်းပေါ်မှသင်၏အမှတ်တံဆိပ်အတွက် မည်မျှပင်ကာကွယ်ရေးအစီအစဉ်များပြုလုပ်ထားပါစေ၊ ဒိုမိန်းဝယ်ယူမှုသဘောတရားအရ အမှတ်တံဆိပ် ပိုင်ရှင်များလည်း ရှုံးနိမ့်သွားနိုင်ပါသေးသည်။ ထို့ကြောင့် Cybersquatting နှင့်ပတ်သက်၍ နစ်ဖက်ဖြစ်ပွားလေ့ရှိသော အငြင်းပွားမှုမျိုးမှာ လာမည့်နှစ်အနည်းငယ်တိုင်အောင် ဆက်လက်ဖြစ်ပေါ်နေမည်ဟု မျှော်လင့်ရတော့သည်။

*Ref : How to protect your online brand against cybersquatters - by Jonathan Keane*

No One Can Live Without ...
Mobile Guide
INFORMATION TECHNOLOGY & LIFESTYLE JOURNAL

အုပ်ဆောင်အတရှိရှုပ်
ရဲမင်းအောင်

တာဝန်ခံအယ်ဒီတာ
စိုးမိုး
အယ်ဒီတာအဖွဲ့
စိုးစံပြုံး
အကြီးတန်းသတင်းထောက်
ရဲလင်းလင်းသန်း
သတင်းအဖွဲ့
ရဲလင်းစိုး
တပြင် တပြု
ဒေါ်ခင်လေးဖြူ

မျက်နှာဖုံးဒီဇိုင်း
ပြည့်မင်းဇော်
ဒီဇိုင်းအဖွဲ့
မင်းသီဟဦး၊ ကိုကိုချစ်
မခင်ဥမ္မာသန်း၊ ဝိုင်းဝိုင်း

ကြော်ငြာတာဝန်ခံ
ချိုဇင်သက်
ကြော်ငြာအဖွဲ့
အေးငြိမ်းသူ၊
အေးသန္တာကျော်
ဖြန့်ချိရေး
အောင်နိုင်

ပုံနှိပ်
ဦးတိုးဝင်း
နေလရောင်ပုံနှိပ်
(၀၀၈၃၀)
အမှတ် ၉၃၊ ၁၁လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ
ဦးရဲမင်းအောင်
(၀၀၉၀၀-ယာယီ)

ရုံးချုပ်တည်နေရာ
အမှတ် ၉၃၊ ပထမထပ်၊ ၁၁ လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉၇၃၃၀၇၉၅၄
၀၉၄၂၀၀၇၇၇၀၀
Email
mobileguidemyanmar@gmail.com
mobileguideadv@gmail.com



# ကမ္ဘာ့အကောင်းဆုံး Smartwatches

ဝေသက်(ဖြိုးမနေဒစ်ဂျစ်တယ်ဓါတ်ပုံ)

Smartwatch ခေတ်အတော်ပင်အရှိန်ရလာခဲ့ပြီ။ Smartwatch ဝေး၍ ဂဏန်းပေါင်းစက်ပင် မလုပ်ဘူးသော ကုမ္ပဏီများပင် Smartwatch လောကထဲသို့ရောက်လာသည်။ ကုမ္ပဏီတိုင်းက သူတို့လုပ်သော Smartwatch သည် အကောင်းဆုံးဟုဆိုကြသည်။ Smartwatch သည် မိုဘိုင်းဖုန်းမဟုတ်။ သို့သော် မိုဘိုင်းဖုန်းအား ကောင်းစွာအထောက်အကူ ပေးနိုင်သောပစ္စည်းဖြစ်သည်။ ကမ္ဘာ့အကောင်းဆုံး Smartwatch သည် မည်သည့် အမှတ်တံဆိပ်ဖြစ်သနည်း။ Apple Smartwatch ဟု ထင်မြင်ချက်ပေးသူတို့ရှိသည်။ မဟုတ်ပါ။

Smartwatch တစ်လုံး၏ ကောင်းကွက်ကိုတိုင်းတာရာ၌ သုံး၍ကောင်းရုံ၊ အကြမ်းခံရုံ၊ ဘက်ထရီအားကောင်းရုံစသည်တို့လောက်ဖြင့် မဆုံးဖြတ်။ Fitness tracking, Local search, Navigation တို့တွင် မည်မျှလွယ်ကူထိရောက်စွာစွမ်းဆောင်နိုင်သည်။ Communication Tool များ မည်မျှအထိပြည့်စုံလုံလောက်စွာပါဝင်သည်။ သက်ဆိုင်ရာဖုန်းနှင့် မည်မျှအထိ အတွဲအဖက်ညီညီ အလုပ်လုပ်နိုင်သည်စသည့် အချက်များပေါ်တွင် အခြေခံ၍လည်းတိုင်းတာပါသည်။ အချိန်(၅)နာရီကြာ တစ်ဆက်တည်းစမ်းသပ်ပြီးနောက် ဘက်ထရီပါဝါမည်မျှစားသွားသည်ကိုပါ တိုင်းတာလိုက်သည့်အခါ ကမ္ဘာ့အကောင်းဆုံး Smartwatch တို့ကို အောက်ပါအတိုင်းတွေ့ရပါသည်။

## LG Watch Urbane

အကောင်းဆုံးအဆင့်၌သာရှိသော Smartwatch ဖြစ်သည်။ Apple ကထုတ်သော Smartwatch မှာ လေးထောင့်စပ်စပ်ဖြစ်နေချိန်ဝယ် Android ဖက်ခြမ်းရှိ Smartwatch ထုတ်လုပ်သူများက အများသူငါ မျက်စိယဉ်ပြီးဖြစ်သော အဝိုင်းပုံသမားရိုးကျ နာရီများကို ဦးစားပေး ထုတ်လုပ်ခဲ့ကြပါသည်။ LG မှထုတ်လုပ်သော Urbane Smartwatch သည် Android အတွက် နမူနာကောင်းတစ်ခုဖြစ်ပါသည်။ အခြားသော Smartwatch များထက်စာလျှင် Urbane သည်ပို၍ လေးလံပြီး၊ ပို၍လည်းထူထဲသည်။ သို့သော် အများသူငါတို့လက်တွင် မြတ်မြတ်နိုးနိုး ပတ်လိုသော လက်ပတ်နာရီတစ်လုံးအဖြစ်မှုရှိနေပါသေးသည်။

(၁. ၃)လက်မအချင်းရှိသော ဤလက်ပတ်နာရီမျက်နှာပြင်သည် ပုံရိပ်အရည်အသွေးအနေဖြင့် (320×320) pixels ရှိပြီး ကြည်လင်ပြတ်သားမှု အလွန်အားကောင်းပါသည်။ အရောင်အသွေးစုံလင်ကြွယ်ဝသည့်အပြင် အမည်းရောင်ကို အမည်းရောင်စစ်စစ်အဖြစ်ပုံဖော်နိုင်သည်ကိုလည်း တွေ့ရပါသည်။ သို့သော် နေရောင်ခြည်တိုက်ရိုက်ကျသောနေရာတွင် နာရီမျက်နှာပြင်ပေါ်မှ စာသားများကိုဖတ်ရှုရန်ခက်ခဲကြောင်းတွေ့ရပါသည်။ ထိုအချက်မှလွဲလျှင် Notification များကိုဝင်ရောက်ဖတ်ရှုခြင်း၊ Google Now Cards များကြားတွင် ဝင်ရောက်ကြည့်ရှုခြင်း၊ မြေပုံတစ်ခုကို လှည့်ပတ်ကြည့်ရှုခြင်းတို့သည် စိတ်ချမ်းသာစရာကောင်းလောက်အောင် လွယ်ကူပါသည်။

နာရီ၏အတွင်းထဲတွင် အလွန်ကောင်းမွန်သည့် နှလုံးခုန်နှုန်းအာရုံခံ ဖော်ပြမှုစနစ်ပါရှိနေပြီး ယင်းကို LG ကတီထွင်ထုတ်လုပ်သော Pulse App နှင့်တွဲဖက်ပေးထားရာ အလွန်ကောင်းမွန်သောရလဒ်ရကြောင်းတွေ့ရပါသည်။ ခြေလှမ်းမည်မျှလျှောက်လှမ်းခဲ့သည်ကို ရေတွက်မှုရလဒ်သည်လည်း ကောင်းမွန်ပါသည်။ သို့သော် ရေကူးခြင်းနှင့်စပ်လျဉ်းပြီး တိုင်းတာတွက်ချက်မှုများမပါပါ။ ထို့ကြောင့် Fitness Monitoring နှင့် စပ်လျဉ်းပြီး အလေးအနက်ထားသူဖြစ်ပါက အခြားနာရီတစ်လုံးကို စဉ်းစားသင့်ပါသည်။ သို့သော် Urbane တွင် အခြားသော အထင်ကြီးလေးစားဖွယ်အရည်အသွေးများလည်းရှိနေပါသည်။ Android Wear Device များအနက် အကောင်းဆုံးအရည်အသွေးများရှိနေသည်ကို ယှဉ်မှားသံသယရှိရန်မလိုပါ။

ဤလက်ပတ်နာရီကို တစ်ရက်နှစ်ရက်မျှသုံးပြီးပြီဆိုလျှင် Notification များအား ခေါ်ယူကြည့်ရှုခြင်း၊ ကြည့်ပြီးသည်တို့ကိုဖြုတ်ပစ်ခြင်း၊ Application အသစ်များတင်ခြင်း၊ Google Now Card များအား ဝင်ရောက်ကြည့်ရှုခြင်းတို့သည် ပြုရိုးပြုစဉ်အလုပ်တစ်ခုသဖွယ်လွယ်ကူလာပါလိမ့်မည်။ နာရီထဲတွင် အသင့်ထည့်သွင်းပေးထားသည့် Application အတော်များများရှိသော်လည်း မိမိစိတ်ကြိုက်အခြား Application များမရှိမဖြစ်လိုအပ်မည့် Application များကို ထပ်မံထည့်သွင်းနိုင်သည်။ LG စမတ်ဖုန်းနှင့် အကောင်းဆုံးတွဲဖက်အလုပ်လုပ်လိုလျှင် Wunderlist နှင့် ViewRanger ကဲ့သို့သော Application များကိုလိုအပ်ပါသည်။

Urbane ကိုအသုံးပြုသူတို့သည် စာသားများရိုက်သွင်းခြင်း၊ အီးမေးလ် အသုံးပြုခြင်းတို့အတွက် အသံကိုအသုံးပြုနိုင်သည်။ ထို့ပြင်အသင့်ပြင်ဆင်ပေးထားသောစာသားများ၊ အသစ်ဆွဲပေးထားသော emoji ရုပ်ပုံများကိုလည်းအသုံးပြုနိုင်သည်။ ဤလက်ပတ်နာရီတွင် တပ်ဆင်ထားသော LG မိုက်ကရိုဖုန်းသည် အသံကိုမှတ်သားသိရှိရာတွင် အမှားအယွင်းမရှိသလောက် ဖြစ်သည်ကိုလည်းတွေ့ရပါမည်။ လက်တစ်ဖက်လုံးဝမအားသည့်အခါ နာရီပတ်ထားသည့် လက်ကောက်ဝတ်အား ဆတ်ကနဲ ဆတ်ကနဲ လှုပ်ခါပေးရုံဖြင့် Notification များကြားတွင် အပေါ်တက်၊ အောက်ဆင်းသွားနိုင်သည်မှာလည်း အခြား Smartwatch များတွင် မတွေ့နိုင်သည့် ဆန်းကြယ်မှုတစ်ခုဖြစ်ပါသည်။

ဤလက်ပတ်နာရီတွင် Processor အဖြစ် Snapdragon 400 ကို အသုံးပြုထားပြီး RAM512MB ပါဝင်သည်။ ဤမျှလောက်သော Hardware ပမာဏသည်ပင်လျှင် အဖြစ်အနာအဆာကင်းသော Performance ကိုရရှိစေပါသည်။ ထို့ပြင်အနာဂတ်ကာလတွင် Update လုပ်မည့်ကိစ္စများအတွက်လည်း Hardware ပိုင်း၌ ပြည့်စုံလုံလောက်မှုရှိပါသည်။ ဘက်ထရီအသုံးခံချိန်ဖြင့် ချိန်ထိုးကြည့်လျှင် Urbane သည် အကောင်းဆုံး အတန်းအစား၌ပါဝင်ပါသည်။ LG ကပြောထားသော တစ်ဆက်တည်း ဘက်ထရီအသုံးခံချိန် နာရီ(၆၀)သည် လက်တွေ့သုံးရာတွင် နီးစပ်မှုရှိပါသည်။ ဤမျှသောအချိန်သည် အကောင်းဆုံးအတန်းအစားဝင် Android လက်ပတ်နာရီများ၌သာရရှိပါသည်။

## Apple Watch Sport

ဒုတိယအကောင်းဆုံး Smartwatch ဖြစ်ပါသည်။ Urbane နှင့် အရည်အသွေးများစွာမကွာသော်လည်း ရောင်းဈေးတွင် ဒေါ်လာ(၁၀၀) ကျော်ပိုများသည့်အတွက် ဒုတိယနေရာသို့ရောက်ရှိသွားခဲ့သည်။ တကယ်တမ်းပြောရလျှင် Apple မှထုတ်လုပ်သော Smartwatch များထဲတွင် Sport သည် ဈေးနှုန်းသက်သာသော အတန်းအစား၌ ပါဝင်ပါသည်။ (၃၈)မီလီမီတာထောင့်ဖြတ်ရှိသော နာရီသည် (၃၀၀)ပေါင်ရောင်းဈေးရှိပြီး (၄၂)မီလီမီတာထောင့်ဖြတ်ရှိသော နာရီသည် (၃၄၀)ပေါင်ရောင်းဈေးရှိပါသည်။ ဈေးသက်သာပါသည်ဟု ဆိုသည့်တိုင် ကမ္ဘာ့အကောင်းဆုံး Smartwatch (၁၀)လုံးစာရင်းထဲတွင်ရှိသော အခြား Smartwatch များထက်မူ ဈေးကြီးနေပါသေးသည်။

Applewatch သည် အရည်အသွေးကောင်းသော်လည်း အခြား Smartwatch များထက် ဘက်ထရီအသုံးခံချိန်လျော့နည်းပါသည်။ တစ်ဆက်တည်း ဘက်ထရီအသုံးခံချိန်(၃၃)နာရီဟူသော အတိုင်းအတာမှာ အလွန်ညံ့သောအခြေအနေတွင်ရှိပါသည်။ ဤနာရီတွင် GPS စနစ်အသင့်ထည့်သွင်းပေးထားခြင်းမရှိပါ။ နှလုံးခုန်နှုန်းတိုင်းတာခြင်းနှင့် ခြေလှမ်းအရေအတွက်တိုင်းတာခြင်းတို့တွင် တိကျသေချာမှုလိုအပ်နေပါသေးသည်။ Hardware ဒီဇိုင်းသည် ဤနာရီအား ဒုတိယအဆင့်သို့ရောက်အောင် ပို့ပေးခဲ့သော အချက်ဖြစ်ပါသည်။

Smartwatch ခြင်းယှဉ်လျှင် Apple Watch Sport သည် အလွန်တရာပေါ့ပါးပြီး လက်တွင်ပတ်ရာ၌လည်း အလွန်ပင်သက်သောင့်သက်သာရှိပါသည်။ နာရီပေါ်တွင်တပ်ဆင်ထားသမျှအစိတ်အပိုင်းအားလုံးသည် တုံ့ပြန်မှုအလွန်အားကောင်းပါသည်။ ကိစ္စအတော်များများတွင် Tap တစ်ချက်ခေါက်ရုံဖြင့် ကိစ္စပြီးပါသည်။ အသင့်ထည့်သွင်းပေးထားသော ဆော့ဖ်ဝဲများမှာ ထိပ်တန်းအဆင့်ရှိပြီး Android Wear များထက်စာလျှင် ဆော့ဖ်ဝဲလည်းပို၍ပေါများပါသည်။ Android Wear များထက်အသုံးပြုရ ပိုလွယ်ပြီး ပို၍ကောင်းမွန်သော Interface လည်းရှိပါသည်။

## Sony Smart Watch 3

ဈေးနှုန်းအလွန်သက်သာပြီး သင့်တင့်သော အရည်အသွေးရှိသဖြင့် တတိယနေရာသို့ ရောက်လာသော်လည်း တန်ဖိုးသည့်အသွင်အပြင်ရှိသော လက်ပတ်နာရီမျိုးမဟုတ်ပါ။ စံချိန်စံညွှန်းများကလည်း အကောင်းဆုံးအဆင့်နှင့် အလှမ်းကွာပါသည်။ Branded Smartwatch သုံးလိုသူတို့ကိုမူ အာသာပြေစေပါလိမ့်မည်။ ဈေးနှုန်းသက်သာစေခြင်းအလို့ငှာ Feature အချို့ကိုလည်း ထုတ်ပယ်ထားရပါသည်။

ဝိတ်လျှော့သည်ဟုဆိုသော်လည်း GPS ထည့်ပေးထားသဖြင့် Google Maps ကို အလွန်အဆင်ပြေစွာသုံးနိုင်ပါသည်။ သို့သော် နှလုံးခုန်နှုန်းတိုင်းသည့်စနစ်မပါဝင်ပါ။ ဤနာရီသည် ထောင့်ဖြတ်(၁ . ၆)လက်မရှိပြီး Screen Resolution မှာ (320×320) ရှိပါသည်။ တောက်ပသော အလင်းရောင်အောက်၌ ကောင်းစွာအလုပ်ဖြစ်သော Screen ဖြစ်သည်။ သို့သော်အရောင်ထွက်မှာ ဈေးကြီးသော Smartwatch များကိုမမီပါ။ ဘက်ထရီအသုံးခံချိန်(၅၂)နာရီရသည့်အတွက် နှစ်ရက်တစ်ကြိမ်လောက်သာ အားသွင်းဖို့လိုပါသည်။



# Google NEW




# GENERATION neXus LINE

နည်းပညာထုတ်ကုန်တွေရဲ့ လောကမှာကိုယ်ပိုင်ထုတ်လုပ်မှုတွေတင်သာမကဘဲ အခြားသော ကုမ္ပဏီတွေနဲ့ပူးပေါင်းပြီး နောက်ဆုံးပေါ် Gadget တွေကို ပေါင်းစပ်ထုတ်လုပ်တဲ့ကုမ္ပဏီအများစုရှိပါတယ်။ ဒီလိုထုတ်လုပ်သူတွေထဲမှာမှ နာမည်ကြီးကုမ္ပဏီတစ်ခုကိုရွေးချယ်ပေးရမယ်ဆိုရင် GOOGLE လို့ဆိုရပါလိမ့်မယ်။ Search engine လောကမှာအောင်မြင်မှုရနေတဲ့ Google အနေနဲ့ မိုဘိုင်းပလက်ဖောင်းလောကမှာလည်း အောင်မြင်တဲ့အခြေအနေတစ်ခုကို ပိုင်ဆိုင်ထားပါတယ်။ သူတို့ဆီကထုတ်လုပ်တဲ့ android OS ဟာစမတ်ဖုန်းအများစုမှာ ထည့်သွင်းမောင်းနှင်နေပါတယ်။ နာမည်ကျော်စမတ်ဖုန်းတွေဖြစ်တဲ့ Samsung,HTC, LG,Huawei နှင့် Sony စမတ်ဖုန်းတွေမှာ android OS နဲ့ကုမ္ပဏီတွေရဲ့ကိုယ်ပိုင် UI တွေပေါင်းစပ်ဖန်တီးလေ့ရှိပါတယ်။ ဒါဟာ Google အနေနဲ့ အခြားသောကုမ္ပဏီတွေနဲ့မိတ်ဖက်ပြီး ပေါင်းစပ်ထုတ်လုပ်မှုပါ။ နောက်ထပ်တစ်ခုကတော့ သူတို့ရဲ့ကိုယ်ပိုင်ထုတ်ကုန်တွေကို စျေးကွက်အတွင်းမိတ်ဆက်ရောင်းချပေးမှုပါ။ ကိုယ်ပိုင်ထုတ်ကုန်ထုတ်လုပ်ရောင်းချမှုပါ Google သွားတဲ့နည်းလမ်းတစ်ခုရှိပါတယ်။ အဲဒါကတော့သက်ဆိုင်ရာ hardware ထုတ်လုပ်သူတွေနဲ့ software ပေါင်းစပ်ပေးမှုပါ။ အဲဒီလိုပူးပေါင်းဆောင်ရွက်တဲ့ ဖုန်းတွေကိုတော့ Nexus လို့သတ်မှတ်ပါတယ်။ Nexus ထုတ်ကုန်တွေဟာ Google ကနေနောက်ဆုံးထုတ်ပေးလေ့ရှိတဲ့ Software update တွေကို အခြားဖုန်းတွေထက်စာရင်အစောဆုံးရရှိပါတယ်။ ဒါဟာ Nexus ဖုန်းတွေအနေနဲ့ အခြားဖုန်းတွေနဲ့ယှဉ်လိုက်ရင်ရှိမယ့် အားသာချက်ပါ။ ပြီးခဲ့တဲ့လပိုင်းအတွင်းကတော့ Google အနေနဲ့သူတို့ရဲ့နောက်ဆုံးပေါ်ထုတ်ကုန်လို့ဆိုနိုင်မယ့် Nexus ဖုန်းနှစ်မျိုးနဲ့အတူ surface ရဲ့ပြိုင်ဘက်လို့ သတ်မှတ် နိုင်မယ့် Pixel C တက်ဘလက်ကိုမိတ်ဆက်ပေးခဲ့ပါတယ်။ ဖျော်ဖြေရေးဆိုင်ရာနဲ့ပတ်သက်တာကတော့ မူလမျိုးဆက် chromecast ရဲ့အနာဂတ်မျိုးဆက်သစ်လို့ဆိုနိုင်မယ့် Chromecast 2 နဲ့ Chrome Audio တို့ကိုမိတ်ဆက်ခဲ့ပါတယ်။ Google အနေနဲ့ Nexus 7,Nexus 9 တို့ထုတ်လုပ်မှုနောက်ပိုင်းမှာ Hybrid လောကကိုစိုးမိုးစိုးနိုင်မယ့် 10 လက်မအရွယ်အစားရှိတဲ့ Pixel C ကိုမိတ်ဆက်နိုင်ခဲ့ပါတယ်။ Nexus ဖုန်းတွေနဲ့ပတ်သက်တဲ့အပိုင်းကတော့ အစော



သတင်းတွေအတိုင်းပဲ ထပ်မံလက်တွဲထားတဲ့ ကိုင်ဖက်အသစ် အ ပိုင်းကာလတုန်းကထွက်ခဲ့တဲ့ မူလတွဲဖက်ဟောင်း LG နဲ့ အပြင်၊ နောက်ထပ် လုပ်ဖော် ဖြစ် Huawei ကိုပါဆွဲခေါ်လာခဲ့ပါတယ်။ Nexus ဖုန်းအသစ်ထွက်မယ်ဆိုတဲ့အချိန်မှာ ကုမ္ပဏီ၂ခုထဲက၊တစ်ခုနဲ့သာဖြစ်နိုင်ဖွယ်ရှိမယ်လို့ဆိုပေမယ့် အခုတော့မျိုးဆက်သစ်ဖုန်း၂မျိုးလုံးပါ မြင်တွေ့လိုက်ရပါတယ်။ ကိုရီးယားနဲ့တရုတ်ကုမ္ပဏီနှစ်ခုရဲ့ ဒီဇိုင်းပိုင်းဆိုင်ရာသွားတဲ့ ပုံစံအရတော့ကွဲပြားသွားသလို၊Hardware တပ်ဆင်မှုအပိုင်းမှာလည်း ခြားနားသွားပါတယ်။ Nexus 6P နဲ့ 6X တို့ဟာသုံးစွဲသူတွေရဲ့ နှစ်သက်နိုင်မယ့်ပုံစံမျိုးကိုတော့ ရရှိထားပါတယ်။ Google အနေနဲ့သူ့ရဲ့စမတ်ဖုန်းတွေကို USB-C သုံးစွဲနိုင်မှုနဲ့အတူအခြားလုပ်ဆောင်ချက်တွေပါ ထည့်သွင်းပေးထားတာကြောင့်၂၀၁၆အတွက်အကောင်းဆုံး feature တွေပါဝင်လာတဲ့ဖုန်းတွေလို့ဆိုပါတယ်။ Pixel C ဟာ Google ရဲ့ပထမဆုံး 2in1 သုံးနိုင်မယ့်တက်ဘလက်ဖြစ်လာမယ့်အပြင် Nvidia Tegra X1 ပရိုဆက်ဆာကိုသုံးထားမှာဖြစ်ပါတယ်။ Google က ကီးဘုတ်နဲ့ ချိတ်ဆက်အသုံးပြုနိုင်တဲ့ Pixel C ကို မိတ်ဆက်လိုက်ပြီး Tablet/Laptop နှစ်မျိုးသုံးဖြစ်ပါတယ်။ Microsoft Surface နဲ့ Apple iPad Pro တို့ကိုယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ယခင် Pixel Devices များနဲ့ ဒီဇိုင်းတူညီသော်လည်း အဓိကကွာခြားချက်နှစ်ခုမှာ Chrome OS မဟုတ်ဘဲ Android မောင်းနှင်ခြင်းနှင့် ဖြုတ်တပ်နိုင်တဲ့ ကီးဘုတ်ပါရှိလာခြင်းတို့ဖြစ်ပါတယ်။ Google က Nexus Device များကိုအခြား Hardware ထုတ်လုပ်သူများနဲ့ ပူးပေါင်းထုတ်လုပ်တာဖြစ်ပေမယ့် Pixel C ကို Google ကိုယ်တိုင် ထုတ်လုပ်တာဖြစ်ပါတယ်။ သူ့မှာထည့်သွင်းပေးထားတဲ့ကီးဘုတ်ကလည်း သပ်ရပ်ခံ့ထည်တဲ့အပြင် သာမန် PC တွေမှာသုံးတဲ့ကီးဘုတ်ရဲ့အရသာကိုရရှိစေမှာဖြစ်ပါတယ်။ Chromecast ဟာ စမတ်ဖုန်းနှင့် ပီစီများမှ ရုပ်ရှင်၊ ဗီဒီယို၊ သီချင်းများကို တီဗီသို့ထုတ်လွှင့်ပေးနိုင်တဲ့ ကြားခံကိရိယာတစ်ခုဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သာမန်တီဗီများကို စမတ်တီဗီအဖြစ် စျေး သက်သာစွာဖြင့် အသွင်ပြောင်းပေးတဲ့ကိရိယာဖြစ်ပါတယ်။ Chromecast 2 ဟာ ပထမမျိုးဆက်နဲ့ ဒီဇိုင်းမတူညီဘဲ စက်ဝိုင်းပုံသဏ္ဍာန်ဖြစ်ပါတယ်။ အရောင်သုံးမျိုး ထုတ်လုပ်ပေးထားပြီး သယ်ဆောင်ရလွယ်ကူစေရန် ခေါက်ချိုးနိုင်သော HDMI Cable ပါရှိပါတယ်။ Antennas သုံးခုပါရှိပြီး WiFi ဆက်သွယ်မှုကိုအသုံးပြုလျှင် လိုင်းအားကောင်းစေပါတယ်။ ၃၅ ဒေါ်လာသာတန်ကြေးရှိပြီး နိုင်ငံပေါင်း ၁၇ နိုင်ငံရှိ Google Store တွင် ဝယ်ယူနိုင်ပြီဖြစ်ပါတယ်။ Best Buy နဲ့ Walmart တို့မှလည်း ရောင်းချမှာဖြစ်ပါတယ်။ Google က ၂၀၁၃ ခုနှစ်တွင် Chromecast ပထမမျိုးဆက်ကို မိတ်ဆက်ခဲ့ပြီး ယခုအချိန်အထိ သန်းနှစ်ဆယ်ကျော်ရောင်းချခဲ့ရပါတယ်။ ထို့အပြင် Google က Chromecast Audio ကိုလည်းမိတ်ဆက်လိုက်ပါတယ်။ Chromecast Audio ဟာ စမတ်ဖုန်းနဲ့ ပီစီများမှ သီချင်းများကိုစပီကာတွင် ဖွင့်ပေးနိုင်တဲ့ ကြားခံကိရိယာဖြစ်ပါတယ်။ Chromecast Audio ကို ၃၅ ဒေါ်လာဖြင့် ရောင်းချပေးနေပါတယ်။ Chromecast, TV, Chromecast Audio, Speaker တို့ကို တူညီတဲ့ ဝိုင်ဖိုင်ကွန်ရက်ထဲမှာ ချိတ်ဆက်အသုံးပြုရမှာဖြစ်ပါတယ်။ နောက်ဆုံးထွက် chromecast မှာတော့ ဝိုင်ဖိုင်ကွန်ရက် ချိတ်ဆက်လက်ခံမှုကိုရရှိနိုင်မှာ ဖြစ်တာကြောင့် ဖုန်းနဲ့ပါချိတ်ဆက်သုံးနိုင်မှာဖြစ်ပါတယ်။ အခု Google ရဲ့ မျိုးဆက်သစ်ထုတ်ကုန်တွေ အကြောင်းကိုလေ့လာကြည့်ရအောင် . . .





# LG Nexus 5X

## 5X: The all–around champ is back

LG က Google Nexus and Android Event မှာ Nexus 5X ကိုတရားဝင်မိတ်ဆက်ပေးလိုက်တာဖြစ်ပါတယ်။ ၅ ● ၂လက်မ IPS LCD 1080p Display တပ်ဆင်ထားပြီး တစ်လက်မလျှင် Pixel သိပ်သည်းဆမှာ ၄၂၄ ဖြစ်ပါတယ်။ Gorilla Glass 3 ဖြင့်မျက်နှာပြင်ကို ကာကွယ်ထားပါတယ်။ Google က Nexus 5X မှာ Android 6.0 Marshmallow ကို ထည့်သွင်းပေးထားပါတယ်။ Hexa-Core CPU Snapdragon 808 Chipset, 2GB RAM ပါရှိပါတယ်။ 16GB သို့32GB Internal Storage များ ရွေးချယ်နိုင်ပါတယ်။ microSD Card Slot တော့ မပါရှိပါဘူး။ အနောက်ဘက်မှာ 12.3MP Camera တပ်ဆင်ထားပါတယ်။ ကင်မရာဟာ Optical Image Stabilization နည်းပညာမပါရှိပေမယ့် 2160p Video များကိုရိုက်ကူးနိုင်ပါတယ်။ LG က IR Laster အထောက်အကူပြု Autofocus နည်းပညာနဲ့ Dual Flash Setup ကို ထည့်သွင်းပေးထားပါတယ်။ Nexus 5X ရဲ့ အရွယ်အစားအပြည့်အစုံဟာ147x72.6x7.9 mm ဖြစ်ပြီး ယခင်မျိုးဆက်ထက်အနည်းငယ်ပါးလွှာပါတယ်။ ၁၃၆ ဂရမ်အလေးချိန်ရှိပြီး Nexus 5(2013) ရဲ့ ၁၃၀ ဂရမ်ထက်အနည်းငယ် ပိုမိုများပြားပါတယ်။ Fingerprint Scanner နဲ့ ပိုမိုကြီးမားတဲ့ 2700mAh Battery ကြောင့်အလေးချိန်တိုးလာတာဖြစ်ပါတယ်။ Nexus 5 မှာ2300mAh Battery သာပါရှိခဲ့တာပါ။ အောက်ခြေမှာတော့နောက်မျိုးဆက် microUSB Type-C Port ကို တပ်ဆင်ပေးထားပါတယ်။ LG အနေနဲ့ Nexus ဖုန်းထုတ်လုပ်မှုအပိုင်းမှာအတွေ့အကြုံရှိသူပီပီ ပုံစံဒီဇိုင်းပြောင်းလဲမှုမှာလည်းသစ်လွင်လာပါတယ်။ သို့ပေမယ့် LG ဟာပလတ်စတစ်ကိုယ်ထည်ဒီဇိုင်းကိုတော့ စွန့်လွှတ်ခြင်းမရှိသေးပါဘူး။ အရောင်သုံးမျိုးရွေးချယ်မှုနဲ့အတူ ကင်မရာထည့်သွင်း တပ်ဆင်ထားတဲ့ပုံစံအသစ်ကိုပါမြင်တွေ့သုံးစွဲရပါလိမ့်မယ်။

## Powerful Camera

Nexusအနေနဲ့ကင်မရာပိုင်းဆိုင်ရာ လုပ်ဆောင်ချက်တွေကိုအကောင်းဆုံးဖော်ညွှန်းပေးထားပါတယ်။ အလင်းရောင်အားနည်းတဲ့အချိန်မှာရိုက်ကူးမှုတွေ ကိုအကောင်းဆုံးပြုလုပ်နိုင်မှာဖြစ်တဲ့အပြင် ပိုမိုကြီးမားတဲ့ pixels အရည်အသွေးကိုလည်းရရှိနိုင်စေမှာဖြစ်ပါတယ်။ ပုံရိပ်တွေကိုပြန်လည်ထုတ်ပေးတဲ့အချိန်မှာ ရှင်းလင်းပီသမှုတစ်ခုတည်းတင်မကဘဲကြည်လင်တောက်ပပြီး အသေးစိတ်ကျတဲ့ ရုပ်ထွက်ကိုပါရရှိစေမှာပါ။ Google ရဲ့ကင်မရာ app ဟာပုံရိပ်တွေကိုလွတ် ထွက်မသွားအောင်ရိုက်ကူးနိုင်မယ့်အပြင် Photo app ကလည်းဘယ်လိုနေရာအချိန်တွေရောက်နေပါစေ၊ အမှတ်တရဖြစ်စရာပုံတွေကိုပြန်လည်ကြည့်ရှုနိုင် စေမှာဖြစ်ပါတယ်။ သုံးစွဲသူအနေနဲ့ အရင် Nexus Device မှာတုန်းကသာ Google acc နဲ့ဝင်ထားခဲ့တယ်ဆိုရင်၊ 5Xကိုဝင်ရောက်လိုက်တာနဲ့အရင်ပုံတွေကို ပြန်လည်ကြည့်ရှုနိုင်ပါလိမ့်မယ်။ Video တွေကိုဖမ်းယူမယ်ဆိုရင်တော့ 4K အရည်အသွေးရရှိနိုင်ပါလိမ့်မယ်။

## Simplified Security

Nexus အသစ်မှာလုံခြုံရေးဆိုင်ရာ လုပ်ဆောင်ချက်အတွက် အခြားသောဖုန်းတွေအတိုင်း fingerprint ကိုထည့်သွင်းပေးလာခဲ့ပါပြီ။ အခြားဖုန်းတွေမှာပါဝင်တဲ့ပုံစံအတိုင်း အရှေ့ဘက်မှာရှိတဲ့ homebutton မှာတပ်ဆင်ပေးထားတာမဟုတ်ဘဲ၊ LG ဖုန်းတွေအတိုင်း အနောက်ဘက်ကင်မရာရဲ့ အောက်ဘက်မှာထည့်သွင်းပေးထားတာပါ။ မျက်နှာပြင်ပွင့်လာစေဖို့အတွက် touch တစ်ချက်ဖိနှိပ်လိုက်ရုံပါပဲ။ ဒါ့အပြင် unlock လုပ်ထားတဲ့app တွေကိုလည်း လွယ်ကူမြန်ဆန်စွာဖွင့်လှစ်သုံးစွဲနိုင်ပါလိမ့်မယ်။ Android Payလိုအကန့်အသတ်နဲ့ရရှိနိုင်တဲ့ featureတွေကိုလည်းသုံးစွဲနိုင်ပါလိမ့်မယ်။ Marshma-llow နဲ့ပေါင်းစပ်လိုက်တဲ့အချိန်မှာ လုံခြုံရေးဆိုင်ရာအတွက်ပိုသာတဲ့စွမ်းဆောင်မှုတွေကိုပိုင်ဆိုင်နိုင်ပါပြီ။

## Everything you love

5Xပိုင်ဆိုင်တဲ့သူတွေအနေနဲ့ပေါ့ပါးပြီး သယ်ဆောင်ရလွယ်ကူတဲ့ပုံစံကို ရရှိပိုင်ဆိုင်စေဖို့အတွက် ပိုလီကာဗွန်နိတ်ကိုယ်ထည်နဲ့အတူ USB-Cရဲ့ သွက်လက်မြန်ဆန်တဲ့ဒေတာစီးဆင်းမှုကိုလည်း ပိုင်ဆိုင်နိုင်မှာပါ။ IPS LCDမျက်နှာပြင်ကလည်း ရုပ်ပုံတွေကိုအကောင်းဆုံးဖော်ပြပေးမှာဖြစ်ပါတယ်။ နောက်ထပ်လုပ်ဆောင်နိုင်မှုကိုပြောရမယ်ဆိုရင် 5XဟာNexus ဖုန်းတွေထဲမှာပထမဆုံး လက်ဗွေဖတ်စနစ်ကိုသုံးနိုင်မှာပါ။ သူ့မှာထည့်သွင်းထားတဲ့ hexa-core ပရိုဆက်ဆာကလည်း 64bitစွမ်းဆောင်မှုကိုရရှိစေမှာဖြစ်ပါတယ်။ ကိုရီးယားထုတ်လုပ်သူအနေနဲ့ကလည်း သွက်လက်တဲ့စွမ်းဆောင်ချက်တွေအပြင် သစ်လွင်တဲ့ဒီဇိုင်းတွေရရှိစေမယ့်ဖုန်းအဖြစ် 5X ကိုထုတ်ဖော်ပေးထားတာပါ။

## Vital stats

| | |
|---|---|
| **60 hours**<br>ဘက်ထရီသက်တမ်းခံနိုင်စွမ်းအတွက် အဆင့်သတ်မှတ်ချက်ဟာနာရီ၆၀ဖြစ်ပါတယ်။ | **7.9mm**<br>၇ .၉ မီလီမီတာအထူရှိပြီး ၄ .၈၀ ပေါင်အလေးချိန်ရှိပါတယ်။ |
| **6Core**<br>64bit ထောက်ပံ့မှုကိုသုံးနိုင်မယ့် dual-Core နဲ့ Quad-core ပူးတွဲအလုပ်လုပ်မှာဖြစ်ပါတယ်။ | **6P vs**<br>6P နဲ့ယှဉ်လိုက်မယ်ဆိုရင် သူ့မှာပါဝင်တဲ့ လုပ်ဆောင်ချက်တွေကို အဆင့်နိမ့်သယောင်ရှိပါတယ်။ |




**Dual led flash**

ကင်မရာဟာသင့်ရိုက်ကူးမှုအတွေ့အကြုံတိုင်း၏ ပုံရိပ်စစ်ရရှိစေဖို့ အမြဲကူညီပေးပါလိမ့်မယ်။ LED Flash နှစ်ခုတပ်ဆင်ပေးထားပြီး အမှောင်ထဲမှာရိုက်ကူးတဲ့ပုံရိပ်တွေကို အလင်းရောင်ပေးစွမ်းဖို့အတွက် အကူအညီပေးမှာဖြစ်ပေမယ့် ရူးရဲတဲ့အလင်းထုတ်လွှတ်မှုမျိုးတော့မဟုတ်ပါဘူး။

**Just one Speaker**

5X မှာအရှေ့ဘက်စပီကာနှစ်လုံးတပ်ဆင်ပေးထားမှာဖြစ်ပြီး ဖုန်းရဲ့အပေါ်ဘက်နဲ့အောက်ဘက်တွေမှာရှိနေမှာဖြစ်ပါတယ်။ သို့ပေမယ့်အောက်ဘက်မှာရှိတဲ့ စပီကာကသာ RGB noti အလင်းရောင်တွေကိုထုတ်ပေးမှာဖြစ်ပါတယ်။

## New Nexus by numbers

**1.55µm**
Nexus Smart Phone အသစ်မှာပါဝင်လာခဲ့တဲ့ကင်မရာတွေရဲ့ Pixels အရွယ်အစားဖြစ်ပါတယ်

**19mm**
Pixel C ရဲ့ကီးဘုတ်ဟာ လွယ်လင့်တကူသယ်ဆောင်နိုင်ပြီး ကီးတွေနှိပ်ရတာလည်းအဆင်ပြေပါတယ်

**3450mAh**
Nexus 6P မှာထည့်သွင်းပေးထားတဲ့ Battery ဖြစ်ပြီး Galaxy Note 5 ထက် 10% ပိုကြီးပါတယ်။

**8**
ယခုအချိန်ထိ ထွက်ရှိခဲ့တဲ့ Nexus ဖုန်းတွေရဲ့ အရေအတွက်ဖြစ်ပါတယ်

**240FPS**
Slow-motion ဗွီဒီယိုတွေ ရိုက်ကူးနိုင်မယ့် နှုန်းဖြစ်ပြီး Nexus 6P မှာသုံးနိုင်မှာပါ

**10mins**
10mins ကြာအားသွင်းရုံနဲ့ 5X မှာ လေးနာရီကြာသုံးစွဲနိုင်ပြီး 6P မှာတော့ ခုနစ်နာရီသုံးစွဲနိုင်ပါတယ်

**17%**
Nexus 5 နဲ့ ယှဉ်ကြည့်လိုက်တဲ့အခါမှာ Nexus 5X ဟာ 17% လောက်ပိုကြီးနေပါတယ်

# Huawei Nexus 6P

## 6P: Elegantly designed, pure Android

Google က Nexus 6 Phablet ကိုကြေညာအပြီး တစ်နှစ်ကြာတဲ့အချိန်မှာ Nexus 6P ကို မိတ်ဆက်လိုက်တယ်လို့ပြောရင် ပိုမှန်ပါလိမ့်မယ်။ 6P ဟုအမည်ပေးထားပေမယ့်လည်း ၅.၇ လက်မမျက်နှာပြင်ကိုသာတပ်ဆင်ထားပြီး Motorola အစား Huawei ကထုတ်လုပ်ပေးထားတာဖြစ်ပါတယ်။ ပထမဆုံးသတ္တုကိုယ်ထည်ကိုအသုံးပြုထားတဲ့ Nexus ဖုန်းဖြစ်ပြီး အထူမှာ ၇.၃ မီလီမီတာဖြစ်ပါတယ်။ ၅.၇ လက်မ AMOLED QHD (1440x2560)Display တပ်ဆင်ထားပါတယ်။ အရှေ့ဘက်မှာတပ်ဆင်ထားတဲ့ စပီကာများကလည်းဒီဗိုင်းအသံဖြစ်ပါတယ်။ ကင်မရာကိုလည်း 12.3MP ဖြင့် အဆင့်မြှင့်ထားပြီး LED Flash နှစ်လုံးနဲ့တွဲဖက်ထားပါတယ်။ 2160p Video များကိုရိုက်ကူးပေးနိုင်ပြီး အရှေ့ဘက်မှာတော့ 8MP Camera တပ်ဆင်ထားပါတယ်။ Android 6.0 Marshmallow ကိုပထမဆုံးထည့်သွင်းပေးထားပြီး Fingerprint Reader ပါရှိပါတယ်။Apple လိုမဟုတ်ဘဲ Reader ကိုအနောက်ဘက်မှာ တပ်ဆင်ထားပါတယ်။ Standby အသုံးပြုလျှင် ဘက်ထရီကိုပိုမိုချွေတာပေးတဲ့ Marshmallow ရဲ့ Doze စွမ်းဆောင်ချက်ပါရှိလာပါတယ်။ Nexus 6 နဲ့ Note 5 တို့ထက်ကြီးမားတဲ့ 3450mAh Battery တပ်ဆင်ထားပါတယ်။ အရင်မျိုးဆက်များမှာလို ကြိုးမဲ့အားသွင်းစနစ်မပါရှိပါဘူး။ အားသွင်းဖို့ USB Type-C ကိုထည့်သွင်းပေးထားပြီး ၁၀ မိနစ်အားသွင်းရင် ခုနစ်နာရီအသုံးခံပါတယ်။ Nexus 6P ကို Snapdragon 810 Chipset ကမောင်းနှင်မှာဖြစ်ပါတယ်။ ယခင်နှစ်မှ Nexus 6 ရဲ့ Snapdragon 805 ထက် QHD Screen မှာ ဂိမ်းကစားရင်ပိုမိုကောင်းမွန်လာပါတယ်။ 3GB RAM ကတော့ယခင်မျိုးဆက်နဲ့အတူတူပါပဲ။128GB Storage အမျိုးအစားအသစ်ကိုလည်း ရွေးချယ်နိုင်ပါတယ်။




## Vital stats

| 1.55uM | WQHD |
|---|---|
| ဓာတ်ပုံတွေကိုရိုက်ကူးတဲ့ အခါမှာ ပိုမိုကျယ်ပြန့်တဲ့ပုံရိပ်ဖမ်းယူမှုကိုရရှိစေမှာပါ။ | ကြည်လင်ပြတ်သားတဲ့ ပုံရိပ်တွေကို အပြတ်အမြင်တွေ့နိုင်စေမှာပါ။ |
| **4K** | **20min** |
| HD အရည်အသွေးထက်လေးဆပိုမိုတဲ့ ဖမ်းယူမှုကိုပေးစွမ်းမှာဖြစ်ပါတယ်။ 8MP ကင်မရာငယ်ကတော့ 720p စွမ်းရည်သာ ရပါလိမ့်မယ်။ | မိနစ် ၂၀လောက်ဂိမ်းဆော့လိုက်တဲ့ အချိန်မှာ၊ အနည်းငယ်ပူလာပြီး ထပ်မံအပူချိန်မတက်လာတာကိုတော့ တွေ့ရပါတယ်။ |

## Foundation of Power

5.7လက်မမျက်နှာပြင်ဟာ ကြည်လင်တောက်ပတဲ့ပုံရိပ်ဖော်ပြနိုင်မှုကိုရရှိစေမှာဖြစ်ပြီး အရှေ့ဘက်စပီကာဟာ ပြတ်သားထင်ရှားတဲ့အသံထွက်ကိုပေးစွမ်းမှာဖြစ်ပါတယ်။ 6Pမှာနောက်ဆုံးပေါ်ဗားရှင်းဖြစ်တဲ့ Octa-Coreu ရှိဆက်ဆာကိုတပ်ဆင်ပေးထားပါတယ်။ Snapdragon 810ဟာ Nexus ဖုန်းတွေထဲမှာအသွက်လက်ဆုံးစွမ်းဆောင်မှုကိုပေးစွမ်းမှာပါ။ ဘက်ထရီသက်တမ်းက လည်းတာရှည်ခံသုံးနိုင်မယ့်အရွယ်အစားမျိုးဖြစ်ပြီး 3450mAh ဖြစ်ကာ USB Type-C ကြောင့်အားသွင်းရတာမြန်ဆန်မှာပါ။ လက်ဗွေဖတ်စနစ်ကတော့ ရှထောင့်ပေါင်းစုံကနေ ဖတ်ရှုနိုင်မယ့်အမျိုးအစားပါ။ ဖုန်းရဲ့အချက်အလက်လုံ ခြုံမှုတစ်ခုတည်းအတွက်သာမကဘဲ Android Pay ကိုပါသုံးနိုင်ပါလိမ့်မယ်။ လက်ချောင်းလေးကို သုံးပြီးတစ်ချက်တို့ထိလိုက်ရုံနဲ့ မြန်ဆန်စွာဖွင့်လှစ်ပေးမှာဖြစ်တာကြောင့် app,game တွေကိုလွယ်ကူ၊ မြန်ဆန်စွာဆော့ကစားနိုင်ပါလိမ့်မယ်။ ပြီးတော့သူ့မှာ မောင်းနှင်မှုကလည်း marshmallow ဖြစ်ပြီး၊ နောက်ဆုံးထွက်သမျှ software updates တွေကိုပါရရှိနေဦးမှာဖြစ်တာကြောင့်ပါ။

## Better Internal Spec

6Pကိုကြည့်လိုက်မယ်ဆိုရင် လက်ရှိထွက်ထားတဲ့ Nexus တွေထဲမှာ အကောင်းဆုံးလို့သတ်မှတ်နိုင်တဲ့အပြင် သူနဲ့အတူထွက်ထားတဲ့ 5X ထက်တောင်ပိုသာနေတာတွေ့ရပါတယ်။ LG အနေနဲ့ 5X ကို5.2 လက်မ 1080P မျက်နှာပြင်မှာ 423ppi သုံးထားတာတွေ့ရပြီး Snapdragon 808 ပရိုဆက်ဆာကိုသုံးထားပါတယ်။ 2GB RAM ဖြစ်ပြီးဘက်ထရီကိုတော့ 2700mAh စွမ်းအားကိုသာရရှိနိုင်မှာပါ။ 6P မှာတော့ 5.7လက်မဖြစ်နေပြီး 1440p display သုံးထားကာ ပရိုဆက်ဆာပိုင်းမှာကြည့်လိုက်မယ်ဆိုရင်လည်း 8Core သုံးထားတာကြောင့် အစစအရာလွန်နေတဲ့အပြင်၊ ဘက်ထရီမှာဆိုရင်လည်း စွမ်းရည်မြင့်မားတဲ့3,450 mAhဖြစ်ပြီး သွက်လက်လုပ်ဆောင်မှုအတွက်3GB RAMကိုသုံးထားပါတယ်။

## Exquisite frame

6PဟာNexus ဖုန်းတွေထဲမှာ ပထမဆုံးသတ္တုကိုယ်ထည်နဲ့လာတဲ့ဖုန်းဖြစ်တဲ့အပြင် သွက်လက်တဲ့လုပ်ဆောင်နိုင်မှုတွေလည်း ထည့်သွင်းပေးထားပါတယ်။ Phablet လို့ဆိုနိုင်ပေမယ့်လက်ထဲမှာ လွယ်လင့်တကူကိုင်ဆောင်နိုင်ပြီး 5.7 လက်မမျက်နှာပြင်ကို ခံစားရမှာဖြစ်ပါတယ်။ အရှေ့ဘက်မှန်သားပြင်မှာတော့ စပီကာနှစ်လုံးကိုအပေါ်ဘက်နဲ့အောက်ဘက်မှာ တပ်ဆင်ထားတာကိုတွေ့ရမှာဖြစ်ပါတယ်။ 7.3mm ထူပြီး ၁၇၈ ဂရမ်အလေးချိန်ရှိတဲ့အပြင် အသစ်ထွက်ထားတဲ့ဖုန်းတွေနဲ့ ယှဉ်လိုက်မယ်ဆိုရင်အနည်းငယ်ပိုရှည်သယောင်ရှိပါတယ်။ ကိုယ်ထည်အကွေးလေးတွေနဲ့နောက်ကျောဘက်မှာကြည့်လိုက်မယ်ဆိုရင်တော့ လက်ဗွေဖတ်စနစ်ကိုတွေ့ရမှာ ဖြစ်ပါတယ်။ ပုံရိပ်ဖော်ပြမှုကိုကြည့်လိုက်တော့လည်း QHD မှာအမြင့်မားဆုံး density ဖြစ်တဲ့ 518ppi နဲ့မြင်တွေ့ရမှာဖြစ်ပါတယ်။ 3D Curved ဖန်သားမှာသပ်ရပ်တဲ့အသွင်အပြင်ဖြစ်နေမှာပါ။

**$149**

Pixel C အတွက် ကီးဘုတ်ပဲယူမယ်ဆိုရင် ပေးချေရမယ့် ပမာဏဖြစ်ပါတယ်

**308 ppi**

Pixel C အတွက် ထည့်သွင်းပေးထားတဲ့ Pixels သိပ်သည်းမှုပမာဏဖြစ်ပါတယ်

**1:√2**

Pixel C ရဲ့ ထောင့်အချိုးဖြစ်ပါတယ်

**100%**

အနည်းဆုံး 18 လအတွင်းမှာရှိတဲ့ Nexus Device တွေရဲ့ OS Update ရရှိနိုင်မှုပါ

**90472.8mm³**

Nexus 6P ရဲ့ အရွယ်အစားထုထည်ပမာဏဖြစ်ပါတယ်

**90472.8mm³**

Nexus 5X ရဲ့ အရွယ်အစားထုထည်ပမာဏဖြစ်ပါတယ်

**20%**

နောက်ဆုံးထွက် Android OS ကို ရယူထားနိုင်တဲ့ Device တွေရဲ့ ပမာဏပဲဖြစ်ပါတယ်

**90 DAYS**

Google Play Music ကို အခမဲ့အစမ်းသုံးစွဲနိုင်မယ့်ရက်ဖြစ်ပြီး နောက်ပိုင်းမှာတော့ ဝယ်ယူသုံးစွဲရမှာပါ

# Pixel C Tablet

Google က ကီးဘုတ်နဲ့ ချိတ်ဆက်အသုံးပြုနိုင်တဲ့ Pixel C ကို မိတ်ဆက်လိုက်ပြီး Tablet/Laptop နှစ်မျိုးသုံးဖြစ်ပါတယ်။ Microsoft Surface နဲ့ Apple iPad Pro တို့ကိုယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ယခင် Device များနဲ့ ဒီဇိုင်းတူညီသော်လည်း အဓိကကွာခြားချက်နှစ်ခုမှာ Chrome OS မဟုတ်ဘဲ Android မောင်းနှင်ခြင်းနှင့် ဖြုတ်တပ်နိုင်တဲ့ ကီးဘုတ်ပါရှိလာခြင်းတို့ဖြစ်ပါတယ်။ Google က Nexus Device များကိုအခြား Hardware ထုတ်လုပ်သူများနဲ့ ပူးပေါင်းထုတ်လုပ်တာဖြစ်ပေမယ့် Pixel C ကို Google ကိုယ်တိုင်ထုတ်လုပ်တာဖြစ်ပါတယ်။ Pixel C မှာ ၁၀.၂ လက်မ ထိတွေ့မျက်နှာပြင်ပါရှိပြီး တစ်လက်မလျှင် Pixel သိပ်သည်းဆမှာ ၃၀၈ ဖြစ်ပါတယ်။ မျက်နှာပြင်ရဲ့ Resolution မှာ 2560 x1800 ဖြစ်ပါတယ်။ Nvidia X1 Quad-Core Processor, Maxwell GPU, 3GB RAM တို့ ပါရှိပါတယ်။ USB-C Port တပ်ဆင်ထားပါတယ်။ ကီးဘုတ်ကိုသံလိုက်စွမ်းအင်ဖြင့် တက်ဘလက်နဲ့ ချိတ်ဆက်ရမှာဖြစ်ပြီး iPad Pro မှာ လုပ်လို့မရတဲ့ Angle ကို ချိန်ညှိနိုင်ပါတယ်။ Surface လို Kicks-tand လည်းမလိုအပ်ပါဘူး။ ကီးဘုတ်ခလုတ်များဟာ အရွယ်ကြီး Pixel Laptops များမှ ကီးဘုတ်ခလုတ်များနဲ့အရွယ်တူညီတယ်လို့ Google က ပြောပါတယ်။ iPad Pro နဲ့ Surface Pro တို့မှာလို မဟုတ်ဘဲကီးဘုတ်ဟာ Bluetooth ဆက်သွယ်မှုဖြင့် တက်ဘလက်နဲ့ချိတ်ဆက်တာဖြစ်ပါတယ်။ အဲဒီအတွက် သံလိုက်ဖြင့်ချိတ်ဆက်မထားရင်တောင် စာရိုက်နိုင်မှာ ဖြစ်ပါတယ်။ Inductive Charging ဖြင့် ကီးဘုတ်ကို အားသွင်းပေးတဲ့အတွက် တက်ဘလက်နဲ့ချိတ်ဆက်ထားရင် အားပြည့်နေမှာဖြစ်ပါတယ်။ Pixel C ရဲ့ 32GB Model ကို ဒေါ်လာ ၄၉၉၊ 64GB Model ကို ဒေါ်လာ ၅၉၉ ဖြင့် ရောင်းချမှာဖြစ်ပါတယ်။ ကီးဘုတ်ကို ဒေါ်လာ ၁၄၉ ဖြင့်သီးခြားဝယ်ယူရမှာဖြစ်ပါတယ်။




# Chromecast

Google ရဲ့မျိုးဆက်သစ်chromecast ဟာပုံစံဒီဇိုင်းပိုင်းမှာရော စွမ်းဆောင်နိုင်မှုအပိုင်းမှာပြောင်းလဲလာပါပြီ။ အရင်ဗားရှင်းတုန်းက မန်မိုရီတစ်ပုံစံဖြစ်နေရာကနေ အခုတော့ အဝိုင်းပုံစံမှာချိတ်ဆက်ရမယ့် ခေါက်ကြိုးလေးဖြစ်သွားပါပြီ။ အစောပိုင်းထုတ်လုပ်ခဲ့တဲ့ ဗားရှင်းဟာကမ္ဘာအနှံ့ ဈေးကွက်အတွင်း သန်း၂၀ကျော်ရောင်းချမှုစံချိန်ကိုရရှိခဲ့ပါတယ်။ ဒါပေမယ့်လက်ရှိအချိန်မှာတော့ မူလchromecast ဟာနည်းပညာပိုင်းမှာနောက်ကျသွားခဲ့ပါပြီ။ ဒါကြောင့် သူတို့အနေနဲ့မျိုးဆက်သစ် chromecast ကို မိတ်ဆက်ပေးခဲ့တာပါ။ မူလဗားရှင်းကိုဝယ်ယူထားသူတွေအနေနဲ့ မျိုးဆက်သစ်ကိုဝယ်သုံးဖို့ အချိန်ပါပဲ။ ခေတ်ပေါ်ဒီဇိုင်းပုံစံနဲ့ဗားရှင်းသစ်ဟာ ရုတ်တရက်ကြည့်လိုက်မယ်ဆိုရင် ကီးချိန်းတစ်ခုနဲ့တောင်ပို၍ဆင်တူနေပါသေးတယ်။ အရောင်ရွေးချယ်မှုအပိုင်းမှာလည်း သုံးမျိုးဖြစ်သွားပြီးဖက်ရှင်ပိုင်းကိုပါ ဦးစားပေးထားပါတယ်။ အရင်ထွက်ထားတဲ့ဗားရှင်းနဲ့ အကြီးမားဆုံးကွာဟသွားတာကတော့ ဝိုင်ယာလက်စနစ်နဲ့ဆော့ဖ်ဝဲပါဝင်မှုအပိုင်းတွေပဲ ဖြစ်ပါတယ်။ အသစ်ထွက်လာတဲ့ Chromecast ဟာကွန်ရက်အလုပ်လုပ်နိုင်စွမ်းအဖြစ် 5GHz စံနှုန်းမှာဖြစ်ပြီး၊ အရင်ထွက်ထားတဲ့ ဗားရှင်းတုန်းကတော့ 2.4GHz နှုန်းနဲ့ လက်ခံဆောင်ရွက်နိုင်ပါသေးတယ်။ ပိုမိုသွက်လက်မြန်ဆန်တဲ့ဒေတာစီးဆင်းမှုနှုန်းကို ရရှိစေပါလိမ့်မယ်။ မျိုးဆက်သစ်မှာထည့်သွင်းပေးထားတဲ့ software ရဲ့လုပ်ဆောင်နိုင်မှုကြောင့် မြန်ဆန်၊ လွယ်ကူစွာနဲ့မိမိကြည့်ချင်တာတွေကို ရှာဖွေဖော်ပြပေးမှာပါ။ TV Showပေါင်း ၂သိန်းကျော်နဲ့ရုပ်ရှင်တွေကိုကြည့်ရှုနိုင်စေမှာဖြစ်ပါတယ်။ မိုဘိုင်းဖုန်းနဲ့ချိတ်ဆက်ပြီးတော့လည်း ပုံတွေကိုချိတ်ဆက်ပြီးကြည့်နိုင်ပါလိမ့်မယ်။ သုံးစွဲသူအနေနဲ့ဖုန်းမှာ Movie တစ်ခုကိုကြည့်နေရင်း TV ပေါ်ကိုရွှေ့ပြောင်းကြည့်လိုက်မယ်ဆိုရင် လက်ရှိကြည့်နေတဲ့နေရာကနေပြသပေးမှာဖြစ်ပါတယ်။ သင့်ရဲ့ ဂိမ်းကစားခြင်းအတွေ့အကြုံသစ်ကိုပေးစွမ်းမှာဖြစ်ပြီး Wii U ပုံစံကိုကြိုက်နှစ်သက်သူတွေအတွက် အဆင်ပြေစေမှာဖြစ်ပါတယ်။




# Chromecast Audio

Chromecast မျိုးဆက်သစ်ကိုပြသခြင်းနဲ့ အတူသီချင်းနားဆင်လိုသူတွေအတွက် Chromecast audioကိုပါပွဲထုတ်ပေးလိုက်ပါတယ်။ ပုံစံဒီဇိုင်းကိုကြည့်လိုက်မယ်ဆိုရင် မျိုးဆက်သစ် chromecast နဲ့ဆင်တူပြီး သင့်ရဲ့စပီကာကိုသက်သာတဲ့ဈေးနှုန်းနဲ့ စမတ်ကျလုပတဲ့ပုံစံပြောင်းလဲပေးမှာဖြစ်ပါတယ်။ သူနဲ့တွဲဖက်အလုပ်လုပ်ဖို့အတွက် 3.5mm audio ကြိုးတစ်ခုပါဝင်လာမှာဖြစ်ပါတယ်။ Chromecast audio ကိုစတင်သုံးစွဲတော့မယ်ဆိုတာနဲ့စပီကာမှာသွားရောက်ချိတ်ဆက်ပေးရမှာဖြစ်ပါတယ်။ ဒါဟာသီချင်းတွေကိုချိတ်ဆက်ပေးမယ့် အရာဖြစ်ပြီးသူ့ကိုအားသွင်းဖို့အတွက် Micro USB port ကိုသုံးရမှာဖြစ်ပါတယ်။ နောက်ထပ်လိုအပ်တာကတော့ Chromecast ကိုသုံးဖို့အတွက် app ကိုသက်ဆိုင်ရာ store တွေမှာ သွားရောက်ရယူရမှာဖြစ်ပါတယ်။ cast button ကိုသုံးပြီးတော့ သင်နားထောင်နေတဲ့သီချင်းတွေကို စပီကာဆီကိုလွှဲပြောင်းနားဆင်နိုင်မှာဖြစ်ပါတယ်။ သင်ကိုင်ဆောင်နေတဲ့ဖုန်းဟာ သီချင်းတွေကိုနားဆင်စေဖို့အတွက် ထိန်းချုပ်ခလုတ်တစ်ခုအဖြစ်ရှိနေမှာပါ။ Cast button ဟာသီချင်းတွေရှာဖွေတာ၊ နားထောင်တာ၊ ရပ်တန့်တာတွေကိုပြုလုပ်နိုင်မယ့်အပြင် အသံအတိုးအကျယ်တွေပါ ပြုလုပ်နိုင်မှာပါ။ သင့်အိမ်ရဲ့ဘယ်လိုနေရာတွေရောက်နေပါစေပြုလုပ်သုံးစွဲနိုင်စေမယ့် Multi-room လုပ်ဆောင်ချက်လို့တောင်ဆိုနိုင်ပါတယ်။ iPhone,iPad,android device တွေနဲ့တင်မကပါဘူး။ Mac,windows လက်တော့တွေနဲ့လည်းချိတ်ဆက်သုံးနိုင်ပါလိမ့်မယ်။ သင်အကြိုက်နှစ်သက်ဆုံးသီချင်းတွေကိုနေရာမရွေးနားဆင်နိုင်မှာဖြစ်ပြီး သန်း ၃၀လောက်သီချင်းတွေကို ရရှိနိုင်ပါလိမ့်မယ်။ Pandora, Google Play Music, Spotify, iHeartRadio နဲ့ Rdio တို့မှာရှိတဲ့သီချင်းတွေရရှိနိုင်မှာပါ။



# PRODUCTS GUIDE

LOCAL MARKET

## TK-102A GSM SIM, GPRS, GPS Tracker

**Price : 34 ,900 Kyats Contact Ph :01 252627**

Satellites နဲ့ချိတ်ဆက်ပြီးရောက်ရှိနေသော နေရာကို အတိအကျပြသ လမ်းညွှန်ပေးနိုင်မယ့် Tracker လေးပဲဖြစ်ပါတယ်။ လိုအပ်သော Setting များကို အလွယ်တကူပြုလုပ်နိုင်ပြီး GSM Sim Card ထည့်သွင်းအသုံးပြုရမှာဖြစ်ပါတယ်။ Sim Card ကို Massage ပို့လိုက်ရုံဖြင့် ရောက်ရှိနေသော နေရာအားအတိအကျ ပြန်လည်ကြည့်နိုင်ဖို့ Link တစ်ခု Reply ပြန်ပေးမှာဖြစ်ပါတယ်။ အသုံးပြုမည့် Phone နံပါတ်အား Authorized ပြုလုပ်ပြီးပါက ရောက်ရှိနေသောနေရာတိုင်းကို Auto massage ပို့ဆောင်ပေးမှာမို့ အသုံးပြုရအဆင်ပြေစေနိုင်မှာဖြစ်ပါတယ်။ ဒီ Tracker လေးက ကလေးသူငယ်၊ သက်ကြီးရွယ်အိုများနှင့်အတူ ဆောင်ထားဖို့သင့်တော်စေနိုင်ပြီး မိမိရဲ့ လုပ်ငန်းသုံး၊ ကိုယ်ပိုင်သုံးကားများအတွင်းမှာလည်း တပ်ဆင်ထားဖို့အတွက် အသုံးပြုနိုင်မှာဖြစ်ပါတယ်။



## Cross Line Laser Fukuda 436BB

**Price : 129,000 Kyats, Contact Ph :09 91039206**

အမျိုးမျိုးသော ရေချိန် Level ညီ၊ မညီတာတွေကို အလွယ်တကူတိုင်းတာ အသုံးပြုနိုင်ဖို့အကူအညီရစေမယ့် ပစ္စည်းလေးပဲဖြစ်ပါတယ်။ ရေပြင်ညီမျဉ်းသုံးလိုင်းနှင့် ဒေါင်လိုက် လေးလိုင်းပါဝင်တာမို့ အခန်းတွင်းပတ်ပတ်လည်မြင်တွေ့စေနိုင်ပြီး အသုံးပြုရအဆင်ပြေစေနိုင်မှာဖြစ်ပါတယ်။ Read Laser Line ကို အချင်းဝက် ပေ ၆၀ ထိ အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ရေချိန်မညီပါက အသံနဲ့ Alert ပေးစနစ်ဖြင့် အချက်ပြသပေးမှာဖြစ်လို့ တိကျစွာနဲ့ စိတ်ချလက်ချအသုံးပြုနိုင်မှာပဲဖြစ်ပါတယ်။ Laser Wavelength အားဖြင့် 635nm ကိုအသုံးပြုနိုင်မှာပဲဖြစ်ပါတယ်။ Laser Power ကို အထူ၊ အပါး နှစ်မျိုးဖြင့်လိုသလိုပြောင်းလဲပြီးလည်းအသုံးပြုနိုင်ပါတယ်။ Laser Line ကိုပိုမိုမြင်သာပြီး မျက်လုံးထိခိုက်မှုကိုကာကွယ်ပေးနိုင်မယ့် အနီရောင်မျက်မှန်ကိုလည်းထည့်သွင်းပေးထားပါတယ်။



## Sport Digital Camera Watch

**Price : 26,900 Kyats, Contact Ph :01 252627**

လက်ပတ်နာရီတစ်လုံးလို အသုံးပြုဝတ်ဆင်နိုင်ပြီး လိုအပ်ပါက Hidden Camera ငယ် တစ်ခုအဖြစ်လည်းအသုံးဝင်စေနိုင်မယ့် Product လေးပဲဖြစ်ပါတယ်။ အနက်ရောင် Color နှင့် ရှုပ်ထွေးနေသော လက်တံများကြားမှာ Camera ကိုမြုပ်နှံပေးထားတာမို့ ဘေးလူတစ်ယောက်အနေနှင့် လွယ်လွယ်မသိစေနိုင်ပါဘူး။ Photo, Video, Voice Record များကို မှတ်တမ်းပြုနိုင်ပြီး အသုံးပြုနေပုံကို သေးငယ်တဲ့ LED မီးလေးမှအချက်ပြလုပ်ဆောင်ပေးနေမှာမို့ လွယ်ကူအသုံးဝင်စေနိုင်မှာဖြစ်ပါတယ်။ Build in Storage အနေဖြင့် 8GB ပါဝင်ပေးထားပါတယ်။ Resolution 640×480 ဖြင့် Format AVI, JPG ဖြင့်ပြတ်သားတဲ့ ရုပ်ထွက်များကို record ယူထားပေးမှာဖြစ်ပါတယ်။ Full Charge ဖြင့် 2 hours အလုပ်လုပ်ပေးနိုင်တာမို့ အသုံးပြုရအဆင်ပြေစေနိုင်မှာဖြစ်ပါတယ်။



## LG TV 43" LF540T

**Price : 530,000 Kyats , Contact Ph :01 254559**

LG TV သည်ဖျော်ဖြေမှုအခွင့်အရေးများနှင့် ဆက်သွယ်မှုများကို အခြားသော အွန်လိုင်းအဆက်အသွယ်များနှင့် လွယ်ကူစွာချိတ်ဆက်နိုင်ပါတယ်။ ရိုးရှင်းသော immersive မြင်ကွင်း။ LG ရဲ့ MCI 800 ဟာမှုန်ဝါးခြင်းအနည်းငယ်လောက်တောင်မရှိဘဲ ရှင်းလင်းသော ရုပ်ထွက်ကိုရရှိစေမှာပါ။ LG နောက်ဆုံး Update Version တစ်ခုဖြစ်တဲ့ Time Machine စနစ်ကတော့ မိမိနှစ်သက်တဲ့အစီအစဉ်တွေကို ရပ်ထားခြင်းပြန်လည်ကြည့်ရှုခြင်းတို့ကို ပြုလုပ်နိုင်မှာပါ။ LG TV တွင် မည်သည့်အစက်အပြောက်ကိုမှ မတွေ့ရဘဲ ကောင်းမွန်တဲ့ ထောင့်ချိုးတွေက သာလွန်ကောင်းမွန်အောင်ပြုလုပ်ထားပါတယ်။ ထောင့်ချိုးပုံစံဖြင့်ပြုလုပ်ထားပြီး သတ္တုဒီဇိုင်းပုံစံဖြင့် ထုတ်လုပ်ထားတာဖြစ်ပါတယ်။ သဘာဝအကျဆုံးအသံပတ်လည်ပြေးစနစ်ကို ရရှိစေနိုင်ရန်အတွက် ပေါင်းထည့်ပေးထားပါတယ်။



## EPSON 4 Color Ink Jet Printer (Model :L120)



**Price - 135,000 Kyats**

**Shop - Multi Generation**

**Phone- 09 73240123**

စျေးကွက်ထဲသို့ ဝင်ရောက်လာသော EPSON အမှတ်တံဆိပ် 4 Color Ink-Jet Printer ဖြစ်ပါတယ်။ ယခင်စျေးကွက်တွင် လူကြိုက်များခဲ့သော Epson အမှတ်တံဆိပ် L110 နေရာတွင် ယခု L120 မော်ဒယ်နံပါတ်ဖြင့် Printer Speed ISO 8.5 Print Per Minute နည်းပညာစနစ်ပါရှိသည့် မော်ဒယ်လ်သစ်အမျိုးအစားဖြစ်ပါတယ်။ Print Resolution 720 × 720 dpi အမျိုးအစားဖြစ်ပြီး EPSON GENUINE INK သည် အရည်အသွေးကောင်းကောင်းပုံနှိပ်ပေးနိုင်ပြီး အရေအတွက်များများ ထုတ်ယူနိုင်သောကြောင့် ကုန်ကျစရိတ်လွန်စွာသက်သာသော နည်းပညာစနစ်များဖြင့် ဖွဲ့စည်းထားပါတယ်။ အဖြူ အမည်းဖြင့် စက္ကူထုတ်လျှင် အရွက်ရေ ၄၀၀၀ ထိ ထုတ်နိုင်သောကြောင့် ကုန်ကျစရိတ်လွန်စွာ သက်သာစေမှာဖြစ်ပါတယ်။ Compact Design ဖြစ်သောကြောင့် နေရာစားသက်သာပြီး၊ အိမ်သုံး၊ ရုံးသုံးအတွက် အထူးသင့်လျော်ပါတယ်။

## Samsung JU7500 Curved UHD TV

PurColor နည်းပညာဟာ တီဗီပေါ်မှာ အရောင်အသွေးတွေကို သဘာဝအရောင်နဲ့ ပိုမိုနီးစပ်ပြီးသန့်စင်တဲ့ အရောင်သွေးပုံရိပ်တွေကိုဖန်တီးပေးမှာဖြစ်ပါတယ်။ UHD Dimming ဟာ UHD ရုပ်ထွက်အရည်အသွေးရစေဖို့ သာလွန်ကောင်းမွန်တဲ့ အလင်းအမှောင်ချိန်ညှိမှုကိုပေးစွမ်းပြီး ပိုမိုနက်နဲတဲ့ အနက်ရောင်နဲ့ပိုမိုသန့်စင်တောက်ပတဲ့ အဖြူရောင်တို့ရရှိအောင်တိကျစွာအရောင်ချိန်ညှိပေးပါတယ်။ အရည်အသွေးနိမ့်ပုံရိပ်များကိုတောင် ပိုမိုသိပ်သည်းပြတ်သားတဲ့ ရုပ်ထွက်အရည်အသွေးရရှိအောင် အဆင့်မြှင့်တင်ပေးနိုင်တာကတော့ Samsung ရဲ့ UHD Upscaling နည်းပညာဖြစ်ပါတယ်။ ဒီနည်းပညာဟာ ရုပ်ပုံတွေကို UHD အဆင့်ထိအနီးစပ်ဆုံးရောက်အောင် သိသိသာသာမြှင့်တင်ပေးမှာဖြစ်ပါတယ်။ သေသပ်လှပတဲ့ ပြင်ပဒီဇိုင်းနဲ့အတူ SAMSUNG ရဲ့ မူပိုင် Auto Depth Enhancer ဟာတီဗီရှုမြင်ခံစားမှုအတွေ့အကြုံကို ပိုမိုနက်ရှိုင်းစေပါတယ်။ ပုံရိပ်အတွင်းမှာရှိတဲ့တည်နေရာပေါ်မူတည်ပြီး သင့်လျော်သလို အလင်းအမှောင်ချိန်ညှိပေးတာကြောင့် ၎င်းဟာပုံရိပ်တိုင်းရဲ့ နက်ရှိုင်းမှုသွင်ပြင်ကို ထပ်လောင်းအားဖြည့်ပေးပါတယ်။




**Price - 2,000,000 Kyats (48")**

**Shop - Samsung Showroom**

**Phone- 01 2399888**

## Samsung J4100 (Family TV)



**Price - 230,000 Kyats (24")**

**Shop - Samsung Showroom**

**Phone- 01 239 9888**

Wallmount Convertible ပုံစံဟာ ညှိခန်းကျဉ်းလို့ဖြစ်စေ၊ စင်ထားဖို့အဆင်မပြေလို့ဖြစ်စေ၊ တီဗီနေရာချထားဖို့ အဆင်မပြေသူတို့အတွက်တီဗီတင်ဖို့ စင်မလိုဘဲ နံရံမှာချိတ်ဆွဲနိုင်လို့ ထူးခြားခန့်ညားတဲ့အမြင်တစ်မျိုးရရှိရုံသာမက နေရာအခက်အခဲစိတ်ပူစရာမလိုခြင်း။ အမြင်ရှင်းလင်းခြင်းစတဲ့ အကျိုးကျေးဇူးတွေကိုရရှိစေမှာပါ။ Story Replay လုပ်ဆောင်ချက်နဲ့ဆိုရင် ကြိုက်နှစ်သက်ရာ တီဗီအစီအစဉ်မှ ကူးယူထားလိုက်တဲ့ ရုပ်ပုံတွေကို အသံအစအဆုံးနဲ့အတူ အစဉ်အလိုက်ပြန်ကြည့်ရှုနိုင်မှာပါ။ ဒါ့အပြင် တီဗီနဲ့ချိတ်ဆက်ထားတဲ့ External Storage Device ထဲမှာ ထိုရုပ်သံကူးယူမှုကိုသိမ်းဆည်းထားနိုင်ပါတယ်။ Screen Capture ကဟင်းချက်နည်း တွေနဲ့ ဓာတ်ပုံကဲ့သို့ တီဗီမှ အသုံးဝင်တဲ့အချက်အလက်တွေကို သိမ်းဆည်းရာမှာ အရမ်းအသုံးဝင်ပါတယ်။ Sound Capture လုပ်ဆောင်ချက်ကိုအသုံးပြုပြီး တီဗီနဲ့ချိတ်ဆက်ထားတဲ့ External Storage Device ထဲမှာ တီဗီပေါ်မှ အသံဖမ်းယူထားခြင်းနဲ့ပုံရိပ်များကို ဓာတ်ပုံအဖြစ်ဖမ်းယူသိမ်းဆည်းခြင်းတို့ကို ပြုလုပ်နိုင်မှာဖြစ်ပါတယ်။

## Samsung 32" HD Flat Smart TV (UA32J4303)

Samsung အမှတ်တံဆိပ် ၂၀၁၅ ခုနှစ်ထုတ် (၃၂) လက်မ အရွယ်အစား HD Flat Smart TV အမျိုးအစားဖြစ်ပါတယ်။ Wide Color Enhancer နည်းပညာကို အသုံးပြုထားပြီး၊ လှုပ်ရှားမှုပုံရိပ်တိုင်းသည် ကြည်လင်ပြတ်သားပြီး ထစ်ခြင်းမရှိသော Clear Motion Rate 100Hz နည်းပညာဖြင့် ဖွဲ့စည်းထားပါတယ်။ Wireless LAN Built In ပါရှိပြီး၊ Smart Internet TV ဖြစ်သောကြောင့် အင်တာနက် (FaceBook, YouTube, SKYPE) အစရှိသည်တို့ ကို အသုံးပြုနိုင်ပါတယ်။ Wi-Fi Direct ပါရှိသောကြောင့် သင့်လက်ကိုင်ဖုန်းမှ Movies, Music, Photo, Game များကို TV ပေါ်သို့ပို့နိုင်သော အဆင့်မြင့်နည်းပညာပါရှိပါတယ်။ ဒါ့အပြင် All Share (Content/ Sharing/ Screen Mirroring) အသုံးပြုနိုင်သောကြောင့် သုံးစွဲသူတွေအကြိုက်တွေ့စေမှာပါ။ အခမဲ့ရုပ်သံလိုင်းများကို ဖမ်းယူကြည့်ရှုရန် Digital Tuner (DVB-T2) ပါရှိပါတယ်။ အသံနည်းပညာပိုင်းမှာ အဆင့်မြင့်နည်းပညာဖြစ်သော DTS Studio တည်ဆောက်ထားသောကြောင့် အိမ်တွင်းရုပ်ရှင်ရုံသဖွယ်နားဆင်ခံစားနိုင်ပါတယ်။



**Price - 350,000 Kyats**

**Shop - Multi Generation**

**Phone - 09 73240123**

## Silicon Power Power Bank P51

SP မှ အသစ်ထွက်ရှိလာတဲ့ Power Bank P51 နဲ့မိတ်ဆက်ပေးချင်ပါတယ်။ Power Bank P51 ရဲ့ ထူးခြားချက်ကတော့ သင့်ရဲ့ Mobile Phone နှင့် Tablet တွေမှာအသုံးပြုနိုင်အောင် Capacity 5200mAh ဖြင့် Dual USB 2.1 A Output နဲ့ထွက်ရှိလာခြင်းကြောင့် ပုံမှန်ထက် Fast Charging Speed 2 ဆ ပေးစွမ်းနိုင်သော PowerBank တစ်ခုဖြစ်ပါတယ်။ Battery အတွင်းပိုင်းကိုလည်း လုံခြုံစိတ်ချမှုကို ဦးစားပေးသည့် အနေဖြင့် စွမ်းအင်ကာကွယ်မှုလေးဆင့်ပါရှိသော Utilize Samsung Battery Cells များဖြင့် ထုတ်လုပ်ထားပါတယ်။ 1 Year Warranty ပေးထားတာကြောင့် သုံးစွဲသူ User များအနေဖြင့် အခက်အခဲမရှိစိတ်အေးချမ်းသာမှု အပြည့်အဝ ရရှိနိုင်မည့် Power bank တစ်ခုဖြစ်ပါတယ်။ Power Bank P51 ကို Colour အနေဖြင့် White, Black, Blue နှင့် Pink အရောင် (၄) မျိုးဖြင့် မိမိစိတ်ကြိုက်ရွေးချယ်ဝယ်ယူနိုင်ပါတယ်။ SP ချစ်သူများအတွက် 2015 နှစ်ကုန် The End of Year Promotion အဖြစ် SP Power Bank ဝယ်ယူသူတိုင်း LED Flash Lamp တစ်ခုရရှိမည့်အခွင့်အရေးအပြင် Smart Watch နှင့် Selfie Stick များထပ်ဆင့်ကံထူးနိုင်မည့်အစီအစဉ်အား November -1 ရက်နေ့မှ December -31 ရက်နေ့အထိပြုလုပ်ပေးမှာဖြစ်ပါတယ်။



**Price - 1,7600 Kyats**

**Shop - ASUS**

**Phone - 01 2304849**

## Dell IN5558-I75500-8-1TB-SV-W10-D4



ဒီတစ်ပတ်အတွက် Dell မှ နောက်ဆုံးအသစ်ထွက်ရှိလာတဲ့ Inspiron 5000 Series ဖြစ်တဲ့ Tulip Design NB ကိုပြောပြပေးပါမယ်။ Processor i7-5500 U ဖြစ်သည့်အပြင် သူ့ရဲ့ CPU Speed ကလည်း 2.4GHz လောက်အထိရှိပြီး Turbo Boast (3M Cache, up to 3.0GHz) လောက်အထိအမြန်နှုန်းမြင့်ပါတယ်။ သူ့ရဲ့ မှတ်ဉာဏ်ကိုလည်း 8GD3L/ 1600MHz ထည့်ပေးထားတဲ့အတွက် Data တွေကိုအမြန်ဆုံးနှုန်းနဲ့မှတ်ပေးမှာဖြစ်ပါတယ်။ ၁ မိနစ်ကို 5400rpm နှုန်းနဲ့ 1TB HDD ဖြစ်တဲ့အတွက်လည်း မိမိတို့၏ Video Files များ၊ Photos များ၊ အခြားအရေးကြီး Data များနှင့် Games များစွာကိုလည်း လုံလုံလောက်လောက်ထည့်သွင်းနိုင်မှာဖြစ်ပါတယ်။ Camera ကလည်း HD Webcam ကိုသုံးပေးထားတဲ့အတွက် Resolution ကအစပိုမိုကောင်းမွန်စေပါတယ်။ Graphic ပိုင်းတွင်လည်း Nvidia Geforce GT920M 4GB DDR3 အမြင့်ပိုင်း Graphic Card ကိုသုံးပေးထားတဲ့အတွက် Game အမြင့်ပိုင်းတွေဆော့ချင်လား။ Design ပိုင်းတွေမှာ သုံးချင်လား အဆင်ပြေအောင်သုံးစွဲနိုင်ပါတယ်။ Screen Size 15.6" ဖြစ်တဲ့အတွက် numeric keypad ပါဝင်ပြီး Size ကြီးတာကိုကြိုက်နှစ်သက်သူတွေအတွက် အဆင်ပြေစေမယ့် Notebook တစ်လုံးဖြစ်ပါတယ်။ Internet အသုံးပြုနိုင်မည့် WiFi စနစ်ပါဝင်ပြီး External Port တွေဖြစ်တဲ့ HDMI, LAN, Card Reader, USB Ports တွေလည်း စုံလင်စွာထည့်ပေးထားပါတယ်။

**Price - US$ 809**

**Shop - ASUS**

**Phone - 01 2304848**

## Transcend OTG JF380G/S

သုံးစွဲသူများအံ့ဩသွားလောက်တဲ့ ဒီဇိုင်းနှင့် ထပ်မံရောက်ရှိလာတဲ့ Transcend Jet Flash 380G/S နှင့် မိတ်ဆက်ပေးပါရစေ။ ဒီ Transcend Jet Flash 380G/S လေးမှာဆိုရင် USB ခေါင်း (၂) မျိုးနှင့် ပွဲထွက်လာပါတယ်။ Smart Phone, Tablet တို့အတွက် Mini USB နှင့် Desktop & Laptop တို့အတွက် Full USB တို့ဖြင့် ဆင်ယင်ထားတဲ့အတွက် Data ပြောင်းရွှေ့မှုတွင် ပိုမိုလွယ်ကူစေမှာအမှန်ပါ။ ရွှေရောင် ငွေရောင် နှစ်မျိုးနှင့် ဆင်ယင်ထားပြီး Mini USB ခေါင်းလေးကို အနက်ရောင် ဖိုင်ဘာအဖုံးနှင့် ဖုံးအုပ်ထားတဲ့အတွက် တစ်မျိုးဆန်းသစ်နေမှာပါ။ Transcend Products များဟာ ဆိုရင်ဒီဇိုင်းလှပရုံတင်မကဘဲ အရည်အသွေး၊ အကြမ်းခံမှုမှာပါ ပြောစရာမလိုလောက်အောင် အဖက်ဖက်ကပြည့်စုံစေပါတယ်။ Transcend JetFlash 380G/S ဟာရေစိုခံ Products ဖြစ်ပြီး Data ပြောင်းရွှေ့ရာတွင် အဆင်ပြေစေအောင် Super Speed USB 2.0 ကိုထည့်သွင်းပေးထားပါတယ်။ Transcend Jet Flash 380G မှာပျောက်ဆုံးသွားတဲ့ သင့်ရဲ့ တန်ဖိုးရှိလှတဲ့ Data တွေကို Recover ပြုလုပ်ဖို့အတွက် Recover Software ပါဝင်သည့်အပြင် Transcend Elite Data management Software ပါဝင်ပါသည်။ ဒီ Jet Flash လေးဟာ OTG Device ဖြစ်တဲ့အတွက် လမ်းပေါ်မှာတင်ပဲ သင့်ရဲ့ Data တွေကို အလွယ်တကူရွှေ့ပြောင်းပေးနိုင်တဲ့အပြင် Android Devices များနှင့်လည်းအဆင်ပြေပါတယ်။ Warranty ကိုလည်း Lifetime ပေးထားတဲ့အတွက် ယုံကြည်စိတ်ချစွာအသုံးပြုနိုင်ပါတယ်။




**Price - 17,000 Kyats (32GB)**

**Shop - ACER**

**Phone- 01 227781**

## MSI GP62 2QE Leopard Pro (5th Gen-Corei7) Gaming (15.6") Notebook






MSI GP62 2QE Leopard Gaming Notebook ဟာ MSI ၏ 5th Gen CPU နှင့် 15.6" Gaming Notebook အမျိုးအစားဖြစ်ပါတယ်။ နောက်ဆုံးထွက်ရှိလာတဲ့ 5th Gen CPU Core i7 (5700HQ, 2.7GHz) ကို တပ်ဆင်အသုံးပြုထားသောကြောင့် သာလွန်တဲ့စွမ်းဆောင်ရည်ကိုပိုမိုရရှိစေမှာဖြစ်ပါတယ်။ Memory ကို 8GB DDR3 1600 MHz တပ်ဆင်ထားပြီး 16GB အထိ အမြင့်ဆုံးတပ်ဆင်နိုင်မှာဖြစ်ပါတယ်။ Graphic အနေဖြင့် nVidia Geforce GTX950M, 2GB GDDR3 အမျိုးအစားကို အသုံးပြုထားသောကြောင့် Gaming Performance ကိုအမြင့်ဆုံးရရှိနိုင်ပါတယ်။ 1TB HDD ပါဝင်သောကြောင့် Data သိုလှောင်မှုအပိုင်းမှာလည်း ပြောစရာမရှိလောက်အောင် လုံလောက်စေမှာဖြစ်ပါတယ်။ Anti-Glare စနစ်အသုံးပြုထားတဲ့ 15.6" LED Display ကအကောင်းဆုံးပုံထွက်တွေကိုပေးစွမ်းမှာဖြစ်ပြီး Full HD ကို resolution (1920×1080) ဖြင့်လုပ်ဆောင်ပေးမှာဖြစ်ပါတယ်။ Steelseries Engine အမျိုးအစားနှင့် Keyboard ကိုအသုံးပြုထားသောကြောင့် အသုံးပြုသူများအတွက် လွယ်ကူအဆင်ပြေစေမှာဖြစ်ပါတယ်။ Feature အသစ်ဖြစ်တဲ့ "SHIFT" ဟာ Gaming Notebook ၏ Performance နဲ့ temperature အတွင်းရှိစနစ် ထိန်းညှိမှုကိုလုံးဝထိန်းချုပ်ပေးနိုင်ပါတယ်။ ထို့အပြင် GB LAN, WLAN, HD Webcam, Bluetooth 4.0 Version, HDMI, Display Port, USB 3.0 D-Sub, eSATA တို့ပါဝင်ပါတယ်။ Battery အားဖြင့် 6 Cells ဖြစ်သောကြောင့် Battery Life Time ကိုကြာရှည်အသုံးပြုနိုင်ပါတယ်။ MSI ၏ Gaming Feature တွေဖြစ်တဲ့ Matrix Display System ၊ အအေးပေးစနစ်ကို ပိုကောင်းအောင်ပြုလုပ်ထားတဲ့ Cooler boost နည်းပညာ၊ အသံစနစ်တွင် အသံ၏ အသေးစိတ်ကြည်လင်ပြတ်သားမှုနှင့် Surround Sound System တွေကို အပြည့်အဝခံစားနိုင်မည့် Audio boost နှင့် Sound Blaster Cinema System တွေအပြင် Online ပေါ်က HD Video , High Quality Audio တွေနဲ့ Online Game တွေကိုအထစ်အငေါ့မရှိဘဲအသုံးပြုနိုင်မယ့် High Quality Audio တွေနဲ့ Online Game တွေကို အထစ်အငေါ့မရှိဘဲအသုံးပြုနိုင်မယ့် Killer E2200 LAN နှင့် Xsplit Gamecaster တွေပါဝင်ပါတယ်။

**Price - US$ 1100**

**Shop - MSI**

**Phone - 01 240110**

## Gold Mobile

Ph: 01-224922

| Handset | |
|---|---|
| Ascend G7 | 320000 |
| Honor (16GB) | 135000 |
| Honor 620s (White) | 133000 |
| Honor 4G | 128000 |
| Honor (Ram 1GB) | 165000 |
| Honor 6 | 300000 |
| Honor 4X (2GB) | 178000 |
| Honor (4GB) | 112000 |
| Honor 4X (C+G) | 198000 |
| Galaxy A3 | 289000 |
| Galaxy J1 | 120000 |
| Galaxy Grand Prime | 201000 |
| Galaxy Core Prime | 139000 |
| Galaxy Grand Neo Plus | 160000 |
| Galaxy Mega 2 | 300000 |
| LG L7 II | 220000 |
| Mate 7 | 580000 |
| Y625 (Gold) | 128000 |
| Honor 620S (Black) | 133000 |
| Y330C | 75000 |
| C8816 (C) | 109000 |
| G730U | 147000 |
| Y 3C | 79000 |
| Y 5C | 95000 |
| Y 520 | 92000 |
| 629 (W) | 145000 |
| Y6 (W) | 152000 |
| 8816D | 128000 |
| P8 | 559000 |
| P8 Lite | 249000 |
| G7 Plus | 455000 |
| G-Play Mini (W) | 175000 |
| G-Play Mini (G) | 179000 |
| G-Play (G) | 198000 |
| Honor 4G | 112000 |
| M1 | 138000 |
| Red Mini Note-2 | 160000 |
| Mini Note | 140000 |

## Coolpad

live smart

Ph: 09-73059274

| Coolpad | |
|---|---|
| 5109S (White) | 34000 |
| 5200s (Black) | 42000 |
| 5316 (White) | 75000 |
| 7061 (Black) | 48000 |
| 7061-S40 (White) | 51000 |
| 7105 (White) | 49000 |
| 7275 (Black) | 74000 |
| 7298A (White) | 88000 |
| 7298D (Blue) | 74000 |
| 8079 (Black) | 49000 |
| 8297W-01 (White) | 92000 |

## acer

explore beyond limits™

Ph: 01- 2301797, 2301798

| acer | |
|---|---|
| Liquid Z200 | 48000 |
| Liquid Z4 | 69000 |
| Liquid Z520 | 145000 |
| Liquid Jade | 286000 |
| Liquid A1-713(Tab7) | 198400 |
| Liquid A1-724 | 254720 |

## HOT 1 MOBILE

Ph: 09- 250033115

| Huawei | |
|---|---|
| Y3C | 79000 |
| Y5C | 88000 |
| Honor 4X (RAM 2GB) | 172000 |
| Honor 4X (RAM 1GB) | 160000 |
| **Samsung** | |
| Neo Plus | 160000 |
| A5 | 355000 |
| Mega II | 295000 |
| J5 | 225000 |
| **HTC** | |
| 820 | 315000 |
| **Xiaomi** | |
| Red Mi Note-2 | 180000 |
| Red Mi Note Prime | 213000 |
| Mi-2 | 110000 |

## CTM

Computer System

Ph: 224502, 09-8617210

| iPhone | |
|---|---|
| iPhone 6 (16GB) | 750000 |
| iPhone 6 (64GB) | 829000 |
| iPhone 6 (128GB) | 910000 |
| iPhone 6 Plus (16GB) | 875000 |
| iPhone 6 Plus (64GB) | 915000 |
| iPhone 6 Plus (128GB) | 999000 |
| iPhone 6S (16GB) | 869000 |
| iPhone 6S (64GB) | 1019000 |
| iPhone 6S Plus (16GB) | 1049000 |
| iPhone 6S Plus (64GB) | 1219000 |
| **Xiaomi** | |
| Xiaomi MI Note Pro | 599000 |
| Xiaomi MI4i C | 295000 |
| Redmi Note 2 Prime | 185000 |
| Redmi Note (Dual Sim) | 139000 |
| Redmi Mi 2 | 99000 |
| MIZU M2 Note | 159000 |
| MIZU M2 | 125000 |
| **Sony** | |
| Xperia Z5 | 785000 |
| Xperia Z3 | 520000 |
| Xperia Z2 4G | 425000 |
| Xperia Z Ultra | 335000 |
| Xperia M5 | 462000 |
| Xperia C5 | 405000 |
| Xperia C4 | 335000 |
| **Samsung** | |
| Note 5 | 869000 |
| Galaxy S6 | 715000 |
| Galaxy S6 Edge | 859000 |
| Galaxy Note 4 | 669000 |
| Galaxy A8 | 569000 |
| Galaxy A7 | 449000 |
| Galaxy A5 | 357000 |
| Galaxy A3 | 285000 |
| Galaxy J7 | 285000 |
| Galaxy J5 | 229000 |
| Galaxy J2 | 152000 |

## T.LAND

T-Land IT, Digital & Mobile

Ph: 01-382868, 01-398343

| Lenovo | |
|---|---|
| Lenovo Zuk Z1 | 367000 |
| Lenovo Vibe Z90 | 390000 |
| Lenovo Vibe Z2 Pro | 396000 |
| Lenovo Vibe Z2 | 238000 |
| Lenovo Vibe X2 Pro | 246000 |
| Lenovo Vibe P1 | 358000 |
| Lenovo K3 Note | 205000 |
| Lenovo K30 | 147000 |
| Lenovo K80 | 250000 |
| Lenovo S90 | 189000 |
| Lenovo S60w | 169000 |
| Lenovo S960 | 190000 |
| Lenovo S930 | 175000 |
| Lenovo S939 | 169000 |
| Lenovo S856 | 135000 |
| Lenovo S850 | 175000 |
| Lenovo P780 | 120000 |
| Lenovo A7600 | 185000 |
| Lenovo A936 | 179000 |
| Lenovo A916 | 129000 |
| Lenovo A858t | 110000 |
| Lenovo A889 | 145000 |
| Lenovo A816 | 127000 |
| Lenovo 616 | 109000 |
| Lenovo S860e | 135000 |
| Lenovo A860e | 119000 |
| Lenovo A355e | 60000 |
| Lenovo A399 | 59000 |
| Lenovo A1900 | 48000 |
| **Asus** | |
| Zenfone 5 | 175000 |
| Zenfone Pegasus | 175000 |
| Zenfone 2 (2GB) | 246000 |
| Zenfone 2 (4GB) | 278000 |
| **Meizu** | |
| M2 | 137000 |
| M2 Note | 172000 |
| MX3 | 259000 |
| MX5 | 395000 |
| **HTC** | |
| One E9w | 348000 |
| Desire 826w | 328000 |
| **Xiaomi** | |
| Redmi Note | 167000 |
| Redmi Note 2 | 209000 |
| Xiaomi MI 4 | 350000 |
| Xiaomi MI Note | 435000 |

## ADT

Computer Sale & Service

Ph: 01-252988, 09-254907980

| Samsung | |
|---|---|
| Galaxy Fame | 80000 |
| Galaxy J1 | 119000 |
| Galaxy Core Prime | 139000 |
| Galaxy Ace 3 | 145000 |
| Galaxy Core | 150000 |
| Galaxy J2 | 152000 |
| Galaxy Grand Neo Plus | 159000 |
| Galaxy Grand Prime | 199000 |
| Galaxy J5 | 229000 |
| Galaxy E5 | 255000 |
| Galaxy J7 | 285000 |
| Galaxy A3 | 287000 |
| Galaxy Mega 2 | 289000 |
| Galaxy A5 | 339000 |
| Galaxy A7 | 455000 |
| **Sony** | |
| Xperia E1 | 90000 |
| Xperia E4 | 149000 |
| Xperia M 2 3G/LTE | 220000 |
| Xperia C3 | 259000 |
| Xperia M4 Aqua Dual | 289000 |
| Xperia C4 (4G) | 339000 |
| Xperia C5 Ultra Dual | 419000 |
| Xperia M5 Dual | 469000 |
| Xperia Z3 (4G) | 620000 |
| **LG** | |
| LG L-7 | 160000 |
| LG G Pro Lite | 205000 |
| **Huawei** | |
| Y-451 | 95000 |
| Honor 3C 4G LTE | 110000 |
| Y-625 | 123000 |
| C-8816D | 130000 |
| Y-610+ | 130000 |
| B-199 | 130000 |
| Honor 3C Play Edition | 135000 |
| G-620-S-4G Honor | 136000 |
| G-Play mini | 185000 |
| **OPPO** | |
| Joy | 99000 |
| Noe 3 | 129000 |
| Joy 3 | 139000 |
| Neo 5 | 169000 |
| Mirror 5 | 279000 |
| R 1 K | 295000 |
| N1 Mini | 299000 |
| R7 Lite | 339000 |
| R5 | 499000 |

## UNIQUE

IT & Mobile Center

Ph: (09)-73171212~14

| Samsung | |
|---|---|
| Galaxy Note 5 | 869000 |
| Galaxy S6 Edge+ | 990000 |
| Galaxy S6 Edge (64GB) | 985000 |
| Galaxy S6 | 715000 |
| Galaxy Note 4 | 669000 |
| Galaxy A8 | 569000 |
| Galaxy A7 | 455000 |
| Galaxy A5 | 359000 |
| Galaxy J7 | 285000 |
| Galaxy J5 | 229000 |
| Galaxy Prime | 199000 |
| Galaxy Neo Plus | 159000 |
| Galaxy J2 | 152000 |
| Galaxy Prime | 139000 |
| Galaxy J1 | 119000 |
| **Sony** | |
| Xperia M5 | 469000 |
| Xperia C5 (Ultra Dual) | 415000 |
| Xperia C4 | 339000 |
| Xperia M4 Aqua | 289000 |
| Xperia C3 | 265000 |
| Xperia E4 (3G) | 149000 |
| **HTC** | |
| One M9 | 739000 |
| One E9 Plus | 566000 |
| Desire 826 | 379000 |
| Desire 816G | 269000 |
| Desire 626G Plus | 229000 |
| **LG** | |
| G4 Leather | 729000 |
| G4 Metal | 699000 |
| G Flex 2 | 709000 |
| G4 Stylus | 345000 |
| Magna | 239000 |
| L Bello | 195000 |
| **Vivo** | |
| V1 | 278000 |
| Y 28 | 168000 |
| Y 15 | 118000 |
| **OPPO** | |
| R7 Lite | 339000 |
| Mirror 5 | 279000 |
| Mirror 3 | 179000 |
| Joy 3 | 119000 |
| **Huawei** | |
| P8 | 529000 |
| P8 Lite | 259000 |
| G Play mini (Gold) | 182000 |
| Honor 4X LTE | 179000 |
| Honor 4X | 202000 |
| Honor 3C | 135000 |
| Honor 4G | 139000 |
| Y625 | 121000 |
| Y541 | 93000 |
| Y6 | 155000 |
| Honor 4X | 245000 |

ဈေးနှုန်းများကို ကူညီပံ့ပိုးပေးသော မိုဘိုင်းဖုန်းဆိုင်များအား အထူးကျေးဇူးတင်ရှိပါသည်။
(၂၄ – ၁၁ – ၂၀၁၅)နေ့အထိ ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။

## Phone Sales & Service Centre (Yangon)

| Name | Address | Phone |
|---|---|---|
| 1. Aikon | No(108) B2, 1st Floor, Yuzana Banyardala Rd Ygn. | 095033308 |
| 2. AOTO | No. 15-17, (3)floor, Insein Road, Kamaryut Tsp, Ygn. | 09-450050986,09-421128111 |
| 3. Attila Mobile | Bld (2), Rose Street, Mingalar Taung Nyunt Tsp, YGN. | 09-250309179 |
| 4. Asia Mobile | No. 140, Latha St: (upper), Latha Tsp, Yangon. | 01-243304 |
| 5. AMT Mobile Mart | No. A7, In front of Aung San Studian, Upper Pansodan Road, Yangon. | 01- 371923, 01-371924 |
| 6. Cyber City Co.,Ltd | No.7, Kyauk Kone Street, 14th Quarter, Yankin TSP, YGN. | 01- 564591, 09-420094951 |
| 7. Daw Aye Electronics & Mobile | No.170, B-1, 172,174, A-1, Banyadala St, Mingalar Taung Nyut Tsp, Yangon. | 290295, 202755, 293328 |
| 8. Easy One Mobile | No. 163, Latha Street, Latha Tsp, Yangon. | 01-250941 |
| 9. Huawei | No.51/55, 46th Street, Botahtaung Tsp, Ygn. | 01-1222560 |
| 10. HTAKE TAN Mobile | No. (532,542) (H), Maharbandoola Street (27)street , Bapaldan Tsp, Ygn. | 09-73252027, 09-5501351 |
| 11. KKA | 159, corner of Anawrahtar & Mahabandoola Garden St, Kauktada Tsp, Ygn. | 01-246427 , 0973887777 |
| 12. KENBO Smartphone | Between Hledan & San Yeik Nyein, Yangon- Insein Road, Kamayut Tsp, Ygn. | 09-30058542 |
| 13. KKP Mobile | A-27/28, 1st. Floor, Yuzana Plaza, Mingalar Taungnyunt Tsp, Ygn. | 09-260217011 |
| 14. MK Mobile | Room No.(E-2/3), 1st Floor Yuzana Plaza. | 01-200747 (Ext : 2887) |
| 15. Mobile Planet | No.7, Anawrahta Rd, Pazundaung Tsp, Yangon. | 095176225 ,0973069467 |
| 16. My Mobile | No.92, Phonegyi Street (middle) Near of Sanpya Cinema, Lamadaw Tsp,Ygn. | 01-225649 |
| 17. Mobile King | No.255 A, Banyadala Rd (Near Aung Mingalar Bus-Stop)Tamwe Yangon. | 01-201307, 205577 |
| 18. Mobile House | No. 161, Lathar Street, Upper Block, Lathar Township Yangon. | 01-250880 |
| 19. Mobile Valley | No. 143, U Chit Mg Housing (West of Aroma studio) Bahan Tsp, Yangon. | 01-400688,09-420119228 |
| 20. New Fone Mart | No. 261, Khone Gyi St; & In front of Junction Maw Tin, Lanmadaw Tsp, YGN. | 0973900822 , 0973900833 |
| 21. NQ Mobile | No. 279, Kyaikkassan Road, Near the Tamwe Market, Tamwe Tsp, Ygn. | 09421144996, 09421171228 |
| 22. Nokia Showroom | No.152, Shwegonedine Road, Bahan Tsp. | 01-556118 |
| 23. Orbit Mobile Shop | No. C 120, IT & Mobile Zone, JunctionSquare, Yangon. | 09-43157111 |
| 24. Original Korea Mobile | No.19, 5th Floor, Dagon Center II. | 09-421051838 |
| 25. OVI suite | Build-274 (A), Room No.105, Pyay Road, Myae Ni Gone, Ygn. | 09-73045423, 09-5012318 |
| 26. IVOGUE Mobile | No.181, Bet; Shwe Taungtan Street & 14th Street, Ahnawyathar Road, Lanmataw. | 01-224922,09-425297666 |
| 27. Phoenix | No. 105, Latha St: (Upper) Latha Tsp, Ygn. | 01-250905 |
| 28. Papaya Store | B(01-01),Lanmadaw Plaza, Lanmadaw Street,Latha Tsp,Ygn. | 01-212137 |
| 29. Royal Tech | No. (238), Mahabandoola Garden(Bar)Street, Kyauktada Tsp, Ygn. | 09-73032900 |
| 30. Smile Mobile | No. 111, R (17,18) 1st Floor, Yuzana Plaza. | 095124872 |
| 31. SYH | No. 99, 12th Street , Upper Block, Lanmadaw Tsp, Ygn. | 09-73161759, 09-8613423 |
| 32. Sanchaung Mobile | Sa/12, South of Padonmar Stadium, Sanchaung Street, Sanchaung Tsp, Ygn. | 01-536188, 01-516599 |
| 33. Talk Mobile | No. (122), U Chit Mg Road, Near Dahma Yone, Bahan Tsp. | 01-401282, 09-5038458 |
| 34. U-Pad | No. 41(A), First Floor Sabai Street, Tamwe Tsp, Ygn. | 09-420093069 |
| 35. Welcome | No. 195(2B), Thuka St, Hlaing Tsp. | 09-5178016, 0973048863 |
| 36. Win mobile world | No. 62, Ground Floor, Shan Kone St, Sanchaung Tsp. | 09-73222888, 01-535109 |
| 37. YGN Mobile | No. 123 (G-Floor), Latha Street, Latha Townhip, Yangon. | 09-73227799 |
| 38. ZXET Mobile | G/2, (Ground Floor), Yuzana Plaza, Sabai Street, Tarmwe. Tsp. | 09-258382988 |
| 39. ZEST | Hledam Street., Lanmadaw Tsp. | 09-5165629, 09-73666677 |
| 40. Z.X Mobile | No. 176/178, Ground Floor, Banyardala Road, Mingalar Taung Nyunt Tsp, Ygn. | 09-420029765, 01-200342 |
| 41. 365 Electronics & Mobile | No.789-154, C.D, Corner of Kabar Aye Pagoda Road & Gandamar Street, Mayangon Tsp, Ygn. | 01-657795, 657164 |

## Phone Sales & Service Centre (Mandalay)

| Name | Address | Phone |
|---|---|---|
| 1. Asia Mobile | 33rd Street, Bet(77x78)th street,ShwePhyuPlaza,Room(510),5th floor,Mandalay. | 09-91034031 |
| 2. AOTO | 73 St, Corner of 35th (LED traffic light),Chan Aye Thar San Township, | 09-47082999,09-250089680 |
| 3. AOTO | No. 1/314, Bo Aung Kyaw St, Myothit Ward, Pyinmanar. | 09-421084718, 09-421128111 |
| 4. Anycall | No.(C-6),(78)St, Bet;(27×28) St, Mandalay. | 02-64706, 02-71122 |
| 5. Attila Mobile | No.(71), 72nd Street, Bet:33×34 Street, Mandalay. | 09-402516619, 09-252240025 |
| 6. Compass | No.(679), 31st St , Bet,(86 St x 87 St), Chan Aye Thar San Township, Mandalay. | 02-61811, 09-43254444 |
| 7. Daw Aye | No.92,26(B)Street,Bet:(82x83)th street,Pyi Gyi Kyetthayay Quarter,AgMyayTharSan. | 02-66997,02-73001 |
| 8. Hello Mobile | No.(13),Corner (78×33)st, Mandalay. | 02-69383 , 09-91012648 |
| 9. Huawei | 74th street, Bet(34 x 35)th street, Mandalay. | 09-30218813 |
| 10. i-apple | 78th street, Bet(32 x 33)th street, Chan Aye Thar San Township, Mandalay. | 02-73471 |
| 11. i-Kit | (78)th street, Bet; (36×37)th street, Mandalay. | 02-69944, 02-91006969 |
| 12. KENBO Smartphone | 78 St , Khin Saw Mu Kwae (South), Mandalay University West Gate. | 09-250111800, 09-250111900 |
| 13. Mobile Land (Bravo) | 26 St, Bet 76 St x 77 St, Mandalay. | 02-30727, 09-2039048 |
| 14. Mobile Mother | 26 St, Bet 76 St x 77 St, Mandalay. | 02-30885 |
| 15. Myanmar Eastern Asia | No.(499), 82 St, Bet, (32 St x 33 St), Chan Aye Thar San Township, Mandalay. | 02-64086, 09-254399098 |
| 16. Orange Store | 31 St and 81 St corner, Mandalay. | 09-2016168 |
| 17. Pink Mobile | No.52(B), Kyawe Sae Kan (11) Road, Pyi Gyi Tagon TSP, Mandalay. | 02-70297, 09-91009224 |
| 18. Queen Mobile | In Front of Tankyi Taung Monastery, Ygn-Mandalay Road, Mandalay. | 09-400026672, 09-402613962 |
| 19. Shwe Nagar Mobile | No(450), 83 St, 34x35 St Bet. | 02-24352, 02-71229 |
| 20. TAC (Mdy) | No(109), 30 St, 65 St x 66 St Bet. | 02-74743 |

# How to buy?



## Bluetooth Keyboard

**Price : 13,800 Kyats, Ph : 01 252627**

ပုံမှန်ကွန်ပျူတာမှ Keyboard ကိုကိုင်တွယ်အသုံးပြုနေသူများအနေနဲ့ Phone, tablet မှာပါဝင်တဲ့ လက်ကွက်ကိုအသုံးပြုပြီး စာရိုက်ရတာထင်သလောက် မလွယ်ကူဘဲနှေးကွေးစေတတ်ပြီး အခက်အခဲဖြစ်တတ်ကြပါတယ်။ ခု Keyboard လေးကအသုံးပြုနေကျ Laptop, Desktop မှာ ပါဝင်တဲ့ Keyboard အတိုင်း Size/Key တူလုပ်ပေးထားတာကြောင့် လျင်မြန်အဆင်ပြေစွာဖြင့် အသုံးပြုနိုင်မှာပဲဖြစ်ပါတယ်။ Bluetooth ပါဝင်တဲ့ Phone, Tablet, Computer များအားလုံးနဲ့ အလွယ်တကူပဲ ချိတ်ဆက်အသုံးပြုနိုင်မှာဖြစ်ပါတယ်။ Portable ဖြစ်စေပြီး အင်္ဂလိပ်၊ မြန်မာ နှစ်မျိုးလုံးကိုစိတ်ကြိုက် external keyboard တစ်ခုအနေဖြင့် အသုံးပြုလို့ရအောင်ပြုလုပ်ပေးထားတဲ့ gadget လေးပဲဖြစ်ပါ တယ်။ Power အနေဖြင့် AAA Battery နှစ်လုံးကို ထည့်သွင်းအသုံးပြုရမှာဖြစ်ပါတယ်။



### ACER Aspire ES1-431

- Intel Celeron Dual Core
- N2840 C-2 (2.16GHz)
- 2GB DDR3L
- 500 GB HDD
- 14" HD C-Cine Crystal
- DVD Super Multi, USB 2.0, USB 3.0
- HDMI, VGA, Gblan, BT 4.0
- 6 Cell Li-ion Battery, Weight 2.1 kg

Price : US$ 309

Contact Phone: 01 252988



### ACER Aspire E5-432

- Intel Celeron Quad Core N3150 (1.6GHz)
- 4GB DDR3L
- 500GB HDD
- 14" LED LCD
- Intel HD Graphic
- DVD R/W , BT 4.0, 4 Cell Li-ion Battery
- USB 2.0, USB 3.0, HDMI, VGA, GbLAN

Price : US$ 349

Contact Phone : 01 252988



### ACER Aspire E5-473 (i3)

- 4th Gen Intel Core i3 4005U (1.7GHz)
- 4GB DDR3L Memory
- 500GB HDD
- 14" LED LCD, Intel HD Graphics 4400
- DVD R/W, USB 3.0, HDMI, Card Reader
- 6 Cell Li-ion Battery, Weight 2.1kg

Price : US$ 419

Contact Phone : 01 252988




### ACER Aspire E5-471 (i3)

- 5th Gen Intel Core i3 5005U (2.0GHz)
- 4GB DDR3L Memory
- 500GB HDD
- 14" LED LCD, 6 Cell Li-ion Battery
- Intel HD Graphics 5500
- DVD R/W Optical Drive
- USB 3.0, HDMI, Card Reader

Price : US$ 449

Contact Phone : 01 252988



### ACER Aspire E5-571G (i3)

- 4th Gen Intel Core i3 4005U (1.7GHz)
- 4GB DDR3L Memory
- 500GB HDD
- 15.6" LED LCD
- Nvidia GT 820M 1GB
- DVD R/W Optical Drive
- USB 3.0, HDMI, Card Reader

Price : US$ 465

Contact Phone: 01 252988



### ACER Aspire E5-471G (i3)

- 5th Gen Intel Core i3 5005-U (2.0 GHz)
- 4GB DDR3L Memory
- 500GB HDD
- Nvidia Geforce GT820M (2GB)
- 14.0 Acer Cine Crystal LED LCD
- DVDSuper Multi Double Layer
- HD Webcam, USB 2.0, USB 3.0, Gblan
- HDMI, VGA 6 Cell Li-ion Battery

Price : US$ 499

Contact Phone : 01 252988



### ACER Aspire E5-471G (i5)

- 4th Gen Intel Core i5 4210U (1.7GHz)
- 4GB DDR3L Memory
- 500GB HDD
- Nvidia Geforce GT820M (2GB)
- 14.0" Acer Cine Crystal LED LCD
- DVD Super Multi Double Layer
- HD Webcam, USB 2.0, USB 3.0
- HDMI, 6 Cell Li-ion Battery

Price : US$ 555

Contact Phone : 01 252988



### ACER Aspire E5-573G (i5)

- Intel Core i5 5200U (2.2GHz)
- 4GB DDR3L Memory, 500GB HDD
- Nvidia Geforce GT920M (2GB)
- 15.6" HD Acer Cinecrystal
- HD Webcam, USB 3.0, 2.0, HDMI
- Bluetooth, Card Reader
- 6 Cell Li-ion Battery

Price : US$ 599

Contact Phone: 01 252988



### ACER Aspire V3-574G (i7)

- Intel i7 5500U (2.4GHz)
- 4GB DDR3L Memory , 1TB HDD
- Nvidia Geforce GT940M (2GB)
- 15.6" HD LED Multi
- DVD Super Multi Double Layer
- USB 3.0, VGA, GBlan, HDMI

Price : US$ 750

Contact Phone: 01 252988




### HP 14af007AU (AMD)

- AMD E-I 6010 (1.4GHz)
- 2GB DDR3 Memory (1600MHz)
- 500GB HDD
- 14.0" LED LCD Screen
- DVD R/W
- HDMI, Bluetooth, 4 Cell Battery

Price : US$ 325

Contact Phone : 01 252988



### HP 15r247TU (i3 5th)

- 5th Intel Core i3 5010U (2.1GHz)
- 4GB DDR3L Memory
- 500GB HDD
- 15.6" LED Display
- Intel HD Graphic 5500
- DVD R/W, HDMI, Bluetooth
- 4 Cell Battery

Price : US$ 440

Contact Phone : 01 252988




### HP 14-aco23TU (i3)

- 5th Gen Core i3 5010U (2.1GHz)
- 4GB DDR3, 500GB HDD
- 14" LED LCD Screen
- Intel HD Graphic 5500
- DVD R/W
- HDMI, Wireless Bluetooth
- 4 Cell Battery

Price : US$ 449

Contact Phone : 01 252988



### HP 14-r218T (i3)

- 5th Gen Core i3 5010U (2.1GHz)
- 4GB DDR3
- 500GB HDD
- 14" LED LCD Screen
- Nvidia Geforce GT 820M (2GB)
- DVD R/W
- HDMI, Wireless, Bluetooth
- 4 Cell Battery

Price : US$ 499

Contact Phone: 01 252988




### HP 15-abo55TX (i5)

- 5th Gen Intel Core i5 5200U (2.2GHz)
- 4GB DDR-3
- 1TB HDD, 15.6 LED LCD Screen
- Nvidia Geforce GT-940M (2GB)
- DVD R/W, HDMI, Wireless, Bluetooth
- 4 Cell Battery

Price : US$ 640

Contact Phone: 01 252988



### HP Pavilion (i7) 14abo19TX

- 5th Gen Intel Core i7 5500U (2.4GHz)
- 4GB DDR3L
- 1TB HDD , 14.0" LED LCD Screen
- Nvidia Geforce GT-940M (2GB)
- DVD R/W, HDMI, Wireless, Bluetooth
- 4 Cell Battery

Price : US$ 729

Contact Phone: 01 252988



### Dell Inspiron-5558 (i7)

- 5th Gen Intel Core i7 5500U (2.4GHz)
- 8GB DDR3L (1600MHz)
- 1TB SATA Hard Drive 5400RPM
- 15.6" LED LCD Screen
- Nvidia Geforce GT920M 4GB DDR3
- DVD R/W Optical Drive
- Bluetooth, 4 Cell Battery
- Dell Mouse

Price : US$ 779

Contact Phone: 01 252988



## EVER PRO 8004-B
- IP Camera
- 1.3 Megapixel
- 4mm Lens
- Day/Night
- IP 66.

Price : 65,000 Kyats
Contact Phone: 09 8633796



## EVER Pro EP-9026 AHD
- 1.3 Megapixel
- 2.8~12mm
- Day/Night
- IP 66

Price : 50,000 Kyats
Contact Phone: 09 8633796



## EVER Pro EP-8200
- 1.3 Megapixel
- 4mm Lens Fixel
- Day/Night
- IP66

Price : 38,000 Kyats
Contact Phone: 09 8633796



## EVER Pro EP-9026 Analog
- 800-TVL
- 2.8~12mm Lens Fixed
- Day/Night
- IP66

Price : 46,000 Kyats
Contact Phone: 09 8633796



## IR Stand SI-12080S
- Image Sensor- 1/2.5" Sony CMOS
- Lens - 4mm
- Resolution - 1200TV Lines
- IR Distance - 10m-15m
- System - PAL
- Pixel - 1280×960 (PAL)

Price : 56,500 Kyats
Contact Phone : 09 975088811



## 4 Channel Kit (Analog)
- 4-Channel DVR With Cloud System
- 4pcs ×800 TVL, 3.6mm Len
- 20 meter ×4pc Video Cable
- 5 AMP Power Cable For Camera
- 1 Year Parts & Services

Price : 230,000 Kyats
Contact Phone : 09 8633796



## 8 Channel Kit (Analog)
- 8-Channel DVR With Cloud system
- 8pcs×800 TVL, 3.6mm len
- 20 meter ×8pcs vieo Cable
- 5AMP Power Cable ×2pcs
- 1Year Parts & Services

Price : 355,000 Kyats
Contact Phone : 09 8633796



## 4 Channel Kit (AHD)
- 4 Channel AVR With Cloud System
- 4 pcs × 1 Megapixel ,3.6mm len
- 20 meter × 4pc Viedo Cable
- 5 AMP Power Cable For Camera
- 1 Year Parts & Services

Price : 265,000 Kyats
Contact Phone : 09 8633796



## 8 Channel Kit (AHD)
- 8-Channel AVR With Cloud System
- 8 pcs × 1 Megapixel, 3.6mm len
- 20 meter × 4pc Video Cable
- 5 AMP Power Cable ×2pcs For Camera
- 1 Year parts & Services

Price : 425,000 Kyats
Contact Phone : 09 8633796



## 4 Channel Kit (IPC)
- 4-Channel NVR build In POE 4 Port
- 4pcs 1.0 Megapixel 3.6mm Lens
- 20 meter × 4 RJ 45 Cable (Ready To Use)
- 1 Year Parts & Service

Price : 320,000 Kyats
Contact Phone : 09 8633796



## 8 Channel Kit (IPC)
- 8-Channel NVR Build In POE 8 Port
- 8 pcs 1.0 Megapixel 3.6mm lens
- 20meter × 8RJ 45 Cable Ready To Use
- 1Year Parts & Service

Price : 510,000 Kyats
Contact Phone : 09 8633796

# How to buy?



## Bluetooth Stereo Headset Mini 503
**Price - 16,800 Kyats , Ph: 01 252627**

လှူငယ်အကြိုက်ဖန်စီ head phone ပုံစံ Bluetooth Headset လေးဟာ Music Crazy သမားတွေနဲ့ စာဖတ်ပရိသတ်ကြီးကိုဆွဲဆောင်စေမယ့် Product လေး တစ်ခုပါ။ Bluetooth ပါတဲ့ Phone, tablet များနဲ့ ချိတ်ဆက်ပြီး ဖုန်းပြောနိုင်သလို Stereo ဖြစ်တဲ့အတွက် သီချင်းများကိုလည်းအသံထွက်ကောင်းကောင်းနဲ့နား ဆင်နိုင်မှာဖြစ်ပါတယ်။ စွဲအားကောင်းမွန်တဲ့ Built in Mic ပါဝင်ပြီး ကြည်လင် ပြတ်သားတဲ့အသံထွက်နဲ့ Hand Free ပြောဆိုအသုံးပြုနိုင်ပြီးဖုန်းဝင်လာချိန်မှာ လည်းဖုန်းနံပါတ်ကိုပြောပြပေးမှာဖြစ်ပါတယ်။ Bluetooth နဲ့ချိတ်ဆက်ပြီး အသုံးမပြုချင်တဲ့အခါမျိုးမှာ Memory Micro SD Card ထိုးပြီး MP3 Player အနေနဲ့အသုံးပြုနိုင်သလို FM Radio အစီအစဉ်များကိုလည်းဖမ်းယူနားဆင်နိုင် တဲ့အတွက် အလွန်အသုံးတည့်မယ့် 3 in 1 Headphone လေးပဲဖြစ်ပါတယ်။



## IR Dome WD-8528C
- Image Sensor- 1/4" Color CMOS
- Lens -2.8mm
- Resolution -850TV Lines
- IR Distance - 15m-25m
- System - PAL
- Pixel - 768 × 576 (PAL)

Price : 39,500 Kyats
Contact Phone : 09 975088811



## IR Dome WD-12036S
- Image Sensor-1/2.5" Sony CMOS
- Lens - 3.6mm
- Resolution -1200 TV Lines
- IR Distance - 10m-15m
- System - PAL
- Pixel - 1280×960 (PAL)

Price : 53,000 Kyats
Contact Phone : 09 975088811



## IR Dome CCTV Camera
- Image Sensor - 1/4" Color CMOS
- Lens - 2.8mm
- Resolution - 850TV Lines
- IR Distance - 15m-25m
- System - PAL
- Pixel - 768×576 (PAL)

Price : 42,500 Kyats
Contact Phone : 09 975088811



## IR Dome CD-12028S
- Image Sensor -1/2.5" Sony CMOS
- Lens - 2.8mm
- Resolution - 1200 TV Lines
- IR Distance - 15m-25m
- System - PAL
- Pixel - 1280×960 (PAL)

Price : 58,000 Kyats
Contact Phone : 09 975088811



## IR Stand SI-8528C
- Image Sensor-1/4" Color CMOS
- Lens - 2.8mm/6mm
- Resolution - 850TV Lines
- IR Distance - 10m-15m
- System - PAL
- Pixel - 768 ×576 (PAL)

Price : 39,500 Kyats
Contact Phone : 09 975088811

# BUDGET Phones



## Boss Style Prime 6
100,000/-

Ph: 09-32361666

| | |
|---|---|
| Network | 3G |
| Screen | 5.5 inches |
| CPU | Q.C 1.2GHz |
| RAM | 1 GB |
| Camera | 8MP, 5 MP |
| Storage | 8GB |
| OS | Android 4.4.2 |
| SIM Card | Dual Sim |



## Boss Style A 10
95,000/-

Ph: 09-32361666

| | |
|---|---|
| Network | 3G |
| Screen | 5 inches |
| CPU | Q.C 1.3GHz |
| RAM | 1GB |
| Camera | 8MP, 5MP |
| Storage | 8GB |
| OS | Android 4.4.2 |
| SIM Card | Dual Sim |



## Boss Style G9
90,000/-

Ph: 09-32361666

| | |
|---|---|
| Network | 3G |
| Screen | 4.5 inches |
| CPU | Q.C 1.2 GHz |
| RAM | 1 GB |
| Camera | 8MP, 5MP |
| Storage | 8GB |
| OS | Android 4.4.2 |
| SIM Card | Dual Sim |



## Boss Style Rrime 2
85,000/-

Ph: 09-32361666

| | |
|---|---|
| Network | 3G |
| Screen | 5 inches |
| CPU | Q.C 1.2GHz |
| RAM | 1 GB |
| Camera | 8MP, 5MP |
| Storage | 8GB |
| OS | Android 4.4.2 |
| SIM Card | Dual Sim |



## Boss Style A2
90,000/-

Ph: 09-32361666

| | |
|---|---|
| Network | 3G |
| Screen | 5 inches |
| CPU | Q.C 1.2GHz |
| RAM | 1GB |
| Camera | 8MP, 5MP |
| Storage | 8GB |
| OS | Android 4.4.2 |
| SIM Card | Dual Sim |



## Huawei Y5C
88,000/-

Ph: 09-32361666

| | |
|---|---|
| Network | 3G |
| Screen | 4 inches |
| CPU | Q.C 1.2GHz |
| RAM | 1 GB |
| Camera | 8MP, 5MP |
| Storage | 8GB |
| OS | Android 4.4.2 |
| SIM Card | Dual Sim |



## Singtech Z 501
99,000/-

Ph: 09-8552671

| | |
|---|---|
| Network | 3G |
| Screen | 5 inches |
| CPU | Q.C 1.3GHz |
| RAM | 1G |
| Camera | 5MP, 5MP |
| Storage | 8GB |
| OS | Android 4.4.4 |
| SIM Card | Dual Sim |



## Singtech P 500
89,000/-

Ph: 09-8552671

| | |
|---|---|
| Network | GSM, WCDMA |
| Screen | 5 inches |
| CPU | Q.C 1.2GHz |
| RAM | 512MB |
| Camera | 5MP. 0.3MP |
| Storage | 8GB |
| OS | Android 4.4 |
| SIM Card | Dual Sim |



## Singtech P 450
72,000/-

Ph: 09-8552671

| | |
|---|---|
| Network | 3G |
| Screen | 4.5 inches |
| CPU | Q.C 1.2GHz |
| RAM | 512MB |
| Camera | 2MP, 0.3MP |
| Storage | 8GB |
| OS | Android 4.4 |
| SIM Card | Dual Sim |

# KEYPAD Phones



## Nokia 202
43,000/-

Ph: 09-32361666

| | |
|---|---|
| Network | GSM |
| Screen | 1 inches |
| Camera | 2MP |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Dual Sim |



## Boss Style U 2011
36,000/-

Ph: 09-32361666

| | |
|---|---|
| Network | G+G |
| Screen | 2.5 inches |
| Camera | 2MP, 0.3MP |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Dual Sim |



## Huawei A600e
50,000/-

Ph: 09-32361666

| | |
|---|---|
| Network | CDMA |
| Screen | 2.5 inches |
| Camera | 2.0 MP |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Dual Sim |



## GMG W1
35,000/-

Ph: 09-32361666

| | |
|---|---|
| Network | 3G |
| Screen | 2 inches |
| Camera | 1.3 MP |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Dual Sim |



## DGVO C 800e
73,000/-

Ph: 09-32361666

| | |
|---|---|
| Network | C+G |
| Screen | 2 inches |
| Camera | 3.2 MP |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Dual Sim |



## SIEHO X 1700
65,000/-

Ph: 09-32361666

| | |
|---|---|
| Network | CDMA |
| Screen | 2 inches |
| Camera | 3MP |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Single Sim |



## Huawei 3011
79,000/-

Ph: 09-32361666

| | |
|---|---|
| Network | CDMA |
| Screen | 3 inches |
| Camera | 2 MP |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Single Sim |



## LC C 2088
47,000/-

Ph: 09-32361666

| | |
|---|---|
| Network | CDMA |
| Screen | 1.5 inches |
| Camera | Yes |
| Storage | Cardslot |
| Bluetooth | Yes |
| OS | Java |
| SIM Card | Single Sim |

ဖုန်းဈေးနှုန်းများကို Hot 1 Mobile နှင့် D-Mobile ဆိုင်များမှကောက်ယူထားပါသည်။ 23-11-2015 နေ့အထိ ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်။








# Black Friday ဆိုတာ

နေခြင်စိုး (ထားဝယ်)

တကယ်တမ်းမှာ Black Friday နှင့် မြန်မာတွေနဲ့ ဘယ်လိုမှ ဆက်စပ်နီးစွယ်တာမျိုးမရှိပါဘူး။ ခရစ်ယာန်ဓလေ့ထုံးတမ်းကနေ ဆက်နွယ်ပြီး ပေါ်လာတဲ့နေ့တစ်နေ့ဖြစ်လို့ပါ။ ဒါပေမယ့် ဒီဇင်ဘာ(၃၁)ရက်နေ့ည (၁၂) နာရီကိုဖြတ်သန်းမယ့် နှစ်သစ်ကူးချိန်ကို ရွှေမြန်မာတွေတပျော်တပါး ဆင်နွှဲနေကြပါတယ်။ သင်္ကြန်အတက်နေ့ည (၁၂)နာရီကို မြန်မာနှစ်သစ်ကူးချိန်အနေနဲ့ တခမ်းတနားလုပ်တာမတွေ့ရပါဘူး။ ဒါက ဘာကိုပြသလဲဆိုရင် ကမ္ဘာပေါ်မှာ လူအများစုပတ်သက်တဲ့ ထုံးစံတစ်ခုဟာ တစ်နေရာက တစ်နေရာကို ကူးစက်တယ်ဆိုတဲ့သဘောဆောင်ပါတယ်။

အခုအချိန်မှာ Black Friday ဟာ အမေရိကန်နဲ့ ဥရောပနယ်မြေတချို့မှာပဲ အဆက်အစပ်ရှိနေပါတယ်။ နဂိုကသိပြီးသားနေ့တစ်နေ့ဖြစ်ပေမယ့် ဒီနှစ်ထဲမှာ Black Friday နဲ့ အွန်လိုင်းအရောင်းဈေးသည်ကြီး Amazon တို့ ဆက်စပ်လာတာမို့ထင်ရှားလူသိများလာတာဖြစ်ပါတယ်။ ကျေးဇူးတော်နေ့အပြီး နောက်တစ်နေ့ဟာ Black Friday ပါ။ ကျေးဇူးတော်နေ့ဟာ နိုဝင်ဘာလ စတုတ္ထပတ်ရဲ့ ကြာသပတေးမို့ ဒီနှစ်ဆိုရင် နိုဝင်ဘာ ၂၆ ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် Black Friday ဟာ နိုဝင်ဘာလ ၂၇ ဖြစ်လာပါမယ်။

ကျေးဇူးတော်နေ့ဟာ အမေရိကန်ပြည်ထောင်စုနဲ့ ကနေဒါမှာတရား ဝင်ရုံးပိတ်ရက်ဖြစ်ပါတယ်။ နိုဝင်ဘာကုန်လို့ ဒီဇင်ဘာလထဲရောက်ပြီဆိုရင် ခရစ္စမတ်ရာသီထဲရောက်ပါပြီ။ ကျွန်တော်တို့ဆီမှာ သင်္ကြန်တွင်းအလုပ်မလုပ်ကြသလို သူတို့ဆီမှာလည်း ခရစ္စမတ်နေ့ကနေ နှစ်သစ်ကူး ဇန်နဝါရီ ၁ရက်နေ့အထိ အလုပ်မလုပ်တာများပါတယ်။ အဲဒီကာလကို အားလပ်ရက်ရာသီလို့လည်း ခေါ်ကြပါတယ်။

Black Friday ဟာ ခရစ္စမတ်ဈေးဝယ်ရာသီရဲ့ အစနေ့ပါ။ ဒီအယူအဆကစပြီး ခေတ်စားလာတာဟာ ၂၀၀၀ ပြည့်လွန်နှစ်တွေရဲ့အစောပိုင်းနှစ်တွေဖြစ်ပါတယ်။ အဲဒီနေ့ကစပြီး တစ်စထက်တစ်စခေတ်စားလာလိုက်တာ ဒီဘက်နှစ်တွေဆို Black Friday မှာ လက်လီအရောင်းသမားတွေ အလုပ်ရှုပ်ဆုံးဖြစ်လာပါတယ်။ Discount တွေအများကြီးချတယ်။ အပိုဆောင်းပစ္စည်းတွေပေးတယ်။ ဈေးဝယ်သူမများလို့ ခံနိုင်ရိုးလား။

Black Friday အယူအဆဟာ မူလကအမေရိကန်နဲ့ ကနေဒါမှာပဲ ခေတ်စားပေမယ့် အခုတော့ အတ္တလန္တိတ်သမုဒ္ဒရာကိုဖြတ်ပြီး ဥရောပတိုက်ရဲ့ တချို့နေရာအထိဝင်လာပါပြီ။ ဒီအယူအဆကို သွတ်သွင်းလာသူက Amazon ပါ။ နှစ်ကုန်လို့ လျှော့ဈေးရာသီရောက်ရင် Amazon ကပေးတဲ့ အခွင့်အရေးကို အမေရိကန်နိုင်ငံမှာပဲ ရနေတယ်လို့ အွန်လိုင်းပရိသတ်က ပူညံပူညံလုပ်ကြပါတယ်။ ဒါကြောင့် Black Friday ဥရောပအထိ ရောက်လာတာပါ။ ဒါပေမယ့် အဲဒီနေ့မှာ Amazon တင်မကဘဲ ဒေသခံလက်လီအရောင်းဆိုင်တွေပါ ဆင်နွှဲကြပါတယ်။

Black ဆိုတဲ့ ဝေါဟာရ။ ဘာကြောင့် Friday နဲ့တွဲနေရသလဲ။ ဘယ်သူမှအတိအကျမသိပါဘူး။ အမေရိကန်နိုင်ငံ ဖီလာဒဲဖီးယားမြို့က ရဲသားတစ်ယောက်စတွင်တာလို့ ပြောကြတယ်။ မြို့ထဲမှာ လူတွေလည်ပတ်သွားလာတာများတော့ သူ့အပေါ်တာဝန်တွေဖိစီးတာနဲ့ အဲဒီနေ့ကို Black Friday ဆိုပြီး အမြင်ကတ်ကတ်နဲ့ပေးလိုက်တယ်လို့ ဆိုကြပါတယ်။ ဈေးဆိုင်တွေရောင်းကောင်းပြီး အကြွေးနွံထဲကလွတ်တယ်။ မိုးမမြင်၊ လေမမြင်ပျော်ပြီး အမှောင်ဖုံးသလိုဖြစ်လို့ Black နာမည်ပေးတာပါလို့လည်းဆိုပါတယ်။ ဒီနေ့မှာတော့ လျှော့ဈေးပစ္စည်းအတွက် လူအုပ်ကြီးသဲသဲမဲမဲတိုးခွေ့တဲ့ Black Friday အစစ်ဖြစ်လာပါတယ်။

လာမယ့် နိုဝင်ဘာ(၂၇)ရက်နေ့ Black Friday အတွက် အမေရိကန်နဲ့ ဥရောပမှာရှိတဲ့ ဈေးလမ်းမပေါ်က စတိုးဆိုင်တွေအကြီးအကျယ်ပြင်ဆင်နေပါပြီ။ Discount ပစ္စည်းတွေအတွက် တိုးရင်းခွေ့ရင်း ဒဏ်ရာမရချင်ရင် Black Friday ကို အွန်လိုင်းပေါ်မှာဆင်နွှဲသင့်ပါတယ်။ ပြီးခဲ့တဲ့နှစ် Black Friday ပြီးကတည်းက ၂၀၁၃ ခုနှစ် Black Friday မှာဆက်ပြီး ပါဝင်ဆင်နွှဲကြဖို့ လူတွေကို Amazon ကဖိတ်ခေါ်ခဲ့ပါတယ်။ အွန်လိုင်းနယ်မြေရဲ့ Black Friday အရောင်း အဝယ်ဟာ လက်တွေ့နယ်ပယ်ထဲက




အရောင်းဈေးဆိုင်တွေရဲ့ ၂၅ ရာခိုင်နှုန်းရှိတာမို့ Amazon က မက်နေတာလည်းဖြစ်နိုင်ပါတယ်။

လာမယ့် Black Friday မှာ ဘာတွေအကြီးအကျယ် ဈေးလျှော့မှာလဲ။ ပြီးခဲ့တဲ့ပွဲတုန်းကတော့ Apple ဟာ iPad တွေကို ပေါင် ၂၀ လျှော့ရောင်းပြီး Mac ကွန်ပျူတာတွေကို ပေါင် ၈၀ ဈေးလျှော့ရောင်းခဲ့ပါတယ်။ Amazon Fire တက်ဘလက်တွေကို ၃၅ ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းပါတယ်။ Motorola က သူ့ရဲ့ Moto X စမတ်ဖုန်းတွေကို ပေါင် ၁၀၀ လျှော့ရောင်းတာမို့ အတော်ပွဲကြမ်းတယ်လို့ဆိုနိုင်ပါတယ်။ ဒီနှစ်အတွက် အကြမ်းဖျင်းမှန်းထားတာက ကင်မရာတွေ၊ သီချင်းနားထောင်တဲ့ နားကြပ်တွေ၊ Laptops တွေ၊ Smartwatch တွေကို ၂၀ ရာခိုင်နှုန်းအထိ ဈေးလျှော့ရောင်းနိုင်တယ်ဆိုတဲ့ အချက်ပါပဲ။

လျှော့ဈေးနဲ့ရတဲ့ ပစ္စည်းတိုင်းရော၊ ဝယ်လို့တကယ်တန်ရဲ့လား။ တစ်ချို့ပစ္စည်းတွေက တကယ်တန်ပြီး တချို့ပစ္စည်းတွေက ဝယ်ရကျိုးမနပ်ပါဘူး။ ဆိုင်ကြီးကန္တားကြီးတွေရော၊ အွန်လိုင်းဈေးဆိုင်တွေပါ နှစ်ကုန်မှာ မော်ဒယ်အောက်လို့ထုတ်ပစ်ရမယ့် ပစ္စည်းတွေကို အခွဲထုတ်တာများပါတယ်၊ များသောအားဖြင့် နဂိုကတည်းက ဈေးမကြီးတဲ့ ပစ္စည်းတွေ၊ ဝယ်သူစိတ်ဝင်စားလောက်တဲ့ ပစ္စည်းတွေကို တွန်းတွန်းထိုးထိုးရောင်းလေ့ရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က အင်္ဂလန် Black Friday မှာရောင်းတဲ့ Blaupunkt ရုပ်မြင်သံကြားစက်ကို ဝယ်ရတန်တယ်ဆိုပြီး လူတွေက အရှုံးအမူးဖြစ်ကြတယ်။ ဒါပေမယ့် သူတို့နဲ့မတိမ်းမယိမ်းအရည်အသွေးရှိတဲ့ ရုပ်မြင်သံကြား စက်တွေဟာ လျှော့ဈေးမဟုတ်ပေမယ့် အရမ်းဈေးပိုမများပါဘူး။ ဒါကြောင့် လျှော့ဈေးပစ္စည်းတစ်ခုဝယ်မယ်ဆိုရင် အဲဒီပစ္စည်းဈေးကွက်ကြီး ခြုံငုံသုံးသပ်ချက်တွေကိုဖတ်သင့်ပါတယ်။

ပြီးခဲ့တဲ့နှစ်က Black Friday ဟာ အရောင်းစံချိန်ကျိုးခဲ့ပါတယ်။ ဒါကြောင့် ဒီနှစ်မှာလည်း နာမည်ကြီးအရောင်းဆိုင်တွေ၊ အွန်လိုင်းအရောင်းဆိုင်တွေ ပါလာဖို့ရှိပါတယ်။ Black Friday မှာ ဈေးဝယ်မယ်ဆိုရင် ကြိုတင် စီမံချက်ရှိသင့်တယ်လို့ ကျွမ်းကျင်သူတွေကပြောပါတယ်။ တကယ်အရောင်းအဝယ်လုပ်တဲ့နေ့မှာ ဆိုင်တွေက အလုပ်ရှုပ်၊ လူတွေက သည်းသည်းလှုပ်မို့ ကိုယ့်စိတ်တိုင်းကျအေးအေးဆေးဆေးဈေးဝယ်နိုင်ဖို့ ခက်ခဲပါတယ်။ Black Friday မှာ လူတွေကြပ်ညှပ်ပြွတ်သိပ်တာမျိုး မဖြစ်အောင် Website တွေက ကူညီနိုင်မှာလား။ ပြီးခဲ့တဲ့နှစ် အတွေ့အကြုံအရဆိုရင် Website အတော်များများက အကူအညီမပေးနိုင်ပါဘူး။

Website တွေက အကူအညီသိပ်မပေးနိုင်ဘူးဆိုပေမယ့် ၂၀၁၃ ခုနှစ်ထက်စာရင် အွန်လိုင်းအရောင်းစတိုးဆိုင်တွေရဲ့ ၂၀၁၄ ခုနှစ် Black Friday အရောင်းပမာဏဟာ သုံးဆပိုပြီးတိုးတက်ပါတယ်။ ဒီလို တိုးတက်

လာမယ့် နိုဝင်ဘာ(၂၇)ရက်နေ့
Black Friday အတွက် အမေရိကန်နဲ့
ဥရောပမှာရှိတဲ့ ဈေးလမ်းမပေါ်က
စတိုးဆိုင်တွေအကြီးအကျယ်ပြင်ဆင်
နေပါပြီ .....

မှုက လက်လီအရောင်းဆိုင်လုပ်ငန်းကို အံ့အားသင့်စေပါတယ်။ Amazon က မိနစ် ၉၀ စာ ကြော်ငြာထိုးပြီး လျှပ်ပြက်သလို မြန်တဲ့လျှော့ဈေးနှုန်းတွေကို ပြပေးပါတယ်။ Black Friday မှာ ဈေးဝယ်တွေ အလွန်များတဲ့အတွက် တချို့အရောင်းဆိုင်တွေမှာ ထောင့်စေ့အောင်မပြတ်တမ်းသတိပေးခဲ့ရသလို၊ တချို့အရောင်းဆိုင်တွေက အချိန်အကြာကြီးတန်းစီစောင့်ဆိုင်းရတာတွေအတွက် တောင်းပန်ခဲ့ရပါတယ်။

Black Friday ကပျော်စရာကောင်းသလား။ ပျော်စရာကောင်းပါတယ်။ ဒါပေမယ့် ပြဿနာတွေလည်းရှိပါတယ်။ ပြီးခဲ့တဲ့နှစ်က ဈေးဝယ်တွေ တိုးခွေ့ကြရင်း ဒဏ်ရာရတာတွေရှိတယ်။ လူအုပ်ကြီးကို ထိန်းမနိုင်သိမ်းမရဖြစ်တာမို့ ရဲကိုခေါ်ရတာရှိတယ်။ ပစ္စည်းပြတ်သွားပါပြီလို့ ကြော်ငြာတာကိုမယုံတဲ့ ပရိသတ်ကြီးက ဆိုင်ကိုပိတ်ဆို့ပြီး လွယ်လွယ်နဲ့ထွက်မသွားတာတွေရှိပါတယ်။ ဒါကြောင့် ၂၀၁၅ ခုနှစ် Black Friday မှာ ပစ္စည်းအစုံမရောင်းဘဲ လိုင်းတစ်လိုင်းကိုပဲ အထူးပြုရောင်းတော့မယ်ဆိုသူတွေလည်းရှိလာပါတယ်။ လူတစ်ကိုယ် အကြိုက်တစ်မျိုးမို့ ဒီနည်းက ပြင်ပအရောင်းဆိုင်တွေနဲ့ အွန်လိုင်းစတိုးတွေမှာ လူတွေပုံမနေအောင် အထောက်အကူပေးနိုင်ပါလိမ့်မယ်။ ဒါပေမယ့် လျှော့ဈေးဆိုရင် အသည်းအမဲလိုက်တတ်တဲ့ လောဘသားတွေကြောင့် ပူညံပူညံအသံလေးတွေကြားနေရဦးမှာပါ။

ပျော်စရာကောင်းသလို ဝရုန်းသုန်းကားလည်းဖြစ်လေ့ရှိတဲ့ Black Friday ပွဲတွေ အပိတ်ခံရနိုင်သလား။ အပိတ်ခံရ မခံရဆိုတာက ဘယ်လောက်အထိ ဝရုန်းသုန်းကားဖြစ်သလဲဆိုတဲ့အပေါ်မူတည်ပါတယ်။ Black Friday မှာ ဒေသခံရဲတွေ မပျော်နိုင်တာသေချာသလို လွှတ်တော်ကိုယ်စားလှယ်တချို့လည်း ခေါင်းကိုက်နေတာမို့ Black Friday ကို ပိတ်စေချင်တာမျိုးလည်းရှိပါတယ်။ ဝယ်သူအတော်များများကတော့ ငွေကြေးအကုန်အကျအတော်ကြီးသက်သာတဲ့ ဒီလိုဈေးပွဲတော်မျိုးကို မပျောက်စေချင်တာအမှန်ပါ။ ရောင်းသူတွေဖက်ကလည်း ၂၀၁၅ ခုနှစ် Black Friday ဈေးပွဲတော်ကြီးကို အရင်ထက်စီချိန်နဲ့ချိပြီး ၂၀ ရာခိုင်နှုန်းလောက် ရောင်းအားတက်စေချင်နေကြပါတယ်။



# TUTORIAL Android

# MovieDay

ထက်အောင်

MovieDay ဟာ ရုပ်ရှင်ချစ်မြတ်နိုးသူများအတွက် အသစ်ထွက်ရှိလာမယ့် ရုပ်ရှင်များကိုပြသမယ့်နေ့ရက်နဲ့ အချိန်အတိအကျကိုပြသပေးတဲ့ Android App ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် Movie Countdown Timer App ဖြစ်ပါတယ်။ MovieDay ရဲ့ User Interface ဟာ လှပပြီး Animation တွေက ကြွရွလှပါတယ်။ သင်နှစ်သက်တဲ့ ရုပ်ရှင်များကို "Want To Watch" စာရင်းထဲကိုထည့်ထားနိုင်ပြီး App က အဲဒီရုပ်ရှင်တစ်ခုချင်းစီအတွက် ထွက်ရှိမယ့် နေ့ရက်နဲ့အတူ နာရီ၊ မိနစ်၊ စက္ကန့်များကို အတိအကျပြသပေးထားမှာဖြစ်ပါတယ်။ ထွက်ရှိမယ့်နေ့ရက်မတိုင်မီမှာ သင့်ကို Notification ပြသပေးမှာဖြစ်ပါတယ်။ ကြည့်ရှုပြီးသွားတဲ့ ရုပ်ရှင်များကို "Watched" စာရင်းထဲထည့်သွင်းနိုင်ပါတယ်။ MovieDay မှာ အသစ်ထွက်ရှိမယ့် ရုပ်ရှင်များကိုပြသပေးတဲ့ Browse ကဏ္ဍပါရှိပါတယ်။ Browse ကဏ္ဍမှာလည်း Upcoming, Now Playing, Popular, Top Rated စတဲ့ ကဏ္ဍများကိုခွဲခြားပြသပေးထားတဲ့အတွက် ရုပ်ရှင်များကိုရှာဖွေရာမှာ အလွန်အဆင်ပြေစေပါတယ်။ Weekly Notifications က ယခုရက်သတ္တပတ်မှာ ပြသမယ့် ရုပ်ရှင်များအတွက် Notifications များကို ပြသပေးမှာဖြစ်ပါတယ်။

MovieDay ကို Phone ရဲ့ Storage တစ်ခုခုထဲကိုထည့်ပြီး တစ်ချက်နှိပ်လိုက်ပါမယ်။ ပြီးရင် Install ကို ဆက်နှိပ်ပါ။




အနည်းငယ်ကြာလာတာနဲ့ Application Install လုပ်ပြီးကြောင်း Box ပေါ်လာပါမယ်။ Done ကိုနှိပ်ပါ။ ပြီးရင် All Application ထဲက MovieDay ကိုရှာပြီးဖွင့်ပါ။



MovieDay ရဲ့ Home Screen အောက်ခြေမှ + Button ကိုနှိပ်ပြီး နှစ်သက်တဲ့ ရုပ်ရှင်ကို "Want To Watch" စာရင်းထဲ ထည့်ရမှာဖြစ်ပါတယ်။




နောက်အဆင့်မှာ Search Box ကနေ ရုပ်ရှင်အမည်ကို ရိုက်ထည့်ပါ။ ရလဒ်များပေါ်လာရင် Add To List ကို နှိပ်ပါ။ ဒါဆိုရင် Added In List လို့ ပြသပေးမှာဖြစ်ပါတယ်။ အခြားရုပ်ရှင်များကိုလည်း ဒီနည်းအတိုင်းပဲ "Want To Watch" စာရင်းထဲ ထည့်သွင်းနိုင်ပါတယ်။




Home Screen ကို ပြန်သွားရင် "Want To Watch" စာရင်းထဲမှာ ထည့်သွင်းထားတဲ့ ရုပ်ရှင်များရဲ့ပြသမယ့်အချိန်ကို နေ့ရက်၊ နာရီ၊ မိနစ်၊ စက္ကန့်များနဲ့ အတိအကျဖော်ပြထားမှာဖြစ်ပါတယ်။




ကြည့်ပြီးသွားတဲ့ ရုပ်ရှင်ကို "Watched" စာရင်းထဲထည့်သွင်းဖို့အတွက် အဲဒီရုပ်ရှင်ကို ဖိထားပြီး အမှန်ခြစ်ခလုတ်ပေါ်လာရင်နှိပ်ပါ။ List နှစ်ခုစလုံးမှာ မပြသပေးစေချင်ရင်တော့ အမှိုက်ပုံးခလုတ်ကိုနှိပ်ပါ။




Home Screen ရဲ့ဘယ်ဘက်အပေါ်ထိပ်မှ Menu ကိုနှိပ်ပြီး Browse ကဏ္ဍထဲသွားပါ။ အဲဒီမှာ Upcoming, Now Playing, Popular, Top Rated ကဏ္ဍခွဲလေးခုကို တွေ့ရှိရမှာဖြစ်ပါတယ်။ Upcoming မှာတော့ အသစ်ထွက်ရှိမယ့် ရုပ်ရှင်များကို နေ့ရက်၊ အချိန်များနဲ့ ဖော်ပြထားပါတယ်။ "Want To Watch" စာရင်းထဲထည့်ချင်ရင် + Button ကို နှိပ်ပါ။




Menu ကနေ Settings ထဲသွားပြီး Notifications ကဏ္ဍမှ "Movie Release Noti" မှာ Enable လုပ်ထားရင် "Want To Watch" စာရင်းထဲမှရုပ်ရှင်တစ်ကားမထွက်ရှိမီအသိပေးမှာပါ။ မထွက်ရှိမီအချိန်ပမာဏဘယ်လောက်မှာအသိပေးရမလဲဆိုတာကို "Movie Release Noti Day" နဲ့ "Movie Release Noti Time" မှာသတ်မှတ်နိုင်ပါတယ်။ "Weekly Movie Noti" မှာ Enable လုပ်ထားတဲ့အတွက် "Want To Watch" စာရင်းထဲမှရုပ်ရှင်တစ်ခုပြသမယ့် ရက် သတ္တပတ်ရောက်ရင် အသိပေးမှာဖြစ်ပါတယ်။




Home Screen ရဲ့ ညာဘက်အပေါ်ထောင့်မှခလုတ်ကိုနှိပ်ရင် ရုပ်ရှင်များကို Sort ပြုလုပ်နိုင်မယ့် Options များကို ရွေးချယ်နိုင်မှာဖြစ်ပါတယ်။




စမ်းသပ်အသုံးပြုချင်ရင်တော့ File Size 5MB ရှိပြီး Android OS Version 4.0.3 နဲ့အထက်မှာ အဆင်ပြေစွာ အသုံးပြုနိုင်ပါတယ်။ https://goo.gl/zyulEH မှာ ရယူနိုင်ပါတယ်။

ARTICLE KNOWLEDGE

# Software Developer များအတွက် ပိုမိုတိုးတက်စေနိုင်မည့် အကြံပြုချက်များ

ငြိမ်း ချမ်း (BE-IT)

ယနေ့ခေတ်တွင် အိုင်တီနည်းပညာဖြင့် အသက်မွေးကြရာဝယ် ရွေးချယ်စရာနယ်ပယ်များမှာ လွန်စွာများပြားလာသည်။ Software Developer, Software Engineer, Web Designer , Web Application Developer, Hardware Engineer, Network Administrator, Network Engineer, Mobile Application Developer, System Analyst, Animation Creator ,Video Editing Specialist,Game Developer, Telecommunication Engineer စသည်ဖြင့် မြောက်များလှစွာသော အလုပ်အကိုင်များကိုလုပ်ကိုင်နိုင်သည်။ ထိုကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းမြောက်မြားစွာရှိသောကြောင့် အိုင်တီနည်းပညာလိုက်စားကြသူများသည် လွန်ခဲ့သော ဆယ်စုနှစ်(၂)ခုလောက်ကပင် သိသာစွာ တစ်နေ့တခြားများပြားလာခဲ့ရာ ယနေ့အခါတွင်မူ လိုက်စားမှုအမြင့်မားဆုံးသို့တိုင်ရောက်ရှိခဲ့ပေပြီ။ အိုင်တီနည်းပညာ၏ သဘောသဘာဝအရ လူသားဗဟိုပြုလုပ်ဆောင်ရသည်ဖြစ်ရာ ယင်းနယ်ပယ်၌ လုပ်ကိုင်ဆောင်ရွက်မည်ဆိုပါက အရည်အချင်းပြည့်ဝနေရန်လိုအပ်သည်။ အရည်အသွေးပြည့်ဝနေသော ဝန်ထမ်းများရှိသည့်လုပ်ငန်းများအဖို့ စွမ်းဆောင်ရည်ပြည့်ပြည့်ဝဝဖြင့် ရဲရဲတင်းတင်းအာမခံနိုင်သောတန်ဖိုးဖြင့် လူကြိုက်များသည့် အရည်အသွေးရှိသော product များကိုထုတ်လုပ်နိုင်ပေလိမ့်မည်။ သို့မှသာလျှင် ကုမ္ပဏီ၏ပုံရိပ်လည်းတက်ပေလိမ့်မည်။

ထို့ကြောင့် စာရေးသူအနေဖြင့် ယခုဆောင်းပါးတွင် Computer Software လုပ်ငန်းများ၌ အဓိကကျလှသော Java Programmer လုပ်ဆောင်နေသူများအဖို့ ဆိုခဲ့သောအရည်အသွေးပြည့်ဝသည့် ပညာရှင်တစ်ယောက်ဖြစ်လာစေရန် သိထားသင့်သောအချက်များစွာရှိသည့်အနက် မသိမဖြစ်သည့်အကြောင်းအရာ (၁၀)ချက်ကိုဖော်ပြလိုက်ပါသည်။

**(၁) Object Oriented အခြေခံသဘောတရားများကို လုံးဝပိုင်နိုင်နေရမည်**

Java ၏ အနှစ်သာရဖြစ်သော OOP သဘောတရားများကိုလုံးဝကျွမ်းကျင်ပိုင်နိုင်၍ အသုံးချနိုင်ရန်မှာ Java Developer တစ်ယောက်အဖို့ အရေးအကြီးဆုံးပင်ဖြစ်သည်။ Java ၏ ကနဦးအစသည်ပင်လျှင် OOP ကြောင့်ဖြစ်ပါသည်။ OOP မပိုင်နိုင်သော Java သမားတစ်ယောက်အဖို့ Java ၏ ပင်မအလှတရားတစ်ရပ်ကို ပြည့်ဝစွာခံစားနိုင်မည်မဟုတ်ပေ။ OOP ကိုကောင်းမွန်စွာအသုံးမချနိုင်လျှင် သမားရိုးကျလမ်းကြောင်းပေါ်မှာပဲရှိနေဦးမှာသေချာသည်။ OOP သဘောတရားများ ချည်နှောလည်နေရုံဖြင့် အသုံးမကျသေးဘဲ Java Developer များအဖို့ OOP Principle များကို system တစ်ခုတည်ဆောက်ရာတွင်သော်လည်းကောင်း၊ Solution တစ်ခုရဖို့အတွက်သော်လည်းကောင်း မည်ကဲ့သို့ ထိထိရောက်ရောက်သုံးစွဲရမည်ကို သိရှိတတ်ကျွမ်းနေရမည်။ ထို့ကြောင့် Java Developer များအဖို့ Object Modeling, Inheritance, Polymorphism, Design Pattern စသော OOP ဆိုင်ရာများနှင့်ပတ်သက်၍ strong ဖြစ်နေဖို့လိုအပ်လှပါသည်။

**(၂) ပင်မ API များနှင့်ပတ်သက်၍ ပိုင်ပိုင်နိုင်နိုင်သိရှိနေရမည်**

ဆရာမတစ်ယောက် မကြာခဏပြောဖူးသော အဖိုးတန်စကားတစ်ခွန်းကိုသတိရမိသည်။ တီဗီ remote ကိုဘယ်လိုလုပ်ထားပါလိမ့်လို့သိစရာမလို၊ ဘာလုပ်ချင်ရင် ဘာခလုတ်ကိုနှိပ်ရန်သိဖို့သာအဓိကကျသည်တဲ့။ ဟုတ်ပါသည်။ Java သင်တန်းမှာတဖွဖွပြောကြားခဲ့သောစကားပါ။ Application Programming Interfaces(APIs) များနှင့်ပတ်သက်၍ ၎င်းတို့အား မည်သည့်သီအိုရီများဖြင့် မည်ကဲ့သို့ရေးသားတည်ဆောက်ထားသည်ကိုသိရန်ထက် ၎င်းတို့ကိုဘယ်နေရာမှာ ဘယ်လိုအသုံးချမလဲ၊ ယူသုံးရမလဲဆိုတာကိုတတ်ဖို့ကအရေးကြီးလှပါသည်။ ထို့ကြောင့် Core APIs များဖြစ်သော Java.lang.* , I/O, Collections, Generices, Threads, JDBC စသည်တို့ကိုသုံးစွဲရာတွင် လက်ယဉ်နေရမည်။ ကျော ဆရာတွေပြောသလို အသက်ရှူလိုက်တိုင်းမှာ ကာရံတွေစီးဆင်းသွားတယ်ဆိုသလိုပေါ့။

**(၃) Coding များများရေးပါ**

သီအိုရီတစ်ခုဆိုပါစို့။ ပါးစပ်ကပြောလျှင်တော့ လွယ်ကူပါသည်။ ပြဿနာတစ်ရပ်ကို သီအိုရီအရဘယ်လိုဖြေရှင်းရမလဲဆိုတာ အပြောလွယ်သလောက် တကယ်တမ်းလက်တွေ့ဖြေရှင်းမည်ဆိုပါက အလွယ်ကူဆုံးသောအရာ၌ပင်လျှင် အခက်အခဲများနှင့်ရင်ဆိုင်ရပေလိမ့်မည်။ တကယ်တမ်းဖြေရှင်းကြည့်မှသာလျှင် ပြဿနာ၏အတိမ်အနက်ကို သိရှိနိုင်ပေလိမ့်မည်။ လုပ်ကြည့်၊ ရေးကြည့်လိုက်မှသာလျှင် language ဆိုင်ရာအကန့်အသတ်များကိုသိရှိလာနိုင်မည်။ Design နှင့်ပတ်သက်သောကောင်းမွန်သည့် အလေ့အကျင့်များကိုသိရှိလာနိုင်မည်။ ထို့ကြောင့် များများရေးပါ။ Standard ကျကျရေးပါ။ စိတ်ကူးကိုအကောင်အထည်ဖော်ပါ။ Skill တက်လာပါလိမ့်မည်။

**(၄) ဖိုရမ်များတွင် ဝင်ရောက်ဆွေးနွေးပါ**

အခက်အခဲတွေကြောင့် စိတ်မပျက်ပါနှင့်။ တကယ်တော့ ကျွန်တော်တို့ဟာ တစ်ယောက်တည်း မဟုတ်ကြပါဘူး။ ကျွန်တော်တို့ လုပ်ဆောင်နေတဲ့ နည်းပညာများနှင့်ပတ်သက်ပြီး တစ်ကမ္ဘာလုံးမှာ လုပ်နေကြသူတွေအများကြီးပါ။ နည်းပညာကိုလေ့လာရာတွင် အဆိုပါနည်းပညာနှင့်ပတ်သက်၍ တွေ့ကြုံရမည့် ပြဿနာအခက်အခဲများအတွက် ၎င်းတို့၏ Official Documentation တွေထဲမှာရှာဖွေတွေ့ရှိလိမ့်မည်ဟုမမျှော်လင့်ပါနှင့်။ ဒါဆိုဘယ်လိုလုပ်ကြမလဲ။ ကိုယ်တွေ့ကြုံနေရသော ပြဿနာများနှင့်ပတ်သက်၍ ကိုယ့်ထက်အရင်တွေ့ခဲ့သူတွေကသူတို့ ဘယ်လိုဖြေရှင်းခဲ့ကြောင်းကို သက်ဆိုင်ရာ forum များမှတစ်ဆင့်ဖြေကြားခဲ့ကြသောကြောင့် အဆိုပါဖိုရမ်များတွင် ဝင်ရောက် လေ့လာရှာဖွေမေးမြန်းခြင်းဖြင့် ဖြေရှင်းနိုင်လိမ့်မည်။ အပြန်အလှန်အားဖြင့်လည်းမိမိတို့ ကိုယ်တိုင်ဖြေရှင်းခဲ့သည်များ ရှိပါက ဖိုရမ်များတွင် အဆိုပါပြဿနာနှင့်ပတ်သက်၍ မေးမြန်းထားသည်ကိုတွေ့ရှိလျှင် ပြန်လည်ဖြေကြားနိုင်ပါသည်။ မိမိ၏ role လည်းတက်ပါလိမ့်မည်။

**(၅) Blog တွေလည်းအများကြီးရှိသေးတယ်။ Follow လုပ်ပါ။ Response ပြန်ပါ**

ဆိုခဲ့သလိုပေါ့။ ကျွန်တော်တို့ဟာတစ်ယောက်တည်းမဟုတ်ပါ။ နည်းပညာနှင့်ပတ်သက်၍ ရှုးရှုးမှုးမှုးဖြစ်ကြသောပုဂ္ဂိုလ်များသည် Blog များဖွင့်ကာ အလုပ်ရှုပ်ခံပြီး သူတို့ကြုံးစားထားသမျှတွေ့ရှိအောင်မြင်တတ်မြောက်ထားသမျှ ဖြေရှင်းထားသမျှတို့ကို အိတ်သွန်ဖာမှောက်ရေးသားထားကြသည်မှာ ဒုနှင့်ဒေးပင်ရှိသည်။ အဲဒီ blog တွေမှာ တူညီသောနည်းပညာတစ်ရပ်နှင့်ပတ်သက်၍ မတူညီသောအမြင်ရှုထောင့်မြောက်မြားစွာကိုသိရှိနိုင်ပေလိမ့်မည်။ တချို့ကကောင်းလှပါသည်။ သို့သော် framework ကိုတချို့က လုံးဝသုံးစားမရဟုသူတို့၏ ခိုင်လုံသောအကြောင်းပြချက်များဖြင့်ချေပထားလိမ့်မည်။ ထို့ကြောင့် framework များ၊ နည်းပညာများနှင့်ပတ်သက်၍ အကောင်းအဆိုးနှစ်တန်ကို သိရှိရပေလိမ့်မည်။ Blog များတွင် Comment ဝင်ရောက်ရေးသားပါ။ Response လုပ်ပါ။ အခြားသူများက မိမိ၏ထင်မြင်ချက်များနှင့် ပတ်သက်၍ ဝေဖန်လိမ့်မည်။ ထောက်ခံလိမ့်မည်။ လမ်းညွှန်လိမ့်မည်။ မိမိကပညာရတာပေါ့။ ကိုယ်ကိုယ်တိုင်လည်း Blog ဖွင့်၍ မိမိသိရှိသောအကြောင်းအရာများနှင့်ပတ်သက်၍ ရေးသားပါ။

စာမျက်နှာ ၃၄ သို့





# Samsung Gear S2 စမတ်နာရီကို ပြည်တွင်း၌ ဝယ်ယူရရှိနိုင်

Samsung ၏ နောက်ဆုံး နည်းပညာထုတ်ကုန်အမျိုးအစား ဖြစ်သော Gear S2 စမတ်နာရီကို ပြည်တွင်း၌ ဝယ်ယူရရှိနိုင်ပြီဖြစ်ကြောင်း သိရသည်။ ၎င်းစမတ်နာရီတွင် မျက်နှာပြင်အနေအထား 1.2 inchies ရှိပြီးနောက်ဆုံးပေါ် Tizen OS နှင့် 1GHz dual core processor များကိုထည့်သွင်းပေးထားသည်။ ရုပ်ထွက်အရည် အသွေးများကို ကောင်းမွန်စေရန်အတွက် 360 x 360 resolution (302 ppi)ကိုအသုံးပြုထားကာInternal Memory 4GB ပါရှိမည်ဖြစ်သည်။၂၄နာရီQActivity logသည် သုံးစွဲသူများ၏ နေ့စဉ်လှုပ်ရှားမှု၊ တိုးတက်မှုပုံစံများကိုစဉ်ဆက်မပြတ်ကြည့်ရှုနိုင်မှာဖြစ်ကာ အဆိုပါလုပ်ဆောင်ချက်သည်သုံးစွဲသူတို့၏ကျန်းမာရေးဆိုင်ရာရည်မှန်းချက်ပန်းတိုင်အားရောက်ရှိစေရန်အတွက် လှုံ့ဆော်မှုများကိုလည်း reminder update များဖြင့်မကြာ ခဏပေးပို့နေမည်ဖြစ်ကြောင်း သိရသည်။

"Samsung Gear S2 စမတ်နာရီမှာ Samsung ရဲ့တိုးတက်လာတဲ့တီထွင်မှုတွေထင်ဟပ်လျက်ရှိပါတယ်။ ဘယ်လိုအခြေအနေ အချိန်အခါမျိုးအတွက်မဆို အသင့်တော်ဆုံးဖြစ်ပြီး နေ့ဘက်တွင်ဖြစ်စေ၊ ညဘက်တွင်ဖြစ်စေ၊ အလုပ်ချိန်သာမက လေ့ကျင့်ခန်းလုပ်ချိန်တွင်ပါ အလွယ်တကူအသုံးပြုနိုင်ပြီး စိတ်တိုင်းကျဖြစ်အောင် တီထွင်ထားတာကြောင့်သုံးစွဲသူတွေရဲ့နေ့စဉ်ဘဝမှာ ကြုံတွေ့နေရတဲ့အချိန်တိုင်းကို ပိုပြီးအသုံးချနိုင်မှာပဲ ဖြစ်ပါတယ်"ဟု Samsung Myanmar မှ Managing Director Mr.Nam Sik Ahn ကပြောကြားသည်။

အဆိုပါစမတ်နာရီတွင် လှည့်၍ရသည့်နာရီဘေးဘောင်နှင့်အတူ Home နှင့် Back ခလုတ်များပါဝင်သောကြောင့် notificationနှင့် application များကိုအလွယ်တကူဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည်။




Samsung သည် ဝတ်ဆင်နိုင်သည့်နည်းပညာထုတ်ကုန်ပစ္စည်းများအသုံးဝင်မှုရှိစေရန်အတွက် တိုးချဲ့ရန်နှင့် အိမ်တွင်းချိတ်ဆက်မှုများအား ထိန်းချုပ်ရန်အတွက် စမတ်ကားသော့၊ အိမ်ခန်း၊ အခန်းသော့များနှင့် remote control များအပါအဝင် နည်းလမ်းပေါင်းများစွာဖြင့်သုံးစွဲသူများ၏ နေ့စဉ်ဘဝတွင်အဆင်ပြေချောမွေ့စေရန်အတွက် ကွဲပြားခြားနားသော အခြားစက်မှုလုပ်ငန်းမြောက်များစွာမှ ရွေးချယ်၍ ပူးပေါင်းလက်တွဲကာ လုပ်ဆောင်လျက်ရှိပါသည်။ အဆိုပါချိတ်ဆက်မှုဆိုင်ရာ လုပ်ဆောင်ချက်များအားလုံးသည် ၂ရက်မှ ၃ရက်အထိ ကြာရှည်ခံသောဘက်ထရီ၏ပံ့ပိုးမှုဖြင့် ဆောင်ရွက်နိုင်မှာဖြစ်ပြီး သုံးစွဲသူများအနေဖြင့် အားသွင်းရာတွင်လည်း ကြိုးမဲ့အားသွင်းနိုင်သည့် recharging dock အားသွင်းကိရိယာပေါ်တွင် Samsung Gear S2 အားတင်ထားခြင်းဖြင့် အားပြန်သွင်းနိုင်ကြောင်း သိရသည်။

Samsung Gear S2 ကို မီးခိုးရင့်ရောင်ဘောင်နှင့်အတူ မီးခိုးရင့်ရောင်လက်ပတ်ကြိုး၊ ငွေရောင်ဘောင်နှင့်အတူ အဖြူရောင်လက်ပတ်ကြိုးစသည်ဖြင့် ရွေးချယ်ဝယ်ယူနိုင်ကာ Samsung Gear S2 Classic တွင် အမည်းရောင်ဘောင်နှင့်အတူ သားရေလက်ပတ်ကြိုးပါဝင်မည်ဖြစ်သည်။ ရောင်းချပေးမည့်ဈေးနှုန်းမှာ Gear S2 ကို ၃၄၅၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ leather လက်ပတ်ကြိုးပါဝင်သည့် Classic Version ကိုမူ ၃၇၅၀၀၀ ကျပ်ဖြင့်လည်းကောင်းရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

**ရဲလင်းစိုး**

---

စာမျက်နှာ 33 မှအဆက်

**(၆) Open Source Framework များ၏ Source Code များကိုလေ့လာပါ**

ကောင်းမွန်သော developer များသည် framework များကိုဘယ်လိုအသုံးချရမလဲလေ့လာကြသည်။ သို့သော်သင်သည် သူတို့ထက်ပို၍ ထူးထူးချွန်ချွန်ဖြစ်လိုပါက မြောက်မြားလှစွာသော framework များအနက်မှ အအောင်မြင်အထင်ရှားဆုံးသော framework များ၏ source code များကိုလေ့လာခြင်းအားဖြင့်လည်းကောင်း၊ framework များ၏အတွင်းပိုင်းလုပ်ဆောင်မှုဆိုင်ရာ ယန္တရားကြီးကို သိရှိနိုင်မည်ဖြစ်ပြီး ကောင်းမွန်သောအလေ့အကျင့် နည်းလမ်းမြောက်မြားစွာကိုသိရှိနိုင်ပေလိမ့်မည်။ ဒီလိုသိရှိခြင်းအားဖြင့် အဆိုပါ framework များကိုထိထိရောက်ရောက်အသုံးချနိုင်မှာဖြစ်ပါတယ်။

**(၇) နည်းပညာရပ်များ၏ ဦးတည်ရာလမ်းကြောင်းများကို မျက်ခြည်မပြတ်သိရှိနေရမည်**

Open Source Software Development ဆိုင်ရာလမ်းကြောင်းသည် အမြဲတမ်းပြောင်းလဲနေသည်။ အကယ်၍ သင်သည်ကောင်းမွန်သော framework တစ်ခုကိုတွေ့ရှိပြီး စတင်လိုက်စားကာအသုံးချတော့မည်ဆိုပါစို့။ အဆိုပါ framework သည် ခေတ်မမီတော့ဘဲ ၎င်းထက်ပိုမိုကောင်းမွန်သာလွန်သည့် framework များသည်ပေါ်ပေါက်နေပေလိမ့်မည်။ လက်ရှိသင်သုံးနေသော framework တွင်ခက်ခက်ခဲခဲလုပ်ဆောင်နေရသောအရာတို့သည် အခြား framework ၌ configure line အနည်းငယ်ဖြင့် ဖြေရှင်းပြီးသားဖြစ်နေပေလိမ့်မည်။ ထို့ကြောင့်ဘာတွေဝင်ရောက်လာပြီးဘာတွေ ထွက်ခွာသွားသလဲဆိုတာကို မျက်စိရှင်ရှင်ဖြင့်လေ့လာနေရမှာဖြစ်ပါသည်။

**(၈) အသုံးတည့်သောSnippets ,Utilities များကို မှတ်သားသိမ်းဆည်းထားပါ**

မကြာခဏသုံးရလေ့ရှိသော common ဖြစ်သည့် log 4j properties, jdbc configuration ကဲ့သို့သော snippets များ၊ stringUtils, reflection Utils, DB Utils စသော utilitiesများကိုစုစည်းသိမ်းဆည်းထားပါ။

**(၉)ကွဲပြားခြားနားသော Development Methodlogies များကို သိရှိထားရမည်**

Agile, SCRUM,XP,Waterfall စသော Development Methodlogies များကိုသိရှိထားရမည်။ မိမိ client များ၏လိုအပ်ချက်နှင့်လိုက်လျောညီထွေဖြစ်သည့် မိမိလုပ်ဆောင်မည့် Project nature ပေါ်မူတည်၍ ဘယ်လို methodlogies သုံးရမည်ကိုသိရှိထားရန်လိုအပ်သည်။

**(၁၀) နည်းပညာနှင့်ပတ်သက်၍ သင်၏ အတွေးအခေါ်အယူအဆများကို document လုပ်ထားပါ၊ Blog လုပ်ထားပါ**

သင်၏နေ့စဉ်လုပ်ငန်းဆောင်တာများ၌ အသစ်အသစ်သောအကြောင်းအရာများကိုလေ့လာနေမည်။ ပိုမိုကောင်းမွန်သောအရာများကို သိရှိလုပ်ဆောင်နေလိမ့်မည်။ ပိုမိုကောင်းမွန်သော အလေ့အကျင့် ကောင်း၊ စိတ်ကူးကောင်းများတွေ့ရှိနေပေလိမ့်မည်။ အဆိုပါအကြောင်းအရာများနှင့်ပတ်သက်၍ documentation လုပ်ထားပါ။ ထို့ပြင် blog များမှတစ်ဆင့် သက်ဆိုင်ရာ community တွင်မျှဝေပါ။ သေးငယ်သောပြဿနာဖြေရှင်းမှုလေးပင်ဖြစ်စေကာမူ စာတစ်စောင်ပေတစ်ဖွဲ့လုပ်ကာမျှဝေပါ။ အခြားသောသူတစ်ယောက်အဖို့ အဆိုပါပြဿနာများနှင့် ကြုံလာပါက သင်၏ blog သည်ထိုသူအတွက် အသုံးတည့်ပေလိမ့်မည်။

---

စာမျက်နှာ N4 မှအဆက်

**မေး: သူကဘာလို့ ဒီလိုမျိုးကြန့်ကြာနေရတာလဲ။**

ဖြေ: ပြောရရင်တော့ တိုင်းရင်းသားလုပ်ငန်းရှင်များများပါဖို့ လုပ်တာပါ။ ပြီးတော့ ပြည်သူများပါ,ပါဝင်ဖို့အထိ ရည်ရွယ်ထားတော့ Public ကုမ္ပဏီဖြစ်ရမယ်။ အကြမ်းဖျင်းတော့ သီလဝါပုံစံပါ။ အခုက ပထမအဆင့်ပေါ့။ နောက်တစ်ခုက တိုင်းရင်းသားလုပ်ငန်းရှင်တွေဆိုရင် ပါတနာလိုတယ်။ အဲဒီအတွက် အချိန်ယူနေရတာပါ။ အခုလောလောဆယ် ကျွန်တော်သိသလောက် ပြည်တွင်းက တိုင်းရင်းသား ကုမ္ပဏီ ၁၁ ခုလောက်ရှိတယ်။ နောက်ဆုံးမှာတော့ တစ်ဦးချင်းကအစပါခွင့်ရတဲ့အထိလုပ်မှာပါ။ ပြည်ပနဲ့ပူးပေါင်းဖို့ကိုလည်း သူတို့ပဲရွေးချယ်မှာပါ။ ရှယ်ယာထုတ်ရောင်းဖို့အထိပေါ့။ နိုင်ငံခြားသားရှယ်ယာက အနည်းစုဖြစ်ရမယ်။ တိုင်းရင်းသားက အများစုဖြစ်ရမယ်လို့ သတ်မှတ်ထားတယ်။

**မေး: တချို့တွေက အခုလိုမျိုး နိုင်ငံရေးအပြောင်းအလဲပေါ်မူတည်ပြီး ဝန်ကြီးဌာနတွေရဲ့ လုပ်ဆောင်မှုတွေရပ်မှာကိုစိုးရိမ်ကြတယ်လို့ပြောကြတာကရော။**

ဖြေ: အဲဒါက ကျွန်တော်မြင်တာကတော့ တတ်နိုင်သရွေ့ လူပြောင်းပေမယ့် နဂိုအတိုင်းလုပ်နေတာတွေကို မပြောင်းသွားအောင် ထိန်းထိန်းသိမ်းသိမ်းလုပ်နေပါတယ်။ ဝန်ကြီးဌာနပိုင်းက ပေါ်လစီနဲ့ Guideline ပေးတာဖြစ်လို့ ဥပဒေတစ်ခုဖြစ်ပြီးပြီဆိုရင် အဲဒီအတိုင်းပဲသွားဖို့လုပ်ထားပါတယ်။ နောက်လူပြောင်းလို့ တယ်လီနောမလုပ်ရတော့ဘူးလည်းမရှိဘူးလေ။ ဒါကြောင့် Legal Infra ပိုင်းပါနိုင်မှာအောင်လုပ်ထားတာပါ။ နိုင်ငံရေးအပြောင်းအလဲပေါ်မူတည်ပြီး တယ်လီကွန်းပိုင်းကတော့ ပြောင်းလဲဖို့မမြင်ပါဘူး။ ဒီတိုင်းပဲဆက်သွားနေမှာပါ။ အခုဆို ရေးကြီးတာပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် ဆက်သွားနေတာပဲလေ။ နည်းနည်းနှေးတာပဲရှိမယ်၊ ရပ်သွားတာမရှိဘူး။

**မေး: ပြီးခဲ့တဲ့ငါးနှစ်တာ သက်တမ်းအတွင်း ဝန်ကြီးဌာနအနေနဲ့ ဘာတွေကိုလုပ်ဖြစ်ခဲ့ပြီး ကျန်နေသေးတဲ့လုပ်ဆောင်မှုတွေရှိပါသလား။ အစိုးရသစ်လက်ထက်မှာရော ဘယ်လိုပြောင်းလဲမှုတွေကို မျှော်လင့်ထားသေးလဲ။**

ဖြေ: ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ဆက်သွယ်ရေး Landscape ကဒီနေ့မှာ ဒါရမယ်ဆိုပြီး အလွယ်တကူပြောလို့မရတော့ Vision ကိုပဲထားရတာပေါ့။ ပြည်သူတွေအသုံးပြုနိုင်တယ်၊ သက်သာစေချင်တယ်၊ ရွေးချယ်ပိုင်ခွင့်ရှိရမယ်။ အဲဒါမျိုးနဲ့သွားတာပေါ့။ အကြမ်းဖျင်းကတော့ ဒီနှစ်ကုန်လို့ လူအားလုံးရဲ့ ၇၅ ရာခိုင်နှုန်းရဖို့မှန်းထားတယ်။ လွန်ခဲ့တဲ့ (၂)နှစ်ကတော့ ပြောရင် ရယ်ခံရတယ်။ ၅ ရာခိုင်နှုန်းတောင်မရှိသေးတာကို ပြောလို့ဆိုပြီး။ အခုလက်ရှိကတော့ Active ဖြစ်နေတာက ဆင်းကတ် (၃၆)သန်းကျော်ရှိသွားပြီ။ ဒါကရောင်းထားတဲ့ဟာမဟုတ်ဘူး။ သုံးနေတဲ့ဦးရေ၊ ပြီးတော့လစဉ်မှာ (၁)သန်းကျော်တိုးနေတယ်။

**မေး: ဝန်ကြီးဌာနအနေနဲ့ 4G ကိုရောခွင့်ပြုဖို့ရှိလား။ အော်ပရေတာတွေက ဝန်ကြီးဌာနကခွင့်ပြုရင်လုပ်မယ်ပြောနေကြတော့လေ။**

ဖြေ: ကျွန်တော်တို့က ဘာမှမကန့်သတ်ထားဘူး။ အုရီဒူးဆို 3G နဲ့စတယ်။ သူတို့မှာရှိတဲ့ Spectrum ကိုသူတို့ဘာသာကြိုက်တာသုံးတာလေ။ အခုဝန်ဆောင်မှုပေးရင်းနဲ့မှ တယ်လီနောကသိလာတာကပြည်တွင်းကသူတွေက 2G နဲ့မလုံလောက်ဘူးဆိုပြီးတော့ သူလည်း 3G ဖြစ်လာတယ်။ သူတို့စီးပွားရေးအနေနဲ့ 4G လုပ်လို့ ကိုက်ပြီဆိုရင် သူတို့ပြောင်းလုပ်ပါလိမ့်မယ်။

**မေး: ဆက်သွယ်ရေး ကုမ္ပဏီတွေကရော နောက်ထပ်လိုင်စင်ထပ်ချပေးဖို့ရှိနေသေးလား။**

ဖြေ: ရှိနေပါတယ်။ အခုတင်ပဲ ၆၀ ကျော်ကိုမကတော့ဘူး။ လုပ်တာတော့မတူကြဘူး။ တချို့က ဖိုက်ဘာ၊ တချို့က တာဝါ၊ တချို့က ISP, Value Added Services၊ ဆိုက်ဘာကဖေးထောင်ချင်တာ အစားစားပဲလေ။

**မေး: တယ်လီကွန်းမာစတာပလန်ကို (၅)နှစ်သတ်မှတ်ထားတော့ အခုက ဘယ်နရာခိုင်နှုန်းလောက်ပြီးနေပါပြီလဲ။**

ဖြေ: အဲလိုဖြေဖို့ခက်တယ်။ ကျွန်တော်တို့က ဆားဗစ်ကောင်းကောင်းရဖို့လုပ်တယ်။ ပြည်သူကို ဆားဗစ်ဘယ်လောက်အထိ ကောင်းကောင်းပေးဖို့ဆိုတာကျတော့ခက်သွားပြီ။ ဒါကြောင့် Value Added Services တွေများများရဖို့ပဲလုပ်ပေးနေပါတယ်။

အခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။

# Sudoku

## MobileGuide ဆုဒိုခု ဂိမ်းပြိုင်ပွဲ အမှတ်စဉ် (၁၂၈)

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | 9 | | 11 | 2 | |
| 7 | 9 | | 5 | | 3 | | | | | 6 | |
| 2 | | | | 12 | 6 | | | 7 | | | |
| | | 12 | 8 | 10 | | | 6 | 5 | | 9 | |
| 9 | | | 2 | | 7 | 8 | | 6 | 10 | | |
| | | | | 5 | | | 11 | | 12 | 3 | |
| | 11 | 6 | | 7 | | | 5 | | | | |
| | | 7 | 12 | | 4 | 3 | | 11 | | | 9 |
| | 1 | | 4 | 9 | | | 2 | 10 | 8 | | |
| | | | 6 | | | 5 | 4 | | | | 11 |
| | 7 | | | | | 11 | | 4 | | 5 | 2 |
| | 5 | 2 | | 1 | | | | | | | |

အမည် ..........................................................

နေရပ်လိပ်စာ ..........................................................

..........................................................

မှတ်ပုံတင်နံပါတ် ..........................................................

ဖုန်းနံပါတ် ..........................................................

အီးမေးလ် ..........................................................

**ဆုဒိုခု ဂိမ်းစည်းမျဉ်းစည်းကမ်းများ**

၁။ အတိုင် (Column) တစ်ခုချင်းစီတွင် "၁" မှ "၁၂" အထိ ဂဏန်း ၁၂ လုံးကို မထပ်အောင်ထည့်ရပါမည်။ မည်သည့်အစီအစဉ်နှင့်မဆို ထည့်နိုင်ပါသည်။

၂။ အတန်းများ (Row) တွင်လည်း အထက်ပါအတိုင်းထည့်သွားရပါမည်။

၃။ အကွက် ၁၂ ကွက်စီပါသော ဖုန်တစ်ခုချင်းစီအတွင်းတွင်လည်း ဂဏန်း ၁၂ လုံးကို မထပ်အောင် ထည့်ရပါမည်။

၄။ ဤနည်းအတိုင်း အကွက်အားလုံးကို ကုန်အောင်ဖြည့်စွက်ရပါမည်။

၅။ မိတ္တူ (သို့မဟုတ်) အီးမေးလ်ဖြင့်ပေးပို့ခြင်း လက်မခံပါ။

MobileGuide Information Technology & Lifestyle Journal
**အမှတ် ၉၃၊ ပထမထပ်၊ ၁၁ လမ်း(ပေါ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉၇၃၁ ၈၇၉၅၄ ၊ ၀၉၄၂၀၀ ၇၇၇၀၀**

ဆုဒိုခုအဖြေလွှာများကို အပတ်စဉ် သောကြာနေ့ ညနေ ၃ နာရီအထိ နောက်ဆုံးထားပြီး Mobile-Guide ဂျာနယ်တိုက်သို့ ပေးပို့ရပါမည်။

အဖြေမှန်ဆုရရှိသူများကို အပတ်စဉ် ထွက်ရှိမည့် Mobile Guide ဂျာနယ်တွင် ဖော်ပြပေးပါမည်။

၁။ အဖြေမှန်သူ ၁ ဦးတည်း ရှိပါက ကုမ္ပဏီများမှ ပေးအပ်ထားသော အမှတ်တရ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပါမည်။

၂။ အဖြေမှန်သူ တစ်ဦးထက် ပိုပါက ၂ ဦးကို မဲနှိုက်ရွေးချယ်ပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ ချီးမြှင့်ပါမည်။

SONICGEAR POWERLOGIC | 1212 Call Center | MEGA9 Purified Drinking Water | SAAG | OKER | Transcend | acer explore beyond limits | T.LAND | NEC Empowered by Innovation | ASUS

ဆုဒိုခုဂိမ်းပြိုင်ပွဲအမှတ်စဉ် (၁၂၇) မဲပေါက်သူများမှာ – မစောဟေမာစင် (၁၂/လမတ(နိုင်)၀၃၁၀၀၃) နှင့် ဦးဝင်းမြင့်(၁၂/လသန(နိုင်)၀၀၈၇၂၆) တို့ ဖြစ်ပါသည်။

# OPPO နှင့် Wechat ပူးပေါင်း၍ အလှဆုံးဝန်ထမ်းပျိုမေပြိုင်ပွဲ ကျင်းပမည်

ပြည်တွင်းမှ Wechat Application အသုံးပြုသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ရန်ကုန်မြို့ရဲ့လုပ်ငန်းခွင်အသီးသီးမှာလုပ်ကိုင်နေကြသည့် လှပတဲ့အမျိုးသမီးများဝင်ရောက်ယှဉ်ပြိုင်နိုင်မည့်ပြိုင်ပွဲတစ်ခုကို OPPO မှပူးပေါင်းပါဝင်ထားကြောင်း သတင်းထုတ်ပြန်ပါသည်။

WeChat App ပေါ်ရှိ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏သတင်းများ၊ လူနေမှုဘဝများအား တရုတ်ဘာသာဖြင့် တင်ဆက်ဖော်ပြနေတဲ့ စာမျက်နှာတစ်ခုဖြစ်သော MM-e-life ၏ အဆိုပါပြိုင်ပွဲအား OPPO Myanmar မှ အဓိကပံ့ပိုးသူအဖြစ်ပါဝင်ထားခြင်းဖြစ်သည်။

ပြိုင်ပွဲကိုပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် ဦးစွာ WeChat App ရဲ့ MM-e-life စာမျက်နှာကို follow လုပ်ရမှာဖြစ်ပြီး၊ ထို့နောက် chat box မှတစ်ဆင့် အမည်၊ ဖုန်းနံပါတ်၊ ကုမ္ပဏီအမည်၊ ဝါသနာ၊ ကြိုက်နှစ်သက်တဲ့အရာတစ်ခု၊ ကိုယ်လုံးပြည့်အလှဓာတ်ပုံတစ်ပုံနဲ့ ကိုယ်တစ်ပိုင်းအလှပုံတစ်စုံတို့ကို ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်များအတွက် စာရင်းပေးကာလကို ၂၀၁၅၊ နိုဝင်ဘာ ၁၉ မှ ၂၈ ရက်အထိ သတ်မှတ်ထားပြီး အွန်လိုင်းစနစ်နဲ့မဲပေးရမယ့်ကာလကတော့ ၂၀၁၅၊ ဒီဇင်ဘာ ၁ ရက်မှ ၁၁ ရက်နေ့အတွင်း သတ်မှတ်ထားပါသည်။ မဲပေးလိုသူတစ်ဦးအနေနဲ့ ယှဉ်ပြိုင်သူတွေအားလုံးကိုမဲပေးနိုင်မှာဖြစ်ပေမယ့် ပြိုင်ပွဲဝင်တစ်ဦးကိုတစ်မဲသာပေးခွင့်ရှိမှာဖြစ်ပါတယ်။ ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲဝင်တွေထဲက ဆန်ကာတင် ၃၀ ဦးကိုအရင်ဆုံးရွေးချယ်မှာဖြစ်ပြီး အဲဒီထဲကမှ ၃ဦးကို ပထမ၊ ဒုတိယနဲ့ တတိယဆုတွေ ပေးအပ်သွားမည်ဖြစ်သည်။

ဝင်ရောက်ယှဉ်ပြိုင်သောပြိုင်ပွဲဝင်များထဲမှ ဆန်ကာတင် ၃၀ဦးကို အရင်ဆုံးရွေးချယ်မှာဖြစ်ပြီး အဆိုပါသူများထဲမှ ၃ ဦးထပ်မံရွေးချယ်ကာ ပထမ၊ ဒုတိယနှင့် တတိယဆုများပေးအပ်သွားရန် စီစဉ်ထားသည်။ ပထမဆုအတွက် ငွေကျပ် ၆သိန်း၊ ဒုတိယငွေကျပ် ၄ သိန်းနှင့် တတိယဆုရရှိသူအား ငွေကျပ် ၂သိန်း ချီးမြှင့်မည်ဖြစ်ပြီး OPPO Neo 7 စမတ်ဖုန်းတစ်လုံးစီကိုလည်း ရရှိမည်ဖြစ်သည်။

OPPO အနေဖြင့် ဆန်ကာတင်စာရင်းဝင်ယှဉ်ပြိုင်သူ ၃၀ဦးကို ကြိုက်နှစ်သက်ရာဆက်သွယ်ရေးအော်ပရေတာ၏ငွေကျပ်တစ်သောင်းတန်ဖိုးရှိတဲ့ ဖုန်းငွေဖြည့်ကတ်များ ပေးအပ်သွားမည်ဖြစ်ပြီး ၂၀၁၅၊ ဒီဇင်ဘာ ၁၂ ရက်နေ့တွင် ဆုရရှိသူများအား ကြော်ငြာပေးမည်ဖြစ်ကြောင်း သိရသည်။

**ရဲလင်းလင်းသန်း**

# သဒ္ဒါနည်းကျအင်္ဂလိပ်စကားပြော အမှတ်(၂)

*ပြုစုသူ– အောင်နိုင်သူအယ်ဒီတာအဖွဲ့*

အင်္ဂလိပ်စာသင်ကြားမှုအတွေ့အကြုံများနှင့် ဒီစာအုပ်ကိုကလေးများဖတ်ချင်စဖွယ် လွယ်လွယ်ကူကူရှင်းရှင်းလင်းလင်းပုံစံဖြင့် တတ်မြောက်သွားစေရန် အစွမ်းကုန်ကြိုးပမ်းပေးသွားမည်ဖြစ်ပါသည်။ ကျောင်းသူ/သားများအတွက် အင်္ဂလိပ်စာအရေး၊ အဖတ်၊ အပြောနားထောင်မှုစွမ်းရည်များတိုးတက်စေမှာဖြစ်ပါတယ်။

သင်ခန်းစာ(၅)ခန်းပါဝင်ပြီး အခန်း(၁)ကတော့ Pronunciation အသံအနေအထားဖြစ်ပါတယ်။ Emphasis on the verb ကြိယာအပေါ်အလေးအနက်ထားပြောခြင်း၊ နာမ်ပေါ်တွင် အလေးအနက်ထားပြောခြင်း၊ Empharis on the noun တို့ကို လေ့လာရမှာပါ။ သင်ခန်းစာ(၂)မှာတော့ Contraction ချုံ့ခြင်း၊ ချဲ့ခြင်း၊ တိုစေခြင်းတို့ကို လေ့လာရမှာပါ။ Defination အဓိပ္ပာယ်၊ With more contractions Personal Pronouns တို့ကိုတွေ့ရမှာဖြစ်ပါတယ်။

သင်ခန်းစာ(၃) Common Daily Expression နေ့စဉ်သုံး အင်္ဂလိပ်စကားပြောအသုံးအနှုန်းများတွင် တောင်းခံခြင်းနှင့် ခွင့်ပန်ခြင်းကဏ္ဍ၌ Could you+Verb (1) ပုံစံ၊ Would you+Verb(1) Do you mind + Verb(-ing) (ving) တို့ကို ပြည့်စုံစွာဖြင့် လေ့လာနိုင်ကြမှာပါ။

သင်ခန်းစာ(၄)မှာ Would Order စကားလုံးဖွဲ့စည်းမှုကို လေ့လာရမှာဖြစ်ပြီး၊ သင်ခန်းစာ(၅)မှာတော့ Real Life ဘဝအစစ်အမှန် အခန်းဖြစ်ပြီး၊ Phrases For Special Occasions အထူးအခမ်းအနားအစီအစဉ်များတွင် အသုံးပြုသော အသုံးအနှုန်းစကားစုများတွင် For New Years နှစ်သစ်ကူးအတွက်၊ For Birthday မွေးနေ့အတွက်၊ For illness နေထိုင်မကောင်းဖြစ်ခြင်းအတွက်၊ For Wedding Anniversary မင်္ဂလာနှစ်ပတ်လည်နေ့အတွက် စသဖြင့် ပြည့်စုံစွာလေ့လာနိုင်သော သဒ္ဒါနည်းကျ အင်္ဂလိပ်စကားပြော အမှတ်(၂)စာအုပ်ကို မန္တလေး ၀၁-၃၉၂၈၃၅၊ ၀၉-၇၃၀၅၉၉၃၅၊ ၀၉-၅၀၅၆၈၄၃ တို့မှ တစ်အုပ်လျှင် ၁၀၀၀/– ကျပ်ဖြင့် ဖြန့်ချိထားပါတယ်။


Book Review

# TECH NEWS UPDATE

## News Headline ...

### Pepsi က Phone P1 စမတ်ဖုန်းကိုရောင်းချ

အချိုရည် ထုတ်လုပ်တဲ့ Pepsi က Pepsi Phone P1 လို့ အမည်ရတဲ့ စမတ်ဖုန်းကို ထုတ်လုပ်ရောင်းချပေးလိုက်ပါတယ်။ Pepsi Logo ကို အနောက်ဘက်မှာ ရိုက်နှိပ်ထားပြီး စွမ်းဆောင်ရည်သင့် တန်ဖိုးနည်း စမတ်ဖုန်း ဖြစ်ပါတယ်။ အဆိုပါ ဖုန်းကို Shenzhen Scooby Communication Equipment က ထုတ်လုပ်ပေးတာဖြစ်ပါတယ်။ အလူမီနီယမ် ကိုယ်ထည် တပ်ဆင်ထားပြီး ၅.၅ လက်မ 1080p Display , Octa-Core MT6592 Chipset ထည့်သွင်းထားပါတယ်။ Android 5.1 Lollipop ကို အခြေပြုထားတဲ့ dido OS မောင်းနှင်မှာ ဖြစ်ပါတယ်။ အနောက်ဘက်မှာ 13MP Camera နဲ့ အရှေ့ဘက်မှာ 5MP Camera တပ်ဆင်ထားပါတယ်။ အနောက်ဘက်မှာ Fingerprint Scanner ထည့်သွင်းထားပါတယ်။ 3000mAh Battery, 4G LTE တို့ ပါရှိပြီး Dual-SIM Phone ဖြစ်ပါတယ်။ ဒုတိယ SIM Slot မှာ microSD Card ကိုထည့်သွင်းနိုင်ပါတယ်။ တရုတ်ယွမ် ၆၉၉ ( ဒေါ်လာ ၁၁၀ ) သတ်မှတ်ထားပါတယ်။

### Xiaomi က Mi Pad 2 ကို Nov 24 ရက်နေ့တွင် မိတ်ဆက်

Xiaomi က နိုဝင်ဘာလ ၂၄ ရက်နေ့တွင် Event တစ်ခုပြုလုပ်ပြီး Redmi Note 2 Pro နဲ့ Mi Pad Tablet တို့ကို မိတ်ဆက်မှာဖြစ်ပါတယ်။ Xiaomi ဥက္ကဌ Lin Bin က ပွဲမတိုင်မီမှာ Mi Pad ရဲ့ ဓာတ်ပုံတစ်ပုံကို အရိပ်အမြွက် ပြသလိုက်ပါတယ်။ တက်ဘလက်မှာ သတ္တုကိုယ်ထည် တပ်ဆင်ထားပြီး အလွန်ပါးလွှာပါတယ်။ အနောက်ဘက်တွင် ကင်မရာ တပ်ဆင်ထားပေမယ့် LED Flash တော့ မပါရှိပါဘူး။ ပါဝါနဲ့ အသံ ခလုတ်များကို ညာဘက်မှာ တပ်ဆင်ထားပါတယ်။ Xiaomi က Specifications များကို ကြေညာခြင်း မရှိသေးပေမယ့် ထွက်ပေါ်နေတဲ့ သတင်းများအရ တက်ဘလက်မှာ Intel Chipset, 2GB RAM, 16GB Storage, 7.9 " 2048x1536 Display တပ်ဆင်ထားမှာဖြစ်ပါတယ်။ Android OS ကို အခြေပြုထားတဲ့ MIUI ကို ထည့်သွင်းမောင်းနှင်စေမှာဖြစ်ပါတယ်။

### LG က မိုဘိုင်းငွေပေးချေမှုစနစ်ကိုပြုလုပ်မည်

LG က Google Android Pay, Apple Pay, Samsung Pay စတဲ့ မိုဘိုင်း ငွေပေးချေမှုစနစ်တို့ကို ယှဉ်ပြိုင်ဖို့ပြုလုပ်မှာဖြစ်တယ်လို့ အတည်ပြုပါတယ်။ လာမယ့်လမှာ စတင် ဝန်ဆောင်မှုပေးမှာ ဖြစ်ပြီး တောင်ကိုရီးယားရဲ့ အဓိက Credit Card Company များနဲ့ သဘောတူညီမှုများ ပြုလုပ်နေပါတယ်။ ဝန်ဆောင်မှုရဲ့အမည်နဲ့ ဖြန့်ချိမယ့် နေ့ရက် အတိအကျကို မသိရသေးပါဘူး။ LG က NFC ဒါမှမဟုတ် Samsung Pay မှာ အသုံးပြုထားတဲ့ MST ( Magnetic Secure Transmission ) နှစ်မျိုးထဲက ဘယ်တစ်ခုကို အသုံးပြုမလဲဆိုတာကို မသိရသေးပါဘူး။ Apple Pay , Samsung Pay , Android Pay တို့ကို ယှဉ်ပြိုင်ဖို့ LG ဟာ ရုန်းကန်ရလိမ့်မယ်လို့ ကျွမ်းကျင်သူများက သုံးသပ်ပါတယ်။ အောင်မြင်ဖို့ဆိုရင် LG ဟာ သူများနဲ့ မတူတဲ့ ဆန်းသစ်မှုများကို ပံ့ပိုးပေးပြီး LG Smartphone များကို ဝယ်ယူချင်အောင် ဆွဲဆောင်ရမှာ ဖြစ်ပါတယ်။

### 9000 mAh Battery ပါတဲ့ တရုတ်ဟန်းဆက်



တရုတ် စမတ်ဖုန်းထုတ်လုပ်သူ MACOOX က 9000mAh Battery ထည့်သွင်းထားတဲ့ စမတ်ဖုန်းကို မိတ်ဆက်လိုက်ပါတယ်။ EX1 ဟု အမည်ပေးထားပြီး ၄.၅ လက်မ မျက်နှာပြင် တပ်ဆင်ထားပါတယ်။ 1GB RAM, 8GB Internal Storage ထည့်သွင်းပေးထားပါတယ်။ Quad-Core Processor မောင်းနှင်မှာ ဖြစ်ပါတယ်။ အနောက်ဘက်တွင် 8MP Main Camera ကို LED Flash တစ်ခုနဲ့ တွဲဖက်ထားပါတယ်။ အရှေ့ဘက်မှာ 2MP Camera တပ်ဆင်ထားပါတယ်။ ဘက်ထရီ အရွယ်အစားကြီးမားတဲ့အတွက် ဖုန်းရဲ့ အထူဟာ ၁၅ မီလီမီတာလောက် ရှိပါတယ်။ ခရီးရှည်သွားသူများအတွက် သင့်တော်ပြီး တစ်ခါအားသွင်းထားရင် ၅ ရက်လောက် အသုံးခံပါတယ်။

## Lenovo က Vibe X3 ကိုဗားရှင်းသုံးခု ထုတ်လုပ်




Lenovo က တရုတ်တွင် Vibe X3 ကိုကြေညာလိုက်ပါတယ်။ Vibe X2 ရဲ့ မျိုးဆက်ဖြစ်ပြီး X3 ဟာ ယခင်မျိုးဆက်နဲ့ ဒီဇိုင်းဆင်တူပါတယ်။ X3 မှာတော့ ထောင့်စွန်းများကို ပိုမိုလုံးဝန်းစေရန် ပြုလုပ်ထားပါတယ်။ Lenovo က Vibe X3 ကို ဗားရှင်း သုံးခုထုတ်လုပ်ပေးထားပါတယ်။ အမည်အားဖြင့် တူညီသော်လည်း နှစ်မျိုးမှာ များစွာ တူညီပြီး ကျန်တစ်မျိုးကို ဈေးနှုန်းသက်သာစေရန် အစိတ်အပိုင်းများကို လျှော့ချထားပါတယ်။ သုံးမျိုးစလုံးတွင် ၅.၅ လက်မ Full HD Display တပ်ဆင်ထားပြီး Gorilla Glass 3 ဖြင့်ကာကွယ်ထားပါတယ်။

စွမ်းဆောင်ရည်မြင့် နှစ်မျိုးတွင် Qualcomm Snap-dragon 808 Chipset, 3GB RAM, 64GB or 32GB Storage တို့ ထည့်သွင်းထားပါတယ်။ Micro SD Card Slot ပါရှိပြီး Slot နှစ်ခု စလုံးတွင် 4G LTE ကို ထောက်ပံ့ပါတယ်။ Dual-SIM Dual-Standby စွမ်းရည် ပါရှိပါတယ်။ အနောက်ဘက်တွင် Phase Detection Autofocus နဲ့ 4K Video များကို ရိုက်ကူးနိုင်တဲ့ 23MP Camera ကို တပ်ဆင်ထားပါတယ်။ အရှေ့ဘက်တွင် 8MP Selfie Camera ပါရှိပါတယ်။

3600mAh Battery တပ်ဆင်ထားပြီး Qualcomm Quick-Charge 2.0 နည်းပညာပါရှိတဲ့ အတွက် လျင်မြန်စွာ အားသွင်းပေးနိုင်ပါတယ်။

တတိယအမျိုး အစားကို Lenovo Vibe X3 c78 ဟု အမည်ပေးထားပြီး Chipset ကွဲပြားပါတယ်။ 1.3GHz Octa-Core Mediatek Silicon Chipset မောင်းနှင်မှာဖြစ်ပါတယ်။ 2GB RAM, 16GB Storage ထည့်သွင်းထားပါတယ်။

ကင်မရာအပိုင်းကို အဆင့်နှိမ့်ထားပြီး အနောက်ဘက်တွင် 16MP Camera ပါရှိပါတယ်။ အရှေ့ဘက်တွင် 5MP Camera ထည့်သွင်းထားပါတယ်။ ဘက်ထရီက လည်းအနည်းငယ် သေးငယ်ပြီး 3400mAh Battery ဖြစ်ပါတယ်။ စွမ်းဆောင်ရည်မြင့် နှစ်မျိုးရဲ့ 64 GB Version ကို တရုတ်တွင် ယွမ် ၂၉၉၉ (ဒေါ်လာ ၄၇၀)၊ 32GB Version ကို ယွမ် ၂၄၉၉ (ဒေါ်လာ ၃၉၀) ဖြင့် ရောင်းချပေးနေပါတယ်။ စွမ်းဆောင်ရည်နိမ့် ဗားရှင်းကို ယွမ် ၁၈၉၉ (ဒေါ်လာ ၃၀၀) ဖြင့် ရောင်းချပေးနေပါတယ်။

## Gionee က ပါးလွှာတဲ့ သတ္တုကိုယ်ထည် တပ်ဆင်ပေးထားတဲ့ S6 ကို မိတ်ဆက်

Gionee က ပါးလွှာတဲ့ စွမ်းဆောင်ရည်သင့် S6 စမတ်ဖုန်းကို မိတ်ဆက်လိုက်ပါတယ်။ Gionee S6 မှာ ၅.၅ လက်မ 720p HD AMOLED Display , 1.3GHz Octa-Core CPU ပါတဲ့ MediaTek MT6753 SoC တပ်ဆင်ထားပါတယ်။ 3GB RAM, 32GB Internal Storage ပါရှိတဲ့အပြင် microSD Card ထည့်သွင်းနိုင်ပါတယ်။ အနောက်ဘက်တွင် 13MP Camera နဲ့ အရှေ့ဘက်တွင် 5MP Camera ထည့်သွင်းထားပါတယ်။ microSD Card Slot နေရာမှာ SIM Card ကိုလည်း ထည့်သွင်းနိုင်တဲ့အတွက် Dual SIM Phone လို အသုံးပြုနိုင်ပါတယ်။ 4G LTE , USB Type-C Connector, 3150mAh Battery တို့ ပါရှိပါတယ်။ Android 5.1 Lollipop ကို Gionee AMIGO OS 3.1 နဲ့ ပေါင်းစပ်ထားပါတယ်။ S6 ဟာ ပါးလွှာပြီး သတ္တုကိုယ်ထည် တပ်ဆင်ထားပါတယ်။ ယခင် S Series များလို အနောက်ဘက်မှာ ဖန်မျက်နှာပြင်ကို တပ်ဆင်ထားခြင်း မရှိပါဘူး။ ဘေးဘောင်များဟာလည်း ပါးလွှာပြီး အထူကလည်း ၆.၉ မီလီမီတာသာ ရှိပါတယ်။ တရုတ်ယွမ် ၁၆၉၉ (ဒေါ်လာ ၂၆၆ ) ဖြင့် နိုဝင်ဘာလ ၂၂ မှာ စတင်ရောင်းချပေးခဲ့ပါတယ်။

## Meizu m1 metal ကို ဒေါ်လာ ၂၂၀ ဖြင့်ရောင်းချ

တရုတ်စမတ်ဖုန်းထုတ်လုပ်သူ Meizu က m1 metal စမတ်ဖုန်းကို လွန်ခဲ့တဲ့ တစ်လအကြာက ကြေညာခဲ့ပြီး ယခုအခါမှာ စတင်ရောင်းချပေးလိုက်ပါပြီ။ Meizu m1 metal 16GB Version ကို ဒေါ်လာ ၂၂၀ ( ယူရို ၂၀၉) ဖြင့် အွန်လိုင်းအရောင်းဆိုင်မှာ ဝယ်ယူနိုင်ပါတယ်။ 32GB Version ကို ကြိုတင်မှာယူနိုင်ပြီး ဒေါ်လာ ၂၅၀ (ယူရို ၂၃၈) သတ်မှတ်ထားပါတယ်။ Meizu m1 metal မှာ ၅.၅ လက်မ 1080p Full HD Display တပ်ဆင်ထားပါတယ်။ Dual-SIM Phone ဖြစ်ပြီး micro SD Card ကို SIM Slot တစ်ခုနဲ့ မျှတွဲအသုံးပြုရမှာဖြစ်ပါတယ်။ Octa-Core Mediatek MT6795 Helio X10 Chipset မောင်းနှင်မှာ ဖြစ်ပါတယ်။ အနောက်ဘက်တွင် 13MP Main Camera ပါရှိပါတယ်။ အရှေ့ဘက်မှာတော့ 5MP Camera တပ်ဆင်ပေးထားပါတယ်။ အနောက်ဘက် ကာဗာကို သတ္တုဖြင့် ပြုလုပ်ပေးထားပြီး ယခင်မျိုးဆက် m1 note ထက် သာလွန်ကောင်းမွန်တဲ့ အချက်တစ်ခုဖြစ်ပါတယ်။ Android နောက်ဆုံးထွက် OS ကိုသုံးစွဲနိုင်မှာဖြစ်ပြီး 2GB RAM မှာ App တွေကို သွက်လက်စွာဆောင်ရွက်နိုင်ပါတယ်။ Flyme UI အပြင်အဆင်သစ်ကို ပါရရှိနိုင်မှာပါ။

## HTC One M9s ကိုကြေညာ




HTC က One Series အသစ်တစ်မျိုးကို ကြေညာလိုက်ပါတယ်။ HTC One M9s ကို ထိုင်ဝမ်တွင် မိတ်ဆက်လိုက်ပြီး One M9 နဲ့ ဆင်တူသော်လည်း Hardware အပိုင်းမှာ အနည်းငယ်ကွဲပြားပါတယ်။

HTC One M9s မှာ ၅ လက်မ Full HD LCD Display တပ်ဆင်ထားပါတယ်။ ဖုန်းနှစ်လုံးရဲ့ အဓိကကွာခြားချက်မှာ Mediatek Helio X10 Chip ဖြစ်ပါတယ်။

One E9, E9s တို့မှာလိုပဲ M9s မှာ 2GB RAM, 16GB Storage တပ်ဆင်ထားပါတယ်။ 2TB အထိ ဝင်ဆံ့တဲ့ microSD Card ထည့်သွင်းနိုင်ပါတယ်။

အဓိကကင်မရာဟာလည်း လက်ရှိ One Series များနဲ့တူညီပါတယ်။ အပေါ်မှာ ဖော်ပြထားတဲ့ E Model များလိုပဲ အဓိက 13MP Camera ပါရှိပါတယ်။

ဒါပေမယ့် ကင်မရာ အထူးပြု M9+ မှ Optical Image Stabilization နည်းပညာပါရှိပါတယ်။ အရှေ့ဘက်တွင် 4MP UltraPixel Camera တပ်ဆင်ပေးထားပါတယ်။ HTC One M9s မှာ One M9 မှာလိုပဲ သတ္တုကိုယ်ထည်တပ်ဆင်ပေးထားပြီး အရွယ်အစား အပြည့်အစုံမှာ 144.6×69.7×9.6mm ဖြစ်ပါတယ်။ ၁၅၉ ဂရမ် အလေးချိန်ရှိပြီး 2840 mAh Battery ပါရှိပါတယ်။

2G, 3G, 4G LTE ဆက်သွယ်မှုများကို အထောက်အပံ့ပေးပါတယ်။ Bluetooth 4.1, Dual-Band WiFi 802.11 a/b/g/n/ac, NFC, GPS, GLONASS , Beidou တို့ပါရှိပါတယ်။ ထိုင်ဝမ် ဒေါ်လာ ၁၂၉၀၀ (ဒေါ်လာ ၃၉၀) ဖြင့်ကြိုတင်မှာယူနိုင်ပြီး နိုဝင်ဘာလ ၂၁ရက်နေ့မှာစတင်ရောင်းချပေးခဲ့ပါတယ်။

# TECH NEWS UPDATE

## Audi က Auto ပါကင်ထိုးနိုင်တဲ့ ကားများကို ၂နှစ်မှ ၃နှစ်အတွင်း ရောင်းချမည်




Audi က မကြာမီ နှစ်အနည်းငယ်အတွင်းတွင် အလိုအလျောက် ပါကင်ထိုးနိုင်တဲ့ ကားများကို ဖန်တီးရန် Somerville, Massachusetts တို့နဲ့ ပူးပေါင်းလုပ်ကိုင်နေပါတယ်။ Somerville က အွန်လိုင်းတွင် မီးပွိုင့်အခြေအနေများကို အချိန်နဲ့တစ်ပြေးညီပြသပေးတော့မည်ဟု ကြေညာထားပြီး Audi က အဆိုပါသတင်းအချက်အလက်များကို အသုံးချနိုင်မှာဖြစ်ပါတယ်။

အဆိုပါ သတင်းအချက် အလက်များအရ Audi ကားများဟာ မီးပွိုင့်များတွင် မီးစိမ်းမယ့် အချိန်ကို ကြိုတင်သိရှိပြီး အမြန်နှုန်းကို ချိန်ညှိနိုင်မှာဖြစ်ပါတယ်။ Audi က အဆိုပါ နည်းပညာဟာ ယာဉ်ကြောပိတ်ဆို့မှုများကို ၂၀ မှ ၅၀ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်မယ်လို့ တွက်ဆထားပါတယ်။ ယခုလက်ရှိမှာတော့ Audi နဲ့ Somerville တို့ဟာ အလိုအလျောက် ပါကင်ထိုးနိုင်တဲ့ ကားနည်းပညာအတွက်သာမက လူကိုယ်တိုင် ပါကင်ထိုးနိုင်တဲ့ အထူးဒီဇိုင်းပုံစံအပါအဝင် အနာဂတ်အတွက် အလိုအလျောက် ပါကင်ထိုးတဲ့ အခြေခံအဆောက်အဦများကို တီထွင်ဖို့ ကြိုးစားနေပါတယ်။ Audi က လာမယ့် နှစ်နှစ်မှ သုံးနှစ်အတွင်းမှာ အလိုအလျောက် ပါကင်ထိုးနိုင်တဲ့ ကားများကို ထုတ်လုပ်ရောင်းချမယ်လို့ Mashable ကိုပြောပါတယ်။

အဆိုပါ နည်းပညာဟာ အဆင်သင့်ဖြစ်နေပေမယ့် မြို့တော်များရဲ့ ဖွဲ့စည်းတည်ဆောက်ပုံကို ချိန်ညှိဖို့အတွက် အချိန်လိုနေသေးတာဖြစ်ပါတယ်။ အလိုအလျောက် ပါကင်ထိုးနိုင်တဲ့ ကားများဟာ အလွန်တိကျတဲ့အတွက် ကားပါကင်နေရာ လိုအပ်ချက်ကိုလည်း လျှော့ချပေးမှာဖြစ်ပြီး ၂၆ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ပါတယ်။ ၂၀၃၀ မှာ ကားပါကင်နေရာ လိုအပ်ချက်ကို ၆၀ ရာခိုင်နှုန်း အထိလျှော့ချနိုင်မယ်လို့ Audi က တွက်ချက်ထားပါတယ်။

ကမ္ဘာ့နာမည်ကြီး ကားထုတ်လုပ်သူ ကုမ္ပဏီများစွာဟာ အလိုအလျောက် မောင်းနှင်နိုင်တဲ့ ကားများကို အပြိုင်အဆိုင် တီထွင်နေကြပါတယ်။ ကားထုတ်လုပ်သူများအပြင် Google ကလည်း မောင်းသူမဲ့ကားများကို စမ်းသပ် တီထွင်နေပါတယ်။ မောင်းသူမဲ့ ကားများရဲ့ လုံခြုံစိတ်ချရမှုကို အာဏာပိုင်များကလည်း စစ်ဆေးနေပြီး အများသုံးလမ်းမများမှာ မောင်းနှင်ခွင့်အတွက် ဥပဒေများကို စိစစ်ပြဋ္ဌာန်းဖို့ ရှိနေပါတယ်။

## Google Plus လူမှုကွန်ရက်ကို ဒီဇိုင်းဆန်းသစ်

Google က သူ၏ အောင်မြင်မှုမရရှိတဲ့ Google Plus လူမှုကွန်ရက်ကို ဒီဇိုင်းဆန်းသစ်ပေးလိုက်ပြီး Collections နဲ့ Communities အပိုင်းများကို တိုးတက်အောင် အဓိကပြုလုပ်ထားပါတယ်။ Google က အင်္ဂါနေ့တွင် အသွင်ဆန်းသစ်ထားတဲ့ Google Plus ကို စတင်ဖြန့်ချိပေးလိုက်ပါတယ်။ Google Plus ကို ၂၀၁၁ ခုနှစ်တွင် စတင်ဖြန့်ချိခဲ့ပါတယ်။ Google Account ရှိသူတိုင်းအတွက် Google Plus Profile တစ်ခုကို အလိုအလျောက် ပြုလုပ်ပေးခဲ့တဲ့အတွက် ပရိုဖိုင်ပေါင်း ၂ ဘီလီယံကျော် ရှိခဲ့ပါတယ်။ ဒါပေမယ့် ယခုနှစ် ဧပြီလမှ Stone Temple ရဲ့ စစ်တမ်းအရ အသုံးပြုသူများရဲ့ ၉၀ ရာခိုင်နှုန်းဟာ Google Plus မှာ ပို့စ်တင်ခြင်း မရှိဘူးလို့ သိရပါတယ်။ အတိုင်ပင်ခံ အေဂျင်စီ Stone Temple က Google Plus အသုံးပြုသူအရေအတွက်ဟာ ၂၁ သန်း ဝန်းကျင်သာ ရှိတယ်လို့ ပြောပါတယ်။ နှိုင်းယှဉ်ကြည့်ရင် Facebook က စက်တင်ဘာလမှာ Active Users ပေါင်း တစ်ဘီလီယံကျော်ရှိတယ်လို့ကြေညာခဲ့ပါတယ်။ Google ရဲ့ ဘလော့ဆောင်းပါးအရ ဝါသနာတူရာများကို ဆွေးနွေးနိုင်တဲ့ ဂရုများကို ချိတ်ဆက်နိုင်တဲ့ Communities နဲ့ ကျန်းမာရေး၊ ဓာတ်ပုံပညာတို့လို စိတ်ဝင်စားရာကဏ္ဍများမှ ပို့စ်များကို မြင်တွေ့နိုင်တဲ့ Collections တို့ကို လူကြိုက်များတယ်လို့ သိရပါတယ်။

## Apple Pay ကို ကနေဒါရှိ American Express Customers များ အသုံးပြုနိုင်ပြီ

Apple Pay ကို အမေရိကန်နဲ့ ဗြိတိန်နိုင်ငံများ ပြီးနောက် ကနေဒါနိုင်ငံရှိ American Express Customers များကလည်း အသုံးပြုနိုင်ပြီဖြစ်ပါတယ်။ ကနေဒါဟာ Apple Pay ကို အသုံးပြုနိုင်တဲ့ တတိယမြောက်နိုင်ငံဖြစ်လာပါတယ်။ Apple Pay ဟာ iPhone များကနေ အရောင်းဆိုင်များမှာ ငွေပေးချေနိုင်တဲ့ Apple ရဲ့ ဝန်ဆောင်မှုဖြစ်ပါတယ်။ iPhone ကို ဘဏ်များ၊ ခရက်ဒစ်ကတ်များနဲ့ ချိတ်ဆက်ထားရမှာဖြစ်ပြီး အရောင်းဆိုင်များတွင် ငွေရှင်းရာမှာ ခရက်ဒစ်ကတ်များကို သယ်ဆောင်ဖို့ မလိုတော့ဘဲ ဖုန်းနဲ့ ငွေရှင်းနိုင်မှာ ဖြစ်ပါတယ်။ Apple က ပြီးခဲ့တဲ့လမှာ ကနေဒါ၊ ဩစတြေးလျ၊ ဟောင်ကောင်၊ စပိန်၊ စင်ကာပူ နိုင်ငံတို့မှာ Apple Pay ကို ဝန်ဆောင်မှုပေးမယ့် အစီအစဉ်ကို အတည်ပြုခဲ့ပါတယ်။ ဩစတြေးလျရှိ American Express Customers များအတွက် လာမယ့်ရက်သတ္တပတ်မှာ ဝန်ဆောင်မှုပေးဖို့ မျှော်လင့်ရပါတယ်။ Apple က ဘဏ်များစွာဟာ Apple Pay ကို ထောက်ပံ့လာဖို့ လွန်စွာကြိုးစားနေပါတယ်။ ကနေဒါရှိ iPhone Users များက iOS 9.1 မောင်းနှင်တဲ့ iPhone များမှ Wallet App မှာ Credit , Debit Card များကို Scan ပြုလုပ်ပြီး Apple Pay ကို အသုံးပြုရမှာဖြစ်ပါတယ်။

## Facebook က ပဲရစ်နဲ့ နိုင်ဂျီးရီးယားအတွက် Safety Check ကို ပြုလုပ်ပေး

ပြင်သစ်နိုင်ငံ ပဲရစ်မြို့ရဲ့ နေရာ အတော်များများမှာ အကြမ်းဖက်သမားများရဲ့ တိုက်ခိုက်မှုခံခဲ့ရပြီးနောက် လူပေါင်းများစွာ အသက်ပေးခဲ့ရပါတယ်။ အဆိုပါ တိုက်ခိုက်မှုများမှာ ပဲရစ်တွင် နေထိုင်တဲ့ သူငယ်ချင်းများ (သို့) ပဲရစ်သို့ အလည်ရောက်နေတဲ့ သူငယ်ချင်းများ ဘေးကင်းလုံခြုံရဲ့လားဆိုတဲ့ စိတ်ပူပန်မှုတွေဟာ Facebook Users များအကြားမှာ ရှိနေပါတယ်။




အဲဒီသတင်းအချက်အလက်များကို Facebook တွင် သိရှိနိုင်ဖို့အတွက် Safety Check ဆိုတဲ့ စွမ်းဆောင်ချက်ကို ကုမ္ပဏီက ပြုလုပ်ပေးထားပါတယ်။ ပဲရစ်တွင် နေထိုင်သူ Facebook Users များက Safety Check မှနေ၍ သူတို့ဘေးကင်းကြောင်း အခြား Facebook Users များကို အသိပေးနိုင်ပါတယ်။ ထို့အပြင် Facebook Users များကလည်း ပဲရစ်ရှိ သူငယ်ချင်းများရဲ့ အခြေအနေကို Safety Check တွင် ရှာဖွေနိုင်ပါတယ်။ ပဲရစ်မြို့ အကြမ်းဖက်မှုကို ISIS အဖွဲ့ကပြုလုပ်တယ်လို့ ကြေညာထားပါတယ်။ ပဲရစ်မြို့ တိုက်ခိုက်ခံရမှုအပြီး သုံးရက်အကြာမှာတော့ နိုင်ဂျီးရီးယားနိုင်ငံ၊ ယိုလာမြို့ရှိ ဈေးတစ်ခုအတွင်းမှာ ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အနည်းဆုံး လူ ၃၂ ယောက် သေဆုံးပြီး ၈၀ ကျော် ဒဏ်ရာရခဲ့ပါတယ်။ Facebook က နိုင်ဂျီးရီးယားအတွက်လည်း Safety Check ကို ပြုလုပ်ပေးခဲ့ပါတယ်။ အဆိုပါ တိုက်ခိုက်မှုကို ဝန်ခံထားတဲ့ အဖွဲ့ မရှိသေးသော်လည်း အစွန်းရောက် အစ္စလာမ်အဖွဲ့ဖြစ်တဲ့ ဘိုကိုဟာရမ်တို့ရဲ့ လက်ချက်ဖြစ်နိုင်တယ်လို့ သုံးသပ်ထားကြပါတယ်။ Facebook က ပဲရစ်မြို့အတွက် Safety Check ကို ပြုလုပ်ပေးခြင်းဟာ အကြမ်းဖက်မှုအတွက် ပထမဆုံး အကြိမ်ဖြစ်ပါတယ်။Safety Check ကို ၂၀၁၁ တွင် ဂျပန်၌ လှိုင်းတံပိုးဖြစ်ပွားပြီးနောက်တွင် တီထွင်ရန် အကြံရရှိခဲ့ခြင်းဖြစ်တယ်လို့ Mark Zuckerberg က ပြောပါတယ်။ အဲဒီနောက်ပိုင်းမှာ သဘာဝဘေးဖြစ်ပွားတဲ့ နိုင်ငံများအတွက် Facebook က Safety Check ကို ပြုလုပ်ပေးခဲ့ပါတယ်။

## News Headline ...

### Parrot က ပိုမိုလျင်မြန်တဲ့ Drone မျိုးဆက်သစ်ကိုပြသ

Drone ယာဉ်ပျံငယ်များကို တီထွင်ရောင်းချနေတဲ့ Parrot က နာမည်ကျော် Bebop ရဲ့ မျိုးဆက်ဖြစ်တဲ့ Bebop 2 ကို မိတ်ဆက်လိုက်ပါတယ်။ မျိုးဆက်သစ်ဟာ ယခင်မျိုးဆက်ထက် ပိုမိုလျင်မြန်ပြီး အချိန်ကြာမြင့်စွာ ပျံသန်းနိုင်ပါတယ်။ မျိုးဆက်သစ်မှာ 1080p Full HD Video များကို ရိုက်ကူးနိုင်တဲ့ 14MP Camera ကို တပ်ဆင်ထားပါတယ်။ ၁၈၀ ဒီဂရီ ရွှေ့လျားနိုင်တဲ့ Lens ကို Drone ရဲ့ နှာခေါင်းမှာ တပ်ဆင်ထားပါတယ်။ အပို Flight Controller က နှစ်ကီလိုမီတာ အကွာအဝေးအထိ တိုးချဲ့ပျံသန်းစေနိုင်ပါတယ်။ ဆန်ဖရန်စစ္စကိုတွင် ပြုလုပ်သော မီဒီယာမိတ်ဆက်ပွဲတွင် ပြင်သစ်ကုမ္ပဏီ Parrot မှ စီအီးအို Henri Seydoux က ဆော့ဝဲကို အခြေပြုခြင်းဖြင့် Hardware အစိတ်အပိုင်းများကို လျှော့ချနိုင်ခဲ့တဲ့အတွက် Drone ရဲ့ အလေးချိန်ဟာ လျော့နည်းသွားတယ်လို့ ပြောပါတယ်။ ဘက်ထရီသက်တမ်းဟာလည်း ၁၂ မိနစ်မှ ၂၅ မိနစ် အထိတိုးတက်လာတယ်လို့ပြောပါတယ်။

### Apple Watch Charging Dock ကို မိတ်ဆက်မည်

Apple က သူ့ရဲ့ စမတ်နာရီအတွက် ကြိုးမဲ့အားသွင်းကိရိယာကို မိတ်ဆက်မယ်လို့ သတင်းများ ပေါက်ကြားထွက်ပေါ်လာပါတယ်။ အခြားထုတ်လုပ်သူများရဲ့ Charging Dock နဲ့ မတူဘဲ Apple ရဲ့ Charging Dock ဟာ ပြားချပ်ပြီး CD တစ်ချပ်နဲ့ ဆင်တူနေပါတယ်။ အဖြူရောင် အားသွင်းပြားပေါ်မှာ စမတ်နာရီကို တင်ပြီး အားသွင်းရမှာ ဖြစ်ပါတယ်။ စမတ်နာရီကို အားသွင်းဖို့ Lightning Cable ကိုလည်း တပ်ဆင်အသုံးပြုနိုင်ပါတယ်။ သံလိုက်စက်ကွင်းများကို အသုံးပြုပြီး စမတ်နာရီကို ကြိုးမဲ့အားသွင်းပေးတာဖြစ်ပါတယ်။ Apple က အဆိုပါ ကြိုးမဲ့အားသွင်းကိရိယာကို တရားဝင်ကြေညာခြင်း မရှိသေးသော်လည်း သတင်းအချက်အလက်များ ပေါက်ကြားထွက်ပေါ်လာခြင်းဟာ မကြာမီမှာ တရားဝင်ကြေညာတော့မယ်ဆိုတဲ့ သဘောသက်ရောက်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်ပါတယ်။ Apple Watch စမတ်နာရီအတွက် ကြိုးမဲ့အားသွင်း ကိရိယာကို ဒေါ်လာတစ်ရာဝန်းကျင်ဖြင့် ရောင်းချမှာ ဖြစ်တယ်လို့ သိရပါတယ်။

### LG Smart TV များတွင် Google Play Movies ကို အသုံးပြုနိုင်မည်

LG က နိုင်ငံတစ်ရာကျော်ရှိ သူ့ရဲ့ စမတ်တီဗီများမှာ Google Play Movies ကို ထည့်သွင်းပေးနေပါတယ်။ ပထမဆုံး ရရှိမယ့် နိုင်ငံများမှာ အမေရိကန်၊ ကနေဒါ၊ ဗြိတိန်နဲ့ ဩစတြေးလျနိုင်ငံများ ဖြစ်ကြပါတယ်။ LG ရဲ့ WebOS TVs မောင်းနှင်လည်ပတ်စနစ် ထည့်သွင်းထားတဲ့ စမတ်တီဗီအားလုံးမှာ Google Play Movies ကို ရရှိမှာဖြစ်ပြီး NetCast 4.0, 4.5 မောင်းနှင်လည်ပတ်စနစ်အဟောင်းများ ထည့်သွင်းထားတဲ့ တီဗီများမှာတော့ နိုဝင်ဘာလနောက်ပိုင်းတွင် ထည့်သွင်းပေးမှာဖြစ်ပါတယ်။ စားသုံးသူများက TV Episode များနဲ့ ရုပ်ရှင်များကို စမတ်ဖုန်း၊ တက်ဘလက်နဲ့ တီဗီများကနေ ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ အဆိုပါ ဝယ်ယူထားတဲ့ ရုပ်ရှင်နဲ့ တီဗီစီးရီးများကို Google Play Movies ပါရှိတဲ့ Device တိုင်းမှာ ကြည့်ရှုနိုင်ပါတယ်။ LG ဟာ Android TV Ecosystem ရဲ့ ပြင်ပကနေ Google Play Movies ကို ရရှိတဲ့ ပထမဆုံး ကုမ္ပဏီဖြစ်ပါတယ်။

### Google Fit တွင် လေ့ကျင့်ခန်းနဲ့ အာဟာရကိုတွက်ချက်ပေး

Google ရဲ့ ကိုယ်လက်လှုပ်ရှားမှုများကို တွက်ချက်ပေးတဲ့ Google Fit Android App တွင် စွမ်းဆောင်ချက်အသစ်များ ပါရှိလာတယ်လို့ Google Android Blog မှာ ရေးသားထားပါတယ်။ Google Fit ကို အခြား Apps များနဲ့ ပိုမိုတွဲဖက် အသုံးပြုလာနိုင်ပြီး Android Wear Devices များတွင် လေ့ကျင့်ခန်းများကို တိုင်းတာတွက်ချက်ပေးတဲ့ စွမ်းဆောင်ချက်ပါရှိလာပါတယ်။ အပြေးလေ့ကျင့်သူများနဲ့ စက်ဘီးစီးသူများအတွက် Google Fit က လမ်းကြောင်း မြေပုံနဲ့တကွ လောင်ကျွမ်းသောကယ်လိုရီပမာဏ၊ အကွာအဝေး၊ အချိန်၊ အမြန်နှုန်းများကို အချိန်နဲ့တစ်ပြေးညီ တွက်ချက်ပြသပေးနိုင်လာပါတယ်။ Android Wear Device မှနေ၍ လေ့ကျင့်ခန်းပြုလုပ်တဲ့ ဒေတာများကို Fit App တွင် သိမ်းဆည်းပေးနိုင်ပါတယ်။ Google Fit ဟာ ကျန်းမာရေး စောင့်ရှောက်မှု Apps လောကတွင် နာမည်မကြီးသော်လည်း ယခုစွမ်းဆောင်ချက်အသစ်များကြောင့် ပိုမိုပြိုင်ဆိုင်မှုပြင်းထန်လာစေတယ်လို့ ကျွမ်းကျင်သူများက သုံးသပ်ပါတယ်။

# SHOP VIEW

## KMC IT MOBILE & ELECTRONIC



### တည်နေရာ

အမှတ်(၁၁၇)၊
ဆိပ်ကမ်းသာလမ်း (အောက်)၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း- +၉၅-၀၉ ၅၀၄၇၂၈၀၊
၀၉-၇၃၆၃၀၇၆၉၊ ၀၉-၄၂၅၃၇၂၃၄၂။

#### KMC IT Mobile & Electronic အရောင်းဆိုင်အကြောင်း

KMC IT Mobile & Electronic အရောင်းဆိုင်ကို ၂၀၁၄ ခုနှစ်လောက်က စတင်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ဖွင့်လှစ်သည့်နေ့မှစ၍ ယနေ့အချိန်အထိ ဈေးနှုန်းချိုသာသော စမတ်ဖုန်းမျိုးစုံ၊ ကွန်ပျူတာနှင့်ပတ်သက်တဲ့ Accessories မျိုးစုံတို့ကို တင်သွင်းရောင်းချပေးလျက်ရှိပါတယ်။

#### KMC IT Mobile & Electronic အရောင်းဆိုင်မှပေးချင်သော Message

KMC IT Mobile & Electronic အရောင်းဆိုင်တွင် Mobile နှင့်ပတ်သက်၍သော်လည်းကောင်း၊ ကွန်ပျူတာနှင့်ပတ်သက်၍သော်လည်းကောင်း အစရှိတဲ့ IT Product ပစ္စည်းမျိုးစုံကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးလျက်ရှိပါတယ်။ ထို Product တွေကိုလည်း လက်လီရော လက်ကားပါဝယ်ယူရရှိနိုင်အောင် ရောင်းချပေးနေတာဖြစ်ပါတယ်။ ဖွင့်လှစ်ထားသော Service Center ကလည်းလာရောက်ပြုပြင်သော IT Product တွေကို သက်ဆိုင်ရာ Brand အမျိုးအစားပေါ်မူတည်ပြီး warranty ပေး၍ပြုလုပ်ပေးနေတာဖြစ်ပါတယ်။ ဆိပ်ကမ်းသာအရောင်းဆိုင်မှာတော့ ကွန်ပျူတာနှင့်ပတ်သက်တဲ့ Accessories တွေကိုသာ ဦးစားပေးရောင်းချပေးနေခြင်းဖြစ်တာကြောင့် Customer များအနေဖြင့် မိမိ Brand နှင့်သင့်တော်မယ့် Accessories မျိုးကို ရွေးချယ်ဝယ်ယူနိုင်မှာပဲဖြစ်ပါတယ်။

#### KMC IT Mobile & Electronic အရောင်းဆိုင်မှ ဝန်ဆောင်မှု

ဝန်ဆောင်မှုအနေနဲ့ကတော့ Mobile Handset ပဲဖြစ်ဖြစ်၊ အခြားသော IT Product ပဲဖြစ်ဖြစ် ဝယ်ယူသော Customer တိုင်းကို ကုမ္ပဏီကသတ်မှတ်ပေးထားတဲ့ ဝန်ဆောင်မှုအတိုင်း ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ နောက်ပြီး ဟန်းဆက်တစ်လုံးအတွက် မရှိမဖြစ်လိုအပ်မယ့် Software မှန်သမျှကိုလည်း အခမဲ့အနေဖြင့် ထည့်သွင်းပေးမှာဖြစ်ပါတယ်။ ဝယ်ယူသွားသော Mobile Handset များချို့ယွင်းမှုဖြစ်၍ လာရောက်ပြုပြင်မယ်ဆိုရင် Customer များအချိန်ကုန်သက်သာစေရန်အတွက် ဆိုင်ကနေတစ်ဆင့် ဖွင့်လှစ်ထားသော Service Center သို့ ပို့ဆောင်ပေးပြီး ဝန်ဆောင်မှုပေးသွားမှာဖြစ်ပါတယ်။



မင်းမာ
(အရောင်းဝန်ထမ်း)

#### KMC IT Mobile & Electronic အရောင်းဆိုင်မှာ ဝယ်ယူရင်စိတ်ချရမယ့်အချက်

KMC IT Mobile & Electronic အရောင်းဆိုင်မှ ရောင်းချပေးနေသော IT Product တွေသည် အရည်အသွေးပိုင်း၊ ဈေးနှုန်းအပိုင်းနှင့် အာမခံအပိုင်းတွေမှာအထူးပြောစရာမရှိအောင်ယုံကြည်စွာဖြင့် သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ဝယ်ယူသွားသော Product တွေကိုလည်း အကောင်းမွန်ဆုံးဝန်ဆောင်မှုများပေး၍ ရောင်းချပေးနေခြင်းဖြစ်တာကြောင့် Customer များအနေဖြင့် ယုံကြည်စွာဖြင့် ဝယ်ယူသုံးစွဲနိုင်ကြောင်း ပြောကြားလိုပါတယ်။

#### KMC IT Mobile & Electronic မှ ရောင်းအားအကောင်းဆုံးဖုန်း

KMC IT Mobile & Electronic အရောင်းဆိုင်တွင် လူတန်းစားမရွေးဝယ်ယူသုံးစွဲလို့ရတဲ့ Mobile Handset တွေကိုသာ တင်သွင်းရောင်းချပေးနေတာဖြစ်ပါတယ်။ ထိုထဲကမှ Customer များဝယ်ယူသုံးစွဲမှုအများဆုံးဖြစ်တဲ့ Mobile Handset တွေကတော့ Hello P5, OPEN N8, Honor 3C နှင့် Honor 4X တို့ပဲဖြစ်ပါတယ်။

#### KMC IT Mobile & Electronic မှ ရောင်းချပေးနေတဲ့ ဟန်းဆက်အမျိုးအစား

KMC IT Mobile & Electronic အရောင်းဆိုင်မှ ရောင်းချပေးတဲ့ မိုဘိုင်းဟန်းဆက်တွေကတော့ Honor, Hello, Huawei, ZTE, 7Mate, Coolpad, Xiaomi အစရှိတဲ့ Android ဟန်းဆက်တွေအပြင် Java ဖုန်းတွေကိုပါ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူနိုင်မှာဖြစ်ပါတယ်။ အခြား Product တွေဖြစ်တဲ့ earphone, Key Board, Mother Board, Memory, U.P.S, Monitor တို့ကိုလည်း စုံလင်စွာဝယ်ယူရရှိနိုင်မှာဖြစ်ပါတယ်။

### ဆိုင်ရဲ့တစ်ပတ်အတွင်း အရောင်းရဆုံးဖုန်းများ



**Hello P5**

Network - GSM
Display - 5.0 inches
Storage - 4GB
OS - Android OS, v4.4.2
Camera - 3.0MP, 2.0MP
CPU - Q.C1.3GHz

72,000 Ks



**OPEN N8**

Network - GSM/WCDMA
Display - 5.5 inches
Storage - 8GB
Camera - 5.0MP
CPU - Dual Core 1.3GHz
OS - Android OS, v4.4.2

77,000 Ks



**Honor 3C**

Network - GSM/HSPA
Display - 5.0 inches
Storage - 8GB, 2GB RAM
Camera - 8MP
CPU - Quad-core 1.3GHz
OS - Android OS, v4.2.2

119,000 Ks



**Honor 4X**

Network - GSM/HSPA/LTE
Display - 5.5 inches
Storage - 8GB, 2GB RAM
Camera - 13MP
CPU - Quad-core1.2GHz
OS - Android OS, v4.4.2

169,000 Ks



826 က အရင်ထွက်ခဲ့တဲ့ 816 နဲ့ လုံးဝကွာခြားသွားပါပြီ။ ကိုယ်ထည်တည်ဆောက်မှု အပိုင်းမှာကအစ 826 က အနည်းငယ်ပိုကျယ်တယ်လို့ ခံစားရပါတယ်။ ပြီးတော့ နောက်ဆုံးထုတ်ဖုန်းတစ်လုံးဖြစ်သော E9 plus မှာပါဝင်တဲ့ လုပ်ဆောင်ချက်တွေကို ထပ်တူနီးပါးအသုံးပြုနိုင်မှာပဲဖြစ်ပါတယ်။ ဆင်းကတ်ထည့်သွင်းမှုအပိုင်းမှာတော့ Nano-Sim သုံးရမှာဖြစ်ပြီး၊ 2G/3G auto ပြုလုပ်ထားနိုင်ပါလိမ့်မယ်။ ပြီးတော့ ဆင်းကတ်ထည့်စရာ အံဝှက်ကလေးတွေလည်း ထည့်သွင်းပေးထားတာကြောင့် အရင်လိုဆင်းကတ်ကိုလိုးဖြုတ်ပြီး ဒီတိုင်းထည့်လို့မရတော့ပါဘူး။ သူ့မှာ တပ်ဆင်ပေးထားတဲ့ tray လေးတွေနဲ့ အံကိုက်ဖြစ်နေအောင်ပြုလုပ်ပေးရပါလိမ့်မယ်။ အသံအတိုးအကျယ်ခလုတ်ဟာ ကိုယ်ထည်ရဲ့ ညာဘက်ဘေးဘောင်မှာတပ်ဆင်ပေးထားပြီး၊ သူ့အောက်မှာတော့ ပါဝါခလုတ်ကို တွေ့ရမှာဖြစ်ပါတယ်။ ကိုယ်ထည်ရဲ့အခြားဘက်မှာ ဆင်းကတ်ထည့်စရာ tray နှစ်ခုနဲ့ အချက်အလက်တွေလိုအပ်လို့ ထပ်မံထည့်သွင်းတဲ့အခါမှာ လိုအပ်တဲ့ SD Card ထည့်စရာအပေါက်လေးတွေကိုတွေ့ရမှာပါ။ အသံထွက်ကောင်းမွန်မှုနဲ့အတူ နားကြပ်တပ်လိုက်တဲ့အချိန်မှာ လိုက်လံပြောင်းလဲပေးမယ့် Dolby audio စနစ်ကို သုံးနိုင်မှာဖြစ်ပါတယ်။ စပီကာဟာ အရင် desire ဖုန်းတွေမှာတပ်ဆင်ထားသလိုမျိုး အပေါက်ပုံစံလေးတွေ မဟုတ်တော့ဘဲ ကိုယ်ထည်မှာဝှက်ထားသကဲ့သို့ရှိနေမှာဖြစ်ပါတယ်။ မျက်နှာပြင်ဟာ ထင်ရှားပြတ်သားနေစေဖို့အတွက် pixels စုစည်းမှုအပိုင်းကောင်းမွန်တဲ့ Super LCD3 ကို သုံးစွဲထားစေပါတယ်။ HTC Sense UI အသစ်ဟာ Android ရဲ့ Lollipop နဲ့ ပေါင်းစပ်ပြီးတော့ မတူညီတဲ့ theme တွေကိုပြောင်းလဲနိုင်ပါလိမ့်မယ်။ Theme app ဟာ ကြိုက်နှစ်သက်တဲ့ အရောင်တွေကို ပြောင်းလဲနိုင်မှာဖြစ်ပြီး၊ နောက်ခံ Texture, Icon, Song, စာလုံးအရွယ်အစားတွေကိုပါ လိုအပ်သလိုပြင်ဆင်နိုင်ပါလိမ့်မယ်။ အရှေ့ဘက်ကင်မရာပိုင်းမှာတော့ လုံးဝပြောင်းလဲသွားပြီဖြစ်ပါတယ်။ Desire 816 မှာ သုံးခဲ့တဲ့ 5MP-Camera မျိုးမဟုတ်တော့ဘဲ 4 MP (UltraPixel) ကင်မရာကို အရှေ့ဘက်မှာတပ်ဆင်ပေးထားပါတယ်။ ရိုက်ကူးလိုက်တဲ့ ဓာတ်ပုံတွေ အသေးစိတ်ခြယ်မှုန်းပြီး ရိုက်နိုင်သလို၊ ရိုက်ကူးသိမ်းဆည်းပြီးသား ဓာတ်ပုံတွေကိုလည်းစိတ်ကြိုက်ပြင်ဆင်လို့ရနိုင်ပါလိမ့်မယ်။ Camera App ရဲ့လုပ်ဆောင်ချက်လို့ သတ်မှတ်နိုင်တာတွေကတော့ အများအပြားပါပဲ။ Editor ဆိုတာကိုဝင်ရောက်လိုက်တာနဲ့ပုံတွေကို ပြင်ဆင်တည်းဖြတ်နိုင်တဲ့ လုပ်ဆောင်ချက်အများအပြားကို တွေ့ရှိရမှာဖြစ်ပါတယ်။ သုံးစွဲသူတွေ ကြိုက်နှစ်သက်တဲ့လုပ်ဆောင်ချက်တွေကတော့ ရိုက်ထားတဲ့ ပုံနှစ်ခုကို တစ်ပုံတည်းအဖြစ်ပြောင်းလဲသိမ်းဆည်းတာ၊ third party app တွေမှာသာ ရနိုင်တဲ့ camera effect လုပ်ဆောင်ချက်တွေ ထည့်သွင်းတာမျိုးတွေကို သုံးစွဲနိုင်မှာဖြစ်ပါတယ်။ နောက်ဆုံးပေါ် စမတ်ဖုန်းဖြစ်တာနဲ့အညီ Android 5.0.2 (Lollipop) ကို သုံးနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် application တွေကို လွယ်လင့်တကူ သုံးနိုင်စေဖို့အတွက် widget တွေလည်း ပိုမိုထောက်ပံ့လာပါတယ်။ Calendar app ကလည်း နေ့ရက်အချိန်တွေကို စီမံခန့်ခွဲမှုမှာ တိကျနေပါလိမ့်မယ်။ စမတ်ဖုန်းတစ်လုံး(သို့)မိုဘိုင်း device တစ်ခုအတွက် လုပ်ဆောင်နိုင်စွမ်းတွေကို လွယ်လင့် တကူနေရာဒေသမရွေး သုံးစွဲနိုင်စေအောင်ကူညီပေးမှာကတော့ သူ့မှာထည့်သွင်းတည်ဆောက်ထားတဲ့ Hardware ပါပဲ။ HTC Desire 826 မှာ Octa-Core Processor ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ RAM ကတော့ 2GB ထောက်ပံ့ပေးထားပါတယ်။ သူ့အရင်ထွက်ထားတဲ့ Desire 820 နဲ့ မတူညီတဲ့နောက်ထပ်ပါဝင်မှုတစ်ခုကတော့ MediaTek ကိုမသုံးထားဘဲ Qualcomm MSM8939 ကိုသုံးထားပါတယ်။ အချက်အလက်တွေ သိုလှောင်သိမ်းဆည်းထားနိုင်ဖို့အတွက်ကတော့ လတ်တလောထွက်ရှိထားတဲ့ စမတ်ဖုန်းတွေကို ယှဉ်ပြိုင်နိုင်စွမ်းရှိသော 16GB ပဲဖြစ်ပြီး၊ ထပ်မံတိုးမြှင့်လိုတယ်ဆိုရင်တော့ 128GB အထိ လက်ခံနိုင်စွမ်းရှိမှာပါ။ Google Drive မှာလည်း 100GB အခမဲ့သိမ်းဆည်းနိုင်မှာပါ။ HTC Desire 826 မှာ ဘာသာစကားထောက်ပံ့မှုကို အခြားဖုန်းတွေနှင့် မတူညီတဲ့ပုံစံတစ်မျိုးနဲ့ ထည့်သွင်းပေးထားပါတယ်။ Myanmar (Unicode), Myanmar (Zawgyi) နှစ်မျိုးလုံးကိုသုံးစွဲနိုင်မှာဖြစ်ပြီး၊ Language ဆိုတဲ့နေရာမှာ သွားရောက်ပြောင်းလဲပေးရမှာဖြစ်ပါတယ်။ 2600mAh ဘက်ထရီစွမ်းအားကို သုံးစွဲနိုင်မှာဖြစ်ပြီး၊ ဆက်တိုက်ပြောဆိုနိုင်စွမ်းအတွက်ကတော့ 21 နာရီနီးပါးနဲ့ အသင့်အနေအထားအတွက်တော့ 626 နာရီနီးပါးဖြစ်ပါတယ်။ အချက်အလက်တွေ ဝေမျှသုံးစွဲနိုင်စေဖို့အတွက်တော့ Bluetooth 4.1, NFC, WiFi တို့ကို သုံးစွဲနိုင်ပါလိမ့်မယ်။Theme Store မှာ ဝင်ရောက်ပြီးတော့လည်း dotview အတွက် theme တွေကို ထပ်မံ download ပြုလုပ်နိုင်ပါလိမ့်မယ်။



# HTC Desire 826

MODEL : YU YU YA YA, PHOTO & DESIGN : PYAE MINN ZAW, MAKE UP : MA TIN TIN MAR, ACCESSORIES : KMD, SPECIAL THANKS : KYI THER AYE MYA RIDING CLUB

Android & iOS

# Games






## Blade Waltz

By Netmarble Games Corp

iOS, Size: 393 MB

Netmarble Games ဟာအရှေ့မှာ အကောင်းဆုံးမိုဘိုင်းဂိမ်း developer တစ်ခုဖြစ်ပြီး Blade Waltz ကို iOS အပြင် Android မှာပါ ကစားလို့ရနိုင်တယ်ဆိုတာ မိတ်ဆက်ခဲ့ပြီးသားဖြစ်ပါတယ်။ Elems ဆိုတဲ့ ကမ္ဘာကြီးမှာ ပါဝင်ကစားရမယ့် Players တွေကိုမြင်တွေ့နိုင်ပြီး Blade Waltz ရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်အိမ်ကို အရည်အသွေးမြင့် ဂရပ်ဖစ်တွေနဲ့ ပေါင်းစပ်ပေးထားတဲ့ အပြင် တကယ့် RPG အရသာစစ်စစ်ကို ခံစားနိုင်အောင်ဖန်တီးပေးထားပါတယ်။ ဂိမ်းကစားမယ့်သူတွေဟာ ဇာတ်ကောင်ရဲ့ ဝတ်စုံတွေကို စိတ်ကြိုက်ပြင်ဆင်ပေးနိုင်တဲ့ အခွင့်အရေးရရှိမှာဖြစ်ပြီး သိပ္ပံနည်းကျစိတ်ကူးယဉ်ဆန်တဲ့ ဇာတ်ကောင်တွေနဲ့ Anime တွေကိုအခြေခံထားတဲ့ ဇာတ်ကောင်တွေရွေးချယ်နိုင်ပါတယ်။ ဒီဂိမ်းထဲမှာ မတူညီတဲ့ဇာတ်ကောင် ၃ ကောင်ကို ထိန်းချုပ်နိုင်ရမှာဖြစ်ပြီး ကိုယ်ပိုင်အစွမ်းအစတွေ ပါရှိနှင့်ပြီးသား hero တွေဖြစ်ပါတယ်။ လမ်းတစ်လျှောက်လုံးနေရာဒေသတွေကွဲပြားစွာတွေ့ရပြီး Blade Waltz ကို PvP နဲ့ Boss Raids Mode (၂) မျိုးကစားနိုင်ပါတယ်။ ဒီဂိမ်းထဲမှာ စိတ်ဝင်စားစရာကောင်းတဲ့ Feature တစ်ခုက Battle မှာ ကစားသမားတွေဟာ ဇာတ်ကောင် ၃ ကောင်ထဲကနေ အဖွဲ့တစ်ခုဖွဲ့နိုင်ကာတိုက်ပွဲအတွင်း လက်နက်တွေကိုလည်း အချင်းချင်းလဲလှယ်နိုင်ပါတယ်။ Blade Waltz မှာပါဝင်မယ့်ဇာတ်ကောင်တွေဟာ အလွန်အားသန်ပြီးဓားမြှောင်ကိုင်ဆောင်ထားတဲ့ Starfell၊ အကောင်ကြီးထွားပြီး လေးလံတဲ့ လက်နက်၊ ဝတ်စုံတွေသုံးပြီး ဖျက်ဆီးမှုတွေပြုလုပ်နိုင်တဲ့ Gordon, ကြေးစားတစ်ယောက်ဖြစ်တဲ့ Ellie ကတော့လူသားတစ်ယောက်အသွင်ပြောင်းလဲနိုင်ပြီး သူမကိုင်ဆောင်တဲ့လက်နက်ဟာ ပစ်စတို သေနတ်၂လက်ဖြစ်ပါတယ်။ Level တစ်ခုအောင်မြင်ပြီးဆုံးတဲ့အခါ Reward အဖြစ် လက်နက်ဝတ်စုံနဲ့ အသပြာတစ်ခုခုကို ရရှိနိုင်ပြီး Evolve Stone သုံးရင်လည်း အဆင့်မြှင့်တင်ထားတဲ့ item တွေကို နောက်ထပ် အဆင့်တစ်ခုရောက်အောင်ပြုလုပ်ပေးနိုင်ပါတယ်။ အဲလို Grade မြှင့်တင်ပေးနိုင်တဲ့ Evolve Stones တွေကို Special, Adventure Mode ကစားပြီးရရှိနိုင်ပါတယ်။ SKIP Ticket တွေဟာ အချို့အဆင့်တွေကို ကစားစရာမလိုဘဲရှင်းလင်းပေးတာကြောင့် သုံးကြည့်သင့်ပါတယ်။ လက်နက်တွေဟာလည်း သူ့အဆင့်နဲ့သူအသုံးတည့်တာမျိုးဖြစ်ပြီး Normal, Magic, Rare, Unique ကနေ Legendary ထိမြင့်တက်သွားနိုင်ပါတယ်။ စိတ်ဝင်စားစရာကောင်းတဲ့ Action ဂိမ်းတစ်ခုကို အဖွဲ့အုပ်စုလိုက်နဲ့ ကစားရတာမျိုးနှစ်သက်သူတွေအတွက် Blade Waltz ကို iOS 6.0 နဲ့အထက်ရှိရင် ကစားနိုင်ပါတယ်။

## Shards of Magic

Size : 48MB






Shards of Magic မှာ စိတ်ဝင်စားစရာကောင်းတဲ့ RPG စစ်စစ်ကိုပေးစွမ်းနိုင်ပြီး 3D ရုပ်ကြွတွေနဲ့ အမြင်ဆန်းသစ်နေအောင်ဖန်တီးပေးထားသလို ဂိမ်းကစားကွက်တွေနဲ့ နောက်ခံအသံတို့ပေါင်းစပ်အားဖြည့်ပေးထားပါသေးတယ်။ စွမ်းအားတွေပိုင်ဆိုင်ထားတဲ့ဇာတ်ကောင်တွေနဲ့ အုပ်စုလိုက်အဖွဲ့တစ်ဖွဲ့ကိုတည်ဆောက်ထားပြီး ကြိုတင်ခန့်မှန်းလို့မရတဲ့ စွန့်စားခန်းတွေရဲ့ အန္တရာယ်တွေကို ရင်ဆိုင်ရန်အသင့်ဖြစ်နေဖို့လိုအပ်ပါတယ်။ အလွန်ကြောက်မက်ဖွယ်ကောင်းတဲ့ Abyss ရဲ့ မကောင်းမဆိုး Dusan နဲ့ယှဉ်ပြိုင်ရမှာဖြစ်ပြီး Shards of Magic ကို အရင်ဆုံးရှာတွေ့အောင်ကြိုးစားတိုက်ထုတ်ရမှာဖြစ်ပါတယ်။ ဒီဂိမ်းထဲမှာ ချစ်စရာဇာတ်ကောင်လေးတွေကို မြင်တွေ့နိုင်ပြီး နောက်ခံဒီဇိုင်းကိုလည်း လှလှပပနဲ့ အရောင်အသွေးစုံစုံလင်လင်ဖန်တီးထားပါတယ်။ Shards of Magic မှာ Nixie ဆိုတဲ့ နတ်သမီးလေးနဲ့အတူခရီးကိုစတင်ရမှာဖြစ်ပြီး ခရမ်းရောင်အပြည့်ဝတ်ဆင်ထားတဲ့ Violet မှော်ဆရာမလေးကလည်း အကြံဉာဏ်ကောင်းတွေပေးစွမ်းဦးမှာဖြစ်ပါတယ်။ Stage တစ်ခုမှာအဆင့် (၃) ဆင့်လုပ်ဆောင်ရမှာဖြစ်ပြီး Level အောင်မြင်ခဲ့ရင် Elixir တွေရရှိနိုင်ပါတယ်။ Skyrunner တစ်ယောက်ဖြစ်တဲ့ Idra ရဲ့အကူအညီတောင်းခံမှုကြောင့် ၃ ရက်အကြာကတည်းကတောထဲမှာရှိတဲ့ အပင်တွေဖျက်ဆီးခံရမှုကိုကာကွယ်ပေးဖို့ဆောင်ရွက်တဲ့အခါ မိမိနဲ့အတူအပေါင်းအဖော်ကိုရွေးချယ်နိုင်မယ့် Party Screen အလိုအလျောက်ပွင့်သွားပါလိမ့်မယ်။ Hero လည်းထပ်ထည့်ကစားနိုင်ပြီး Battle Speed ကိုလည်းချိန်ဆနိုင်ပါတယ်။ အလွန်အန္တရာယ်များတဲ့လမ်းမှာ ရန်သူအုပ်စုလိုက်တွေနဲ့ မရေတွက်နိုင်တဲ့အခက်အခဲတွေ အများကြီးနဲ့ပြည့်နှက်နေပါတယ်။ Shards of Magic ကိုကစားချင်ရင် Android 3.0 နဲ့ အထက်ရှိဖို့လိုအပ်ပါတယ်။

## GameConsoles Price

| PlayStation | | |
|---|---|---|
| PS3 Slim ODE + 250GB | - | 480,000 |
| PS4 - 1200 500GB | - | 530,000 |
| PSP-3000 (Japan) | - | 180,000 |
| PS Vita (3G-WiFi) | - | 270,000 |
| PS3 Original Controller | - | 35,000 |
| PS3 System Version upgrade | - | 10,000 |
| PS3 Game Install | - | 2,500 |
| **XBOX** | | |
| Xbox 360 Slim E250GB (RGH) | - | 550,000 |
| Xbox 360 Kinect Sensor | - | 150,000 |
| Xbox 360 LT 3.0 upgrade | - | 25,000 |
| Xbox 360 RGH Jailbreak Service | - | 120,000 |
| Xbox 360 Original Controller | - | 60,000 |
| Xbox 360 Original Wired Controller | - | 30,000 |
| Xbox 360 game Discs/Install | - | 2,500 |
| **Nintendo** | | |
| Nintendo Wii U (US) | - | 400,000 |
| Nintendo Wii (US) | - | 200,000 |
| Nintendo 3DS XL(Original) | - | 280,000 |
| Nintendo 3DS XL (Jailbreak) | - | 250,000 |
| Nintendo 3DS Gateway Card | - | 90,000 |
| Wii modify | - | 30,000 |
| Wii U Modify | - | 40,000 |
| Wii Game Discs | - | 2,000 |
| **PCGaming** | | |
| PC Game Discs | - | 1,000 |

Source : **Game Hive** ( 09 73118550, 09541 7272 )

## Local Update




ယခုအပတ်အတွင်း အသစ်ထွက်ရှိသော PC ဂိမ်းများအဖြစ် Simulation ဂိမ်းသစ်များ၏ expansion အသစ်များထွက်ရှိလာပြီး Civilization-Beyond Earth ၏ Rising The Expansion, Cities Skyline ၏ Afterdark expansion တို့နှင့်အတူ Anno 2205 Simulation ဂိမ်း၏ Gold Edition လည်းထွက်ရှိလာပါတယ်။ Anno 2205 ဟာ အနာဂတ်အချိန်တွင်နေရာယူထားသောကြောင့် ခေတ်လွန်အဆောက်အဦများကိုဆောက်လုပ်နိုင်သလို လပေါ်အထိသွားရောက်ကာ Natural Resources များရှာဖွေနိုင်မည့် GamePlay များလည်းပါဝင်လာပါတယ်။

PC နှင့်အတူ PS4 နှင့် Xbox One ဂိမ်းစက်များအတွက်တော့ Action RPG ဂိမ်းများထဲတွင် ပရိသတ်စောင့်မျှော်မှုအများဆုံး Fallout 4 Open World ဂိမ်းသစ်ထွက်ရှိလာပြီး အနာဂတ်ခေတ်ပျက် Post Apocalypse ကာလတွင် နေရာယူထားပြီး Ghouls များ၊ Radiated အကောင်ဆိုးများ၊ Raiders များနှင့် ရင်ဆိုင်တိုက်ခိုက်ရမည့် Action RPG ဂိမ်းဖြစ်ပါတယ်။ အဆိုပါဂိမ်းသစ်များကို GAME HIVE ဖုန်းနံပါတ် 09 7311 8550 နှင့် 09 4500 41500 သို့ဆက်သွယ်ဝယ်ယူနိုင်ပါတယ်။

## Gamers' Headline

### AMD မှ Radeon R9 380X အားထုတ်လုပ်

AMD သည် Radeon R9 380X အားနိုဝင်ဘာ ၁၉ ရက်နောက်ပိုင်းမှစကာ ဒေါ်လာ ၂၄၉ဈေးနှုန်းဖြင့် စတင်ထုတ်လုပ်ရောင်းချသွားမည်ဟုသိရသည်။ ယခုဈေးနှုန်းသည် Mid-range R9 390 ၏ ဒေါ်လာ ၃၀၀ နှင့် Low-end R9 380 ၏ ဒေါ်လာ ၂၀၀ ကြား၌ရှိနေခဲ့သည်။ ယခုထုတ်လုပ်မှုကြောင့် သုံးစွဲသူများအနေဖြင့် Nvidia အစားရွေးချယ်စရာတစ်ခုတိုးလာစေခဲ့ပြီး GTX 960 နှင့် GTX970 ကိုမရွေးချယ်ချင်သူများအတွက်လည်းအဆင်ပြေစေမည်ဖြစ်သည်။ R9 380X သည် 256-bit memory interface ပါဝင်ပြီး 32 Compute units နှင့် 2048 stream processors တို့ပါဝင်ခဲ့သည်။ ၎င်းတွင် 128 texture Mapping units နှင့် 32 render output units တို့လည်းပါဝင်သည်။ CPU Clock သည် 1100MHz ထိရှိပြီး 4GB GDDR5 Memory ပါဝင်ကာ 6GHz ထိမြန်နှုန်းရှိသည်။ AMD ၏ R9 390 နှင့် R9 380 နှစ်ခုနှင့်နှိုင်းယှဉ်ပါက R9 380 ၏970MHz ထက်အနည်းငယ်ပိုသာခဲ့ပြီး R9 390 ၏ 8GB ထက်မှ memory လျော့နည်းခဲ့သည်။ မည်သို့ဖြစ်စေ Mid-range AMD ဂရပ်ဖစ်တစ်ခုအဖြစ် R9 380X အားရွေးချယ်သုံးစွဲနိုင်ကြမည်ဖြစ်သည်။




GRAND ROYAL
Special Reserve
PURIFIED DRINKING WATER
ကံစီးကား
ရယူလိုက်ပါ
C-200
US$
115,888
နှင့်ညီမျှသောတန်ဖိုး
GRAND ROYAL
Thank You
GRAND ROYAL SPECIAL RESERVE
Samsung 48" TV
Samsung Tab S2 8" Tablet
မီးခြစ်
၂၀၀၀ကျပ် ၊ ၁၀၀၀ကျပ် ၊ ၅၀၀ကျပ်
ကျေးဇူးတင်ပါသည်
စည်းကမ်းချက်များ
● အသက်(၁၈)နှစ်ပြည့်ပြီးသူများသာ ကံစမ်းခွင့်ရှိသည်။ International Beverages Trading Co., Ltd. နှင့် ဆက်စပ်ကုမ္ပဏီများမှဝန်ထမ်းများ ဤအစီအစဉ်တွင်ပါဝင်ခွင့်မရှိပါ။
● မထင်မရှားပျက်စီးနေသောဆုမဲများအား လဲလှယ်ပေးမည်မဟုတ်ပါ။
● ငွေသားဆုမဲမှလွဲ၍ အခြားဆုမဲများအားလုံးအတွက် ငွေသားနှင့် လဲလှယ်ထုတ်ပေးမည် မဟုတ်ပါ။
အထူးသတိပြုရန်
● ဆုမဲအတုအပပြုလုပ်၍လဲလှယ်သူများကို ဥပဒေအရ ပြင်းထန်စွာအရေးယူမည်။
ကံစမ်းမဲကာလ
● ၂၀၁၅၊ အောက်တိုဘာလမှ ကံစမ်းမဲပစ္စည်းရှိသည့် အချိန်အထိသာ။
ဆုမဲထုတ်ယူရန်
● ဆုမဲများကို နီးစပ်ရာဆိုင်ကြီးများတွင် ထုတ်ယူရရှိနိုင်ပါသည်။ ဆုကြီးများကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ထုတ်ယူနိုင်ပါသည်။
ရန်ကုန် - ၀၁-၆၈၄၃၁၂၊ ၀၁-၆၈၄၃၁၃၊ ၀၁-၆၈၄၃၁၄။ မန္တလေး - ၀၂-၃၆၀၁၃၊ ၀၂-၃၄၈၅၉၊ ၀၂-၆၂၇၃၀။
မော်လမြိုင် - ၀၅၇-၂၆၄၇၁၊ ၀၅၇-၂၆၉၁၉။ တောင်ကြီး - ၀၈၁-၂၁၂၅၁၄၂၊ ၀၈၁-၂၀၆၇၅၄။ မကွေး - ၀၆၃-၂၅၂၆၂။
လားရှိုး - ၀၈၂-၂၃၉၆၁၊ မြစ်ကြီးနား - ၀၇၄-၂၃၉၀၇၊ ကျိုင်းတုံ - ၀၈၄-၂၂၇၇၂။
ဆုမဲများအားလုံးကို ငွေသားဖြင့် လဲလှယ်ပေးမည် မဟုတ်ပါ။ ဆုမဲများကို တန်ဖိုးနှင့်ညီမျှသော (သို့) တန်ဖိုးထက်ပိုသော အခြားဆုမဲများနှင့် တစ်စုံတစ်ရာကြိုတင်အသိပေးခြင်းမရှိဘဲ IBTC မှ ပြောင်းလဲခွင့်ရှိသည်။
IBTC
INTERNATIONAL SPIRITS CHALLENGE 2015 BRONZE
SINCE 1961 MONDE SELECTION 2015 GOLD AWARD
WWA 14
BEST ASIAN BLENDED
Superior taste AWARD 2015
SAN FRANCISCO WORLD SPIRITS COMPETITION 2015 DOUBLE GOLD
SILVER LOS ANGELES International
ENJOY SUCCESS, ENJOY LIFE!

# MG FEATURE

Versus




ယခုဖော်ပြလိုက်တဲ့ စမတ်ဖုန်း၂မျိုးလုံးဟာ ပြည်တွင်းဈေးကွက်ထဲကိုလည်းဝင်ရောက်လာပြီဖြစ်ပြီး သက်ဆိုင်ရာကုမ္ပဏီတွေက ရောင်းချနေပြီ ဖြစ်ပါတယ်။ စမတ်ဖုန်း၂မျိုးဟာ မတူညီတဲ့လုပ်ဆောင်ချက်တွေကို ပိုင်ဆိုင်ထားကြပြီး သုံးစွဲသူတွေဟာလည်း လုံးဝကြိုက်နှစ်သက်လျက်ရှိပါတယ်။ တကယ်လို့များ ဒီဖုန်း၂လုံးကို ယှဉ်ပြိုင်ကြည့်ရင် ဘယ်လိုကွာဟချက်တွေ မြင်တွေ့ရနိုင်မလဲဆိုတာဟာ စိတ်ဝင်စားစရာပါပဲ။ Neo 5 ဟာ အရင်ဦးဆုံးဈေးကွက် ထဲကိုဝင်ရောက်လာတာဖြစ်ပြီးသူ့ရဲ့ကင်မရာလုပ်ဆောင်ချက်နဲ့အတူ မက်လောက်စရာ Hardware လုပ်ဆောင်ချက်တွေပါဝင်နေပါတယ်။ ကဲNeo 5နဲ့ Huawei Y6 ဘာတွေကွာဟနေသလဲ . . .




## OPPO Neo 5(2015)

[Specification]

| | |
|---|---|
| OS | - Android 4.2.2 Jelly Bean |
| SCREEN | - 4.5" IPS LCD |
| SIM | - Dual SIM |
| CAMERA | - 8MP (3264 x 2448) |
| Dimensions | - 131.9 x 65.5 x 8 mm |
| Internal | - 8 GB, 1 GB RAM |
| BATTERY | - Li-Po 2000mAh |

## Huawei Y6

[Specification]

| | |
|---|---|
| OS | - Android 5.1 |
| SCREEN | - 5.0" HD IPS |
| CAMERA | - 8MP (3264 x 2448) |
| NETWORK | - 2G, 3G, 4G |
| SIM | - Dual SIM |
| Internal | - 8 GB , 1 GB RAM |
| BATTERY | - Li-Ion 2200 mAh |

### Screen and OS

Neo5 ဟာ 4.5" မျက်နှာပြင်နဲ့အတူ 218ppi နဲ့ IPS+LCD မျက်နှာပြင်ဟာ မြင်ကွင်းတွေကိုအလယ်အလတ်အဆင့်ဖော်ပြနိုင်စွမ်းရှိပြီးတောက်ပတဲ့အသွင်အပြင်နဲ့ရောင်ပြန်ဒီဇိုင်းရှိပါတယ်။ ခိုင်ခံ့တဲ့အတွင်းသတ္တုနှစ်လွှာရှိမှာဖြစ်ပါတယ်။ OS ကိုတော့ Android 4.2.2 JB ကို သုံးစွဲထားပြီး Color OS2.0 နဲ့ လုံးဝအသားကျစေမှာပါ။ 8.0 mm အထူရှိတာကြောင့် 7.1mm ရှိတဲ့ R1 ထက်စာရင် အနည်းငယ်မဆိုသလောက်လေး ထူတယ်လို့ထင်ရနိုင်ပါတယ်။

Y6 က 5.0" မျက်နှာပြင်နဲ့ဖြစ်ပြီး ppi ကတော့ 294 ဖြစ်တာကြောင့် Multi Touch ကို အပြည့်အဝအသုံးချနိုင်လိမ့်မယ်။ HD IPS မျက်နှာပြင်ဟာ 720 x 1280p အရည်အသွေး ပုံရိပ်ဖော်ပြနိုင်စွမ်းကို အကောင်းဆုံးအထောက် အပံ့ပေးလိမ့်မယ်။ Android OS 5.1 ကိုထည့်သွင်းပေးထားတာကြောင့် OPPOထက်စာရင်နောက်ဆုံးOS ဖြစ်နေပါလိမ့်မယ်။ လက်တစ်ဖက်တည်းနဲ့အသုံးပြုရလွယ်ကူအောင်ကျစ်လျစ်စွာ တည်ဆောက်ထားတဲ့ ဒီဇိုင်းပုံစံမျိုးဖြစ်ပါတယ်။

### Camera Feature

8MP ကင်မရာစနစ်နဲ့ gesture လုပ်ဆောင်ချက်အများ အပြားသုံးစွဲနိုင်ဖို့ ထောက်ပံ့ပေး ထားတာပဲဖြစ်ပါတယ်။ တပ်ဆင်ပေးထားတဲ့ ကင်မရာဟာ 8MP ဖြစ်ပြီး အရှေ့ဘက်ကင်မရာငယ်ကိုတော့ 2MP သာ တပ်ဆင်ပေးထားတယ်။ ကင်မရာရိုက်တဲ့အချိန်မှာ tap shutter ကို အသုံးပြုပြီးရိုက်လိုက်မယ်ဆိုရင် လျင်မြန်တဲ့လှုပ်ရှားမှုတွေကို အနှေးလှုပ်ရှားမှုအဖြစ် ပြောင်းလဲမြင်တွေ့ရမှာဖြစ်ပါတယ်။

ကင်မရာဟာ8MPဖြစ်ပြီး လျှပ်တစ်ပြက်ဓာတ်ပုံတွေကိုရိုက်ကူးနိုင်စေဖို့အတွက် 1.2sec သာကြာမြင့်မှာဖြစ်ပါတယ်။ Huawei ရဲ့ကိုယ်ပိုင်လုပ်ဆောင်ချက်ဖြစ်တဲ့ smart preview window ကိုသာသုံးလိုက်မယ်ဆိုရင် selfie ပုံတွေရိုက်ကူးတဲ့အခါမှာ မျက်စိစောင်းသွားတာမျိုးတွေဖြစ်စေမှာ မဟုတ်ပါဘူး။ Time lapseလုပ်ဆောင်ချက်ကိုသုံးပြီးတော့ အချိန်အပိုင်းအခြားအလိုက် ဗီဒီယိုမှတ်တမ်းတွေ ဖန်တီးနိုင်ပါလိမ့်မယ်။

### Hardware & Browser

OS ပိုင်းအတွက်ကတော့ opensource ဖြစ်တဲ့ android ကို ပြန်လည်ပြင်ဆင်ရေးသားထားတဲ့ Color OS 2.0 ကို သုံးစွဲနိုင်မှာပဲဖြစ်ပါတယ်။ ဒါကြောင့် OPPO က ထောက်ပံ့ထားတဲ့လုပ်ဆောင်ချက်တွေသာမကဘဲ၊ android ရဲ့ဝန်ဆောင်မှုတွေကိုလည်းသုံးစွဲနိုင်မှာဖြစ်ပါတယ်။ Quad-core 1.3 GHz Cortex-A7 ကို Mali-400MP2 GPU နဲ့ ထောက်ပံ့ပေးထားတာကြောင့် HD ဂိမ်းတွေကို လျင်မြန်စွာဆော့ကစားနိုင်ပါလိမ့်မယ်။

5.1ကို အပြည့်အဝအသုံးချနိုင်ဖို့ Qualcomm MSM8909 Processor နဲ့ဖြစ်ပြီးအင်တာနက်အထောက်အပံ့အတွက် HTML 5 ပါဝင်ပြီး Google ရဲ့ဝန်ဆောင်မှုတွေကိုရရှိသုံးစွဲနိုင်တယ်။ အသံပိုင်းဆိုင်ရာအတွက်ကတော့ စပီကာရဲ့အခန်းငယ်လေးတွေကနေ1.5ဆအထိတိုးမြှင့်ပေးနိုင်မှာဖြစ်ပါတယ်။ MBDRC စနစ်က ရှင်းလင်းပြတ်သားတဲ့အသံစနစ်ကိုပေးစွမ်းနိုင်မှာဖြစ်ပါတယ်။ UI နဲ့ပတ်သက်ရင်တော့ EMUI 3.1ကိုသုံးစွဲနိုင်မှာပါ။







### Battery & Storage

2000mAh ဘက်ထရီက ဗီဒီယိုသီးသန့်ကြည့်ရှုဖို့ဆိုရင် ၆ နာရီ ခံနိုင်ရည်စွမ်းရှိပြီး app,game တွေ သီးသန့်ဆော့ကစားမယ်ဆိုရင်တော့ ၄ နာရီနီးပါးခံနိုင်ရည်စွမ်းရှိပါလိမ့်မယ်။ အချက်အလက်သိုလှောင်နိုင်စွမ်းအတွက် 8GB ဖြစ်ပြီး 1GB RAM ကိုထောက်ပံ့ပေးထားတယ်။

2200mAh Li-ion ဘက်ထရီဟာစွမ်းအင်ချွေတာမှုကိုပိုမိုထောက်ပံ့နိုင်ပြီး 3G ကွန်ရက်မှာအချိန်ပြည့် သုံးစွဲမယ်ဆိုရင် 10နာရီနီးပါးခံနိုင်စွမ်းရှိမယ်။ အချက်အလက်သိုလှောင်နိုင်စွမ်းအတွက် 8GB ဖြစ်ပြီး 1GB RAM ကိုထောက်ပံ့ပေးထားတယ်။

# MG FEATURE

## Versus



HTC စမတ်ဖုန်းတွေဟာ ဒီဇိုင်းပိုင်းဆိုင်ရာနဲ့ပတ်သက်ရင် အတော်လေးကောင်းမွန်တာကိုတွေ့ရမှာပါ။ အစောပိုင်းကာလတုန်းက ထိုင်ဝမ်အခြေစိုက်ထုတ်လုပ်သူအနေနဲ့ ဈေးနှုန်းကြီးမြင့်တဲ့ High-end ဖုန်းတွေကို ပြည်တွင်းဈေးကွက်အတွင်း တင်သွင်းရောင်းချမှုပြုလုပ်နေရာကနေ နောက်ပိုင်းမှာတော့ ဈေးနှုန်းသက်သာပြီး dual-simသုံးနိုင်တဲ့ဖုန်းတွေကိုရောင်းချလာပါတယ်။ Dual sim အသုံးပြုမှုဆိုတဲ့နေရာမှာ GSM ကွန်ရက်တင်မဟုတ်ဘဲ CDMA နဲ့ပါတွဲဖက်သုံးနိုင်တာတွေကိုတင်သွင်းပေးလာတာပါ။ ဖက်ရှင်ပိုင်းနဲ့ပတ်သက်ရင်တော့ ကိုယ်ထည်တည်ဆောက်မှု ပုံစံအဖြစ်ပလတ်စတစ်ကိုယ်ထည်ကိုtwo-toneအရောင်ပုံစံမျိုးနဲ့ဖြစ်ပါတယ်။ Dual-sim သုံးနိုင်တဲ့ HTC ဖုန်းတွေကိုလေ့လာကြည့်လိုက်တဲ့အခါမှာတော့ . . .



## Desire 826 dual sim

**[Specification]**

| | |
|---|---|
| OS | - v5.0.1 (Lollipop) |
| CPU | - Snapdragon 615 |
| SCREEN | - 5.5"Super LCD3 |
| SIM | - Dual SIM (Nano-SIM) |
| CAMERA | - 13 MP, 4160 x 3120 pixels |
| Internal | - 16 GB, 2 GB RAM |
| BATTERY | - Li-Po 2600 mAh |

## Desire 820G+

**[Specification]**

| | |
|---|---|
| OS | - Android v4.4.2(KitKat) |
| CPU | - Mediatek MT6592 |
| SCREEN | - 5.5"IPS LCD |
| SIM | - Dual SIM (Nano-SIM) |
| CAMERA | - 13 MP, 4160 x 3120 pixels |
| Internal | - 16 GB, 1 GB RAM |
| BATTERY | - Li-Po 2600 mAh |

### Screen and OS

မျက်နှာပြင်အရွယ်အစားက ယခင်ထွက်ရှိခဲ့တဲ့ 816G အတိုင်းပဲ 5.5 လက်မသာဖြစ်ပါတယ်။ ထူးခြားတာကသေသပ်လှပပြီး လက်ရာမြောက်တဲ့ sim case တွေထည့်သွင်းပေးထားပါတယ်။ မျက်နှာပြင်ဟာထင်ရှားပြတ်သားနေစေဖို့အတွက် pixels စုစည်းမှုအပိုင်းကောင်းမွန်တဲ့ Super LCD3 ကိုသုံးစွဲထားစေပါတယ်။ ပြီးတော့နောက်ဆုံးပေါ်ဖုန်း E9 plus မှာပါဝင်တဲ့လုပ်ဆောင်ချက်တွေကို ထပ်တူနီးပါး အသုံးပြုနိုင်မှာပဲဖြစ်ပါတယ်။

မျက်နှာပြင် 5.5လက်မဟာ ကိုယ်ထည်တစ်ခုလုံးရဲ့ 68% လောက်ပေါ်လွင်နေစေမှာပါ။ PPI ကတော့ 267 ဖြစ်ပါတယ်။ ဒါကြောင့်အဆင့်မြင့်ဖုန်းတွေလိုမျိုး အရမ်းထင်ရှားပြတ်သားတဲ့ ပုံရိပ်ဖော်ပြမှုကို ရရှိနိုင်မှာမဟုတ်ပါဘူး။ အရောင်ရွေးချယ်မှုအပိုင်းအတွက်တော့ ၄ မျိုး ခွဲခြားထုတ်လုပ်ထားပြီး မျက်နှာပြင်ဟာ 720x1280p ဖော်ပြနိုင်စွမ်းရှိမှာ ဖြစ်တာကြောင့် 720p အရည်အသွေးရုပ်ရှင်တွေကို ကြည်လင်ပြတ်သားစွာကြည့်ရှုနိုင်ပါလိမ့်မယ်။

### Camera Feature

Desire 816 မှာ သုံးခဲ့တဲ့ 5MP-Camera မျိုးမဟုတ်တော့ဘဲ 4 MP (UltraPixel) ကင်မရာကို အရှေ့ဘက်မှာတပ်ဆင်ပေးထားပါတယ်။ EYE ကင်မရာလုပ်ဆောင် ချက်တွေဖြစ်တဲ့ Photo Booth, Split Capture, Bokeh လိုလုပ်ဆောင်ချက်တွေကိုတစ်ပါတည်း သုံးစွဲနိုင်တော့မှာဖြစ်ပါတယ်။ နောက် ကျောဘက်ကင်မရာဟာ 13MP ဖြစ်ပြီး ပုံတွေရိုက်ကူးမယ်ဆိုရင်တော့4160 x 3120 pixels နဲ့ရနိုင်မှာပါ။

13MP ကင်မရာဟာပုံရိပ်တွေကို မြန်ဆန်စွာဖမ်းယူနိုင်ပါလိမ့်မယ်။ ပုံရိပ်အရည်အသွေးကတော့ 4160 × 3120pixels နဲ့ရနိုင်ပြီး ဗီဒီယိုရိုက်ကူးမယ်ဆိုရင်တော့ 1080p@30fps နဲ့ရိုက်နိုင်ပါလိမ့်မယ်။ Motion tarck mode နဲ့ရိုက်ကူးမယ်ဆိုရင်တော့ ပုံတွေဟာ ပြင်ပအရောင်အတိုင်း စိုပြည်စွာရရှိနိုင်မှာဖြစ်တဲ့အပြင်မိမိချိန်ထားတဲ့ object ရဲ့အရောင်ကိုပါ လိုက်ညှိပေးပါလိမ့်မယ်။ သာမန်ရိုက်ကူးမှုအတွက်ကတော့ face beauty ကအသင့်တော်ဆုံးပါပဲ။

### Hardware & Browser

HTC Desire 826 dual မှာOcta-Core Processor ကိုသုံးစွဲနိုင်မှာဖြစ်ပါတယ်။ RAM ကတော့ 2GB ထောက်ပံ့ပေးထားပါတယ်။ သူ့အရင်ထွက်ထားတဲ့ Desire 820 နဲ့ မတူညီတဲ့ နောက်ထပ်ပါဝင်မှုတစ်ခုကတော့ MediaTek ကို မသုံးထား ဘဲQualcomm MSM8939 ကိုသုံးထားပါတယ်။ 826မှာတော့ M9 မှာထဲကထည့်သွင်းလာခဲ့တဲ့ Sangam Keyboard MY ကိုသုံးထားပြီး recent ကီးရဲ့ဘေးနားမှာ ကီးဘုတ်ပုံစံလေးမြင်ရမှာပါ။

high-end ဖုန်းတွေမှာသာမြင်တွေ့ရလေ့ရှိတဲ့ Octa-core ပရိုဆက်ဆာကိုတပ်ဆင်ပေးထားပါတယ်။အလယ်အလတ်ဆင့်ဖုန်းတွေမှာ သုံးလေ့ရှိတဲ့ Media tek MT6592 ဖြစ်ပါတယ်။ အမြန်နှုန်းကတော့ 1.7GHz ရှိမှာဖြစ်ပါတယ်။ မြန်ဆန်သွက်လက်တဲ့ဂိမ်းစွမ်းအားနဲ့ application တွေရဲ့ဖွင့်လှစ်သုံးစွဲတဲ့အခါမှာ ခပ်သွက်သွက် run နိုင်စွမ်းကိုရရှိစေပါလိမ့်မယ်။ ဂရပ်ဖစ်ရုပ်ထွက်ပိုင်းကိုတာဝန်ယူပေးမယ့် GPU ကိုတော့ Mail-450MP4 ကိုသုံးထားပါတယ်။





### Battery & Storage

2600mAh ဘက်ထရီစွမ်းအားကို သုံးစွဲနိုင်မှာဖြစ်ပြီး။ ဆက်တိုက်ပြောဆိုနိုင်စွမ်း အတွက်ကတော့ 21 နာရီနီးပါးနဲ့ အသင့်အနေအထားအတွက်တော့ 626 နာရီနီးပါးဖြစ်ပါတယ်။ Bluetooth 4.1, NFC, WiFi တို့ကိုသုံးစွဲနိုင်ပါလိမ့်မယ်။

အချက်အလက်သိုလှောင် သိမ်းဆည်းချင်သူတွေအတွက်ကတော့ 16GB သာပါဝင်တာကြောင့် SD card ကိုသုံးစွဲပြီးတော့ ထပ်မံတိုးမြှင့်ရပါလိမ့်မယ်။ 1GB RAM နဲ့အတူ storage ကိုထပ်တိုးမယ်ဆိုရင် 32GB အထိသာလက်ခံနိုင်မှာပါ။ ဘက်ထရီဟာ Li-Po 2600mAh ကိုသုံးထားပါတယ်။

# MOBILE USER GUIDE

သုရဇေနခင်

ဘာသာစကားသင်ကြားလိုသူများအတွက် အရင်ခေတ်တုန်းကလို သင်တန်းများ တက်ဖို့တောင်မလိုအပ်တော့ပါဘူး။ အွန်လိုင်းကနေ အခမဲ့သင်ယူနိုင်တဲ့ ဘာသာစကားသင်ကြားရေး ဝက်ဆိုက်များ၊ Apps များစွာပေါ်ထွက်လာနေပါပြီ။ အဲဒီလိုအခမဲ့ Apps များစွာထဲမှာမှ အကောင်းဆုံးလို့ ပညာရှင်များစွာက ညွှန်းဆိုပြီး သင်ခန်းစာကောင်းများစွာ ပါရှိတာက Duolingo ဖြစ်ပါတယ်။ ဒီတစ်ပတ် Mobile User Guide ကဏ္ဍမှာအခမဲ့ဘာသာစကား သင်ကြားနိုင်တဲ့ Duolingo, Android Device မှာ ဗီဒီယိုများကိုတည်းဖြတ်နိုင်တဲ့ VideoPad Master's Edition, ဖုန်းမှ Apps များစွာကို တစ်ပြိုင်နက်ဖျက်နိုင်တဲ့ Easy Uninstaller, ခရီးသွားလာခြင်းကို စီမံခန့်ခွဲနိုင်တဲ့ Vacation Planning, ဖိုင်များကို Cloud မှာ သိမ်းဆည်းနိုင်တဲ့ Google Drive တို့ကိုရေးသားပေးလိုက်ပါတယ်။

## VideoPad Master's Edition

VideoPad Master's Edition ဟာ သင့်ရဲ့ Android Device မှာ ဗီဒီယိုများ တည်းဖြတ်ဖို့အတွက် ရိုးရှင်းတိကျပြီး အလွန်ထိရောက်တဲ့ Tool တစ်ခုဖြစ်ပါတယ်။ NCH Software ကဖန်တီးထားတာဖြစ်ပြီး သင့်ရဲ့ Android Device မှာ အရည်အသွေးမြင့် ဗီဒီယိုများကိုဖန်တီးနိုင်မှာဖြစ်ပါတယ်။ VideoPad Master's Edition ရဲ့ Desktop App ကို ရင်းနှီးသူများကတော့ Android App မှာ ဘယ်လိုစွမ်းဆောင်ချက်တွေ ပါမယ်ဆိုတာ ခန့်မှန်းနိုင်ပါတယ်။ Android App မှာ ဗီဒီယိုများစွာကို တစ်ပြိုင်နက် ထည့်သွင်းနိုင်ပြီး Transitions or Effects များကို ကြားညှပ်ထည့်သွင်းနိုင်ပါတယ်။ မလိုချင်တဲ့အပိုင်းများကို ဖြတ်ထုတ်နိုင်ပြီး လိုအပ်တဲ့ အပိုင်းများကိုသာရယူနိုင်ပါတယ်။ လက်နဲ့ထိတွေ့ပြီး ဗီဒီယိုများ တည်းဖြတ်နိုင်အောင် ဒီဇိုင်းထုတ်ထားတာက ကောင်းမွန်ပါတယ်။ တည်းဖြတ်ပြီးတဲ့ ဗီဒီယိုများရဲ့ နောက်ဆုံးရလဒ်ဟာလည်း စိတ်ကျေနပ်စရာကောင်းပါတယ်။ Video Editing Suite အများစုရဲ့ User Interface ဟာ ရှုပ်ထွေးပြီးအသုံးပြုရတာမလွယ်ကူပါဘူး။ Video Pad Master's Edition မှာတော့ ဒီပြဿနာကို ဖြေရှင်းပေးထားပြီး Navigate ပြုလုပ်ရတာ လွယ်ကူအဆင်ပြေပါတယ်။ ၁၅ ဒေါ်လာနဲ့ ရောင်းချပေးနေတာဖြစ်ပြီး မဝယ်ယူခင်မှာ အခမဲ့ ဗားရှင်းကို စမ်းသပ်အသုံးပြုနိုင်ပါတယ်။





## Easy Uninstaller

Easy Uninstaller ဟာသင့်ရဲ့ Android Device မှ Apps များကို Unistall ပြုလုပ်ရာမှာ လွယ်ကူစေရန်ကူညီပေးနိုင်ပါတယ်။ Apps များစွာကို တစ်ပြိုင်နက်ရွေးချယ်ပြီး Uninstall ပြုလုပ်နိုင်ပါတယ်။ Easy Uninstaller မှာ Apps များကိုရှာဖွေခြင်းနဲ့ Sort ပြုလုပ်ခြင်းတို့ကိုပြုလုပ်နိုင်ပါတယ်။ Uninstall ပြုလုပ်ချင်တဲ့ Apps ကိုရှာဖွေဖို့ အတွက် ထိပ်မှ Search Box ကနေ App အမည်ကို ရိုက်ထည့်ပြီးရှာဖွေနိုင်ပါတယ်။ Menu ကနေ Sort ကို နှိပ်ပြီး နှစ်သက်ရာ Filter များနဲ့ Sort ပြုလုပ်နိုင်ပါတယ်။ App တစ်ခုကို ဖိထားရင် Context Menu ပေါ်လာမှာဖြစ်ပြီး Options များကို ရွေးချယ်နိုင်ပါတယ်။ Application Details ကိုနှိပ်ရင် App Details ကိုကြည့်နိုင်ပါတယ်။ Share Button ကိုနှိပ်ပြီး အခြားလူများနဲ့ မျှဝေနိုင်ပါတယ်။ Search in Google Market ကိုနှိပ်ရင် Play Store မှာ ရှာဖွေပေးမှာဖြစ်ပါတယ်။ Easy Uninstaller ကသင့်ရဲ့ Android Device မှာ ကြိုတင်ထည့်သွင်းထားတဲ့ System Apps များကိုတော့ Uninstall ပြုလုပ်ပေးနိုင်ခြင်းမရှိပါဘူး။ (သင့် Android Device ဟာ Root လုပ်ထားရင်တောင် Easy Uninstaller က System App or Preloaded Apps များကို Uninstall ပြုလုပ်ပေးနိုင်ခြင်းမရှိပါဘူး။)






## Vacation Planning - City Guide

အပန်းဖြေခရီးသွားရတာ ပျော်ရွှင်စရာကောင်းပါတယ်။ ဒါပေမယ့် သွားမယ့်နေရာကို ရှာဖွေရတာနဲ့ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ဖို့ဆိုတာ ထင်သလောက် မလွယ်ကူပါဘူး။ Vacation Planning ဟာ ခရီးသွားလာရာမှာ စီမံခန့်ခွဲမှုများကို ပြုလုပ်နိုင်တဲ့ Android App ဖြစ်ပါတယ်။ Andev က တီထွင်ထားတာဖြစ်ပြီး သွားသင့်တဲ့ နေရာဒေသကို ရှာဖွေခြင်း၊ တည်းခိုခန်းများ ရှာဖွေခြင်းတို့လို စွမ်းဆောင်ချက်များစွာပါရှိပါတယ်။ App မှာ သင်သွားလာမယ့် နေရာကို ရှာဖွေပြီးတာနဲ့ Vacation Planning က စားသောက်ဆိုင်များ၊ စိတ်ဝင်စားစရာနေရာများ၊ ကပွဲများလို ကဏ္ဍများစွာကို ပြသပေးမှာဖြစ်ပါတယ်။ ဒါ့အပြင် တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ်များရဲ့ ဝက်ဆိုက်များနဲ့ လင့်များကို ပံ့ပိုးပေးထားပါတယ်။ App မှာ ဟိုတယ်များနဲ့ လေယာဉ်ခရီးစဉ်များကို တိုက်ရိုက်ရှာဖွေခြင်းမပြုနိုင်သော်လည်း Third-Party Search Sites များရဲ့ လင့်များကိုထည့်သွင်းပေးထားပါ တယ်။ App မှာ သင်ခရီးသွားမယ့်နေရာဒေသအတွက် ရာသီဥတုဒေတာများကို ပြသပေးထားတာက အလွန်အသုံးဝင်ပါတယ်။



## Duolingo

Duolingo ဟာဘာသာစကားသင်ကြားတဲ့ Android Apps များထဲမှာ အကောင်းဆုံး အခမဲ့ App ဖြစ်ပါတယ်။ အခပေး ဘာသာစကားသင်ကြားတဲ့ App များနဲ့တောင်ယှဉ်နိုင်ပါတယ်။ Duolingo မှာ ဘာသာစကား ၁၃ ခုပါရှိပြီး သင်ခန်းစာများစွာပါရှိပါတယ်။ App က ထောက်ပံ့တဲ့ ဘာသာစကားများထဲမှာ English, Danish, Dutch, French, German, Irish, Italian, Norwegian, Portuguese, Spanish, Swedish, Turkish, Ukrainian တို့ဖြစ်ပါတယ်။ Duolingo ကိုအသုံးပြုဖို့ အကောင့်တစ်ခုပြုလုပ်နိုင်သလို Facebook, Google အကောင့်များနဲ့လည်း အသုံးပြုနိုင်ပါတယ်။ အရင်ဆုံး သင်ကြားချင်တဲ့ ဘာသာစကားကိုရွေးချယ်ပေးပါ။ ဘာသာစကားများစွာကိုလည်း သင်ယူနိုင်ပါတယ်။ အားလပ်ချိန် အနည်းငယ်သာရရှိချိန်မှာ သင်ယူနိုင်တဲ့ သင်ခန်းစာအတိုလေးများလည်းပါရှိပါတယ်။ Duolingo Website နဲ့ Android App နှစ်ခုစလုံးကို အသုံးပြုရင်တော့ သင်ကြားထားတာတွေနဲ့ ပတ်သက်တဲ့ တိုးတက်မှုများကို Sync ပြုလုပ်ပေးမှာဖြစ်ပါတယ်။ ပုံမှန် သင်ခန်းစာတစ်ခုဟာ ငါးမိနစ်ခန့်ကြာမြင့်ပါတယ်။ Reading , Writing, Listening, Speaking အားလုံးအတွက် လေ့ကျင့်ခန်းများပါရှိပါတယ်။ အများပြည်သူသွားလာသည့်နေရာများမှာ အသံထွက်ခြင်းကို ရှောင်ရှားဖို့အတွက် Speaking သင်ခန်းစာများကို အလိုမရှိရင်ပိတ်ထားနိုင်ပါတယ်။ Home, Screen မှာတော့ ဘာသာစကားတစ်ခုစီအတွက်သင်ကြားရမယ့် သင်ရိုးညွှန်းတမ်းကိုပြသပေးထားပါတယ်။ App မှာ နေ့စဉ်သင်ကြားခြင်းနဲ့ နေ့စဉ်ရယူမယ့် အမှတ်များလို ရည်မှန်းချက်များကို သတ်မှတ်ထားနိုင်ပါတယ်။ သင်ခန်းစာတစ်ခုကို အောင်မြင်ရင် ၁၀ မှတ်ရရှိမှာဖြစ်ပါတယ်။ အဆင့်မြင့်သင်ခန်းစာများကို စတင်သင်ယူသူများအတွက် အရည်အချင်း စမ်းသပ်မှုသင်ခန်းစာများကို အသုံးပြုနိုင်ပါတယ်။ စမ်းသပ်မှုကိုကျရှုံးရင်တော့ သင်ကြားမှုကို ပြုလုပ်နိုင်မှာမဟုတ်ဘဲ အောက်ခြေအဆင့်ကနေသာ စတင်သင်ကြားရမှာဖြစ်ပါတယ်။




## Google Drive

Android Phone များမှာ Storage မလုံလောက်တဲ့ ပြဿနာကို ဖြေရှင်းဖို့ Cloud Storage ဝန်ဆောင်မှုများစွာ ပေါ်ထွက်လာနေပါပြီ။ အဲဒီထဲကအကောင်းဆုံးတစ်ခုက Google Drive ဖြစ်ပါတယ်။ Google Drive ဟာ Google Docs, Sheets, Slides, Photo Apps များနဲ့ ချိတ်ဆက်နိုင်ပြီး အလုပ်ကိစ္စနဲ့ပတ်သက်တဲ့ စာရွက်စာတမ်းများကို Sync ပြုလုပ်နိုင်ပါတယ်။ Google Drive မှာဖိုဒါများတည်ဆောက်နိုင်ခြင်း၊ ဖိုင်များဖန်တီးနိုင်ခြင်းတို့ကို ပြုလုပ်နိုင်ပါတယ်။ Printed Media မှ စာသားများကို ဖုန်းရဲ့ကင်မရာကနေဓာတ်ပုံရိုက်ကူးပြီး PDF ဖိုင်အဖြစ် ပြောင်းလဲပေးနိုင်ပါတယ်။ Google Drive မှာဖိုင်များကို လုပ်ဖော်ကိုင်ဖက်များနဲ့ မျှဝေပြီးအလုပ်များအတူတကွ ပြုလုပ်နိုင်ပါတယ်။ ဖိုင်များကို အရွယ်အစား၊ နောက်ဆုံးဖွင့်တဲ့နေ့ရက်နဲ့ နောက်ဆုံးပြုပြင်တဲ့နေ့ရက်စသဖြင့် Filters များစွာဖြင့် Sort ပြုလုပ်နိုင်ပါတယ်။ ဖိုင်များကို Drag ပြုလုပ်ပြီး စီမံခန့်ခွဲနိုင်ပါတယ်။ Google Drive ရဲ့ Search Engine ကအလွန်အစွမ်းထက်ပြီးဖိုင်အမည်သာမကဘဲ ဖိုင်ထဲမှစာသားများနဲ့ Optical Character Recognition နည်းပညာကြောင့် ဓာတ်ပုံထဲမှစာသားများ ကိုပါရှာဖွေပေးနိုင်ပါတယ်။ ဖိုင်များကို Offline အသုံးပြုနိုင်တဲ့စွမ်းဆောင်ချက်လည်းပါရှိတဲ့အတွက် အင်တာနက်မရရှိချိန်များမှာ အဆင်ပြေစေပြီး အင်တာနက်ပြန်လည်ရရှိရင် Edit ပြုလုပ်ထားတာကို Sync ပြုလုပ်ပေးမှာပါ။


LG
LG G4
Google Drive
Free 100GB Google Drive (2 years)
SD Card (32 GB)
Tempered Glass
LG Free Gift
Google Drive
Free 100GB Google Drive (2 years)
Genuine Leather Smart Cover
Tempered Glass
LG Free Gift
739,000/-
5.5" Quad HD IPS
Snapdragon 806 Processor (Hexa-Core)
16MP/8MP Camera
3,000 mAh Removable
RAM 3GB ROM 32GB
LG ဖုန်းများဝယ်ယူပြီး LG ဧလက်ဆောင်များ
ရယူလိုက်ကြရအောင်...
LG G4 Stylus
NEW
5.7" HD Screen
Front 5MP Rear 13MP
3,000 mAh
349,000/-
LG Magna
NEW
5.0" HD Softly Curved Screen
Front & Rear Camera
2,540 mAh
239,000/-
LG AKA
SPECIAL PRICE
5.0" HD (1280 x 720)
8MP/2.1MP
2,610 mAh
~~359,000/-~~ 339,000/-
Smart Cover
Screen Guard
LG Free Gift
Smart Cover
Screen Guard
LG Free Gift
Selfie Lens
Screen Guard
LG Free Gift
TMW Mobile Service Center (1) : No.7/B, Mahar Si Sar Sa Na Yeik Thar Street, Bahan Township. Tel: 544 644, 556 997, 545 963, 555 996
1 Year Warranty
Find us on Facebook
www.facebook.com/lglovesmyanmar

# CHIPSET KNOWLEDGE

# Huawei စမတ်ဖုန်းတွေမှာအသုံးပြုနေတဲ့ Kirin Chipset တွေအကြောင်း

ဖုန်းတစ်လုံးကို Hardware အစိတ်အပိုင်းများစွာနဲ့ တည်ဆောက်ထားပါတယ်။ အဲဒီတွေထဲက ဖုန်းရဲ့အဓိကအစိတ်အပိုင်းတစ်ခုဖြစ်တဲ့ Chipset အကြောင်းကို မိတ်ဆက်ပေးချင်ပါတယ်။ ဖုန်းတစ်လုံးရဲ့ အဓိကအကျဆုံးအစိတ်အပိုင်းတစ်ခုပြောပါဆိုရင် Chipset လို့ပဲပြောရမှာပါ။ အမျိုးအစားကောင်းမွန်တဲ့ Chipset တစ်ခုဟာ ဖုန်းတစ်လုံးရဲ့စွမ်းဆောင်ရည်ကို အဖက်ဖက်မှ မြှင့်တင်ပေးမှာပါ။ Chipset တစ်ခုကို အစိတ်အပိုင်း (၇) ခုမှ (၁၀)ခုနဲ့ဖွဲ့စည်းထားပါတယ်။ ပုံမှန် Chipset တစ်ခုမှာပါဝင်တဲ့ အစိတ်အပိုင်း (၇) ခုကိုလေ့လာကြည့်ရအောင် .....

## (၁) CPU (Core Processing Unit)

ဤအစိတ်အပိုင်းကတော့ ဖုန်းတစ်လုံးရဲ့လုပ်ဆောင်ချက်တွေကို ဘယ်လောက်မြန်မြန် ဆောင်ရွက်ပေးနိုင်လဲဆိုတာဆုံးဖြတ်ပေးပါတယ်။ CPU ကိုနောက်တစ်မျိုးအနေနဲ့ Processor လို့လည်းလူသိများပါတယ်။ စမတ်ဖုန်းတွေစပေါ်တဲ့အချိန်မှာတော့ Single-Core, Dual-Core တို့သာရှိခဲ့ပြီး ယခုနောက်ဆုံးထွက်ဖုန်းတွေမှာတော့ Octa-Core အထိ အသုံးပြုနေပြီဖြစ်ပါတယ်။ Core တစ်ခုချင်းစီမှာ Clock Speed ဆိုတဲ့ Core တစ်ခုချင်းစီရဲ့ လုပ်ဆောင်နိုင်နှုန်းကို တိုင်းတာတဲ့ စံနှုန်းတွေရှိပါတယ်။ ဥပမာ–2.0 GHz လို့ဖော်ပြထားပါက Core ဟာ 2.3 Gigahertz အထိ အမြင့်ဆုံးမြန်နှုန်းမြှင့်တင်ပေးနိုင်တယ်လို့ဆိုပါတယ်။ ယခင်က Core တွေအားလုံးမှာ တူညီတဲ့ Clock Speed တွေရှိနေခဲ့ပြီး ယခုနောက်ဆုံးပေါ်စမတ်ဖုန်းတွေမှာတော့ လုပ်ဆောင်ချက်များကို မြန်ဆန်စေသည့်အပြင် ပါဝါအသုံးပြုမှုလျှော့နည်းစေရန်အတွက် Clock Speed မတူညီတဲ့ Core (၄)လုံးတစ်စု၊ (၄)လုံးတစ်စု စုစုပေါင်း(၂)စု (Octa-Core) CPU တွေကို အသုံးပြုလာကြပါတယ်။ ယခင်က CPU တွေကို 32-bit ဖြင့်ထုတ်လုပ်အသုံးပြုခဲ့ပြီး နောက်ပိုင်းမှာတော့ ၎င်းထက် (၂) ဆပိုမိုမြန်ဆန်တဲ့ 64-bit ဖြင့်အသုံးပြုလာကြပါတယ်။ အဓိက CPU ထုတ်လုပ်သူတွေကတော့ Qualcomm (Snapdragon), Hisilicon (Kirin), Samsung (Exynos), Nvidia (Tegra), Media Tek နဲ့ Spectrum တို့ဖြစ်ပြီး CPU မှာပါဝင်တဲ့ Core အရေအတွက်နဲ့ အခေါ်အဝေါ်တွေကတော့ Single-core (core ၁လုံး)၊ Dual-core (core ၂လုံး)၊ Quad-core (core ၄လုံး)၊ Hexa-core (core ၆လုံး)၊ Octa-core (core ၈လုံး)နှင့် ယခုနောက်ဆုံးထွက်ရှိလာတဲ့ Deca-core (core ၁၀လုံး)တို့ပဲဖြစ်ပါတယ်။ Core အရေအတွက်များလေ လုပ်ဆောင်ချက်များမြန်ဆန်လေဖြစ်ပါတယ်။

## (၂) GPU (Gaming Processing Unit)

ဖုန်းတစ်လုံးပေါ်မှာ ရုပ်ထွက်ကောင်းတဲ့ဂိမ်းတစ်ခုကစားတော့မယ်ဆိုရင် GPU ရဲ့လုပ်ဆောင်ချက်မှာ လွန်စွာမှအရေးပါလှပါတယ်။ GPU အကောင်းစားတစ်ခုက ဂိမ်းတစ်ခုရဲ့ Frame Rate ကိုမြှင့်ပေးနိုင်ပြီး ထစ်ငေါ့မှုမရှိဘဲ ရုပ်လုံးကြွကြွနဲ့ အရောင်စိုစွတ်တောက်ပစွာ ကစားနိုင်မှာပါ။

## (၃) Modem

Modem ကတော့ အဓိကအားဖြင့် LTE ကွန်ရက်ကို မြန်နှုန်းမြင့်အသုံးပြုနိုင်ရန်ရည်ရွယ်ပြီး ထည့်သွင်းထားခြင်းဖြစ်ပါတယ်။

## (၄) နှင့် (၅) Video/Audio

ဤအပိုင်းရဲ့ လုပ်ဆောင်ချက်ကတော့ ဗီဒီယိုနဲ့ အော်ဒီယိုတွေကို စခရင်ပေါ်မှာ စပီကာပေါ်မှာ ပြသထုတ်လွှင့်နိုင်အောင် လုပ်ဆောင်ပေးတာပါ။ ဥပမာ–နောက်ဆုံးပေါ် Chipset တွေမှာ FHD, 2K နဲ့ 4K Resolution ဗီဒီယိုတွေ၊ HD အော်ဒီယိုတွေကို ကြည့်ရှုနားဆင်နိုင်အောင်ဆောင်ရွက်ပေးပါတယ်။



## (၆) Display

ဗီဒီယိုတစ်ခုကို ဘယ်လောက် resolution ကောင်းကောင်းနဲ့ပဲ ပြသနိုင်စွမ်းရှိပါစေ။ Display အရည်အသွေးနိမ့်ရင်တော့ ဗီဒီယိုပြသနိုင်စွမ်းကို ကန့်သတ်ထားသလိုဖြစ်သွားပါလိမ့်မယ်။ ဒါကြောင့် Video Output နဲ့တူညီတဲ့ ပြသနိုင်စွမ်းကိုရရှိနိုင်ရန်အတွက် Display ကိုလည်း Video နဲ့ စံနှုန်းညီအောင်ထည့်သွင်းရပါတယ်။

## (၇) Camera

ဒီအပိုင်းကတော့ ဖုန်းတစ်လုံးကဘယ်လောက် Megapixels အထိများတဲ့ ကင်မရာကို ထောက်ပံ့ပေးနိုင်လဲဆိုတာကို သတ်မှတ်ပေးတဲ့အပိုင်းပဲဖြစ်ပါတယ်။ သတိပြုရမှာက ဖုန်းတစ်လုံးမှာ ကင်မရာကို Chipset က ထောက်ပံ့ပေးထားတဲ့ပမာဏထက်ပိုပြီး မထည့်သွင်းနိုင်ပါဘူး။ နောက်ဆုံးထွက် CPU တွေမှာ 55 MP ပမာဏအထိရှိတဲ့ကင်မရာကို ထောက်ပံ့ပေးနိုင်ပြီဖြစ်ပါတယ်။

အထက်ဖော်ပြပါအစိတ်အပိုင်းတွေကတော့ Chipset တစ်ခုထဲမှာ ပါဝင်တဲ့ အဓိကအစိတ်အပိုင်းတွေဖြစ်ပြီး ထိုအစိတ်အပိုင်းတစ်ခုချင်းစီက ဖုန်းရဲ့လုပ်ဆောင်ချက်တိုင်းကို များစွာအကျိုးသက်ရောက်မှုရှိနေပါတယ်။

## Introduction to Kirin Chipset

Kirin Chipset တွေကို Hardware စက်ပစ္စည်းတွေနဲ့ ကြားခံ Chip တွေကိုအဓိကထုတ်လုပ်တဲ့ Huawei ကိုယ်ပိုင် Hisilicon ကုမ္ပဏီကထုတ်လုပ်ထားတာဖြစ်ပါတယ်။ Hisilicon ကုမ္ပဏီဟာ ၎င်းရဲ့ Kirin Chipset အတွက် ARM Holdings မှ နောက်ဆုံးပေါ် CPU တွေဖြစ်တဲ့ ARM Cortex series တွေနဲ့ Mail-T628 MP4 GPU တွေကို တရားဝင်ဝယ်ယူပြီးအသုံးပြုထားပါတယ်။

Kirin Chipset ကိုအခြား Chipset တွေနဲ့ ကွဲပြားခြားနားစွာသီးသန့်ဒီဇိုင်းဖြင့် တည်ဆောက်ထားပါတယ်။ ပုံမှန် Chipset တစ်ခုကို အဓိကအစိတ်အပိုင်း(၇)ခုဖြင့်ဖွဲ့စည်းထားပေမယ့် Kirin Chipset ကိုတော့ ပုံမှန်အစိတ်အပိုင်း(၇)ခုအပြင် i3 coprocessor တစ်ခုကိုထည့်သွင်းဖွဲ့စည်းထားပါတယ်။ ထို Coprocessor ထဲမှာတော့ Proximity sensor, Gyro sensor, Accelerometer, Compass, Fingerprint sensor အစရှိတဲ့ အာရုံခံစနစ်များကို တစ်နေရာတည်းမှာ ပေါင်းစည်းထည့်သွင်းထားပါတယ်။ ထူးခြားချက်ကတော့ ဘက်ထရီစားနှုန်းကို လျှော့ချနိုင်ခြင်းပါပဲ။ i3 Coprocessor တစ်ခုထဲမှနေ၍ Sensor အမျိုးမျိုးအတွက် အဆက်မပြတ်တိုင်းတာပေးပြီး ၎င်း Sensor များကိုလည်ပတ်ရန်အတွက် CPU ကိုအသုံးမပြုဘဲ ပါဝါသုံးစွဲမှု အလွန်နည်းသည့် i3 Coprocessor ကိုသာအသုံးပြုထားသောကြောင့် ဘက်ထရီအားအသုံးပြုမှုကို သိသိသာသာလျှော့ချပေးနိုင်ပါတယ်။

Hisilicon ကုမ္ပဏီမှ Chipset များကို ပထမမျိုးဆက်မှ တတိယမျိုးဆက်အထိ K3V အမည်ဖြင့် ထုတ်လုပ်ခဲ့ပြီး စတုတ္ထမြောက်မျိုးဆက်မှစ၍ Kirin အဖြစ်နာမည်ပြောင်းလဲပြီး Huawei ရဲ့ Flagship စမတ်ဖုန်းတွေမှာ စတင်ထည့်သွင်းအသုံးပြုခဲ့ပါတယ်။

Kirin Chipset အမျိုးအစားတွေကတော့ – Kirin 620, Kirin 910 series, Kirin 920 series, Kirin 930 series, Kirin 940 နဲ့ Kirin 950 တို့ဖြစ်ပါတယ်။ Kirin 620, 910 series, 930 series တွေကို Huawei ရဲ့ နောက်ဆုံးထွက်စမတ်ဖုန်းတွေမှာ တွေ့ရှိနိုင်ပြီး 940 နဲ့ 950 တို့ကိုတော့ နောင်များမကြာမီထွက်ရှိလာမယ့် စမတ်ဖုန်းအသစ်တွေမှာ စတင်အသုံးပြုနိုင်တော့မှာပါ။

## Kirin Chipset Series and Their Functions

ဒီအပိုင်းမှာတော့ Kirin Chipset တစ်ခုချင်းစီမှာ အသုံးပြုထားတဲ့ အတွင်းအစိတ်အပိုင်းတွေကို ဖော်ပြပေးမှာဖြစ်ပါတယ်။ Huawei စမတ်ဖုန်းတွေထဲမှာ အဓိကအသုံးပြုတဲ့ Kirin Chipset တွေကတော့ Kirin 620, Kirin 910, 910T, Kirin 920, 925, Kirin 930, 935 တို့ဖြစ်ပါတယ်။

Kirin 620 ကို Octa-core 1.2 GHz ရှိတဲ့ CPU ကိုသုံးစွဲထားပြီး Mail-450 MP4 GPU ကိုလည်း ဂရပ်ဖစ်ပမာဏများများလိုအပ်တဲ့ ဂိမ်းတွေကို ထောက်ပံ့ပေးနိုင်ရန် ထည့်သွင်းပေးထားပါတယ်။ 64-bit dual-channel မန်မိုရီကိုအသုံးပြုထားတာကြောင့် 64-bit OS ကို ထောက်ပံ့ပေးနိုင်ပြီး ပိုမိုမြန်ဆန်သောလုပ်ဆောင်ချက်တွေကိုပေးစွမ်းနိုင်မှာပါ။ Dual SIM အသုံးပြုနိုင်ပြီး မြန်နှုန်းမြင့် LTE Cat4 ကိုအသုံးပြုထားပါတယ်။ Bluetooth 4.0 ကိုလည်းထည့်သွင်းပေးထားပါတယ်။

Kirin 910 နဲ့ 910T တို့ရဲ့ ဖွဲ့စည်းတည်ဆောက်ပုံတွေကတော့ အတူတူပဲဖြစ်ပြီး အဓိကခြားနားချက်ကတော့ CPU နဲ့ GPU Frequency တွေမတူညီတာဘဲဖြစ်ပါတယ်။ Kirin 910 မှာ Quad-core 1.6 GHz နဲ့ Kirin 910T ကို Quad-core 1.8GHz, Kirin 910 ရဲ့ GPU ကို Mail-450 MP4 533MHz နဲ့ Kirin 910T ရဲ့ GPU ကို Mail-450 MP4 700MHz အသီးသီးအသုံးပြုထားပါတယ်။ ပေါ့ပါးသွက်လက်စေသော 32-bit Single-channel မန်မိုရီ ထည့်သွင်းထားသောကြောင့် 32-bit Android OS ကို ထောက်ပံ့ပေးနိုင်မှာပါ။

Kirin 920 နှင့် 925 မှစတင်၍ လုပ်ဆောင်ချက်မြန်ဆန်စေရန်နှင့် ပါဝါသုံးစွဲမှုသက်သာစေရန်အတွက် CPU ကိုမတူညီတဲ့ Frequency တွေဖြစ်တဲ့ Quad-core 1.7 GHz နဲ့ Quad-Core 1.3GHz ကိုပေါင်းစပ် အသုံးပြုထားပါတယ်။ GPU ကိုလည်း ရုပ်ထွက်ပိုမိုကောင်းမွန်တဲ့ Mail-T624 MP4 သုံးထားပြီး 32-bit dual-channel LPDDR3 မန်မိုရီကိုလည်း ထည့်သွင်းပေးထားပါတယ်။ LTE ကွန်ရက်တွင် 300 Mbit/s အထိ ဒေါင်းလုပ်ဆွဲနိုင်တဲ့ LTE Cat5 modem ကိုသုံးထားပါတယ်။



Huawei ရဲ့ နောက်ဆုံးထွက်စမတ်ဖုန်းတွေမှာအသုံးပြုထားတဲ့ Chipset တွေကတော့ Kirin 930 နဲ့ Kirin 935 တို့ပဲဖြစ်ပါတယ်။ Kirin 930 ရဲ့ CPU ကို Quad-core 2.0 GHz နဲ့ Quad-core 1.5GHz တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားပြီး Kirin 935 ရဲ့ CPU ကိုတော့ Quad-core 2.2 GHz နဲ့ Quad-core 1.5GHz တို့ကိုပေါင်းစပ်ထည့်သွင်းထားပါတယ်။ Kirin 930 နဲ့ Kirin 935 ရဲ့ အခြားအစိတ်အပိုင်းများကတော့ တူညီပါတယ်။ GPU ကို Mail-T628 MP4, မန်မိုရီကို 64-bit OS ကို ကောင်းမွန်စွာထောက်ပံ့ပေးနိုင်တဲ့ LPDDR3 64-bit dual-channel, Download speed 300Mbit/s အထိချနိုင်တဲ့ LTE Cat6, Bluetooth 4.0 တို့ကိုအသုံးပြုထားပါတယ်။

Kirin Chipset တွေဟာ မော်ဒယ်မြင့်လာတာနဲ့အမျှ လုပ်ဆောင်ချက်တွေပိုမိုမြန်ဆန်လာပြီး ပါဝါသုံးစွဲမှုလျော့နည်းလာတာကြောင့် Kirin Chipset အသုံးပြုထားတဲ့ဖုန်းတွေဟာ အခြားဖုန်းတွေထက်ပိုမိုသွက်လက်ပြီး တာရှည်အသုံးခံတာကိုသတိထားမိစေမှာပါ။ နောင်ထွက်ရှိလာမယ့် Kirin Chipset များဟာလည်း ယခုထက်ပို၍ ကောင်းမွန်လာမှာ အမှန်ပါပဲ။

### Kirin Chipsets Used in Huawei Flagship Smartphone

Kirin Chipset တွေကိုများသောအားဖြင့် Huawei ရဲ့ Flaship ဖုန်းတွေမှာသာ ထည့်သွင်းအသုံးပြုလေ့ရှိပြီး နောက်တွင်ထွက်ရှိမည့် Mid-range ဖုန်းတွေမှာလည်း အသုံးပြုသွားမှာဖြစ်ပါတယ်။ Huawei ရဲ့ အခု လောလောဆယ် ဈေးကွက်ထဲမှာရှိတဲ့ Flagship ဖုန်းတွေကတော့ P7, Mate7, Honor6, Honor6 Plus နဲ့ P8 တို့ပဲဖြစ်ပါတယ်။

P7 မှာအသုံးပြုထားတဲ့ Kirin Chipset အမျိုးအစားကတော့ Kirin 910T Quad-core 1.8GHz ဖြစ်ပါတယ်။

Kirin ရဲ့နောက်မျိုးဆက်တစ်ခုဖြစ်တဲ့ Kirin 920 Chipset ကိုတော့ Huawei ရဲ့ Brand ခွဲတစ်ခုဖြစ်တဲ့ Honor brand မှ Honor6 ဆိုတဲ့ ဖုန်းမှာအသုံးပြုခဲ့ပါတယ်။ Kirin 920 Octa-core 1.7 GHz အမျိုးအစားဖြစ်ပြီး Kirin Chipset ရဲ့နည်းပညာအသစ်တစ်ခုဖြစ်တဲ့ BIG.little GTS architecture ကိုအသုံးပြုထားပါတယ်။ BIG.little ဆိုတာကတော့ စွမ်းဆောင်ရည်ဘက်အသားပေးထားတဲ့ Clock speed 1.7 GHz ရှိတဲ့ Cortex-A15 core (၄)လုံးတစ်စုံနှင့် ပါဝါသုံးစွဲမှုချွေတာခြင်းကို အသားပေးထားတဲ့ Clock Speed 1.3GHz ရှိတဲ့ Cortex-A7 core (၄)လုံးတစ်စုံတို့ကို ပေါင်းစပ်အသုံးပြုထားခြင်းဖြစ်ပါတယ်။ အဲဒီမှာ သူ့ရဲ့ အလုပ်လုပ်ပုံက စိတ်ဝင်စားစရာပါ။ 3D ရုပ်ထွက်ကောင်းမွန်တဲ့ ဂိမ်းတစ်ခုကို ကစားမယ်ဆိုရင် စွမ်းဆောင်ရည်ကောင်းမွန်စေရန်အတွက် Core (၈)လုံးထဲမှ A7 core အသေးတစ်လုံးကိုချန်ကာ ကျန်တဲ့ Core (၇)လုံးနဲ့ ဂိမ်းကိုအလုပ်လုပ်ဆောင်ပေးပါတယ်။ ဓာတ်ပုံရိုက်ချိန်တွင်လည်း A15 core အကြီး တစ်လုံးချန်ထားပြီး ကျန် Core ၇ လုံးနဲ့ အလုပ်လုပ်ဆောင်ပေးပါတယ်။ အင်တာနက်၊ အီးမေးလ် အသုံးပြုချိန်မှာတော့ ပါဝါသုံးစွဲမှုသက်သာစေရန် A7 Core အသေး(၃)လုံးကိုပဲအသုံးပြုပါတယ်။ ဖုန်းခေါ်ဆိုမှုနဲ့ မက်ဆေ့ချ်ပေးပို့မှုတွေမှာတော့ A7 Core အသေးတစ်လုံးနဲ့ပဲ ကောင်းမွန်စွာလုပ်ဆောင်ပေးမှာပါ။ ဤသို့ အားဖြင့် အပလီကေးရှင်းတွေကို စွမ်းဆောင်ရည်အပြည့်နဲ့သုံးစွဲနိုင်ပြီး ပါဝါသုံးစွဲမှုကိုလည်း လျှော့ချပေးနိုင်တဲ့အတွက် ဖုန်းကိုကြာရှည်စွာအသုံးပြုနိုင်မှာပါ။

၎င်းရဲ့နောက်ဆက်တွဲ Kirin Series ဖြစ်တဲ့ Kirin 925 Octa-core 1.8 GHz ကို Huawei ရဲ့ လူကြိုက်အများဆုံးနဲ့ ရောင်းအားအကောင်းဆုံးဖုန်းတွေဖြစ်တဲ့ Honor 6 Plus နဲ့ Mate 7 တို့မှာ အသုံးပြုထားပါတယ်။ ၎င်း Chipset ကိုလည်း BIG.little Architecture ကို အသုံးပြုထားပြီး A15 1.8GHz core (၄)လုံးနဲ့ A7 1.3 GHz Core (၄)လုံးတို့ကိုပေါင်းစပ်ထားတာဖြစ်ပါတယ်။ Huawei P series ရဲ့နောက်ဆုံးထွက် Flagship ဖုန်းဖြစ်တဲ့ P8 မှာတော့ Kirin 930/935 Chipset ကိုအသုံးပြုထားပြီး P8 standard version ကို Kirin 930 Chipset နဲ့ P8 premium version ကို Kirin 935 Chipset ကိုအသုံးပြုထားပါတယ်။ Kirin 930/935 Chipset တွေမှာ စွမ်းဆောင်ချက်အသာပေးတဲ့ Cortex A53 ကိုအသုံးပြုထားပါတယ်။ Clock Speed တွေကတော့ Kirin 930 Chipset မှာ A53 2.0GHz core (၄)လုံး၊ A53 1.5GHz core (၄)လုံးနဲ့ Kirin 935 Chipset မှာ A53 2.2 GHz core (၄)လုံး၊ A53 1.5GHz core (၄) လုံးတို့ပဲဖြစ်ပါတယ်။ စွမ်းဆောင်နိုင်စွမ်းကိုတိုးမြှင့်ပေးထားတဲ့အတွက် Kirin 930/935 အသုံးပြုထားတဲ့ စမတ်ဖုန်းတွေဟာ သိသိသာသာမြန်လာတာကိုတွေ့ရမှာပါ။

Mid-range ဖုန်းတွေဖြစ်တဲ့ G play, G play mini နဲ့ P8 lite တို့မှာတော့ Kirin 620 Octa-core ကိုအသုံးပြုထားပြီး core (၈)လုံးကို A53 1.2 GHz ဖြင့် အလုပ်လုပ်ဆောင်ထားပါတယ်။






KENBO
SMARTPHONE

# Dream One B18

## The slimmest till now




- 5.1mm super slim body
- 5MP+8MP cameras powered by Sony
- Samsung AMOLED Display
- Beautiful Corning Gorilla Glass cover

www.kenbomobile.com YGN: 09-258451418 MDY: 09970326345

KenboSmartphone. Myanmar

KENBO ON WECHAT

# Kimfly TECHNOLOGY

Take kimfly, Take the world!

android

## Z1



4.0"

## Z2



4.0"

## Z3



4.0"

## Z4



4.0"

## Z5




4.0"

## Z6



4.0"

Smart wake up · WiFi · Facebook · WhatsApp · BL-4D · HD Camera · Gmail · Internet


ILOVFA
Love life love fashion
ပုံသဏ္ဌာန်အသစ် အရည်အသွေးအသစ်
ကုန်ပစ္စည်းအမှတ်တံဆိပ်အား ပိုမိုမှတ်သားရလွယ်ကူစေရန် ILOVFA ၏အမှတ်တံဆိပ်အား ကုမ္ပဏီမှ LOGO နှင့်ပါကင် ပစ္စည်းများအတွက် ဒီဇိုင်းအသစ်များ ထပ်မံ ရေးဆွဲလိုက်ပြီဖြစ်သည်။ ILOVFA မိုလ်ပိုင်းဖုန်း အားအစဉ်မပြတ် ဝယ်ယူအားပေးကြသော ဝယ်ယူသူများအား တုန့်ပြန်သောအနေဖြင့် ပရိုမိုးရှင်း ကာလ(တစ်လ) အတွင်းဖုန်း ဝယ်ယူသူတိုင်းအား သပ်ရပ်လှပသော လက်ဆောင်ပစ္စည်း တစ်ခုစီပေးအပ် သွား မည်ဖြစ်ပါသည်။
ILOVFA
ILOVFA MODEL:F503
5.0 " IPS QHD(540*960)
wifi Bluetooth
4 x 1.2 GHZ
Advanced positioning by GPS/AGPS
5MP AF Flash lamp 2MP front camera
2200mAh Battery
1G+4G
WCDMA+GSM
1 Year Warranty
သတ္တုကိုယ်ထည်၊ အဆင့်မြင့်နည်းပညာနှင့်သေသပ်လှပသောဖက်ရှင်တို့ဖြင့်ပေါင်းစပ်ဖွဲ့စည်းထားပါသည်။
ILOVFA MODEL:A17
ILOVFA MODEL:A18
ILOVFA
ILOVFA MODEL:A19
WELCOME ALL PARTNERS,JOIN CONTACT US HOTLINE
Yangon 09259151688 09799225598 Mandalay 09973677699 09265727845 facebook ILOVFA
http://www.ilovfa.com


ZXET
အတုအပ
သတိပြုပါ
NEW
G100
Screen - 2.4"
G101
Screen - 2.4"
G102
Screen - 2.4"
G103
Screen - 2.4"
G105
Screen - 2.8"
G106
Screen - 2.4"
G 107
Screen - 2.8"
G 112
CF 320
G111
Screen နှစ်ဖက်သုံးလို့ရသည်။
G201
Android - 4.4
Screen - 5.0"
G110
Screen - 2.4"
G109
Screen - 2.4"
G108
Screen - 2.4"
660 CD
CG 508
Flash Light
ပါသည်။
CF1050
G1050
CF270
GSM / CDMA
CF380
G380
CG380
CF310
CF360
CF190
CF191
CF192
Camera/Memory
ပါရှိသည်။
CG 509
CDMA 450 / 800
GSM
G 500
CF500
CG500
G 501
CG 501
CF 501
CF 290
GSM / CDMA


GH Mobile
(K-10) ပထမထပ်၊ Car Parking အနီး၊ ယုဇနပလာဇာ၊
မင်္ဂလာတောင်ညွန့်မြို့နယ်တွင် Service Center အသစ်အား
ထပ်မံဖွင့်လှစ်ထားပါသည်။
(C-12) ပထမထပ်၊ ယုဇနပလာဇာ၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၅၂၈၆၃၃၃၊ ၀၉ ၇၃၀၁၂၆၆၆၊ ၀၁-၂၀၀၇၄၇ (Ext : 2066) Service Phone : 09 425286333, 09 31425333


MEDIATEK
SINGTECH
SINGAPORE BRAND
New
Front Camera
LED Flash
4G
64 bit Processor
Quad Core
INFINITY
L-1
Low Power Consumption
135,000 Ks
INFINITY
i-Crystal
13.0
ယခင်ဈေး
199,000 Ks
139,000 Ks
ယခုဈေး
Call Centre
01-2399900
Show Room & Service Centre Cyber City Co.,Ltd.
အမှတ်(၇)၊ ကျောက်ကုန်းလမ်း(၁၄) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ Tel: +95 1 564591
အမှတ်(၉)၊ ပန်းခင်းလမ်း(၂) ၅ လမ်း ရွာကောက်ရပ်ကွက် ပျဉ်းမနားမြို့။ Tel : (09) 977422832
အမှတ်(၃၈)၊ ရတနာလမ်း၊ မရမ်းကုန်းရပ်ကွက် မော်လမြိုင်မြို့။ Tel : (09) 260201199, (09)978004040
အမှတ်(T2-1)၊ သဇင်လမ်းသွယ်၊ ၃၁ x ၃၂ ကြား၊ ၇၇ x ၇၈ ကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။Tel: +95 9 91018621 - 5063916


THE LONGEST BATTERY
in the world...
GiONEE
marathon M5
ALWAYS IN POWER
5.5 HD AMOLED
Quad Core 1.3 GHz CPU
Andriod 5.1
ROM 16GB + RAM 2GB
13 & 5 Mpxl Camera
319,000 Ks
6020 mAh
Fast Charge
Raeverse Charge
CDMA / GSM
www.global.gionee.com
OfficialGioneeMyanmar
gioneemyanmar
Service Center : 09 - 792677899
Hot Line : 09 - 31389999




# THE WORLD IS IN CONTROL

**MTK6582: Quad - core RAM : 1 G + 8 G**



- Unlocked World Phone
  Wake Up Gesture. Air Gesture
- 6.0" IPS Multi-Touch Screen
  Enhanced Colors with iDro Brite™
- 5MP Auto Focus Primary Camera
  2MP Selife Camera Voice Capture
- Sim & Micro Sim Card
  Dual SIM Card Capability
- 4G Ready / HSPA+
  850/1900/2100 MHz
- Quad-Core ARM v7
  Processor 1.3GHz x 4
- GPS Bluetooth 2.0
- 3200mA Battery

**Tiger** 6.0

FC CE RoHS COMPLIANT


KKP
ဟန်းဆက် (၁) လုံးဝယ်ယူသူတိုင်း
အိတ်(၁)လုံးလက်ဆောင်ပေးမည်။


Imported mobile from Japan
ဖုန်းဝယ်ယူသူ customer များအတွက် လက်ဆောင်များ - Manual Book, Phone Cover, Sim card, Eco-bag and Application အခမဲ့
Geanee
ASIA TREND CONSULTANTS
ATC Mobile
iPhone 6 / 6plus / 6s
Huawei GL07
Black Berry
Special Price
iPhone 5C
iPhone 5s
SAMSUNG
iPhone
HUAWEI
ATC Moblie (Yankin) - No.202, U Chit Mg Road, Sayarsan Northeast Quarter, Bahan Township, Yangon, Myanmar
Phone - 95-9-25338 4834 / 95-9-25338 4956 - Website : http://atc-mobile.net

# HANDS ON

## NEO 7

# OPPO ရဲ့ Neo မျိုးဆက်သစ် Neo 7



နာမည်ကျော် Neo 5 ၏ အောင်မြင်မှုကို ဆက်ခံမည့် OPPO Neo 7 ကို ယခုလကုန်ပိုင်းမှစတင်ကာ အိန္ဒိယအပြင် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှ၊ တောင်အာရှ၊ အရှေ့အလယ်ပိုင်း၊ မြောက်အာဖရိကနှင့် မက္ကဆီကိုတို့အပါအဝင် ကမ္ဘာတစ်ဝန်းရှိ ဈေးကွက် ၁၇ ခုတွင် ရောင်းချရန် စီစဉ်ထားပြီဖြစ်သည်။

၅ လက်မ Screen အပြင် အဆင့်မြှင့်တင်ထားသော အရှေ့ဘက်ကင်မရာနှင့် 16 GB ROM ဖြင့် သုံးနိုင်သည်။ ဘက်ထရီ၏ စွမ်းဆောင်ရည်ကလည်း ကောင်းမွန်ပြီး တန်ဖိုးက ၁၉၀၀၀၀ိ/-ကျပ်သာရှိမည်ဖြစ်ပြီး ယင်းအချက်များက OPPO Noe 7 ၏ ထူးခြားချက်ဖြစ်သည်။ ပုံမှန်အားဖြင့် မျက်နှာပြင်အကျယ်အဝန်းကျယ်ပြန့်သည့် စမတ်ဖုန်းများသည် ဈေးနှုန်းမြင့်မားနေတတ်သော်လည်း OPPO Neo 7 သည် သင့်တင့်မျှတသော နှုန်းထားဖြင့် ဈေးကွက်အတွင်းရောက်ရှိလာမည်ဖြစ်သည်။ ဒါကြောင့် ဈေးနှုန်းသင့်တင့်တဲ့ Neo 7 ရဲ့ ၅ လက်မအကျယ်ရှိတဲ့ Screen ပေါ်မှာ ရုပ်ထွက်ကောင်းမွန်တဲ့ ဗီဒီယိုဖိုင်တွေနဲ့ ဓာတ်ပုံတွေကို ကြည့်လို့ရနိုင်မှာပါ။

Neo 7 ကို ထူးခြားဆန်းသစ်သော ဒီဇိုင်းဖြင့် ဖန်တီးထားပြီး စွမ်းဆောင်ရည်အဆင့်မြှင့်တင်မှုများကိုလည်း ပြုလုပ်ထားသည်။

မြန်မာနိုင်ငံတွင် 3G ဖားရှင်းဖြင့် မိတ်ဆက်ပေးမည့် OPPO Neo 7 တွင်ပါဝင်သော Mirror Surface သည် လိုအပ်သလိုဖြတ်နိုင်၊ တပ်နိုင်ပြီး Optical Coating နည်းပညာနှင့် Fiber glass ကိုအသုံးပြုထားသည်။ ကျောဘက်ကို Coating အလွှာ ၁၃ ခုဖြင့် ပြုလုပ်ထားပြီး တောင့်တင်းခိုင်မာမှုရှိစေရန် လုပ်ငန်းစဉ် ၄၀ ဖြင့် ပြုလုပ်ထားသည်။ ၀.၅၆ မီလီမီတာသာရှိသည့်အထူကြောင့် ပါးလွှာမှုအပိုင်းက အံ့အားသင့်စရာ ကောင်းမွန်သည်။ ထို့အပြင် အလွှာထပ်အုပ်သည့် အထူးလုပ်ငန်းစဉ်များကြောင့် Neo 7 ၏ ကျောဘက်တွင် ချောမွေ့ပြီး မှန်တစ်ချပ်ကဲ့သို့ ကြည်လင်သည်ကိုတွေ့ရမည်ဖြစ်သည်။

အဖြူနှင့် အနက်အရောင်နှစ်မျိုးရွေးချယ်နိုင်မည့် Neo 7 ၏ ကိုယ်ထည်ဘောင်ကိုဆွဲဆောင်မှုရှိသော အရောင်နှစ်မျိုး (ရွှေရောင်၊ ငွေရောင်)ဖြင့်ရရှိနိုင်မည်။

အဓိက ထူးခြားချက်မှာ ၅ လက်မ Screen ဖြစ်ပြီး ချောမွေ့သော အနားစွန်းများက လက်ထဲတွင် ကိုင်ဆောင်ထားသည့်အခါ သက်သောင့်သက်သာရှိစေမည်ဖြစ်သည်။ Neo 7 ၏ ကိုယ်ထည်ကို တောင့်တင်းခိုင်မာမှုမြင့်မားသော မဂ္ဂနီဆီယမ်၊ အလူမီနီယံ သတ္တုစပ်ဖြင့် ပြုလုပ်ထားသည်။ အရည်အသွေးမြင့်သည့် သတ္တုစပ်ကိုယ်ထည်က ဖုန်း၏ အလေးချိန်ကို ပေါ့ပါးစေပြီး အံ့အားသင့်ဖွယ်ကောင်းသည့် အကြမ်းဒဏ်ခံနိုင်မှုကို ပေးစွမ်းနိုင်သလို အပူဒဏ်ကိုလည်း လွင့်ပါးပျောက်ကွယ်စေသည်။

OPPO Neo 7 တွင် 8-megapixel ကျောဘက်ကင်မရာပါဝင်ပြီး ၎င်းသည် အခြေအနေအရပ်ရပ်တွင် အံ့အားသင့်ဖွယ်လှပသော ဓာတ်ပုံများကို ဖန်တီးပေးနိုင်သည်။ အဆင့်မြှင့်ထားသော 5-megapixel အရှေ့ဘက်ကင်မရာကြောင့် ကြည်လင်ပြတ်သားသော Selfie ဓာတ်ပုံများနှင့် ဗီဒီယိုများကို ရိုက်ကူးစေနိုင်မည်ဖြစ်သည်။ Pure Image 2.0+ imaging platform ပါဝင်သောကြောင့် ဖုန်း၏ ကင်မရာကို များပြားလှသော Plaug-in များဖြင့် အသုံးပြုကာ ရိုက်ကူးနိုင်သည်။ ဖုန်းတွင်ပါဝင်သော light-sensitive sensor က သုံးစွဲသူ၏ မျက်နှာနှင့် အဆင်ပြေစေမည့် Screen အလင်းအမှောင်ကို ချိန်ညှိပေးနိုင်သည်။

ထို့အပြင် အလင်းနည်းသော နေရာများ၌ Selfie ရိုက်ကူးသည့်အခါတွင်လည်း Screen က Flash အနေဖြင့် ပြောင်းလဲလုပ်ဆောင်ပေးမည်ဖြစ်သည်။ Filter ၁၁ ခုနှင့် Beautify Mode ၃ ခုပါဝင်ပြီး ထပ်ဆောင်း App များကို Download ဆွဲရန်မလိုဘဲ ဓာတ်ပုံများကို အလွယ်တကူ ပြင်ဆင်နိုင်သည်။ ထို့အပြင် Double Exposure ကဲ့သို့သော အထူးလုပ်ဆောင်ချက်များကလည်း သုံးစွဲသူများမှ သီးခြားဓာတ်ပုံနှစ်ပုံ ရိုက်ကူးကာ ၎င်းတို့ကို ပေါင်းစပ်ပြီး ဓာတ်ပုံတစ်ပုံတည်းအဖြစ် ဖန်တီးခြင်းတို့ကို ပြုလုပ်ပေးနိုင်သည်။ OPPO Neo 7 တွင် Quad-core CPU နှင့်အတူ 1 GB RAM နှင့် 16 GB ROM ကိုအသုံးပြုထားသည်။ ဘက်ထရီက 2420 mAh ဖြစ်သည်။ SIM ကတ်(၂)ကတ်ဖြင့် သုံးနိုင်သည်။ Micro SD Card Slot ပါဝင်သောကြောင့် 3G ဖားရှင်းအတွက် သိုလှောင်မှုကို 32 GB အထိ တိုးမြှင့် သိမ်းဆည်းနိုင်သည်။ Neo 7 တွင် OPPO ၏ Android 5.1 ကို အခြေခံထားသော ColorOS 2.1 ကိုအသုံးပြုထားသည်။ ၎င်းသည် ချောမွေ့သော စွမ်းဆောင်ရည်ကို ထောက်ပံ့ပေးနိုင်ပြီး Background တွင် ဗီဒီယိုကြည့်ရှုရင်း သူငယ်ချင်းများနှင့် စကားပြောနိုင်မည့် Floating Window ကဲ့သို့သော Feature သစ်များပါဝင်သည်။ အဆင့်မြှင့်ထားသော ColorOS 2.1 နှင့်အတူ ဖျော်ဖြေရေးလုပ်ဆောင်ချက်များကိုလည်း Neo 7 တွင် ထောက်ပံ့ပေးထားသည်။ Lockscreen Magazine Feature သစ်သည် OPPO မှ စုစည်းပေးထားသော လှပသည့် ဓာတ်ပုံ(၂၀)ကျော်နှင့်အတူ Lockscreen ဓာတ်ပုံများကို တစ်ပတ်လျှင်တစ်ကြိမ် အလိုအလျောက် Update လုပ်ပေးမည်ဖြစ်သည်။ ဒါကြောင့် OPPO က ထောက်ပံ့ထားတဲ့ လုပ်ဆောင်ချက်တွေသာမကဘဲ android ရဲ့ ဝန်ဆောင်မှုတွေကိုလည်း သုံးစွဲနိုင်မှာဖြစ်ပါတယ်။ ပြီးတော့ system update ကိုလည်း လွယ်လင့်တကူပြုလုပ်လို့ ရနိုင်မှာဖြစ်ပြီး မှတ်သားစရာတွေအတွက်အသုံးပြုရတဲ့ Note ကို သုံးစွဲတဲ့အခါမှာ ပုံတွေနဲ့တွဲလျက် မှတ်တမ်းပြုလုပ်ထားနိုင်မှာဖြစ်ပြီး lock ပြုလုပ်လိုသူတွေအတွက် third party app တွေ သုံးစရာမလိုအောင် lock function ကိုတစ်ပါတည်း ထည့်သွင်းပေးထားပါတယ်။ လုံခြုံရေးဆိုင်ရာကိစ္စရပ်တွေအတွက်ကတော့ app encrypt, data saving, guest mode, Permission monitor နဲ့အတူ block (6) မျိုးပါဝင်တာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒါ့အပြင် စာသားမက်ဆေ့ချ်တွေကိုလည်း လိုအပ်သလို ထိန်းချုပ်ပြီး timer ပြုလုပ်ပေးဖို့လို့ ရနိုင်ပါလိမ့်မယ်။ ညဘက်တွေမှာ အင်တာနက်အသုံးပြုပြီးတဲ့အခါမှာ မေ့လျော့ပြီး အိပ်တတ်သူတွေအတွက်လည်း အဆင်ပြေအောင်လို့ ဖုန်းကနေ (၂) စက္ကန့်ဆိုတာနဲ့ မိုဘိုင်းဒေတာကိုဖြတ်တောက်ပေးပါတယ်။ ပြီးတော့ ဖုန်းမှာ ဘယ်လိုလုပ်ဆောင်ချက်တွေပဲလုပ်နေနေ screen ပေါ်မှာလက်သုံးချောင်းကို ဆွဲစုလိုက်မယ်ဆိုရင် ကင်မရာလုပ်ဆောင်ချက်ဆီ ချက်ချင်းတန်းရောက်သွားမှာဖြစ်ပါတယ်။ အလင်းရောင်အားနည်းတဲ့နေရာတွေမှာ ရိုက်ကူးမယ်ဆိုရင်လည်း အလင်းအမှောင်ကိုရိုက်ကူးမယ့် နေရာနဲ့ ကိုက်ညီအောင်လိုသလိုချိန်ညှိပေးဦးမှာဖြစ်ပါတယ်။

Gesture စနစ်ကလည်း ပြည့်စုံပါတယ်ဆိုတာထက် တောင်ပိုပါသေးတယ်။ ColorOS ပါရှိတာကြောင့် Security Mode, Gloves Mode, Screen Off Gesture 13 မျိုးကို သုံးစွဲနိုင်မှာပဲဖြစ်ပါတယ်။ သူ့မှာနောက်ထပ်ပါဝင်တဲ့ လုပ်ဆောင်ချက်တစ်ခု ရှိပါသေးတယ်။ အဲဒီလုပ်ဆောင်ချက်ကတော့ air gesture ဖြစ်ပြီး၊ ဖုန်းကိုလက်နဲ့ ထိတွေ့စရာမလိုဘဲ ဖုန်းပေါ်မှာလက်ဝှေ့ယမ်းလိုက်ရုံနဲ့ Home screen ဖွင့်တာ၊ Photo, Mail ဖတ်ရှုတာတွေကို ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ သူ့မှာ ပါဝင်တဲ့ Gesture စနစ်တွေကြောင့် ဖုန်းရဲ့မျက်နှာပြင်ပေါ်မှာ 'V' သင်္ကေတပြုလုပ်လိုက်တာနဲ့ flash မီးကို ဖွင့်ပေးမှာဖြစ်ပြီး၊ မျက်နှာပြင်ပေါ်မှာ အဝိုင်းပုံစံလေး ပြုလုပ်လိုက်မယ်ဆိုရင်တော့ ကင်မရာလုပ်ဆောင်ချက်ကို သုံးစွဲနိုင်စေဖို့အတွက် အသင့်ဖြစ်နေမှာပါ။ သင့်အတွက် အရေးကြီးတဲ့ သူတွေရဲ့ဖုန်းနံပါတ်တွေကို သင်္ကေတတစ်ခုအနေနဲ့သတ်မှတ်ထားတယ်ဆိုရင် ဖုန်းကို ဘာပဲလုပ်နေနေ ရုတ်တရက် ဖုန်းဆက်ချင်တယ်ဆိုရင် ဖုန်းရဲ့အပေါ်ဘက်ထောင့်ကို ဆွဲချပြီး၊ သုံးစွဲသူ သတ်မှတ်ထားတဲ့ သင်္ကေတကို ဆွဲလိုက်ရုံနဲ့ ခေါ်ဆိုချင်တဲ့ နံပါတ်ကိုအလွယ်တကူခေါ်ဆိုနိုင်မှာပဲဖြစ်ပါတယ်။

အဓိကအားသာချက်ကတော့ မြန်မာနိုင်ငံဈေးကွက်အတွက် ထုတ်လုပ်ထားတဲ့ ဖုန်းဖြစ်တာ ကြောင့် မြန်မာစာစနစ်ကိုတစ်ပါတည်း ထည့်သွင်းပေးထားတာဖြစ်ပါတယ်။ လက်(၃)ချောင်းကိုအသုံးပြုပြီး မျက်နှာပြင်ရဲ့အထက်ကနေအောက်ကို ဆွဲချလိုက်မယ်ဆိုရင်တော့ screenshot ပြုလုပ်ပေးမှာဖြစ်ပါတယ်။ Screen ကို မှင့်လိုတယ်ဆိုရင် ဖုန်း screen ပေါ်မှာလက်နဲ့ နှစ်ချက်ပုတ်ပေးလိုက်ရုံနဲ့ သုံးလို့ရမှာဖြစ်ပြီး၊ screen off ပြန်လုပ်ချင်တယ်ဆိုရင်တော့ home button ပေါ်မှာ နှစ်ချက်ပုတ်ပေးရမှာ ဖြစ်ပါတယ်။

ထို့အပြင် Dirac Sound စနစ်ကို အသုံးပြုထားသောကြောင့် OPPO ထုတ်ကုန်များ၏ အလွန်ကောင်းမွန်သော အသံစွမ်းဆောင်ရည်ကို Neo 7 တွင်တွေ့မြင်နိုင်သည်။

ဖုန်းတစ်ခုလုံးကို ခြုံငုံသုံးသပ်ရမယ်ဆိုရင်တော့ အသွင်အပြင်ပိုင်းမှာ တစ်မူထူးခြားပြီးကိုင်ရတာ စမတ်ကျတဲ့ဖုန်းအဖြစ် သတ်မှတ်နိုင်မှာပါ။ ဘက်ထရီကိုလည်း တာရှည်ခံနိုင်စွမ်းအားရှိတဲ့ Li-Po 2420mAh ကိုတပ်ဆင်ပေးထားပြီး ဖြုတ်တပ်ပြုလုပ်လို့ရနိုင်မှာမဟုတ်ပါဘူး။ နောက်ဘက်ကာဗာကိုတော့ ခွာထုတ်ပစ်ရမှာဖြစ်ပြီး Sim Card, SD Card တွေကိုထည့်သွင်းရမှာဖြစ်ပါတယ်။

ကင်မရာလုပ်ဆောင်ချက် ကတော့သာမန်အဆင့်သာရှိမှာဖြစ်ပါတယ်။ gesture လုပ်ဆောင်ချက်တွေကိုလည်း သုံးစွဲနိုင်မှာဖြစ်သလို ပေးရတဲ့ဈေးနဲ့ သင့်တင့်တဲ့ စွမ်းဆောင်မှုကို ရရှိပါလိမ့်မယ်။ Sim ကတော့ နှစ်ကတ်သုံးအမျိုးအစားဖြစ်ပြီး၊ Micro Sim, Nano Sim ထည့်သွင်းရမှာဖြစ်ပါတယ်။ ကင်မရာကလည်း ကိုယ်ထည်မှာမြှုပ်နှံထားသလိုဖြစ်တာကြောင့် ထိခိုက်မိမှာကိုစိုးရိမ်စရာလိုအပ်တော့မှာမဟုတ်ပါဘူး။

Cloud storage ကိုနှစ်သက်တယ်ဆိုရင်တော့ 5GB အခမဲ့ရတဲ့ O Cloud ကို သုံးစွဲပြီး message, contact, photo တွေ သိမ်းဆည်းနိုင်ပါလိမ့်မယ်။

| | | |
|---|---|---|
| Network | : | GSM/HSPA/LTE |
| Weight | : | 141 g |
| Camera | : | 8 MP |
| Display Type | : | IPS LCD Capacitive |
| Display Size | : | 5.0 inches |
| OS | : | Android OS, v5.1 |
| Memory | : | 16GB, up to 128 |
| Battery | : | Li-Po 2420mAh |








"နည်းဥပဒေတွေ၊ ဥပဒေတွေထွက်တယ်ဆိုတာက ပြီးမသွားဘူး။ Industry တိုးတက်လာတာနဲ့အမျှ လိုအပ်တဲ့ဟာတွေက ထွက်နေရတာ။ ဒါကိုလေ့လာပြီးတော့ လိုအပ်ရင်လိုအပ်သလို ထုတ်ပြန်ပေးသွားမှာပါ....."

## ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး

# ဦးသန်းထွန်းအောင်နှင့်တွေ့ဆုံခြင်း

**မေး** **ဆရာတို့ တယ်လီကွန်းမာစတာပလန်မူကြမ်းထွက်ထားတာနဲ့ ပတ်သက်ပြီး နည်းနည်းလောက်ရှင်းပြပေးပါဦး။**

**ဖြေ** တယ်လီကွန်းမာစတာပလန်ကတော့ ကျွန်တော်တို့ဆက်သွယ်ရေးကဏ္ဍကိုပြောင်းလဲတာကနေစပြီး Teledensity လည်းတက်လာပြီးပြီ။ လုပ်စရာတွေကတော့ အများကြီးကျန်သေးတယ်။ အော်ပရေတာအနေနဲ့ကလည်း လိုင်စင်ပေးလာတာ (၅၀)ကျော်လောက်ရှိလာပြီ။ မာစတာပလန်ရဲ့အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်ရဲ့ ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့ အားလုံးပါဝင်ကြဖို့ပါပဲ။ အခုကတော့ လိုင်စင်ရအော်ပရေတာတွေက တစ်ဦးနဲ့တစ်ဦး Target မတူကြဘူး။ ဒါကြောင့် အားလုံးသွားမယ့်လမ်းတစ်ခုက နိုင်ငံတကာရဲ့ ပုံစံကိုလေ့လာတယ်။ အကြံပေးတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ဒီမာစတာပလန်ရယ်လို့ ဖြစ်လာတာပါ။ အဲဒီထဲမှာ Regulator လိုက်နာရမယ့်ဟာတွေပါတယ်။ Policy Maker လို့ခေါ်တဲ့ Ministry ရဲ့ လုပ်ဆောင်ရမယ့်အပိုင်းတွေပါတယ်။ မကြာခင်မှာ ကျွန်တော်တို့ Regulator က Independent ဖြစ်လာမယ်။ အော်ပရေတာတွေကလည်း လွတ်လွတ်လပ်လပ်နဲ့ ဝန်ဆောင်မှုတွေပေးမယ်။ နောက်နိုင်ငံတော်လုံခြုံရေးအတွက် လိုအပ်တဲ့အပိုင်း။ Information Security အပိုင်း ဒါတွေအားလုံးက မဖြစ်မနေတိုးတက်လာရမယ့်ဟာတွေ၊ ဆက်သွယ်ရေးကဏ္ဍမှာ တယ်လီဖုန်းသိပ်သည်းဆတိုးတက်သွားလို့ရှိရင်၊ ခုနကပြောတဲ့ဟာတွေမပါလို့ရှိရင် သူများနိုင်ငံတွေလိုခံစားရတဲ့အကျိုးရလဒ်မျိုးဖြစ်လာဖို့ အချိန်ပိုကြာမှာဖြစ်တဲ့အတွက် Master Plan တစ်ခုဆွဲပြီးတော့ တစ်ပြေးညီလုပ်ကြတာဖြစ်ပါတယ်။

**မေး** **ဒီမာစတာပလန်ကို ဘယ်သူတွေရဲ့ အကူအညီနဲ့ လုပ်ဆောင်နေတာပါလဲ။**

**ဖြေ** Master Plan က ကမ္ဘာဘဏ်ရဲ့ ချေးငွေနဲ့လုပ်ထားတာပါ။ တယ်လီကွန်းဖွံ့ဖြိုးတိုးတက်မှုပရောဂျက်အတွက် ကမ္ဘာဘဏ်ရဲ့ အကူအညီနဲ့ဆောင်ရွက်တဲ့အစိတ်အပိုင်းတစ်ခုဖြစ်တယ်။ အဓိကတော့ နိုင်ငံတကာ Consultant ကိုခေါ်ပြီးတော့ ဆွဲထားတာဖြစ်ပါတယ်။ Public Consultation တွေလည်း ကျွန်တော်တို့လုပ်ပါတယ်။ နောက်တစ်ခါ Industry နဲ့လည်းတွေ့တယ်။ ကွန်ပျူတာအသင်းချုပ်တို့ဘာတို့နဲ့လည်းတွေ့တယ်။ အဖွဲ့အစည်းတွေနဲ့တွေ့တယ်။ ပြီးတော့မှ ကျွန်တော်တို့ဆွဲထားတဲ့ဟာနဲ့ သူတို့ရဲ့သဘောထားမှတ်ချက်နဲ့ပူးပေါင်းပြီးတော့ လုပ်တာဖြစ်ပါတယ်။ အခုကတော့ မူကြမ်း (Draft) ဆိုပေမယ့် ဒါနောက်ဆုံးမူကြမ်းပါ။ အတည်ပြုချက်တွေလည်းရပြီးပါပြီ။ Launch လုပ်ဖို့ပဲလိုတော့တာပါ။ မကြာခင် Launch လုပ်ဖို့ရှိပါတယ်။

**မေး** **ဒါကို ပြည်သူကိုချပြပြီးရင် ပြင်ဆင်တာဘာညာနဲ့ အချိန်ဘယ်လောက်ယူရမယ်လို့ မှန်းပါသလဲ။**

**ဖြေ** ပြင်စရာတော့သိပ်မရှိပါဘူး။ အချိန်ကတော့ ပြောရခက်တယ်။ ခွင့်ပြုချက်ကတော့ အကုန်လုံးရပြီးပါပြီ။ မကြေညာရသေးတာတစ်ခုပဲကျန်တော့တယ်။ ကြေညာဖို့တော့လုပ်နေပါတယ်။ အခုအချိန်မှာ ရွေးကောက်ပွဲကာလဘာညာဖြစ်တဲ့အတွက်ကြောင့်မို့လို့ မကြေညာသေးတာပါ။ ပြီးတော့ Master Plan ထဲမှာပါတဲ့ဟာတွေထဲက တချို့က On going (ဆောင်ရွက်နေဆဲ)တွေပါ။ လုပ်နေတဲ့ဟာတွေရှိတယ်။ ဒါတွေကို နိုင်ငံတကာကလည်းသိတယ်။ နိုင်ငံတော်ရဲ့ Master Plan ဖြစ်တဲ့အတွက် နိုင်ငံတကာလည်းသိမယ်။ နောက်တစ်ခါ ကမ္ဘာ့ဘဏ်လိုဟာမျိုးပဲဖြစ်ဖြစ် တခြား ကျွန်တော်တို့နဲ့ပူးပေါင်းဆောင်ရွက်ချင်တဲ့ဟာတွေဆိုရင်လည်း ကျွန်တော်တို့သွားမယ့်လမ်းကြောင်းကို သူတို့သိတယ်။ ဘယ်နေရာ၊ ဘယ်အစိတ်အပိုင်းတွေမှာ ပူးပေါင်းဆောင်ရွက်လို့ရမလဲဆိုတာ သိအောင်လုပ်တာပါ။ အဲဒီအထဲမှာ Regulator ရဲ့ Reform Process ကတော့ Master Plan မဆွဲခင်ကတည်းကလုပ်ခဲ့ပြီးသားပါ။

**မေး** **လိုင်စင်ရထားပြီးတဲ့ ကုမ္ပဏီတွေထဲမှာ တချို့က ရက်(၉၀)ကျော်တဲ့အထိ လုပ်ပိုင်ခွင့်မရသေးဘူးလို့ ပြောကြတာတွေရှိနေတာကရော။**

**ဖြေ** လိုင်စင်စပေးတာနဲ့ ကျွန်တော်တို့ဖက်ကကြာတဲ့အပိုင်းလေးတွေရှိမယ်။ ဥပမာ အခုလိုအချိန်မျိုးဆိုရင် နိုင်ငံတကာမှာ ရွေးကောက်ပွဲကာလဆို အကုန်လုံးအလုပ်တွေခဏရပ်လိုက်ပါတယ်။ အစိုးရရဲ့မူဝါဒကိစ္စရပ်တွေအားလုံးရပ်တာပေါ့။ ဒါပေမယ့် အခုဒီမှာတော့ ကျွန်တော်တို့မလုပ်ပါဘူး။ ဆက်ပြီးတော့လုပ်ပေးတယ်။ သို့သော် ဘာဖြစ်လာလဲဆိုတော့ Cabinet မှာ အစည်းအဝေးပုံမှန်မလုပ်နိုင်ဘူး။ တချို့လိုင်စင်အမျိုးအစားတွေက အစိုးရအဖွဲ့ကိုတင်ပြီးမှ ခွင့်ပြုရတာတွေရှိတယ်။ အဲဒီအပိုင်းကြာတာတွေရှိတယ်။ တချို့တွေကျတော့ သူတို့လာကတည်းက မပြည့်စုံတာရှိတယ်။ မပြည့်စုံတာကိုကျတော့ ကျွန်တော်တို့က ဘယ်လိုမှ အတည်ယူလို့မရဘူး။ အဲတော့ တချို့အဖွဲ့တွေဆိုရင် နှစ်ခါသုံးခါလောက်ပြန်ပြန်ပေးရတယ်။ သူတို့စပြီးတင်လာတဲ့အချိန်ကနေစတွက်ပြီး ကြားထဲမှာ ပြန်ပြင်ရတဲ့အချိန်ကို သတိမထားမိလို့ဖြစ်မှာပါ။

**မေး** **လိုင်စင်ချပေးထားပြီးတဲ့ ကုမ္ပဏီဘယ်နခုလောက်ရှိနေပါပြီလဲ။**

**ဖြေ** လတ်တလောတော့ ကုမ္ပဏီ (၅၀)ပတ်ဝန်းကျင်ရှိပြီ၊ နောက်ထပ်ချသွားပေးဖို့ရှိပါတယ်။ စိစစ်နေတာတွေရှိပါတယ်။ ပမာဏကန့်သတ်မထားပါဘူး။

**မေး** **Spectrum နည်းဥပဒေနဲ့ပတ်သက်ပြီး ဘယ်အဆင့်လောက်ရောက်နေပါပြီလဲ။**

**ဖြေ** Spectrum နည်းဥပဒေက အကုန်လုံးလည်းပြီးပါပြီ။ လိုအပ်တဲ့ခွင့်ပြုချက်တွေရပြီးပါပြီ။ ထုတ်ပြန်ဖို့ပဲကျန်တော့တယ်။

**မေး** **Cyber Crime Law နဲ့ပတ်သက်ပြီးရော လုပ်နေတာမျိုးရှိလား။**

**ဖြေ** Cyber Crime နဲ့ပတ်သက်တာကို ဆောင်ရွက်နေတာရှိပါတယ်။ ဒါတွေကတော့ ဦးစားပေးတွေပေါ့လေ။ ကျန်တဲ့ဟာတွေကတော့ လက်ရှိဦးစားပေးလုပ်နေတာပေါ့။ နည်းဥပဒေတွေ၊ ဥပဒေတွေထွက်တယ်ဆိုတာက ပြီးမသွားဘူး။ Industry တိုးတက်လာတာနဲ့အမျှ လိုအပ်တဲ့ဟာတွေက ထွက်နေရတာ။ ဒါကိုလေ့လာပြီးတော့ လိုအပ်ရင်လိုအပ်သလို ထုတ်ပြန်ပေးသွားမှာပါ။ Cyber Crime နဲ့ပတ်သက်တာက ဥပဒေအနေနဲ့ သပ်သပ်ထွက်မှာ။ ဆက်သွယ်ရေးဥပဒေဆိုတာက ဆက်သွယ်ရေးဝန်ဆောင်မှုကိုပေးဖို့အတွက်လုပ်တာ။ အခု Facebook သုံးတာတို့ဘာတို့ပေါ့လေ။ သတင်းအနှောင့်အယှက်ပေးတာတွေရှိလာတယ်လေ။

**မေး** **အခုလတ်တလောဖြစ်လာတဲ့ ဆိုရှယ်မီဒီယာနဲ့ အွန်လိုင်းအသရေဖျက်တာတွေ၊ ပြစ်မှုတွေအပေါ် ဝန်ကြီးဌာနက ဘယ်လိုလုပ်ဆောင်ပါသလဲ။**

**ဖြေ** အဲဒါကို ကျွန်တော်တို့ဆက်သွယ်ရေးက အရေးမယူသေးဘူးလား။ ဘာညာပြောကြပေမယ့် ကျွန်တော်တို့က အရေးယူလို့မရဘူး။ ကျွန်တော်တို့အရေးယူတဲ့အဖွဲ့အစည်းမဟုတ်ဘူး။ နောက်တစ်ခါ ဆက်သွယ်ရေးဥပဒေနဲ့ အရေးယူနေတာတွေ၊ ဆက်သွယ်ရေးဥပဒေသည် အော်ပရေတာတွေကိုပဲ ကြီးကြပ်ပေးဖို့ ရည်ရွယ်ချက်က၊ အဲဒီမှာ ကျန်တဲ့ Cyber Crime ဥပဒေတချို့လည်းပါနေတာဖြစ်တယ်။ ကျွန်တော်တို့က ဒါကိုပုံသေမထားဘဲနဲ့ ပြုပြင်ပြီးတော့ Cyber Law ဆိုပြီးတော့လုပ်ဖို့ရှိပါတယ်။ အဲဒါဆိုရင်တော့ Cyber Crime နဲ့ပတ်သက်တဲ့ဟာကို သီးသန့်ထွက်သွားမှာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ မပြည့်လည်း မပြည့်စုံသေးဘူးလေ။ ဆက်သွယ်ရေးဥပဒေမှာက အရင်ဥပဒေမှာပါတဲ့ဟာတွေ Electronic

### ဇွဲလင်း လင်း သန်း တွေ့ဆုံမေးမြန်း သည်

Transaction Law မှာပါတဲ့ ဥပဒေပုဒ်မတွေ ပြန်ပြန်ပြီးတော့ ကော်ပီလုပ်ထားတဲ့သဘောဖြစ်နေတယ်။ အဲဒီအချိန်တုန်းကတော့ လုံခြုံရေးကိုဦးစားပေးလုပ်လိုက်ရတာကိုး။ အခုဆိုရင် ဖေ့စ်ဘုတ်နဲ့ပတ်သက်တဲ့ကိစ္စတွေဘာတွေပါလာတော့ ပြတ်ပြတ်သားသားမရှိတော့ဘူး။ နောက်တစ်ခါ အော်ပရေတာတွေဆီကနေပြီးတော့ အချက်အလက်တွေတောင်းရတာတွေရှိတယ်။ ဥပမာ လူသတ်မှုဖြစ်တာတို့၊ ဘိန်းဖြူနဲ့ပတ်သက်တာတို့ အဲဒါမျိုးတွေနဲ့ပတ်သက်ပြီးတော့လည်း ရှင်းရှင်းလင်းလင်းမဖြစ်ကြဘူး။ မဖြစ်ကြတဲ့အတွက်ကြောင့်မို့လို့ အော်ပရေတာတွေအနေနဲ့လုပ်ရတာလည်း အခက်အခဲဖြစ်စေတယ်။ အခုက Drafting တော့လုပ်နေပါပြီ။ ထုံးစံအတိုင်းအဆင့်ဆင့်လုပ်ရမှာပဲလေ။ မူကြမ်းကို Public Consultation လုပ်ရဦးမယ်။ အဲဒါကို Consultation ကနေရတဲ့ အချက်အလက်ကိုထပ်ပြီးတော့ ပြင်ရဦးမယ်။ အဲဒါပြီးတော့မှ လွှတ်တော်တင်ဘာညာနဲ့ဆိုတော့ ကျွန်တော်ထင်တယ်။ ခြောက်လလောက်ကတော့ ကြာမယ်ထင်တယ်။ အဲဒီအတွက် EU ကအကူအညီပေးထားပါတယ်။

**မေး** **ဆရာတို့ဌာနကနေ ဝေါ်ကီတော်ကီတွေကို တရားဝင်လိုင်စင်ယူပြီးသုံးဖို့ ဒီလိုမှမဟုတ်ရင် အရေးယူမယ်ဆိုတာပြောထားတော့ အခုလက်ရှိမှာရော အရေးယူတာမျိုးရှိနေပါပြီလား။**

**ဖြေ** ဝေါ်ကီတော်ကီ လက်ရှိတရားဝင်အရေးယူတာမရှိသေးပါဘူး။ ယူဖို့တော့ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒါတွေက သိတဲ့အတိုင်းပဲလေ စည်းမဲ့ကမ်းမဲ့သုံးနေတာတွေများနေတယ်။ နောက်တစ်ခါ အော်ပရေတာတွေကလည်းများလာတော့ Frequency တွေက...။ မလိုအပ်ဘဲလိုင်းနှုန်းတွေအနှောင့်အယှက်ဖြစ်တာက လိုင်စင်ရထားတဲ့ အော်ပရေတာတွေအနေနဲ့ထိခိုက်တယ်။ ထိခိုက်တဲ့အခါကျတော့ ပြည်သူတွေသုံးတဲ့အခါမှာ နောက်ဆုံးကျတော့ ပြည်သူတွေပဲထိခိုက်တာဖြစ်တယ်။ အဲတော့ ဒါကိုတော့ စနစ်တကျလုပ်ဖို့ရှိပါတယ်။ ဆောင်ရွက်နေပါတယ်။ ဝေါ်ကီတော်ကီအတွက် ပညာပေးလုပ်တာလေးတွေလည်းရှိနေတယ်။ ကျွန်တော်တို့ကတော့ အချိန်ပေးတာပေါ့။ အခုဟာက အောက်ခြေအဆင့်ထိသုံးနေကြတာမျိုးတွေတွေ့နေရတယ်။ အဲဒါမျိုးတွေဖြစ်နေတဲ့အတွက်ကြောင့်မို့ အားလုံးကိုလည်း ကျွန်တော်တို့က အပြစ်ပေးတဲ့ပုံစံမျိုးမဖြစ်စေချင်ဘူးလေ။ အဲဒါကြောင့်မို့ပေါင်းပြီးတော့ဆောင်ရွက်ကြမယ်။ မီဒီယာလည်းကူညီပေးရမှာပေါ့။ ဥပဒေအရ အတိအကျပြဋ္ဌာန်းထားပြီးသားပါ။ အခုအချိန်ထိတော့ အရေးမယူသေးဘူး။ ပညာပေးကာလကိုပဲ အရင်လုပ်မှာပါ။

**မေး** **ဆရာတို့အခုလတ်တလော ခေါ်ထားတဲ့ Spectrum Monitering နဲ့ပတ်သက်တဲ့ တင်ဒါကရော ဘယ်လိုပုံစံမျိုးအတွက်ပါလဲ။**

**ဖြေ** ဒါကတော့ ကမ္ဘာ့ဘဏ်ချေးငွေနဲ့ လုပ်တဲ့ပရောဂျက်ပါပဲ။ Spectrum Monitaring ပေါ့။ ရန်ကုန်မြို့မှာ ကားတွေနဲ့လိုက်ပြီး တိုင်းနေတာတွေလည်းရှိတယ်။ အဲဒါကမလုံလောက်ဘူး။ အခုဟာက မိုဘိုင်းယူနစ်ကိုခေါ်တာပေါ့။ မိုဘိုင်း Monitaring နဲ့ပတ်သက်ပြီးတော့ ဆက်ပြီးချဲ့ဖို့လိုအပ်တယ်။ အဲဒီအတွက်တင်ဒါခေါ်ထားတာပေါ့။ တင်ဒါခေါ်တဲ့အခါမှာ သူတို့ရဲ့ နည်းပညာကို Presentation လုပ်ဖို့အတွက် ခေါ်တာဖြစ်ပါတယ်။ အဲဒီထဲကမှ ရွေးမှာပေါ့။

အခုလိုဖြေကြားပေးတာကျေးဇူးတင်ပါတယ်။

NEWS
LOCAL UPDATE

# အွန်လိုင်းအလုပ်အကိုင်ရှာဖွေရေး Website work.com.mm မှ ဒုတိယအကြိမ်မြောက် အလုပ်အကိုင်ပြပွဲကြီး ကျင်းပပြုလုပ်မည်




Work.com.mm မှ ဒုတိယအကြိမ်မြောက် အလုပ်အကိုင်ပြပွဲကြီးကို ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့မှ ၁၇ ရက်နေ့အထိ MICT Park တွင်ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။ အဆိုပါပြပွဲတွင် အပြည်ပြည်ဆိုင်ရာ ထိပ်တန်းကုမ္ပဏီကြီးများနှင့် ပြည်တွင်းကုမ္ပဏီကြီးများမှ HR များနှင့် လူတွေ့အင်တာဗျူးဖြေဆိုခွင့်ရရှိနိုင်မည့်အပြင် သက်ဆိုင်ရာအသိပညာရှင်များမှ ပို့ချမည့်လုပ်ငန်းခွင်ဆိုင်ရာဗဟုသုတများအား မျှဝေမည့်အလုပ်ရုံဆွေးနွေးပွဲများ၊ စကားဝိုင်းနှီးနှောဖလှယ်ပွဲများကိုလေ့လာနိုင်မည့်အခွင့်အရေးကိုပါ တစ်ပြိုင်နက်တည်းရရှိမည်ဖြစ်သည်။

ထိုပြပွဲကြီးကို အပြည်ပြည်ဆိုင်ရာ လူမှုကွန်ရက်ဆက်သွယ်ရေး Application တစ်ခုဖြစ်သော LINE မှ အဓိကပံ့ပိုးကူညီပေးသွားမှာဖြစ်ပြီး AYA Bank, CoCa Cola, Nestle နှင့် Save the Children/WWF အစရှိသော နာမည်ကျော်ကုမ္ပဏီကြီးများနှင့် အခြားသောထိပ်တန်းကုမ္ပဏီများမှလည်း အားဖြည့်ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

work.com.mm ၏ ဌာနေအုပ်ချုပ်မှုဒါရိုက်တာ Mr.Gijs Verheijke က "ဒီလိုဒုတိယအကြိမ် မြောက်အလုပ်အကိုင်ပြပွဲကြီးကျင်းပနိုင်ခြင်းဟာ မြန်မာနိုင်ငံကပြည်သူတွေအနေနဲ့ work.com.mm အပေါ် ဘယ်လောက်အထိယုံကြည်ထားတယ်၊ ပူးပေါင်းပါဝင်ပံ့ပိုးမှုရှိနေတယ်ဆိုတာနှင့် ဘဝမှာနောက်ထပ် တက်လှမ်းနိုင်မယ့် အလုပ်အကိုင်အခွင့်အလမ်းတွေကို ရှာဖွေဖို့ စိတ်အားထက်သန်မှုရှိနေတယ်ဆိုတာကို ပြသလိုက်တာပါ။ ကျွန်တော်တို့ရဲ့ အဓိက ဆန္ဒကတော့ အရည်အချင်းပြည့်မီတဲ့ အလုပ်ရှာဖွေသူတွေကို သူတို့စိတ်ကူးထဲက အလုပ်အကိုင်တွေပေးအပ်နိုင်မယ့် ကုမ္ပဏီကြီးတွေနှင့် ချိတ်ဆက်ပေးဖို့ပါပဲ။ ဒါကြောင့် ကျွန်တော်တို့ရဲ့ အလုပ်အကိုင်ပြပွဲကြီးကနေ ဒီနိုင်ငံရဲ့ လိုအပ်ချက်ကို အပြည့်မီဆုံးစွမ်းဆောင်ပေးသွားနိုင်မယ်လို့ယုံကြည်ပါတယ်။ ဒါ့အပြင် လုပ်ငန်းရှင်ကြီးတွေတွေ့ကြုံနေရတဲ့ အရည်အချင်းမီ ဝန်ထမ်းများခေါ်ယူနိုင်ရေး အခက်အခဲတွေကို နားထောင်ပြီးတော့လည်း အရည်အချင်းပြည့်မီတဲ့ အလုပ်ရှာဖွေနေသူတွေနှင့် ချိတ်ဆက်နိုင်ဖို့အတွက်ကိုလည်း ရည်ရွယ်ပြီး ကျင်းပပေးသွားမှာဖြစ်တယ်"ဟုပြောကြားခဲ့သည်။

အဆိုပါပြပွဲကြီးကို မည်သူမဆို တက်ရောက်နိုင်မှာဖြစ်ပြီး အလုပ်ရှာဖွေမည့်သူများအနေဖြင့် မိမိတို့ရဲ့ ကိုယ်ရေးရာဇဝင်အကျဉ်း အပြည့်အစုံ ဖော်ပြထားသော အလုပ်လျှောက်လွှာများကို တပါတည်းယူဆောင်လာပြီး မိမိလျှောက်ထားလိုသည့်အလုပ်ကို တိုက်ရိုက်လျှောက်ထားနိုင်မည့်အပြင် www.work.com.mm ဝက်ဆိုက်တွင်လည်း စာရင်းသွင်းကာ လျှောက်လွှာတင်ထားပါက ဦးစားပေးလျှောက်ထားသူများအဖြစ် သတ်မှတ်သွားမည်ဖြစ်ကြောင်းသိရသည်။

ရဲလင်းစိုး

# AppExpo 2016 တွင် မိုဘိုင်းနှင့် ဆော့ဖ်ဝဲလ်ထုတ်ကုန်သမားများအတွက် အခမဲ့နေရာ ၁၀ ခု အကြမ်းဖျင်းသတ်မှတ်ထား

၂၀၁၆ ခုနှစ်အတွက် ကျင်းပမည့် AppExpo 2016 တွင် မိုဘိုင်းနှင့် ဆော့ဖ်ဝဲလ်ထုတ်ကုန်သမားများအတွက် အခမဲ့နေရာ(၁၀)ခုအကြမ်းဖျင်းသတ်မှတ်ထားပြီး စတင်လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဆော့ဖ်ဝဲနှင့် မိုဘိုင်းအပလီကေးရှင်းများ သီးသန့်ပြသသည့်ပွဲတစ်ခုဖြစ်သော AppExpo2016 အား စတုတ္ထအကြိမ်အဖြစ် ပြသခြင်းဖြစ်ပြီး လာမည့် ၂၀၁၆ ဖေဖော်ဝါရီလ ၂၅ နှင့် ၂၆ ရက်များတွင် ရန်ကုန်မြို့ MICT Park အတွင်း ကျင်းပပြုလုပ်ရန် စီစဉ်ထားပါသည်။

ပြပွဲတွင် နှစ်စဉ်ထည့်သွင်းပေးနေကြဖြစ်သည့် မိုဘိုင်းထုတ်ကုန်ရှိသူများအား နေရာအခမဲ့ပေးပြီး ဝင်ရောက်ပြသစေသည့် အစီအစဉ်ကိုလည်း ဆက်လက်ထည့်သွင်းထားပြီး http://goo.gl/forms/kDi0TcTlf8 တွင် စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

ယခုနှစ်အတွက် ထူးခြားသည့် ထုတ်ကုန်သစ်များကို မိတ်ဆက်သွားရန်လည်းရှိပြီး ထုတ်ကုန်များအားလက်တွေ့သုံးစွဲစေမည်ဖြစ်သည်။ ထုတ်ကုန်များတွင် မိုဘိုင်း Wallets ဖြင့်ဈေးဝယ်ခြင်း၊ E-commerce အကောင့်များပြုလုပ်ခြင်း၊ Taxi ကားမှာယူခြင်း စသည်တို့အပြင် အခြားစိတ်ဝင်စားဖွယ်ထုတ်ကုန်သစ်များလည်း ပါဝင် ပြသကြမည်ဖြစ်သည်။

၂၀၁၃ ခုနှစ်မှစတင်ကျင်းပလာသော AppExpo ပွဲကိုစိတ်ပါဝင်စားသူများအနေဖြင့် www.appexpomyanmar.com တွင် လည်းကောင်း၊ www.facebook.com/yangonheartz နှင့် ဖုန်း 09-960060999 သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။

ရဲလင်းလင်းသန်း

# OPPO မြန်မာမှ တောင်ကြီး တန်ဆောင်တိုင်မီးပုံးပျံပွဲဖြစ်မြောက်ရေးအတွက် ဒုတိယအကြိမ်ပါဝင်ကူညီပေး

မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်အတွင်းရှိ တောင်ကြီးမြို့တွင် နှစ်စဉ်မပျက် ကျင်းပသည့် တန်ဆောင်တိုင် မီးပုံးပျံအလှဆင်ပြိုင်ပွဲကြီး ဖြစ်မြောက်ရေးအတွက် OPPO စမတ် ဖုန်းကုမ္ပဏီက ပါဝင်ကူညီထောက်ပံ့ပေးထားကြောင်း ရန်ကုန်အခြေစိုက် OPPO Myanmar ရုံးချုပ်မှ ထုတ်ပြန်ပါသည်။

OPPO အနေဖြင့် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးစုများအကြားထင်ရှားသည့် ရိုးရာပွဲတော်များအနက် တစ်ခုအပါအဝင်ဖြစ်သည့် တောင်ကြီးတန်ဆောင်တိုင် မီးပုံးပျံပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်တွင်လည်း ပထမဆုံးအကြိမ်အဖြစ် ပံ့ပိုးပေးခဲ့ကြောင်းသိရသည်။

ရဲလင်းလင်းသန်း

# Huawei Innovation Day Asia ကို စင်္ကာပူအမျိုးသားတက္ကသိုလ်နှင့် ပူးပေါင်းကျင်းပခဲ့




Huawei ကုမ္ပဏီမှ စင်္ကာပူအမျိုးသားတက္ကသိုလ် (NUS)နှင့် ပူးပေါင်း၍ Huawei Innovation Day Asia အခမ်းအနားကို ပူးတွဲစီစဉ်ကျင်းပခဲ့ပြီး အဆိုပါပွဲတွင် မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများရှိ မြို့ကြီးများအနေဖြင့် ဒိုင်ဂျစ်တယ်နည်းပညာများအသုံးပြု၍ မည်သို့ဖွံ့ဖြိုးတိုးတက်အောင် မည်သို့ဆောင်ရွက်နိုင်မည်ကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အခမ်းအနားသို့ ဒေသတွင်းရှိ အစိုးရအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များနှင့် သုတေသနအဖွဲ့အစည်းများမှ အသိပညာရှင်၊ အတတ်ပညာရှင်ပေါင်း (၁၅၀) ကျော်တက်ရောက်ခဲ့ကြသည်။

စင်္ကာပူနိုင်ငံဆိုင်ရာကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီး Mr. S.Iswaran မှ ယခုအခမ်းအနားသည် အာရှ၏ အလျင်အမြန်ဖွံ့ဖြိုးလာသည့် မြို့ပြနှင့်ကျေးလက်လူဦးရေတိုးတက်လာချိန်တွင် အချိန်ကိုက်ပြုလုပ်သည့် အခမ်းအနားတစ်ခုဖြစ်ကြောင်း၊ နည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများသည် အလုပ်အကိုင်သဘောတရားများ၊ လုပ်ငန်းစီမံချိန်ညှိမှုများနှင့် စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှုများရှိကြောင်း၊ မြို့ငယ်များမှ မြို့ကြီးများအဖြစ် တိုးတက်ဖွံ့ဖြိုးလာပြီး နိုင်ငံသားများ၏ လူနေမှုဘဝမြင့်မားလာခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များရရှိလာခြင်းစသည့် အကျိုးကျေးဇူးများယူဆောင်လာပေးကြောင်းနှင့် အဆိုပါအကျိုးကျေးဇူးများသည် မြန်မာနိုင်ငံသားများအတွက် များစွာသက်ရောက်မှုရှိကြောင်းပြောကြားခဲ့ပါသည်။

နောက်ဆုံးထုတ်ပြန်ခဲ့သည့် Huawei Global Connectivity Index 2014 တွင် ICT အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ချိတ်ဆက်နေပြီး တိုင်းပြည်၏ GDP တစ်ရာခိုင်နှုန်းတိုးတက်တိုင်း ICT နယ်ပယ်ရင်းနှီးမြှုပ်နှံမှု ၂၀ ရာခိုင်နှုန်းတိုးတက်လာနိုင်သည်ဟု ခန့်မှန်းထားသည်။

"ICT နည်းပညာတွေ အထူးသဖြင့် ကြိုးမဲ့အင်တာနက် ချိတ်ဆက်စနစ်၊ Cloud Computing နည်းပညာ၊ Big Data နဲ့ အင်တာနက်နည်းပညာတွေက နယ်ပယ်အားလုံးကိုနည်းပညာနဲ့ အလွယ်တကူအသုံးပြုနိုင်အောင် ယူဆောင်လာခဲ့ပါပြီ။ ဒီနည်းပညာတွေက လုပ်ငန်းပိုင်းဆိုင်ရာစတင်ရေးဆွဲခြင်း၊ စီမံခန့်ခွဲခြင်း၊ နေချင်စဖွယ် ပတ်ဝန်းကျင်ဖန်တီးပေးခြင်းနဲ့ ကမ္ဘာအနှံ့လူတွေရဲ့ အကြောင်းကို ပိုမိုသိရှိလာအောင် ကူညီပံ့ပိုးပေးနေပါတယ်။ Big Data နည်းပညာနဲ့အခြားသောအဆင့်မြင့်နည်းပညာတွေကြောင့် နယူးယောက်၊ဒဗျူ(ဲ)ရှိုကာကို ဆီယက်တယ်လ်၊ လန်ဒန်၊ ကိုပေဟောဂန်၊ လီယွန်၊ ဘာစီလိုနာ၊ အမ်စတာဒန်နဲ့ စင်္ကာပူတို့လို မြို့ကြီးတွေဟာနောက်ထပ်တစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှုဆီတက်လှမ်းဖို့ အဆင်သင့်ဖြစ်နေကြပါပြီ"ဟု Huawei ၏ အာရှပစိဖိတ်ဒေသဆိုင်ရာဥက္ကဋ္ဌ Li Jin Ge ကပြောသည်။

Innovation Day သည် Huawei မှ ဦးဆောင်၍ ကမ္ဘာလုံးဆိုင်ရာဆန်းသစ်တီထွင်မှုကို အာရုံစိုက်လာစေရန် ကျင်းပသည့် အစီအစဉ်တစ်ခုဖြစ်သည်။ Huawei မှ ကြီးမှူး၍ Huawei Innovation Day ကို မီလန်၊ စတော့ခ်ဟုမ်းနှင့် မြူးနစ်မြို့ကြီးများတွင် အောင်မြင်စွာစီစဉ်ကျင်းပခဲ့ပြီးဖြစ်သည်။ အာရှဒေသတွင် ပထမဆုံးကျင်းပသည့် ယခု Huawei Innovation Day Asia သည် ဒေသတွင်းမှ ICT စီးပွားရေးလုပ်ငန်းများအတွက် ဂေဟစနစ်ကိုမည်သို့ပုံဖော်ရမည်ဆိုသည့် အခြေခံလမ်းကြောင်းရရှိသွားစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ တက်ရောက်လာသူအားလုံးသည် ပိုမိုကောင်းမွန်သောချိတ်ဆက်မှုများမှတစ်ဆင့် ခေတ်မီခမ်းနားသောအာရှမြို့တော်များဆီသို့ လျှောက်လှမ်းခြင်း စသည်တို့အပါအဝင် အကြောင်းအရာအမျိုးမျိုးကိုတက်ကြွစွာဆွေးနွေးခဲ့ကြောင်း သိရသည်။

ရဲလင်းလင်းသန်း



" ဆက်သွယ်ရေးက တခြားဟာတွေနဲ့ မတူတဲ့ကိစ္စက ဥပဒေတစ်ခု အတွက် နည်းဥပဒေ တစ်ခုတည်းနဲ့မလုံလောက်ဘူး။ ဥပဒေတစ်ခုကို နည်းဥပဒေအမျိုးစုံလိုတယ်။ နည်းဥပဒေတင် မကဘဲ Guideline လို ဟာမျိုးလည်းလိုတယ် ..... "

## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ

# ဒုတိယဝန်ကြီး ဦးသောင်းတင်နှင့်တွေ့ဆုံခြင်း

ဂုလင်း လင်း သန်း တွေ့ဆုံမေးမြန်း သည်

**မေး** **ဆရာတို့အနေနဲ့ လက်ရှိလုပ်ဆောင်နေတဲ့ E-government နဲ့ပတ်သက်ပြီး ဘယ်လိုအခြေအနေမျိုးရောက်နေပါပြီလဲ။**

**ဖြေ** E-government ဆိုတာကိုပြောရရင် ထပ်တလဲလဲပြောနေတာကိုပဲ ပြန်ပြောရတော့မှာပဲ။ E-government ဆိုတာက ပရော့ဂျက်တစ်ခုမဟုတ်ဘူး။ Process တစ်ခုပါ။ ဘယ်တော့ပြီးမလဲ၊ အခုဘယ်လောက်ပြီးပြီဆိုတာထက် စဉ်ဆက်မပြတ်သွားနေတာမျိုးပါ။ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေးပိုင်းတွေကို လက်ရှိသုံးနေတဲ့ စနစ်ကနေ အိုင်တီ အသုံးပြုပြီးသွားတာ E-gov စနစ်၊ ဒီစနစ်ကလည်း ဘယ်တော့မှ ပြီးသွားမှာမဟုတ်ဘူး။ နောက်ထပ်နည်းပညာသစ်တစ်ခုပေါ်လာရင် ထပ်ပြောင်းရမှာပါ။ အခုလက်ရှိမှာလည်း လုပ်နေပါတယ်။ ပြီးတော့ ADB ကနေ လုပ်ပေးထားတဲ့ မာစတာပလန်လေးတစ်ခုရှိတယ်။ အဲဒါက လာမယ့် (၅)နှစ်လောက်အတွင်းလုပ်မယ့် ပုံစံလေးပေ့ါ။

**မေး** **အခုသွားနေတဲ့ ပုံစံကိုရော အားရမှုရှိပါသလား။**

**ဖြေ** တစ်ယောက်နဲ့တစ်ယောက်တော့ သုံးသပ်ပုံခြင်းတူမှာမဟုတ်ပါဘူး။ ကိုယ့်အမြင်နဲ့ကိုယ်ပေ့ါ။ ပြည်ပကသတ်မှတ်တဲ့ ကမ္ဘာ့အဆင့်တွေမှာ မြန်မာကအဆင့်တက်လာတာ။ ကျသွားတာကတော့ သူတို့တွေရဲ့ သတ်မှတ်ချက်ပေါ်မူတည်ပါလိမ့်မယ်။ တစ်ခုရှိတာက E-gov index လို့ပြောပေမယ့် UN ကသတ်မှတ်တာရှိတယ်။ World economic forum ကသတ်မှတ်တာရှိတယ်။ အနည်းဆုံးတော့ ဆားဗစ်ပေးတဲ့ Supply ဘက်က အစိုးရလုပ်ငန်းတွေ၊ Private Business တွေပါမယ်။ ဒီဘက်ကပေးတာကို သုံးတဲ့သူတွေက မိုဘိုင်းဖုန်းနဲ့ တက်ဘလက်ကနေ သုံးတယ်။ ကျွန်တော်တို့စာရင်းအရဆိုရင် မိုဘိုင်းဆင်းကတ်(၃၆)သန်းကျော် သုံးနေကြပြီ။ သုံးစွဲမယ့်သူတွေလိုအပ်ချက်အတွက် Supply ဘက်ကလည်း နည်းနည်းတော့လိုက်လာပြီပေ့ါ။ တခြား သဘာဝဘေးတို့၊ ရွေးကောက်ပွဲတို့မှာလည်း SMS Alert တို့၊ အပလီကေးရှင်းတို့တွေလည်း တွေ့လာရတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ infra ပိုင်းကကြည့်ရင် တက်လာတယ်။ သူတို့ကတော့ ဘယ်လိုသတ်မှတ်ချက်မျိုးထားတယ်ဆိုတာ မသိဘူး။ သူတို့ဘက်က တခြားပညာတတ်မှုတို့ဘာတို့ကိုပါ ထည့်တွက်လို့ အားလုံးပေါင်းလဒ်က ဘယ်လိုဖြစ်မယ်တော့မသိဘူး။

**မေး** **ဆရာတို့ ဝန်ကြီးဌာနအနေနဲ့ ဆိုက်ဘာ Law လုပ်နေတာကရော ဘယ်လိုအခြေအနေရှိနေပါသလဲ။**

**ဖြေ** ဆိုက်ဘာ Law လို့ပြောရင် စာအုပ်တစ်အုပ်၊ ဥပဒေတစ်ခုမဟုတ်ဘူး။ ဥပမာ–မလေးရှားဆိုရင် ဆိုက်ဘာနဲ့ ပတ်သက်ရင် ဥပဒေတွေအားလုံးပေါင်းပြီးမှ act လို့ခေါ်တယ်။ သူတို့မှာ act ပေါင်း (၇)ခုလောက်ရှိမယ်ထင်တယ်။ အဲဒီထဲမှာ ဆက်သွယ်ရေးဥပဒေကလည်း ဆိုက်ဘာ Law တစ်ခုဖြစ်သလို Electronic Transaction Law ကလည်း ဆိုက်ဘာ Law တစ်ခုပဲ။ ခေတ်ပြောင်းတာနဲ့ Technology ပြောင်းလာတာပေါ်မူတည်ပြီးတော့ တစ်မျိုးပြီးတစ်မျိုးတော့ ထပ်ထွက်ရတယ်။ အခုဆိုရင် ဆိုရှယ်မီဒီယာလိုမျိုးအတွက် တချို့နိုင်ငံတွေမှာ သီးခြားလုပ်လာတာတွေရှိတယ်။ နောက်ပြီး Law Enforcement နဲ့ပတ်သက်ပြီး ကျွန်တော်တို့ဆီမှာက ပြည်ထဲရေးလိုမျိုးတွေပေ့ါ။

**မေး** **ဆိုရှယ်မီဒီယာနဲ့ပတ်သက်လို့က လုပ်သွားဖို့အစီအစဉ်ရှိလား။**

**ဖြေ** အခုဆိုရင် ဆိုရှယ်မီဒီယာနဲ့ပတ်သက်ပြီးလုပ်ဖို့က ဥပဒေဆိုတာထက် ပညာပေးလိုမျိုးနဲ့ နည်းဥပဒေလိုမျိုးတွေရှိတယ်။ နောက် Guideline လည်းရှိတယ်။ မီဒီယာတွေမှာလည်း ရေးကြတယ်၊ အမုန်းမပွားဖို့အတွက် ကိုနေဘုန်းလတ်တို့လုပ်ကြတာလည်းရှိတယ်။

**မေး** **ဝန်ကြီးဌာနအနေနဲ့ ဥပဒေမလာခင် ဆိုရှယ်မီဒီယာအသုံးပြုမှုနဲ့ ပတ်သက်ပြီး ညွှန်ကြားချက်တွေဘာတွေထုတ်လာဖို့ရောရှိပါသလား။**

**ဖြေ** ဝန်ကြီးဌာနအနေနဲ့က ဆိုရှယ်မီဒီယာနဲ့ပတ်သက်ပြီး ဘာမှလုပ်စရာမရှိပါဘူး။ အစိုးရသစ်ကာလမှာ သတိထားမိမယ်ဆိုရင် အွန်လိုင်းဆင်ဆာမရှိတော့ဘူး။ တစ်ခုတော့ရှိတယ် Pornography တွေကိုတော့ ပေးမတင်ဘူး။ တရားဥပဒေမှာပါတဲ့ Freedom of Expression ကိုမထိခိုက်ဘူး။ ရွေးကောက်ပွဲမတိုင်ခင်ကတော့ အင်တာနက်လိုင်းနဲ့ ပတ်သက်ပြီးစိုးရိမ်ကြတာတွေရှိတယ်၊ ကျွန်တော်တို့ကလည်း စိတ်ပူတာပဲ။ ၂၀၁၀ တုန်းကဆို အင်တာနက်လုံးဝဒေါင်းသွားတယ်။ ဒါပေမယ့် အစိုးရက လုပ်တာမဟုတ်ဘူး။ ဆာဗာ attack လုပ်ခံရတာ။ ကျွန်တော်တို့စိတ်ပူတာက အဲလိုဖြစ်မှာကိုပူတာ။ ပြီးတော့ ဒီကာလမှာဆိုရင် အသုံးပြုမှုက (၂–ဆ) (၃–ဆ)တက်တော့မှာ။ ပြီးရင် Election နေ့ဆိုရင် အကုန်လုံးက မျက်စိနဲ့ Screen နဲ့ကိုခွာမှာမဟုတ်ဘူး။ အဲဒါကိုကြိုတင်ပြင်ဆင်ထားရတယ်။ သေချာတာကတော့ အဲဒီနေ့က (၃–ဆ)ကျော်လောက်ကိုပိုသုံးကြတယ်။ အော်ပရေတာတွေကိုလည်း ကြိုပြီးပြင်ဆင်ထားပေးဖို့ပြောထားတယ်။ နည်းပညာပိုင်းအရရော၊ ဝန်ထမ်းတွေပါပေ့ါ။ တခြားအိမ်နီးချင်းနိုင်ငံတွေက မိတ်ဖက်အဖွဲ့အစည်းတွေကိုလည်း အကူအညီတောင်းတယ်။ ကြိုလည်းပြင်ဆင်ထားတယ်။ Attack ကလည်း ထင်သလောက်မရှိခဲ့လို့ ပုံမှန်ပဲဖြစ်ခဲ့တယ်။

**မေး** **အိမ်နီးချင်းနိုင်ငံတွေက ဘယ်နိုင်ငံတွေရဲ့ အကူအညီယူခဲ့တာပါလဲ။**

**ဖြေ** ကျွန်တော်တို့က APCert အာရှပစိဖိတ် CERT ရဲ့ အဖွဲ့ဝင်၊ အဲဒီမှာ အာဆီယံနိုင်ငံတွေတော်တော်များများပါတယ်။ ဂျပန်၊ တရုတ်တော်တော်များများပါပဲ။ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပုံမှန်မဟုတ်တဲ့ Attack မျိုးရှိလာရင် ဝိုင်းကူဖို့လေ။ အခုကတော့အဆင်ပြေပါတယ်။ တော်တော်များများထင်ကြတာက ပိတ်မယ်ဘာညာပေ့ါ။ အခုဆို ဒါမျိုး တစ်ခါမှ မရှိသလို VOIP သုံးတာနဲ့ ပတ်သက်ပြီးလည်း ပိတ်ပင်တာမျိုး လုပ်မှာမဟုတ်ပါဘူး။

**မေး** **ဆက်သွယ်ရေးဥပဒေလိုမျိုးနဲ့ တရားစွဲတဲ့အမှုတွေကို ဝန်ကြီးဌာနကိုတင်ပြရတယ်လို့ သိရတော့ ရဲတပ်ဖွဲ့အနေနဲ့ ဘယ်လိုတင်ပြလာတာပါလဲ။ ဝန်ကြီးဌာနဘက်ကရော ဘယ်လိုမျိုးလုပ်ဆောင်ပါသလဲ။**

**ဖြေ** ဥပဒေကတော့ ဆက်သွယ်ရေးဥပဒေ၊ ဒါပေမယ့် ကျွန်တော်တို့က တရားစွဲတဲ့အဖွဲ့အစည်းမဟုတ်ဘူး။ ကျွန်တော်တို့က Commercial Service ပေးတဲ့အဖွဲ့အစည်း။ အဲဒီတော့ ဒီဥပဒေထဲမှာဖော်ပြထားတဲ့အတိုင်း တရားစွဲတဲ့အဖွဲ့အစည်းက တရားစွဲတာပါ။

**မေး** **Spectrum နည်းဥပဒေကရော ဆရာ၊ ဘယ်အဆင့်လောက်ရောက်နေပါပြီလဲ။**

**ဖြေ** Spectrum နည်းဥပဒေအတွက်က ကမ္ဘာ့ဘဏ်ရဲ့ အကြံပေးအဖွဲ့ရောက်သွားပြီး အခုလုပ်နေပြီ။ နည်းဥပဒေတွေကတော့ တစ်ခုပြီးတစ်ခုလုပ်နေတာပါ။ ဆက်သွယ်ရေးက တခြားဟာတွေနဲ့ မတူတဲ့ကိစ္စက ဥပဒေတစ်ခုအတွက် နည်းဥပဒေတစ်ခုတည်းနဲ့မလုံလောက်ဘူး။ ဥပဒေတစ်ခုကို နည်းဥပဒေအမျိုးစုံလိုတယ်။ နည်းဥပဒေတင်မကဘဲ Guideline လိုဟာမျိုးလည်းလိုတယ်။ အခုဆိုရင် ဖိုက်ဘာနဲ့ပတ်သက်တာ၊ တာဝါတိုင်နဲ့ပတ်သက်တဲ့ Guideline တွေကို လုပ်လာတယ်လေ။ Spectrum ကိုလည်းလုပ်နေတယ်။ ဒါပြီးရင် တခြားအနေနဲ့ International Gateway လိုမျိုးတွေလည်းလုပ်နေပါတယ်။ လိုင်စင်ရတဲ့ မိုဘိုင်းအော်ပရေတာတွေက Spectrum ကိုလုပ်ပိုင်ခွင့်ရှိတယ်။ ဒါပေမယ့် တခြားလုပ်ချင်သူတွေရှိရင် လုပ်လို့ရအောင် Guideline သဘောမျိုးပေ့ါ။

**မေး** **ဆရာတို့အနေနဲ့ ဒီ Spectrum နည်းဥပဒေထွက်မယ့်အချိန်ကို ဘယ်နေ့နောက်ဆုံး Target လုပ်ထားတာမျိုးရောရှိပါသလား။**

**ဖြေ** ကျွန်တော်တို့ရဲ့ Internal ပိုင်းမှာတော့ ဘယ်တော့ပြီးရမယ်ဆိုတဲ့ Target ရှိတယ်။ ဒါပေမယ့်အခက်အခဲရှိတယ်။ ကျွန်တော်တို့က နိုင်ငံတကာအကြံပေးတွေနဲ့ ဒါတွေကိုဆွဲတယ်၊ အားလုံးကို အင်္ဂလိပ်လိုသွားတယ်။ ပြည်တွင်းမှာ အခက်အခဲတစ်ခုက မြန်မာလိုပြန်ရတယ်။ ပြီးတော့အစိုးရထုတ်ပြန်ချက်ဖြစ်လို့မှားလို့မရဘူး။ ပြီးတော့ Legal Term တွေပါတယ်။ အဲဒီတော့ ကျွန်တော်တို့က ရှေ့နေချုပ်ရုံးတို့၊ သက်ဆိုင်ရာဥပဒေပိုင်းဆိုင်ရာတွေရဲ့ သဘောတူညီချက်ယူရတယ်။ ပြီးတော့ ချက်ချင်းထုတ်ပြန်တာမျိုးမလုပ်သေးဘဲနဲ့ Public Consultation လုပ်တယ်။ အဲဒါတွေယူပြီးမှ ပြန်ပြင်၊ ပြီးရင်တစ်ခါ ဥပဒေပိုင်းအတွက်ပြန်တင်၊ ပြီးရင် ဒီဟာတွေအတွက် ကွန်မန့်တွေကိုကြည့်တယ်။ လိုအပ်မယ်ထင်တာကို ထပ်ထည့်တယ်။ ပြင်သင့်တယ်ထင်တာပြင်တယ်။ ဒါတွေအားလုံးပြီးရင် Cabinet ကိုပြန်တင်ရတာရှိတယ်။

**မေး** **အခုဆိုရင် ဆက်သွယ်ရေးလိုင်စင်အတွက် ချပေးထားတဲ့ ကုမ္ပဏီတွေထဲက တချို့က ရက်(၉၀)ကျော်နေပြီ၊ ဘာမှ လုပ်ခွင့်ပြန်အကြောင်း မကြားလာဘူးလို့ ပြောနေသံတွေကြားရပါတယ်။ ဒါနဲ့ပတ်သက်ပြီးရှင်းပြပေးပါဦးဆရာ။**

**ဖြေ** အဲဒါက လိုင်စင်တင်ပြီးရင် နိုင်ငံခြားကုမ္ပဏီဆိုရင် ကျွန်တော်တို့က ကက်ဘိနက်ကိုတင်ရတယ်။ ဒါပေမယ့် အဲဒီရက်ကို ဘယ်တော့မှ မကျော်ဘူး။ တစ်ခါတစ်ရံမှာ အချက်အလက်မပြည့်စုံတာတွေ တွေ့ရင် သူတို့ကိုပြန်မေးရတယ်။ အဲလိုပြန်မေးရရင်တော့ ရက်(၉၀)ရယ်လို့ အတိအကျတွက်လို့မရတော့ဘူး။ အားလုံးအစုံအလင်တင်လာတဲ့သူကို ဆိုရင် ရက်(၉၀)အတိ ကျွန်တော်တို့ပေးတယ်။ ဥပဒေမှာပြောထားတဲ့ ရက်ကိုမကျော်ပါဘူး။ သူက သူတင်လိုက်တယ်၊ အချက်အလက်လိုလို့ ပြန်တောင်းရတယ်ဆိုရင် ဆိုင်းငံ့ဖြစ်သွားပြီး တင်တဲ့သူက တွက်တဲ့ပုံစံနဲ့ ဝန်ကြီးဌာနဘက်မှာ လုပ်ထုံးအတိုင်းတွက်ရတဲ့ပုံစံမတူတာဖြစ်ပါလိမ့်မယ်။

**မေး** **နောက်ဆုံးဖြစ်လာမယ့် Second Myanmar Operator ကရော လက်ရှိမှာ ဘယ်လိုအနေအထားရှိပါသလဲ။ နောက်ကျနေတယ်လို့ပြောလို့ရပါသလား။**

**ဖြေ** အဲဒါက တစ်ယောက်နဲ့တစ်ယောက် Business Plan ပေါ်မှာမူတည်လို့ နောက်ကျတယ်၊ စောတယ်အပေါ်မှာ ပြောဖို့ခက်တယ်။ အခုဆို တခြားနိုင်ငံတွေမှာ အော်ပရေတာတွေများနေပြီ။ အခုနေ အသစ်တစ်ခုထပ်ပေးရင် ဘယ်သူမဆိုလုပ်မှာပဲ။ သူတို့စဉ်းစားထားတဲ့ ပလန်ပေါ်ပဲမူတည်တယ်။ ခပ်လွယ်လွယ်စဉ်းစားရင် အရင်လုပ်ရတဲ့ အော်ပရေတာတွေက စချင်းမှာတာဝါတွေမရှိသေးတဲ့ အနေအထားက စခဲ့ရတယ်။ အခုမှစမယ့်သူအတွက်ကျ မကောင်းတာက သူများကဦးပြီးသား။ ကောင်းတာက သူများတာဝါပေါ်မှာ စက်ကောက်တပ်လိုက်ရင် ပြီးပြီ။ တာဝါတစ်ခုအတွက်က နည်းနည်းကောင်းကောင်းဆို ဒေါ်လာ(၁)သိန်းလောက်ကုန်တာလေ။ ပြောရရင်တော့ သူများတာဝါမှာ ငှားခပဲပေးရမယ်။ အချိန်လည်းမကုန်တော့ဘူး။ အကောင်းအဆိုးကတော့ ဒွန်တွဲနေတာပါပဲ။ စီးပွားရေးအရတွက်ကြရတာပါပဲ။

စာမျက်နှာ ၃၄ သို့